
ကာတွန်း ဦးဖေသိန်း
စကားကြီး ဆယ်မျိုး
- ပုံပမာ -




ကာတွန်း ဦးဖေသိန်း
စကားကြီး ဆယ်မျိုး
- ပုံပမာ -



ကာတွန်းဦးဖေသိန်း ၏

# စကားကြီးဆယ်မျိုး ပုံပမာ

ရုပ်ဖြောင့် စာပေ

၉၆၈၊ မာလကာခြံ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၅၃၄၀၂၁

# ပုံနှိပ်ခြင်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၄၄၄၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၅၂၆၁၀၁၀

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ။

အုပ်ရေ - ၅၀၀

မျက်နှာဖုံးသရုပ်ဖော် - ကာတွန်း ဖေသိန်း

မျက်နှာဖုံးပုံနှိပ် - တောက်တောက်ဝင်းပုံနှိပ်တိုက်

အတွင်းပုံနှိပ် - တောက်တောက်ဝင်းပုံနှိပ်တိုက်

ထုတ်ဝေသူ - ဦးဖေသိန်း

ရုပ်ပြောင်စာပေ၊ (၀၈၁၄)
၅၆၈၊ မာလကာခြံ၊ (၁၀)ရပ်ကွက်
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၄၀၂၁

တန်ဖိုး - ၅၀၀ ကျပ်

# စကားကြီးဆယ်မျိုး

လူမှုဆက်ဆံရေးကိစ္စ အရပ်ရပ်တွင် စကားပြောဆိုခြင်းသည် အရေးပါ အရာရောက်လှပေ၏။ စကားကို စနစ်တကျ ပြောဆိုတတ်လျှင် ကိစ္စကြီးငယ် ပေါ်ပေါက်လာပါက အလွယ်တကူ ပြီးမြောက်အောင်မြင်နိုင်လေသည်။

တစ်ဦးချင်းဖြစ်စေ၊ တစ်ဖွဲ့ခြင်းဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ဆက်သွယ်မှု ပြုကြရာ၌ စကားပြောဆိုခြင်းနှင့် မကင်းပေ။ စကားပြောဆိုမှု ကျွမ်းကျင်လျှင် လိုအပ်သော ကိစ္စပြီးမြောက် နိုင်ပေသည်။ မကျွမ်းကျင်လျှင် လိုအပ်သောကိစ္စ မပြီးမြောက်ဘဲ မလိုလား အပ်သော ဆိုးကျိုးများပင် ပေါ်ပေါက်လာတတ်ပေသည်။

စကားကြီး ဆယ်မျိုးသည် မြန်မာ့လူ့ဘောင်၌ အရေးပါလှသော စကားပြော ဆိုနည်းများ ဖြစ်လေသည်။ ၎င်းဆယ်မျိုးမှာ . . .

၁။ ရေကူးညာတင်၊ ကျွမ်းထိုးသင်
၂။ ကောက်ပင်ရိတ်လှီး၊ ဥဖျိုင်းနည်း
၃။ ရေစီးဖောင်ဆန်၊ အမတ်ဉာဏ်
၄။ အိုးတန်ဆန်ခတ်၊ သူဌေးသျှံဓာတ်
၅။ ဆီပွတ်ကျည်ပွေ့၊ ပိန္နဲတွေ့
၆။ ဆင်ဇွေ့ရန်ရှောင်၊ ရွှေကျောင်းဆောင်
၇။ တောင်သူယာလုပ်၊ တေးမ ခုတ်
၈။ ကြက်ဆုတ်ခွပ်ပစ်၊ အမတ်နှစ်
၉။ ရေစစ်ကရား၊ ယုံတမ်းစကား
၁၀။ ခက်တင်မောင်းနင်း၊ ရဟန်းမင်း

**စကားဥပမာတင်စား၍ ပြောဆိုနိုင်ကြပါစေ။**

**ကာတွန်း ဖေသိန်း**

# ရေကူး ညာတင် ပြောနည်း

မြန်မာစကား အသုံးအနှုန်းတွင် 'အညာ' 'အကြေ' ဟူ၍ရှိ၏။ အညာဟူသည်မှာ အထက်ဘက်အရပ်ဖြစ်သည်။ အကြေဟူသည်မှာ အောက်ဘက်အရပ်ဖြစ်သည်။

မြစ်များ၊ ချောင်းများသည် အထက်ဘက်မှ အောက်ဘက်သို့ စီးဆင်း မြဲ ဖြစ်၏။

မြစ်များ၊ ချောင်းများကို တစ်ဘက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ ကူးရောက်လိုသူသည် မိမိ ရောက်ရှိလိုသည့်နေရာသို့ တည့်တည့်ကြီး ကူးသွား၍မရပေ။ ရေစီးဖြင့် မျောပါသွားပြီး အခြားတစ်နေရာသို့ ဆိုက်ရောက်သွားပေလိမ့်မည်။

မိမိ ရောက်ရှိလိုသည့်နေရာနှင့် အထက်အညာဘက်ကျကျ နေရာမှ မှန်းဆပြီး စတင် ကူးခတ်ရလေသည်။ သို့မှသာလျှင် ရေစီးအရှိန်နှင့် မိမိ ကူးခတ်သည့်အရှိန် ဟန်ချက်ညီကာ လိုရာအရပ်သို့ ဆိုက်ရောက်နိုင်ပေသည်။

ထိုနည်းအတူ စကားပြောရာ၌ မိမိ လိုအပ်နေသည့် အဆင့်၊ မိမိ လိုအပ်နေသည့် အခြေအနေကို တစ်ကြိမ်တည်း တိုက်ရိုက် မပြောဘဲ အပိုအသာ ကြိုတင်ပြီး ပြောခြင်းသည် **'ရေကူးညာတင် စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား —**

ရေကူးညာတင်၊ ကျွမ်းထိုးသင်


ဖေသိန်း
စကားကြီး ဆယ်မျိုး
(၁)
အလွန်ဆော့သောသူဌေးသားငယ်သည်-ကျွမ်းထိုးသင် လျက်ရှိစဉ်..
ဟောဒါက ရှေ့ကျွမ်း
ဒါက နောက်ကျွမ်း
ဒါကတော့ ကျွမ်းလိမ်-
အမေ့ယ် လေးဗျ
သူ့ဝမ်းဗိုက်မှာအလွန် နာကျင်သွားလေ၏။
ဟဲ့-သားသား ဘာဖြစ်တာ လဲ...
သိဘူးဗျ ဗိုက်ထဲက နာလိုက်တာ
သူဌေးကြီးသည်သူ့သားငယ်၏ ရောဂါကို..
မထိနဲ့
မကိုင်နဲ့
သမားတော်အမျိုးမျိုးနှင့်ခေါ်ကု သော်လည်း..မသက်သာ။


ဦးဖေသိန်း
ကောက်ပင်ရိတ်လှီး
စကားကြီးဆယ်မျိုး
(၂)
ရှေးသရောအခါ-သူဌေးသားတစ်ဦးဗျိုင်းကိုလေးနှင့် ပစ်နေသည်ကို--
ပဉ္စသီးပြိုင်ဘက်-ဂုဏ်ပြိုင်ဘက်ဖြစ်သောသူကြွယ်သားကမြင်သော်--
နေရာကျလိုက်တာ ဒီကောင့်ကို-အကျယ် ကိုင်ပြီ...
ငါအပိုင် လုပ်ရမယ်
သူဌေးသားသည်ဗျိုင်းကိုကောက်ယူသည်နှင့်--
ဟေး.. ဒါဘာလုပ် တာလဲ
သူကြွယ်သားသည်အရေးဆိုတော့သည်။
ဒီဗျိုင်းဟာ ငါ့ဗျိုင်းကွ
...သာမည-ဗျိုင်းဟုတ်ဘူး တစ်နေ့ကို-ရွှေဝင်တစ်ကျပ်ကျ ငါ့ကိုအန်ထုတ်ပေးတဲ့ ရွှေဗျိုင်းဖြူကွ...


ဟုတ်လား ဒီလိုဆို...
မင်းကို ရွှေကျိုင်းဖူးက.. နေ့တိုင်း ရွှေစင်တွေအန်ပေး ခဲ့တာဘယ်လောက် ကြာပြီလဲ..
တစ်နှစ်တောင် ရှိပြီ-မင်းလျှော်ပေး ပေတော့... အမယ်လေး ရွှေကျိုင်းဖူးလေးရဲ့ သနားလှချည်ရဲ့
ဒီကျိုင်းပေါ့-ငါ့အိမ်ရှေ့က ရွှေစင်ပုံထဲက-တစ်နေ့ကို ရွှေစင်တစ်ကျပ်ကျနိုးနိုး နေလို့-ငါနေ့တိုင်း ချောင်းဖမ်းနေတာ..
အခုမှဘဲ အသေ ဖမ်းတော့တယ်-မင်းဆီက ရွှေစင်တွေဟာ-ငါ့ဟာ တွေဘဲ-ပြန်ပေး ပေတော့...
ဟယ်! ဟင်-အင်း
ဖြေးဖြေးပေါ့ သူငယ်ချင်း
တယ်ပိုင်တဲ့ အကောင်..
အေး-မဟုတ်မဖွန့်တဲ့ စကားထဲက-အမြဲမှန် ရအောင်-မိမိရရ.. ဆုပ်ကိုင်မိပြီဆိုမှ..
ကောက်ပင်ရိတ်လို့ သလို-အပိုင်ပြော တာကွ..
နောက်ဆုံးတွင် သူကြွယ်သားကား သူ့စကားနှင့်သူခံရ လေသတည်း။

# ရေစီး ဖောင်ဆန် ပြောနည်း

အောက်အရပ်မှ အထက်အရပ်သို့ ရေလမ်းခရီးဖြင့် သွားရောက်လိုသူသည် ဖောင်ကြီးပေါ်၌ မိမိ အလိုရှိသော ပစ္စည်းများကို တင်ဆောင်လျက် လှော်ခတ်သွားရ၏။ ရေစီးရေလာ အကွေ့ အဝိုက်ကို ကြည့်ရှုဆင်ခြင်၍ လမ်းသင့်အောင် ထိန်းပဲ့ပြီး လှော်ခတ် သွားရ၏။ သို့မှသာ မိမိ ရောက်လိုရာ အရပ်သို့ ဆိုက်ရောက်ကာ ပါလာသည့် ပစ္စည်းများကို အသုံးပြုခြင်း၊ ရောင်းချခြင်းဖြင့် အကျိုး ပြီးမြောက်မည်ဖြစ်လေသည်။

ထိုနည်းအတူ စကားပြောရာ၌ ခြေသိမ်းခေါင်းပိုက် မိမိ လိုရာသို့ ဆိုက်အောင် ဥပမာ ဥပမေယျနှင့်တစ်ကွ စကားသွား စကားလာကို ဆင်ခြင်၍ ပြောခြင်းသည် **'ရေစီဖောင်ဆန် စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

ရေစီးဖောင်ဆန်၊ အမတ်ဉာဏ်


ရေစီး
ဖောင်ဆန်
(၃)
ယိတ္တိလာကန်တော်နှင့်မနီးမဝေး-ဝန်ဖင်းရွာ၌-ငဘိုသည် လယ်ယာလုပ်ရင်းစာပေနှင့်မွေ့လျော်နေ၏။
ရှင့်မလဲ-ယာထဲ ရောက်တော့ စာရူး
သူ့အား-စာရူးပေရူးဟုအထင်သေးကာ- ယောက္ခမ-သူကြီးကလည်း-မကြည်ဖြူ၊ မယားကလည်း-တဆူဆူ၊
ဟေ့. စာရူးပေရူး ငါ့အိမ်မနေ နဲ့.
အိမ်ထဲ ရောက်တော့ ပေရူး
တနေ့တွင်ယိတ္တိလာကန်တော်ကျိုးပေါက်၍အင်းဝဘုရင်မင်းကြီးကိုယ်တော်ကဲသည်-ပြု ပြင်ရန်ရှုစားတော်မူလေ၏။
ဟယ်.ဒီကန်ရိုးပေါ်က မိန်းမရုပ်နဲ့နတ်ကွန်း အကြောင်း.သံတော်ဦး တင်စမ်း..
ဘယ်သူမှ မသိပါဘုရား-ဒါပေမဲ့ စာရူးပေရူး-ငါတိုင်ငဘို ကတော့.သိရင်သိမယ် ဘုရား..
မင်းကြီးလည်းလှပသောမိန်းမရုပ်ကိုမြင်သည်နှင့်စုံစမ်းမေးမြန်းတော်မူလေသည်


ငသိုအားသကြီးမှတဆင့် ခေါ်ချ်မေးသော်....
ဒီဟာ နတ်ကွန်း မဟုတ်ပါဘုရား
အနော်ရထာမင်းစောသည် ကမ္ဘောဇတိုင်းမှဆက်သည့်သမီးကညာကိုချစ်မြတ်နိုးလှသောကြောင့် မိဖုရားငယ်-အဖြစ်-ကျိကန်တော်ဆည်ရာတွင် ခေါ်ခဲ့ရာမှထိုမိဖုရားမှာရုတ်တရက် မျှားပြီးကံကုန်ပါသည်ဘုရား။ ဘုရင်ကြီးသည် အလောင်းကိုမစွန့်ရက်ဘဲ-ခွဲလမ်းပူဆွေးနေသောကြောင့်-မိဖုရားငယ်နှင့်တူသည့်ရွှေရုပ်ကိုလုပ်စေပြီးကာမှ-အလောင်းကို-သဂြိုဟ်ရကြောင်းပါဘုရား....
တပန်ဘုရင်ကြီးသည်-ရွှေရုပ်ကိုခွဲလမ်းနေပြန်သဖြင့်အမတ်တို့က-တရားပြကာအ,မင်္ဂလာရွှေရုပ်ကိုနေပြည်ကော်သို့မယူစေဘဲ-ကျိုင်နရာဌ်ပင်မြေမြှုပ်စေပြီးဘုရင်ကြီးနှစ်သိမ့်တော်မူရန်တာပန်သစ်သားရုပ်ဖြင့်လုပ်စေကာ-ကျိုင်ရာဌ်ပင်-နန်းပြာသာဒ်နှင့် ထားတော်မူခဲ့ကြောင်းပါဘုရား..”
စာတိုငသိုကား-အထက်အသသိုပေါင်ကြီးနှင့်ဆန်တက်ရာတွင်-ပစ္စည်းရိက္ခာစုံလင်စွာနှင့်ပြည်းညှင်းစွာဆန်တက်သကဲ့သို့စကားပြောရာတွင်-သမိုင်းအထောက်အထားအကိုးအကားနှင့်ရေစီးပေါင်ဆန်” ပြောနည်းဖြင့်လျှောက်တင်လိုက်လေ၏။
မင်းကြီးစွာလည်းငသို့စကားအတိုင်းမြေကြီးကိုတူးပေါ်ကြည့်စေသော်အမှန်ပင်ရွှေရုပ်ကိုတွေ့တော်မူသည်နှင့်....
ငသိုအား-စည်းတပြစ် အမတ်ဘွဲ့ပေးသနားတော်မူလိုက်သည်
အလိမ္မာ-စာဖွာရှိတဲ့ ငါ့သမက်အလေး ပါလား...ဟီး...ဟီး...
ငသိုအားဘွဲ့နှင့်ဆုတော်ငွေများချီးမြှင့်တော်မူလိုက်လေ၏။ စာတို-ငသိုကားနောင်တွင်ဝန်ဝင်းတိုးရာဓာ-အမတ်ကြီးမင်းရာဇာဟုရျတင်ရှားလေသတည်း။ ။ (ပြီး)

# အိုးတန် ဆန်ခတ် ပြောနည်း

ရှေးခေတ် မြန်မာတို့သည် ထမင်းချက်ရာ၌ ပြည်ဝင်အိုး၊ ခွက်ဝင်အိုး၊ စလယ်ဝင်အိုး စသည်ဖြင့် အိုးကြီး၊ အိုးငယ် ခွဲခြားလျက်ရှိလေသည်။

အိုးသေးသေး၌ ဆန်များများထည့်၍ချက်လျှင် ပျော့စိစိ မနူးမနပ်ဖြစ်ကာ ထမင်းပျက်စီး သွားတတ်သည်။

အိုးကြီးကြီး၌ ဆန်အနည်းငယ်မျှသာထည့်၍ ချက်လျှင်လည်း ထမင်းအိုးတွင်ကပ်ပြီး တူးခြစ်သွားတတ်သည်။ ထမင်းကောင်းကို မရနိုင်ပေ။

အိုးကြီး၊ အိုးငယ်နှင့် လိုက်ဖက်သော ဆန်အနည်းအများကို ချင့်ချိန်ထည့်ပြီး ချက်မှသာလျှင် ထမင်းကောင်းကောင်း ဖြစ်လာနိုင်ပေသည်။ 'အိုးနှင့်ဆန် တန်ရုံ' ဟူသော ဆိုးရိုးစကား ရှိလေသည်။

ထိုနည်းအတူ စကားပြောရာ၌ ဖြစ်ပေါ်လာသည့် အကြောင်းကိစ္စနှင့် လိုက်လျောညီထွေ ဖြစ်အောင် မယုတ်မလွန် စကားပြောခြင်းသည် **'အိုးတန်ဆန်ခတ် စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား —**

အိုးတန်ဆန်ခတ်၊ သုဋ္ဌဏာသုံ့ဇာတ်


ဒိုးတန ဆန်ခတ်
စကားကြီးဆယ်ခွန်း
( ၄ )
ပိဋ္ဌိယကျွမ်းမင်းကြီးသည် အမဲလိုက်ရင်း သမင်များကို မြင်၍ ပစ်လိုက်လေသည်။ သို့သော် သူ၏မြှားကား..
ဟယ် သမင်ကလေးတွေ
သမင်များနှင့်အတူရောပါ ဆင်းလာသော သုဝဏ္ဏသာမအား ထိမှန်လေတော့၏။
အို! အရှင်.. ကျွန်ုပ်ကား မျက်မမြင် မိဘရသေ့နှစ်ပါးအား လုပ်ကျွေးနေသူတည်း
ကျွန်ုပ်ကိုယ်စား သင်သည် ကျွန်ုပ်မိဘတို့အား ရေပေး၍ မွေးမြူလိုက်ပါတော့...
မင်းကြီးလည်း ချက်ခြင်းပင် ထိုရသေ့နှစ်ပါးအား အကြောင်းကြားလေ၏။
ကျွန်ုပ်တို့အား သားရှိရာ အမြန် ပို့ပေးပါလော့


မကြာမီသူတို့သည်သားထံရောက်လာ၍ ပူဆွေးနေကြစဉ်သိကြားမင်းနှင့်မဟာ သုန္ဒရီနတ်သမီးတို့ရောက်လာကြ၏။
သင်တို့အားငါတို့ကယ်အံ့ ရှင်ရသေ့တို့၏မျက်စိသာ ပြန်၍မြင်လိုသလော.. သို့တည်းမဟုတ်..
သားကိုသာအသက်ရှင် လိုသလော-သို့မဟုတ် ရွှေအိုးကိုအလိုရှိ သလော...
"ကျွန်ုပ်တို့၏သားကားမိဘကိုလုပ်ကျွေး သောသားကောင်း-သားမြတ်တည်း။ ကျိုသစ္စာအတိုင်းဖြစ်ပါက.."
သားရွှေအိုး ထယ်းလာသည်ကို မြင်လိုပါ၏။
ရှင်ရသေ့တို့ သင်တို့ကား.. မယုတ်မလွန် - တစ်ချက်တည်းဖြင့်သစ္စာ စကားဆိုတတ်ကြ၏။
ကျိုသစ္စာ စကားအတိုင်း လိုအင်ဆန္ဒပြည့်ဝ ကြစေ..
ဟော-သားလည်း အသက်ရှင်-မိဘ နှစ်ပါးလည်းမျက်စိမြင် ရွှေအိုးပါရသွား ကြပါပကော
နောက်ဆုံးတွင်မိဘရှင်ရသေ့တို့၏-အိုးတန်ဆန်ခတ်သကဲ့သို့-သစ္စာ- စကားဆိုတတ်မှုကြောင့်အားလုံးချမ်းသာသုခပြည့်ဝကြလေသတည်း။ ပြီး

# ဆီပွတ် ကျည်ပွေ့ ပြောနည်း

ရှေးအခါက စားသုံးရန်ဆီကို သစ်သားဆုံဖြင့် ပွတ်ကြိတ် ပြီး ယူကြရသည်။ ဆီပွတ်ရာ၌ နွား၊ ကျွဲများကို အသုံးပြုသည်။ တစ်ကြိမ် ဆီပွတ်လျှင် တစ်နာရီကျော်ကြာပြီး ဆီနှစ်ပိဿာခန့် ရရှိသည်။ ဆီဆုံခွက်ထဲတွင် မြေပဲဆန် သို့မဟုတ် နှမ်းကို အချိုး ကျထည့်ပြီး ကျည်ပွေ့ဖြင့် အထပ်ထပ်အခါခါ လှည့်ပတ် ပွတ်ကြိတ်လျှင် ဆီကောင်း ဆီသန့်ကို ရရှိလေသည်။

ထိုနည်းအတူ စကားပြောရာ၌ မိမိ လိုအပ်သည်ကို ရရှိရန် အကြိမ်ကြိမ် အထပ်ထပ် သိမ်းသွင်း ပြောဆိုခြင်းသည် **'ဆီပွတ်ကျည်ပွေ့ စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

ဆီပွတ်ကျည်ပွေ့၊ ပိန္နဲတွေ့.


ဆီပွတ်
ကျည်ပွေ့
စကားကြီး ဆယ်မျိုး
( ၅ )
ဤနေရာတွင် ဘုရားတည်ရန် ပိန္နဲတိုင်အတွက်..
စဉ်းစားရမယ် အမတ်ကြီး..
ရှေးသရောအခါ-မင်းကောင်းသည်-ဘုရားတည်ရန် ပညာရှိအမတ်ကြီးနှင့်တိုင်ပင်တော်မူ၏။
ပိန္နဲတိုင်အတွက် မန်ကျည်းနှစ်မာလျှ တကြောင့်မန်ကျည်းနှစ် ကောင်းပါမည်လော..
မှန်လှပါ-မန်ကျည်း နှစ်လည်းကောင်းလှ၏ ကျွန်းလည်းကောင်း လှပါ၏
အင်ကြင်း ကော
အင်ကြင်းလည်း ကောင်းလှပါ၏- ကျွန်းလည်းကောင်း လှပါ၏၊
ပျဉ်းကတိုး ကော..
ပျဉ်းကတိုးလည်း ကောင်းလှပါ၏ ကျွန်းလည်းကောင်း လှပါ၏


ဟဲ့-ရှားနှစ်လည်း ယာလျက်..
ရှားနှစ်ကော အမတ်ကြီး
မှန်လှပါ- ရှားနှစ်လည်း ကောင်းလှပါ၏ ကျွန်းလည်းကောင်း လှပါ၏။
အင်း-ဒီအမတ်ကြီးဟာ ဆိုကိုကျည်ပွေ့နဲ့ထပ် တလဲလဲပွတ်သလိုသူ့ကျွန်း ကိုချည်းအထပ်ထပ်ထည့် ပြောနေပါကလား
ကဲ-ကဲ ကျွန်းကော
ကျွန်းလည်းကောင်း လှပါ၏ကျွန်းနှစ်လည်း အလွန်ကောင်းလှပါ၏ ဘုရား
ဒါဖြင့်-ကျွန်းနှစ်နှင့် ပိန္နဲတိုင်လုပ်ပြီး--- ဘုရားတည်စေ
အလွန် သင့်မြတ်လှ ကြောင်းပါ ဘုရား
မကြာမီ ကျွန်းနှင့်ပင်ပိန္နဲတိုင်လုပ်၍ တည်လိုက်သောစေတီတဆူကိုကား သပ္ပါယ်စွာဖူးမြော်ရလေသတည်း။ ပြီး

# ဆင်ဖွေ့ ရန်ရှောင်ပြောနည်း

ဆင်သည် ခွန်အားကြီးမားသော အကောင်ကြီးဖြစ်ရာ ၎င်း၏ အထိုးအဖွေ့ကို ခံရလျှင် အသက်သေသည်အထိ ဘေးသင့်နိုင်၏။ ထို့ကြောင့် ဆင်က ထိုးလာ ဖွေ့လာလျှင် အရဲစွန့်ပြီး ရပ်တန့် မနေသင့်ပေ။ သွက်လက် ကျွမ်းကျင်သော အခုန်အလွှား ခြေလှမ်း များဖြင့် တိမ်းဖယ်ပြီး ဆင်၏ရန်ကို ရှောင်ရှားသင့်ပေသည်။

ထိုနည်းအတူ စကားပြောရာ၌ မိမိထံသို့ ကြီးမားသော အပြစ်ဒဏ်ကျရောက်လာမည်ကို မာန်သွင်း ဟန်တင်းကာ ဖက်ပြိုင်ခြင်းမပြုဘဲ ထိုက်လျောက်အောင် လွှဲဖယ်၍ ပြောဆိုခြင်းသည် **‘ဆင်ဖွေ့ရန်ရှောင် စကားပြောနည်း’** မည်၏။

**ဥပမာ ပုံစံကား –**

ဆင်ဖွေ့ရန်ရှောင်၊ ရွှေကျောင်းဆောင်


စကားကြီး ဆယ်မျိုး
( ၄ )
ညီတော်အားအိမ်ရှေ့ အရာပေးတော်မူ လိုက်သည်
နောင်တော်ဘုရင်ဖြစ်တော်မူသောအခါ- ညီတော်သည် အိမ်ရှေ့မင်းဖြစ်လာလေသည်။
ငါ၏ကျောင်းတော်မှ တိုင်များကို မြေကြီးအထိ ရွှေအတီချစေ..
ထိုအခါ-ညီတော်အိမ်ရှေ့မင်းသည် နောင်တော်ကိုအံတုချကြွားပါလေသည်
ဟယ်-မြေကြီး အထိရွှေချရ သလား
ရွှေတွေကိုပွတ်ပြီး ဖျက်ပစ်လိုက်.. တိုင်တစ်ဝက်ပဲ ရွှေချ..
ထိုရွှေအတီချထားသောတိုင်များကို ရွှေဝန်မင်းမြင်ရာ-တားမြစ်လေ၏။




နောက်ဆုံးတွင် ဆင်ရှေ့ရန်ရှောင်သကဲ့သို့အလျှောက်ကောင်းသောကြောင့် မြို့ဝန်မင်းမှာသေဘေးမှလွတ်ကင်းသွားလေတော့သတည်း။ ။

# တောင်သူ ယာလုပ် ပြောနည်း

လယ်ယာလုပ်ကိုင်သူ တောင်သူတို့သည် ယာကွက်၊ လယ်ကွက် ပြုလုပ်ရန် မြေနေရာ ရှင်းလင်းရာ၌ သစ်ပင်ငယ်များ ချုံဖုတ်များကို ရှေးဦးစွာ ခုတ်ထွင်ရှင်းလင်းပစ်၏။ ထို့နောက်မှ သစ်ပင်ကြီးများကို ခုတ်လှဲရှင်းလင်းပစ်ကြသည်။ ထိုသို့ အသေး အငယ်များကို ရှင်းလင်းပြီးမှ အကြီးအမားများကို ခုတ်လှဲ ရှင်းလင်းခြင်းဖြင့် ယာကွက်၊ လယ်ကွက်များကို စနစ်တကျ ဖော်ထုတ်ယူ ကြသည်။

ထိုနည်းအတူ စကားပြောရာ၌ ရှေးဦးစွာ သေးငယ်သော အချက်အလက် နှိုင်းယှဉ်ချက် များကို အဆင့်ဆင့်ဖော်ပြပြီးလျှင် ကြီးမားလေးနက်သော အချက်အလက် နှိုင်းယှဉ်ချက်ဖြင့် သိမ်းချုပ်၍ ပြောခြင်းမျိုးသည် **'တောင်သူယာခုတ် စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

= ဆင်တွေ့ရန်ရှောင်၊ = ရွှေကျောင်းဆောင်

တောင်သူယာလုပ်၊ ဓားမခုတ်


စကားပြေ ဆယ်ဖျိုး
(၇)
ဝိဒေဟရာဇ်မင်းကြီးသည်-မေးခွန်းတစ်ခုကိုမေးရာ--
ဥစ္စာရှိသူနှင့်ပညာရှိသူ အဘယ်သူ မြတ်သနည်း
ဥစ္စာပါ
ပညာပါ ဘုရား-
အဘယ် ကြောင့် နည်း
သိန်းအမတ်က-ဥစ္စာ-မဟောသဓ ကမူ-ပညာ-ဟု ဖြေကြားလေသည်။
မှန်လှပါ-သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားသကဲ့သို့-
ဥစ္စာရှိသူကိုသာ လူအပေါင်းမှီခိုရ သောကြောင့် ဥစ္စာရှိသူသာ မြတ်သည်
သိန်းအမတ်ကားရွှေငတ်ကျီးငတ်နှင့်တူလှ၏၊ ထမင်းဆုပ်ကြီးရာသို့အုံသကဲ့သို့တခဏချမ်းသာမှုကိုသာမြင်၏-ဥစ္စာရှိ၍ပညာမရှိသောလူမိုက်တို့သည်ကုသိုလ်-အကုသိုလ်တရားကိုမသိ- ပညာရှိသူကားတရားမှန်ကိုသိ၍-
ပညာရှိသူသာ မြတ်၏..
သိန်းအမတ်က ဤသို့ရှင်းလျှင်- မဟောသဓ ကပြန်၍ရှင်းလိုက်၏။
မဟာသမုဒ္ဒရာထဲသို့မြစ်အပေါင်း စီးဆင်းလာသကဲ့သို့..
ဥစ္စာရှိသောဂေါဝိန္ဒ သူဌေးကြီးအားနတ်သမီး ကဲ့သို့သော မိန်းမပျိုပျို ငယ်ငယ်တို့ခစားကြ၏
အို-သိန်း အမတ်ကြီး
မဟာသမုဒ္ဒရာရေသည် ကမ်းသို့ရောက်လျှင်ပျောက် သကဲ့သို့-ဥစ္စာသာရှိ၍ပညာ မရှိသူသည် ပွဲလယ်ရောက် လျှင်ပျောက်၏။ ပညာရှိသူ သည်ကားပညာရှိရှင်ပွဲလယ် တင့်၏။ မှောင်မိုက်သော ဥမင်တွင်း၌ဥစ္စာရတနာများ ရှိငြားသော်လည်း--
ပညာတည်းဟူသော မီး၏အလင်းရောင် မရှိက-အဘယ်မှာ ရယူနိုင်အံ့နည်း-
အမတ်နှစ်ဦးကားအပြန်အလှန် ချေပပြောဆိုနေရာမှ-


ဟယ် မဟောသဓ သင်ကား အရှင်မင်းကြီး၏ကျေးဇူးကို မသိ..
သစ္စာမရှိ ယုတ်မာလှ၏.
ရွှေထီးရွှေနန်းသခင်ရေမြေ့ရှင်မင်းကြီးကား ရတနာဥစ္စာမှန်သမျှပိုင်ဆိုင်သောကြောင့် ကျွန်တော်မျိုးပညာရှိအပေါင်းတို့ခစား နေကြရသည်မှာ..
ယခုမျက်မြင် မဟုတ်ပါလော
သိန်းအမတ်သည်မဟောသဓ အားဘုရင်နှင့်လှည့်တိုက်၍စကားစစ်ထိုးလိုက်ရာ..
မြတ်စွာဘုရားကားဥစ္စာရတနာကို မမက်မောပညာတည်းဟူသောတရား မြတ်ကိုသာနှလုံးသွင်းတော်မူ၏.
ထို့ကြောင့် အပြည့်ပြည့်မှ မင်းအပေါင်းနှင့်..
လူ့နတ်ဗြဟ္မာသတ္တဝါအပေါင်းသာ မက-ရဟန်းအပေါင်းတို့ပင်လျှင် မြတ်စွာဘုရားအားဦးခိုက်ကြရ ကုန်၏။ ထို့ကြောင့်-
ပညာရှိသူသာ မြတ်လှပါသည် ဘုရား
မဟောသဓ က-အတုမရှိသော-မြတ်စွာဘုရားနှင့် ဥပမာပေးကာ..
မဟောသဓ ပညာရှိစကားကား မှန်လှ၏.
တောင်သူများယာခုတ်ရာတွင်ချုံငယ်အပင်ငယ်များကိုအရှင်းရှင်းပြီးမှ-အပင်ကြီးကိုလှဲသကဲ့သို့-မဟောသဓ ကားသေးငယ်သောဥပမာများကိုပြုပြီးနောက်မှ...
အတုမရှိသော မြတ်စွာဘုရားနှင့် ဥပမာပေးပုံကား ပိုင်လှ၏.
တောင်သူယာခုတ်စကားပြောနည်းဖြင့်အနိုင်ယူလိုက်လေသတည်း။ ။ ပြီး

# ကြက်ဆုတ် ခွပ်ပစ် ပြောနည်း

ကြက်များသည် တစ်ကောင်နှင့်တစ်ကောင် အရှုံးအနိုင် ခွပ်ရာ၌ နောက်သို့ဆုတ်ပေးခြင်း၊ အရှိန်ဖြင့် ရှေ့သို့တိုးကာ ပစ်ခွပ် ခွပ်ခြင်းဟူသော နည်းပရိယာယ်ကို အသုံးပြုလေ့ရှိ၏။ ကျွမ်းကျင်သော တိုက်ကြက်များသည် တစ်ဘက်မှ ရန်သူကြက် အရှိန်ဖြင့် ထိုး၍ခွပ်လိုက်သည့် အခါမိမိက အလိုက်သင့် နောက်သို့ ဆုတ်ပေးပြီး တစ်ဘက်မှကြက် အရှိန်ပျက်သွားအောင် ပစ်၍ ခွပ်ခြင်းဖြင့် အနိုင်ယူလေ့ရှိ၏။

ထိုနည်းအတူ စကားပြောရာ၌ တစ်ဖက်က ပြောဆိုချက် များကို မဆန့်ကျင်ဘဲ ထိုက်သင့်သလို လိုက်လျောကာ မိမိ လိုအပ်သည့် အကွက်ဆိုက်လာမှ တင်စီးပြီး အပိုင်အနိုင်ပြောခြင်းမျိုးသည် **'ကြက်ဆုတ်ခွပ်ပစ် စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

ကြက်ဆုတ်ခွပ်ပစ်၊ အမတ်နှစ်


ကြက်ဆုတ် ချုပ်ပစ်
စကားကြီး ဆယ်မျိုး
(၁)
မွန်မင်းရာဇဓိရာဇ်နှင့်မြန်မာမင်း-မင်းခေါင်တို့ မွန်မြန်မာချစ်ကြည်ရေးမဟာမိတ်ပြုကြပြီးသောအခါ-
မြန်မာပညာရှိအမတ်ကြီးဖိုးရာဇာနှင့်မွန်ပညာရှိအမတ် သိဟပတေ့တို့တွေ့ဆုံကာ-အာလာပ-သလ္လာပဆွေးနွေးကြလေ၏
သိဟပတေ့သည်မိမိ ယူဆောင်ခဲ့သောကြံဖြူ တချောင်းကိုဖိုးရာဇာအား ဆက်ကပ်လေ၏။
အဖိုးရာဇာ သုံးဆောင်တော်မူပါ...
ကျွဲကြံကား အလွန်ချိုမြသည့် ကြံတည်း...
ဖိုးရာဇာလည်းပေးသည့်ကြံကိုအဖျားကစ၍စားတော့သည်။
အို-ပညာရှိအမတ်ကြီး အဖိုးရာဇာ-အဘယ်ကြောင့် ကြံကိုအဖျားကစ၍ စားပါသနည်း
ငါသည် အရသာကို တရွေ့ရွေ့တိုးခံစား လို၍ဖြစ်၏




ယွန်းပညာရှိနှင့်မြန်မာပညာရှိတို့ကား တစ်ဦးကိုတစ်ဦး ချီးမွမ်းလျက်- ချစ်ကြည်စွာ-ခွဲခွာကြလေသတည်း။ ။

# ရေစစ်ကရား ပြောနည်း

ရေစစ်ကရားဆိုသည်မှာ ရေစစ်ခွက်ငယ်ပင် ဖြစ်သည်။ ဒန်၊ ကြေး၊ နီးယွန်း စသည်ဖြင့် ပြုလုပ်ထားသော ထိုခွက်ငယ်ကို မျက်နှာစာဘက်၌ အဝတ်စအုပ်၍ ချုပ်ထားသည်။ နောက်ဘက် ပိုင်း၌ လေဝင်ပေါက် ခပ်ကျဉ်းကျဉ်း ပါရှိသည်။

ထိုရေစစ်ခွက်ကို လေဝင်ပေါက်ဖွင့်ထားပြီး ရေထဲနှစ် လိုက်လျှင် ခွက်ထဲသို့ ရေဝင်လာသည်။ ရေပြည့်သောအခါ လေဝင် ပေါက်ကို လက်မဖြင့် ပိတ်၍ မယူလိုက်လျှင် ရေမဖိတ် မယိုဘဲ ပါရှိလာသည်။

တစ်ဖန် ထိုရေကို မိမိ ထည့်လိုရာ ခွက်ထဲသို့ထည့်ရာ၌ လေဝင်ပေါက်ကို ဖွင့်လိုက်ရုံသာရှိသည်။ (ပိုးမွှား အမှိုက်သရိုက် မပါသော ရေသန့်ကိုရရှိရန် ရေစစ်ကိရိယာတစ်မျိုးဖြစ်၏)

ထိုနည်းအတူ စကားပြောရာ၌ တစ်ဖက်က ပြောဆိုချက်များကို မှတ်သားပြီး ထိုအချက်များ ပြောင်းလဲ ငြင်းပယ်ခြင်း မပြု နိုင်အောင် မိမိက အပိုင်အနိုင် ပြောခြင်း၊ မိမိလိုရာသို့ တစ်ဖက်က ဝန်ခံ လိုက်ပါလာအောင် ပြောခြင်းသည် **'ရေစစ်ကရား စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

ရေစစ်ကရား၊ ယုံတမ်းစကား



စကားကြီး ဆယ်မျိုး
( ၉ )
ကဲ-အဘာနဲ့ယုံတမ်းစကား ဆိုမယ်-မယုံဘူးဆိုသူ ကျွန်ခံတမ်း--
အေး ကွာ--
ဈေးသရောအခါ-အဖိုးအိုတစ်ဦးနှင့်သူငယ် လေးယောက်တို့-ယုံတမ်းစကားပြောဆိုကြလေသည်။
သူငယ်တစ်ဦးက-ပထမဦးစွာဆိုသည်။
ငါပဋိသန္ဓေနေရတုန်းက ငါ့အမေ-ချဉ်သီးစားချင်တာ ငါသိလို့-အမေ့ဝမ်းတွင်းက ငါထွက်ချဉ်သီးရှာပြီး-- ... ငါ့အမေကိုပေးတယ်
ပြီးတော့မှ-- ငါတိတ်တိတ်ကလေး အမေ့ဝမ်းတွင်းပြန်ဝင် နေတာ ငါ့အမေအလျှင်း မသိဘူး... ကဲ-- ယုံကြလား
ယုံရမှာ ပေါ့--
တစ်ဦးကဆိုပြန်သည်မှာ-
ငါမန်ကျည်းသီးစားချင်လို့ အပင်ပေါ်မတက်နိုင်တာနဲ့ ငါ့ခြေမကိုငါကိုင်ပြီးပစ် တင်လိုက်မှငါအပင်ပေါ် ရောက်တော့တယ်-
အပင်ပေါ်မှာမကျည်း သီးတွေချူးပြီးမှကွာ.. မဆင်းနိုင်တာနဲ့အိမ်က လှေခါးယူပြီး--ထောင် ဆင်းခဲ့ရတယ်..
ကဲ ယုံရဲ့လား
အင်း ယုံရတာပဲ

တစ်ဦးကပြောပြန်သည်။




ကျန်တစ်ဦးကဆိုပြန်၏။




နောက်ဆုံးတွင်အဘိုးအိုက ....




ရေစစ်ကလေးကိုရေတွင်နှစ်၍ရေပြည့်လျှင်အပေါက်ကိုလက်နှင့်ပိတ်၍ယူကြ
ရေမထွက်နိုင်သကဲ့သို့စကားကိုပိတ်မိအောင်ပြောဆိုလိုက်လေသတည်း။ ။ပြီး

# ခတ်တင် မောင်းနှင်း ပြောနည်း

'ခက်တင်' သည် တစ်ခု၊ 'မောင်းနှင်း' သည် တစ်ခုဟူ၍ ပညာရှင်တို့ အဆိုအမိန့်ရှိ လေသည်။

'ခက်' ဆိုသည်မှာ ပုခက်ကဲ့သို့ အခက်အလက် အပြားအချပ်ကို ဆိုလိုသည်။ ၎င်းတို့ကို အောက်မှအပေါ်သို့တင်ရာ၌ ကြိုးဖြင့်ဆွဲငင်ရလေသည်။ ထိုသို့ အပေါ်သို့တင်ရာ၌ ပုခက်စသည်တို့ လမ်းခုလတ်မှ ရှိနေစဉ် 'အပေါ်တက်မည်' 'အောက်ဆင်းမည်' ဟု အတိအကျ မပြောနိုင်ပေ။ ကြိုးဆွဲသူက လျှော့ပေးလျှင် အောက်သို့ဆင်းလာမည်။ ကြိုးဆွဲသူက တင်းအောင် ဆွဲယူလျှင် အပေါ်သို့တက်သွားမည်။

'မောင်း' ဆိုသည်မှာ ဆန်ဖွပ်သည့်မောင်း၊ ရေယူသည့်မောင်း စသည်ဖြင့် အမျိုးမျိုးရှိ၏။ ဆန်ဖွပ်သည့်မောင်းကိုကြည့်ပါ။ မောင်း၏ ရှေ့ပိုင်းသည် လမ်းခုလတ်၌ရှိနေစဉ် 'အောက်ကျမည်' 'အပေါ်တက်မည်' ဟု အတိအကျ မပြောနိုင်ပေ။ မောင်းနှင်းသူက နင်းချလျှင် အပေါ်တက်သွားမည်။ မောင်းနှင်းသူက ခြေထောက်လွှတ်ပေးလျှင် အောက်ကျသွားမည်။

ထိုနည်းအတူ စကားပြောရာ၌ တစ်ဖက်က ပြောလာမည့်စကားကို ဟုတ်သည်လည်းမပြော၊ မဟုတ်ဘူးလည်းမပြောဘဲ မတင်မကျ ပြောခြင်းဖြင့် လိုရာပြီးမြောက်စေခြင်းသည် **'ခက်တင် မောင်းနှင်း စကားပြောနည်း'** မည်၏။

**ဥပမာ ပုံစံကား –**

ခက်တင်မောင်းနှင်း၊ ရဟန်းမင်း


သက်တင်ဖြောင်းနှင်း
စကားကြီး ဆယ်မျိုး
(၁၀)
ရှေးသရောအခါရှုံးမတ်ကိုလ်ပါတို့သည်-လူဆိုးကြီး တစ်ဦးအား-ဝိုင်းဝန်းဖမ်းဆီးကြလေ၏။
ဖမ်းကြဟေ့ ဖမ်းကြ
ဖမ်းမိသည်နှင့်...
ကျွဲလူဆိုးအား တစ်ခါတည်း-သတ်ပစ် ကြလော့...
ဟေ့..ငါကား- အခြားမဟုတ် တောင်ဖီလာဆရာ တော်၏တပည့်တည်း..
လူဆိုး၏ကြုံးဝါးသံကြောင့် အားလုံးတွန့်သွားကြလေသည်။
အမတ်ကြီး- ဒီလူဟာ တောင်ဖီလာ ဆရာတော်ရဲ့တပည့်- ဆိုပါကလား...
နေဦးဗျ- ကျုပ်တို့ အရမ်းလုပ်လို့-မဖြစ်ဘူး- ဆရာတော်ဆီသွားစုံစမ်း မှပါ ...


ထိုကြောင့်ဆရာတော်ထံခုံမင်း လျှောက်ထားကြလေသော်....
ဆရာတော်ဘုရား ဤသူသည်-ဆရာတော်၏ တူ ဟုဆိုပါသည်- ဟုတ် မဟုတ် အမိန့်ရှိပါ ဘုရား...
ဆရာတော်သည်-စဉ်းစားတော်မူကာ...
အင်း..ထိုသူကား ငါ့တူ-မဟုတ်ဘူးဟု ဆိုလျှင်..သေရတော့ မည်..
ငါ့တူဖြစ်သည်ဟု ဆိုပြန်လျှင်လည်း- ငါ မုသားရောက် တော့မည်..
ဟုတ်၏လည်းမဆို-မဟုတ်ဟုလည်းမပြော-စကားကိုမတင်မကျ ခက်တင်မှောင်းနှင်းစကားပြောနည်းဖြင့်-ချက်နှာပြီးသတ်ကာ-အသံ ဩဃာရှိရှိနှင့်-မိန့်တော်မူလိုက်ရာ...
ဤသူကို-ငါ့တူ မဟုတ်ဘူးဟု-ဘယ်သူ ပြောသနည်း
မြန်မြန် လစ်မှဈို.
မှူးမတ်တို့သည်ရှေ့ဆက်၍-မလျှောက်ဝံ့ကြသောကြောင့်- ထိုသူသည်-သေဘေးမှ-လွတ်ကင်းသွားလေတော့သတည်း။ ။


စကားကြီး ဆယ်မျိုး
- ဥပမာ -
ကာတွန်း ဦးဗေသိန်း ရေးဆွဲသည်။
ရုပ်ပြောင် စာပေ

# အညာဒေသ
# ဓမ္မရသမုံပြင်များ

တော်ဝင်နွယ်



# မာတိကာ

ထုတ်ဝေသူ၏ နိဒါန်းစကား

၁။ မောင်အေးနဲ့မောင်ငွေး

၂။ သူခိုးနဲ့ကျောင်းဒကာ

၃။ တောင်ဆီကမောင်နီ

၄။ သူငယ်ချင်း (၃)ယောက်

၅။ အကျိုးကြီးတဲ့သင်္ကန်းတစ်စုံ

၆။ ရုက္ခစိုးနတ်ကြီးရဲ့ ဆရာတော်

၇။ ဒကာမောင်ပေါက် ဥပုသ်စောင့်သလို

၈။ သူတစ်ပါးမျှော်ကိုး ပန်းတွေညှိုး

၉။ နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမကြိုက်နဲ့

၁၀။ အောင့်မြဲအောင့်တော့မယ်

၁၁။ ကိုတုတ်နဲ့ မပုတ်

၁၂။ နိဗ္ဗာန်အဟုတ်မက်ပေမယ့်

နှုတ်ဆက်ရဦးမယ်

၁၃။ စစ်မှန်တဲ့ အပြစ်ဒဏ်

၁၄။ ဒုက္ခတွေချင်တဲ့မျောက်

၁၅။ အငြင်းပွားရတဲ့မုန်တစ်ချပ်

၁၆။ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်

၁၇။ စေတနာပါမှ ဒါနဖြစ်တယ်

၁၈။ ကံကြမ္မာနဲ့ သားအဖနှစ်ယောက်

၁၉။ ဥပုသ်သည်နဲ့ နတ်ပြည်



၂၀။ အရေးကြီးဆုံးကို သိချင်တဲ့ဘုရင်ကြီး

၂၁။ အရေးရောက်တော့ဘူးသီးခြောက်ကိုမေ့

၂၂။ အခါခါလွဲမှားရင် ငရဲလားရမယ်

၂၃။ ကုန်းကောင် အုန်းမောင်

၂၄။ ခရီးသွားတစ်ယောက်နဲ့ ကျားအိုတစ်ကောင်



## စာရေးသူ၏စကားဦး

တရားနာခိုက်၊
တို့ သန်းငိုက်၏၊
စိတ်ကြိုက်ပျော်အောင်၊
ပုံပြင်ဆောင်အံ့။
ယုန်ကောင် ရွှေကျား၊
ဇာတ်ခင်းသွားသော်၊
အများလူတို့ မပျင်းတည်း။

*လာဖွန်တိန်*
(ပြင်သစ်စာဆို)

**တော်ဝင်နွယ်** - *မွေ့ရာသုံ့ပြင်များ*

စာရေးခြင်း အနုပညာဟာ စာရေးသူရဲ့ ငယ်ဘဝ အိပ်မက်ဖြစ်ပေမယ့် ပုံပြင်တွေရေးဖို့တော့ ရည်ရွယ်ချက် မရှိပါဘူး။ ဒါပေမဲ့ ပုံပြင်တွေကိုတော့ စာရေးသူ အလွန်ချစ်ပါတယ်။ ပုံပြင်တွေဟာ စာပေယဉ်ကျေးမှု မထွန်းကားမီ ကတည်းက ဖြစ်ပေါ်တည်ရှိနေတဲ့ သမိုင်းဦး အနုပညာတစ်ခု ဖြစ်တာမို့ အစဉ်အလာ ကြီးမားသလို စိတ်ကောင်းနဲ့ အသိဉာဏ်ဖွံ့ဖြိုး တိုးတက်စေခြင်းဖြင့် လောကအကျိုးကို သယ်ပိုး ရွက်ဆောင်တာကြောင့်အစဉ်အလာလည်းအင်မတန်ကောင်းပါတယ်။

နောက်ပြီးတော့ ပုံပြင်တွေဟာ လောကနဲ့ ဘဝအကြောင်းကို သင်ပြရာမှာ အင်မတန် ညင်သာသိမ်မွေ့ပါတယ်။ သူတို့ဟာ အာဏာရှင် မဆန်တတ်သလို တင်းကြပ်တဲ့ စည်းကမ်းတွေကို ကြိမ်လုံးနဲ့အတူ ကိုင်ဆောင်ထားတဲ့ ဆရာကြီး တစ်ဦးနဲ့လည်း မတူပါဘူး။ ပုံပြင်ကောင်းတစ်ပုဒ်ရဲ့ နှလုံးသားတိုင်းမှာ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်တစ်ဦးရဲ့ ဖေးမကူညီမှုမျိုးနဲ့ အစ်မကြီးတစ်ဦးရဲ့ နွေးထွေးလှိုက်လှဲတဲ့ ချစ်ကြင်နာမှုမျိုး ရှိနေတတ်ပါတယ်။ များသောအားဖြင့် ပုံပြင်တွေဟာ မေတ္တာ၊ ကရုဏာတရားတွေနဲ့ မွမ်းထုံနေတဲ့ အဘိုး၊ အဘွားတွေရဲ့ ကိုယ်ငွေ့နွေးနွေးကလေးနဲ့ နမ်းဆီစစ်စစ်နဲ့ ဆမ်းထားတဲ့ လက်ဖက်နှံ့ သင်းသင်းကလေးကိုပါ ပြန်ရလိုက်သလို ခံစားရတတ်ပါတယ်။

တရုတ်စာရေးဆရာ ဟိုယီ(Hoyi)ကတော့ " ပုံပြင်တွေဟာ ကဗျာလို လှပပြီး၊ ပျားရည်လို ချိုတယ်"လို့ ဆိုပါတယ်။ စာရေးသူကတော့ "တရားတော်နဲ့ မွန်မြတ်တဲ့ အနှစ်သာရကို ပုံပြင်အသွင်သဏ္ဍာန်နဲ့ ဝေငှရရင် ဘယ်လိုနှလုံးသားမဆို လက်ခံနှစ်ခြိုက် သိမ်းပိုက်နိုင် မှာပဲ"လို့ ယုံကြည်တာနဲ့ ဒီမွေ့ပုံပြင်တွေကို ရေးဖြစ်တာပါ။ စာရေးသူ ဝေငှလိုက်တဲ့ ဒီမွေ့ပုံပြင်တွေဟာ ကဗျာတစ်ပုဒ်လိုမလှပ၊ ပျားရည်တစ်စက်လို မချိုမြိန်နိုင်ရင် နေပါစေ။ ပြင်သစ်စာဆို(လာဖွန်တိန်) ပြောသလို "စာဖတ်သူတို့ မပျင်းရိ၊ မငြီးငွေ့လှရင်ပဲရေးရကျိုးနပ်ပြီ"လို့စာရေးသူခံယူပါတယ်။

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်စွာအမွန့်တည်ပါစေ။
တရားတော်ကို၊ အရိုသေပို၊ နှစ်လိုအားရ ကျင့်ပါစေ။
**တော်ဝင်နွယ်**
၁၉-၇-၂၀၀၂

- အတိတ်ကာလတွေတုန်းက ဆိုးတာတွေရော ကောင်းတာတွေပါ အကုန်လုပ်ထားခဲ့တာဆိုတော့ အခုဘဝမှာ တစ်သမတ်တည်း မျှော်လင့်ထားလို့ မရနိုင်ပါဘူး။

- ကောင်းကျိုးတွေရော ဆိုးပြစ်တွေပါ လက်ခံရတော့မှာပါ။

- ဒါဟာ လောကတံထွာ ဓမ္မတာဖြစ်နေတာမို့ လောကဓမ္မ = လောကဓံလို့တောင် သက်မှတ်ထားပြီး ဖြစ်ပါတယ်။

- ဒါပေမဲ့ ကံတရားပေါ် အယူသည်းနေကြတဲ့ တချို့သူတွေကတော့ မိမိတို့ရဲ့ ယခုပစ္စုပ္ပန်တစ်ဘဝ အကောင်း (သို့မဟုတ်) အဆိုးကလေးကိုသာ ကွက်ကြည့်ပြီးတော့ ကံအကျိုးပေးပုံအပေါ်မှာ မကျေလည်တာတွေ သံသယတွေဖြစ်နေနိုင်ပါတယ်။



ကံတရားဆိုတာ "ကိုယ်စိုက်ပျိုးထားခဲ့တာကိုပဲကိုယ်ပြန်ရိတ်သိမ်းတာ" ပါ။

မျက်မြင်ကိုယ်တွေ့ ဒီဘဝ၊ ဒီ ခန္ဓာကို မမြင်တွေ့နိုင်တဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားတွေနဲ့ ဖွဲ့စည်းတည်ဆောက် ထားတာဟာ တကယ့်အံ့ဖွယ်ပါ။ ဘဝခန္ဓာ တည်ဆောက်ရေးမှာ "ကံ" တရားက ဥက္ကဋ္ဌ၊ "စိတ်" ဆိုတာက အတွင်းရေးမှူးဖြစ်ပြီး "ဥတု" နဲ့ "အာဟာရ" တွေက အဖွဲ့ဝင်တွေပါ။ ဥက္ကဋ္ဌနေရာယူထားတဲ့ ကံတရားဟာ အရေးပါသလောက် အရာရောက်သူလည်း ဖြစ်ပါတယ်။ သူ့ကို နားမလည်ရင် ပြဿနာ တစ်ခုဖြစ်သလိုသူ့ကိုနားလည်မှုမှားရင်လည်းပြဿနာတစ်ခုပါပဲ။

သူ့အကြောင်းအရာဟာ ကျယ်ဝန်းနက်ရှိုင်းလှပေမယ့် သူ့ကိုနားလည်ဖို့ကတော့ အလွန်အမင်း မခက်ခဲလှပါဘူး။ မျက်ကန်းယုံကြည်မှုတွေ၊ တရားသေဝါဒနဲ့ လှေနံဓားထစ်မှတ်သားမှု အစွဲတွေတော့ မပါစေနဲ့ပေါ့။ သာမန်အနေနဲ့ဆိုရင် "ကံ ဆိုတာ စေတနာပါတဲ့အလုပ်၊ အလုပ်ရှိမှ ကံရှိမယ်၊ အလုပ်မရှိ ကံမရှိဘူး။ အလုပ်ကောင်းရင် ကံကောင်းမယ်၊ အလုပ်မကောင်းရင် ကံမကောင်းဘူး"ဆိုတဲ့ အခြေခံမူပေါ်မှာ "ရှေးကကောင်းလို့ အခုကောင်းတယ်၊ အခုကောင်း နောင်ကောင်းပါလိမ့်မယ်၊ ရှေးကဆိုးလို့ အခုဆိုးတယ်၊ အခုဆိုးနောင်ဆိုးပါလိမ့်မယ်"လို့ ကာလ(၃)ပါးကိုဆက်စပ်ပြီး ရိုးသားစွာလက်ခံယုံကြည်ရင်ပြီးတာပါပဲ။

ဒါမေယ့် ကံတရားဟာ အကျိုးပေးချိန်တန်ပြီဆိုရင် အချိန်ကာလ ရောက်-မရောက်၊ အလှည့် အကြိမ်သင့်/မသင့်၊ အကြောင်းအကျိုး ညီ/မညီ ဆိုတာတွေကြည့်ပြီး မှန်ကန်တည့်မတ် မျှတစွာ စီရင်တတ်ပါတယ်။ ဒီလိုစီရင်တဲ့အခါမှာ တစ်ခါတစ်ရံ အကြောင်းစေတနာနဲ့ အကျိုးရလဒ်ဟာ အချိန်ကာလ ဘဝများစွာ ခြားနေတာမျိုးလည်း ဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်နေရင် ပစ္စုပ္ပန်ဖြစ်တည်မှုနဲ့ အတိတ်ကံအကျိုးပေးမှုဟာ လိုက်ဖက်ညီချင်မှညီပါလိမ့်မယ်။ အဲဒီလိုအခါမျိုးမှာ ပစ္စုပ္ပန်အကြောင်း အကောင်း (သို့မဟုတ်) အဆိုးတစ်ခုတည်းကို ကြည့်ပြီး အကျိုး (သို့မဟုတ်) အပြစ်ကိုမျှော်လင့်မိရင် ဘယ်လိုမှ တရားမျှတနိုင်မှာမဟုတ်ပါဘူး။ ကံတရားဆိုတာ "ကိုယ်စိုက်ပျိုးထားခဲ့တာကိုပဲ ကိုယ်ပြန်ရိတ်သိမ်းတာ"ပါ။

အတိတ်ကာလတွေတုန်းက ဆိုးတာတွေရော ကောင်းတာတွေပါအကုန် လုပ်ထားခဲ့တာ

ဆိုတော့ အခုဘဝမှာ တစ်သမတ်တည်း မျှော်လင့်ထားလို့ မရနိုင်ပါဘူး။ ကောင်းကျိုးတွေရော ဆိုးပြစ်တွေပါ လက်ခံရတော့မှာပါ။ ဒါဟာ လောကတံထွာ ဓမ္မတာဖြစ်နေတာမို့ လောကဓမ္မ = လောကဓံလို့တောင် သက်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ကံတရားပေါ် အယူသည်းနေကြတဲ့ တချို့သူတွေကတော့ မိမိတို့ရဲ့ ယခုပစ္စုပ္ပန်တစ်ဘဝ အကောင်း (သို့မဟုတ်) အဆိုးကလေးကိုသာ ကွက်ကြည့်ပြီးတော့ ကံအကျိုးပေးပုံအပေါ်မှာ မကျေလည်တာတွေ သံသယတွေ ဖြစ်နေနိုင်ပါတယ်။ အဲဒီအတွက် တရားသဘောနဲ့စပ်တဲ့ ဓမ္မပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

## မောင်အေးနဲ့မောင်ဒွေး

ရှေးရှေးတုန်းက တက္ကသိုလ်တိုင်းပြည် ဒိသာပါမောက္ခဆရာကြီးထံ ပညာလာသင်ကြတဲ့ တပည့်တွေထဲမှာ မောင်အေးနဲ့ မောင်ဒွေး ဆိုတဲ့ သူငယ်ချင်းနှစ်ဦးရှိဖူးတယ်။ သူတို့နှစ်ဦးဟာ တခြားတိုင်းပြည်တွေက အရွယ်ရောက်လာလို့ ပညာသင်ရအောင် တက္ကသိုလ်ပြည်ကို လွှတ်လိုက်ကြတာတဲ့။ မောင်အေးနဲ့ မောင်ဒွေးတို့ဟာ အင်မတန်ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်းတွေ ဖြစ်နေကြပေမယ့် တစ်ဦးနဲ့တစ်ဦး စရိုက်ဝါသနာတွေက မတူညီကြဘူး။ မောင်အေးဟာ နာမည်နဲ့ လိုက်အောင် ရိုးရိုးအေးအေး နေတတ်ပြီး စာကိုပဲကြိုးစားပြီး သင်တယ်။ ငယ်ငယ်တည်းက မိဘတွေရဲ့ ဆိုဆုံးမမှုကြောင့် မကောင်းမှုဆိုရင် စိတ်ဝင်စားမှု မရှိဘဲနဲ့ ဆရာသခင်က သွန်သင်တဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲ ကြိုးစားပြုလုပ်တယ်။ မောင်ဒွေးကတော့ ဒီလိုမဟုတ်ဘူး၊ ငယ်ငယ်တည်းက မိဘတွေက အလိုလိုက်ထားတာမို့ မိဘတွေ မသိအောင်တစ်မျိုး၊ သိသိနဲ့တစ်သွယ် ဆေးလိပ်သောက်၊ ဖဲရိုက်၊ အရက်သေစာသောက် အကုန်လုပ်တတ်သတဲ့။ အချင်းချင်းပေါ်မှာလည်း နိုင်ထက်စီးနင်းလုပ်တတ်တယ်။ ဗိုလ်ကျတယ်ပေါ့။ ဒါပေမဲ့ သူ့ သူငယ်ချင်း မောင်အေး အပေါ်မှာတော့ ဒီလောက်မဆိုးပါဘူးတဲ့။ မောင်အေး မခံချင်အောင် တစ်ခါတစ်ရံစတတ်၊ နောက်တတ်ပေမယ့် မောင်အေးကို ချစ်ခင်လေးစားတာမို့ စိတ်ဆိုး စိတ်နာအောင်တော့ မလုပ်ဘူး။ မောင်အေးကလည်း မောင်ဒွေးဆိုးတာသိပေမယ့် သူ့အပေါ် ခင်မင်နေတာကို အကြောင်းပြုပြီး သူငယ်ချင်းအဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံတယ်။ တစ်ခါတစ်ခါ မကောင်းတဲ့ စရိုက်တွေကို ပြုပြင်ဖို့ မောင်ဒွေးကို ပြောပေမယ့် မောင်ဒွေးက ရယ်နေတာနဲ့ပဲ ပြီးသတဲ့။ ဒီလိုနဲ့ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ တက္ကသိုလ်ပြည်မှာ

သုံးနှစ်သုံးမိုး ပညာတွေ သင်ပြီးတဲ့အခါ ဇာတိနေရင်း တိုင်းပြည်ကို ပြန်ခဲ့ကြတယ်။ သူတို့ပြန်လာတဲ့ခရီးမှာ တောအုပ်တစ်ခုကို ဖြတ်သွားရမှာမို့ မောင်အေးက တောအုပ်ထဲမဝင်ခင် ကိုယ်လက်သုတ်သင်ဖို့ လမ်းခရီးမှာ ခဏနေရစ်တယ်။ မောင်ဌေးကိုလည်း ရှေ့ကကြိုသွားနှင့်ပြီး တောအုပ်အဝင်မှာ စောင့်နေဖို့ မှာလိုက်တယ်။ ဒါနဲ့ မောင်ဌေးဟာ တစ်ယောက်တည်း လျှောက်လာရင်း တစ်နေရာရောက်တော့ လမ်းဘေးနေပူကြီးထဲမှာ ဘုရားဆင်းတုတော် တစ်ဆူကို ဖူးတွေ့ရသတဲ့။ ဆင်းတုတော်ကြီးဟာ ဘယ်လိုလုပ်ပြီး ဒီလိုနေရာမျိုးမှာ ရောက်နေတယ်ဆိုတာ မောင်ဌေးဟာ တွေးမရဖြစ်နေသတဲ့။ ဆင်းတုတော်ကြီးဟာ နေပူကျဲကျဲမှာ ဒီအတိုင်း သီတင်းသုံး စံပယ်နေတာ မသင့်တော်ပါဘူးလို့ မောင်ဌေးကတွေးမိပြီး အရိပ်မိုးပေးဖို့ရာ သစ်ခက်သစ်ရွက် လိုက်ရှာပေမယ့် အနီးတစ်ဝိုက်မှာ မတွေ့ရဘူး။ အရိပ်ရှိရာကို မ ရွှေ့သွားဖို့ရာကလည်း ဆင်းတုတော်ကြီးက လူတစ်ရပ်လောက်ရှိတာမို့ မတတ်နိုင်ဘူးတဲ့။

ဒါနဲ့မောင်ဌေးဟာ သူ့ရဲ့ခါးဝတ်ပုဆိုးကိုချွတ်ပြီး သစ်ကိုင်းခြောက်ကလေး(၄)ခုကို တိုင်စိုက်ပြီး မျက်နှာကြက်ဗိမာန်သဘောမျိုးနဲ့ ဆင်းတုတော်ကြီးအထက်က ဖြန့်ပြီးမိုးခဲ့သတဲ့။ ပြီးတော့မှ ခရီးဆက်ပြီး တောအုပ် အဝင်ဝကနေ မောင်အေးကို စောင့်ဆိုင်း နေတယ်။ အတော်ကြာတဲ့အခါမှာ မောင်အေး ရောက်လာပြီး "မောင်ဌေး မင်းဟာ အတော် မိုက်မဲတာပဲ၊ မရှိမသေ မင်းရဲ့ခါးဝတ်ပုဆိုးကို ဆင်းတုတော်ကြီး အပေါ်မှာ ဘာကြောင့် ဖြန့်မိုးခဲ့သလဲ၊ ဒါငရဲရောက်စေမှာပဲ။ ဒါကြောင့် မင်းရဲ့ ပုဆိုးစုတ်ကြီးကိုငါယူပြီးစွန့်ပစ်ခဲ့ပြီ"လို့ပြောသတဲ့။

အဲဒီအခါမှာ မောင်ဌေးကလည်း "ဒီမှာမောင်အေး၊ တကယ်မိုက်မဲတာက ငါမဟုတ်၊ မင်းသာမိုက်တဲ့သူဖြစ်တယ်။ ဆင်းတုတော်ကြီး နေပူနေတာမကြည့်ရက်လို့ စေတနာနဲ့ အမိုးပြုပြီး၊ ငါ့ပုဆိုးကိုလှူခဲ့တာ ဒီအလှူကို ဖျက်ဆီးတဲ့မင်းကသာ ငရဲရောက်မှာ"လို့ ပြန်ပြောသတဲ့။ အဲဒီလို ငြင်းခုံရင်း တောအုပ်ထဲကို ရောက်ခဲ့ကြတယ်။ တောအုပ်ထဲ ရောက်လို့ မကြာခင်မှာဘဲ မိုးသက်မုန်တိုင်းကျလာတာမို့ မောင်အေးနဲ့ မောင်ဌေးတို့ဟာ သစ်ပင်ကြီးတစ်ပင်အောက်မှာဝင်ပြီးမိုးခိုကြရတယ်။

မောင်ဌေးက သစ်ပင်ကြီးရဲ့ နောက်ကျောဘက်မှာနေပြီး မောင်အေးကတော့ သစ်ပင်ကြီးရဲ့ မျက်နှာစာမှာ နေရာယူပြီး မိုခိုကြတယ်။ မိုးရောလေပါ

မုန်တိုင်းကျနေတာမို့ တစ်ချိန်မှာ သစ်ကိုင်းကြီး တစ်ကိုင်းဟာ ကျိုးပဲ့ကျလာပြီး မျက်နှာစာမှာရှိနေတဲ့ မောင်အေးရဲ့ ဦးခေါင်းကို ရိုက်မိတယ်။ သစ်ကိုင်း ကျိုးကျသံကြောင့် မောင်ဒွေးကလည်း ရုတ်တရက်သစ်ပင်အောက်ကနေ ပြေးထွက်လိုက်တဲ့အခါ သူလည်းပဲ ခလုတ်တိုက်မိပြီး လဲကျသွားတယ်။ ခလုတ်တိုက်မိတဲ့အရာကို ကြည့်လိုက်တော့ အိုးတစ်လုံးရဲ့ နှုတ်ခမ်း ဖြစ်နေတာမို့ အလျင်အမြန် တူးဖော်လိုက်တဲ့အခါ အထဲမှာ ရွှေဒင်္ဂါးတွေနဲ့ ပြည့်နေတာကို တွေ့ရတယ်။ မောင်ဒွေးလည်း ဝမ်းသာအားရ မောင်အေးကို ပြမယ်ဆိုပြီး မောင်အေးရှိရာကို လာတဲ့အခါ မောင်အေးဟာ သစ်ကိုင်းကျိုးနဲ့ ဦးခေါင်းကို ရိုက်ခတ်မိလို့ သတိမေ့နေတာကို တွေ့ရတယ်။ ဒါနဲ့ မောင်ဒွေးကလည်း မောင်အေးကို ဆေးထည့် ပတ်တီးစည်းပေးပြီး သတိရအောင် လုပ်ပေးတယ်။ မောင်အေးသတိရ လာတဲ့အခါ မောင်ဒွေးက "သူငယ်ချင်း သူတော်ကောင်းကြီးရေ မင်းကတော့ ကုသိုလ်ကောင်းမှုတွေ များလွန်းလို့ ထင်ပါရဲ့၊ သစ်ကိုင်းကတောင် မနာလိုလို့ လာပြီးရိုက်တယ်နော်၊ ငါ့လို လူမိုက်များကြတော့လည်း ဆက်ပြီး မိုက်အောင် ရွှေအိုးကြီးများတောင် ဆုချတယ်။ ဩော် ကံတရားများ တယ်ပြီးဆိုးပါလား"လို့ ပြောင်လှောင်တယ်။

အဲဒီအခါ မောင်အေးဟာ "အင်း ငါ့လို တစ်ဘဝလုံး ကောင်းမှုတွေကိုပဲ ပြုလုပ်လာတဲ့ သူကျတော့ ဒုက္ခရောက်ရတယ်၊ အချိန်ရှိသရွေ့ မကောင်းမှုတွေနဲ့ပဲ ယဉ်ပါးနေတဲ့ ငါ့သူငယ်ချင်းကျတော့ ဒုက္ခမရောက်တဲ့အပြင် ရွှေအိုးတောင် ရလိုက်သေးတယ်။ ကံ-ကံအကျိုးပေးဆိုတာ တကယ်မှ ရှိရဲ့လား"လို့ သံသယ ဝင်လာသတဲ့။ ဒါနဲ့ "အေးကွာ၊ ငါတို့ အဖြစ်က တယ်ဆန်းကြယ်တာပဲ၊ ကောင်းမှုပြုတဲ့သူက ကောင်းကျိုးမရဘဲ ဒုက္ခရောက်ရတယ်၊ မကောင်းမှုတွေနဲ့ ပျော်နေသူကတော့ ဒုက္ခမရောက်ဘဲ ကောင်းကျိုးတွေ ရတယ်။ ဒီနားကရသေ့ကြီးဆီ သွားတွေ့ရရင် ကောင်းမယ်"လို့ မောင်ဒွေးကိုလှမ်းပြီးပြောလိုက်တယ်။

ဒါနဲ့ မောင်ဒွေးနဲ့ မောင်အေးတို့ဟာ တောအုပ်ထဲမှာရှိတဲ့ အဘိညာဉ်ရ ရသေ့ကြီးဆီကို သွားကြသတဲ့။ ရသေ့ကြီးထဲရောက်တဲ့အခါ သူတို့နှစ်ဦးရဲ့ ဖြစ်ပျက်ပုံတွေကို ပြန်ပြောပြကြတယ်။ အဲဒီအခါမှာ ရသေ့ကြီးဟာ သူတို့နှစ်ဦးရဲ့ အတိတ်ဘဝတွေကို အဘိညာဉ်တန်ခိုးနဲ့ ကြည့်ပြီးတော့ ဒီလိုပြောပြပါတယ်။ "လူကလေးတို့၊ ကံဆိုတာ အတိတ်ကံရယ်၊ ပစ္စုပ္ပန်ကံရယ်လို့ နှစ်မျိုးရှိတယ်ကွယ့်၊ အဲဒီနှစ်မျိုးထဲမှာ အကျိုးကြီးကြီး

မားမားပေးဖို့ဆိုတာ ရှေးကံက လိုရင်းပဲ၊ ပစ္စုပ္ပန်ကံဆိုတာက (အကျိုးပေးခွင့် မကြုံသေးရင်) ရှေးကံကိုပဲ အထောက်အကူပြုပေးရတာ။ သူက အကူအညီပဲ ပေးနိုင်သေးတာ၊ ဒါကြောင့် ဒီမယ် မောင်အေး သေသေချာချာနားထောင်၊ လူကလေးဟာ ယခုဘဝမှာ မိကောင်းဘကောင်း ဆရာသမားကောင်းတွေရဲ့ ကျေးဇူးကြောင့် လူယဉ်ကျေး၊ လူလိမ္မာလေး ဖြစ်ပြီးနေပေမယ့် အရင်ဘဝတုန်းကတော့ မင်းဟာလူဆိုးပဲ။ သူတစ်ပါးရဲ့ အသက်ကိုတောင် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တာမို့ ဒီဘဝမှာ အဲဒီကံအကျိုးပေးဖြစ်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အသေခံရဖို့ပဲ။ ဒါပေမဲ့ အခုဘဝမှာ ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေက ထောက်ကူလို့ ဦးခေါင်းပေါ် သစ်ကိုင်းကျပြီး ခေါင်းပေါက်တာနဲ့ပဲယတြာကျေသွားပြီး၊ဒီတော့မင်းအတွက်ပြီးပြီ"

"မောင်ဌေး လူကလေး၊ မင်းကတော့ ဒီဘဝမှာသာ မိဘက အလိုလိုက်ထားလို့ မိုက်နေပေမယ့် အရင်ဘဝတုန်းကတော့ သူတော်ကောင်းပဲကွယ့်၊ အဲဒီဘဝတုန်းက မင်းပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ အကုန်လုံးသာ အကျိုးပေးရရင်လေ မင်းဟာ ဒီဘဝမှာ ရွှေတောင်ကြီးတောင် ပေါက်ရမယ့်ကိန်းပဲဟေ့။ ဒါပေမဲ့ ဒီဘဝမှာ မင်းလုပ်ခဲ့တဲ့ မကောင်းမှုတွေက အဲဒါတွေကို တားမြစ်ကန့်ကွက်လိုက်လို့ မင်းဟာ ဒီရွှေအိုးလေး တစ်လုံးတည်းနဲ့ ကျေနပ်လိုက်ရတာ။ ကျိန်းကျေသွားတာပေါ့ကွာ။ ဒါကြောင့် လူကလေးတို့ ကံတရားကို တလွဲမထင်ကြပါနဲ့၊ ဆိုးတာပြုက ဆိုးတာရ၊ ကောင်းမှပဲ ကောင်းစားကြရတာပါ"

ရသေ့ကြီးက အဲဒီလိုရှင်းပြလိုက်မှပဲ မောင်အေးရော မောင်ဌေးပါ ကံတရားပေါ် နားလည်မှုရသွားကြပြီးတော့ မောင်အေးက "ပိုမိုပြီး လိမ္မာယဉ်ကျေးအောင်နေမယ်၊ ကုသိုလ်တွေ ဆက်လုပ်သွားမယ်"လို့ ပြောပါတယ်။ အဲဒီအခါမှာ မောင်ဌေးကလည်း "ဒီကနေ့စပြီး မကောင်းမှုတွေကို စွန့်ပြီးတော့ ကောင်းမှုတွေကို ကြိုးစားပြီးလုပ်ပါတော့မယ်"လို့ရသေ့ကြီးကိုကတိပေးပါသတဲ့ကွယ်။

ဒီဇာတ်ပုံပြင်လေးရဲ့ အဓိကဆိုလိုချက်ကတော့ (၁) ကံတရားဆိုတာ အကောင်း (သို့မဟုတ်) အဆိုး ရည်ရွယ်ချက်ပါတဲ့ စေတနာတရားရဲ့ အကျိုးဆက်တစ်ခုဖြစ်ကြောင်း (၂) ကံတရားဟာ သူ့ရဲ့အကျိုးပေးရာကာလ၊ အလှည့်အကြိမ်တွေကြောင့် အလွန် ဆန်းကြယ်ပြီး တစ်ခါတစ်ရံ နားလည်နိုင်ဖို့အခက်တွေ့ရကြောင်းနဲ့ (၃) ယခုပစ္စုပ္ပန်

ဖြစ်ဆဲကံတွေဟာလည်း အတိတ်ကံ အကျိုးပေးတွေကို အားနည်း (သို့မဟုတ်) အားရှိလာအောင် (တစ်ခါတစ်ရံ) လုံး၀ ပြတ်တောက်သွားအောင် ဖြတ်တောက် ပစ်နိုင်ကြောင်းတို့ကို ဖော်ပြလိုရင်းဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ ဖေဖော်ဝါရီလ*



အဲဒီအခါ ဆရာတော်ကြီးက ဒကာတော်၊ သူတော်ကောင်းဆိုတာ သူတစ်ပါး တော်လာအောင် ကိုယ်က ကောင်းပေးရတယ်၊ သူတော်မှ ကိုယ်ကောင်းနိုင်မယ် ဆိုတာမျိုး မဖြစ်စေရဘူး။ နားကိုက်ရင် ပါးရိုက်မယ်ဆိုတာမျိုးက လူမိုက်အလုပ်ကွယ့်။ မှားယွင်းတဲ့သူတွေအပေါ် မေတ္တာထားတာကိုပဲ ဘုရားရှင် ချီးမွမ်းတော်မူတယ် ဒကာရဲ့။

လူ့သမိုင်းမှာ မနုဿတ္တ ဘာဝေါ ဒုလ္လဘောလို့ လူ့ဂုဏ်ရည်နဲ့ လူ့တန်ဖိုးကို အဦးဆုံး မီးမောင်းထိုး မြှင့်တင်ပြခဲ့သောသူဟာ ဗုဒ္ဓမြတ်စွာပါ။ ကမ္ဘာမှာ လူတွေဖန်တီးတဲ့ ယုတ်မာ ညစ်ညမ်းမှု၊ မိုက်တွင်းနက်မှု၊ ရက်စက်ကြမ်းကြုတ်မှုတွေဟာ ယခုထက်တိုင် ဖြစ်ပေါ်လာတဲ့ တိမ်သလ္လာ တွေပါ။ အဲဒီ တိမ်ညိုတိမ်မဲတွေ ကင်းစင်လို့ နေရောင်ခြည် တွေ ဝင်းပလာတဲ့ အခါ ကြည်စင်ပြာလဲ့နေတဲ့ ကောင်းကင်ပြာကြီးကိုသာ ထာဝရ မြင်တွေ့ရမဲ့ ဖြစ်ပါတယ်။ လူသားဟာ ကမ္ဘာမှာ ချစ်စရာနဲ့ ကြောက်စရာအကောင်းဆုံး သက်ရှိပါ။ ပါဠိစာပေမှာ မနုဿ = လူမည်ခြင်းရဲ့ အဓိပ္ပါယ်ကို အကောင်း-အဆိုး၊ အကျိုး-အပြစ်ကို သိတတ်သူ၊ မြဲသောသတိနဲ့ ရဲသောသတ္တိ တို့ကြောင့် ထက်မြက်ပြန့်ပြော ကြီးကျယ်သော စိတ်သဘောရှိသူလို့ ဖွင့်ဆိုပြပါတယ်။ ဒါဟာလူသားရဲ့ သဘာဝ အစစ်မှန်ပါ။ ဒီလို ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ မြင့်မြတ်မှု သဘာဝဟာ လူသားနှလုံးသားမှာမျိုးဗီဇအနေနဲ့ကိန်းဝပ်တည်ရှိမြဲဖြစ်ပါတယ်။

တစ်ခါတစ်ရံ လူရဲ့ အဲဒီလိုကောင်းမြတ်ခြင်း သဘောဟာ မီးခဲပြာဖုံး ဖြစ်ချင်ဖြစ်နေ နိုင်ပေမယ့် လုံးဝဥဿုံ ချုပ်ငြိမ်း ကွယ်ပျောက် သွားခြင်းကတော့ မဖြစ်နိုင်ပါဘူး။ ဖြစ်လေ့ဖြစ်ထလည်း မရှိပါဘူး။ ဘယ်လောက်ပဲ မကောင်းမှု ဒုစရိုက် ပြာမှုန်တွေ ဖုံးအုပ်နေပါစေ အသိအလိမ္မာ ဉာဏ်ပညာလေကလေး ဟူးခနဲ တစ်ချက်လောက် တိုက်ခတ်လိုက်တာနဲ့ အဲဒီ ကောင်းမြတ်ခြင်း သဘောဟာ ဟုန်းခနဲ မီးပုံကြီးတစ်ပုံလို ထတောက်ပြီးအားကောင်းလာတတ်ပါတယ်။

ဒါကြောင့်လောကမှာ ထာဝရဆိုးနေ၊ တေနေ၊ ယုတ်နေတဲ့သူဆိုတာ မရှိပါဘူး။ အဆိုးကို မဖယ်ရှားနိုင်သေးသူ၊ ကောင်းမလာသေးသူလို့သာ ရှိနိုင်ပါတယ်။ ဒီလို သိခွင့်၊ သိလိုက်ရတာဟာ ဆိုးသွမ်းနေသူတွေအပေါ်မှာ နားလည်ခွင့်လွှတ်နိုင်အားနဲ့ လောက အပေါ်မှာထားရှိတဲ့ မိမိတို့ရဲ့ ဗြဟ္မစိုရ်တရားကို ပိုမိုကြီးထွားလာစေပါတယ်။ သတ္တဝါတွေ အပေါ်မှာ ကံကြမ္မာက လည့်စားတတ်သလို၊ လောကဓံရဲ့ ပုတ်ခတ်အားကလည်း

ပြင်းထန်ပါတယ်။ ကံကြမ္မာရဲ့အလှည့်အပြောင်း၊ လောကဓံရဲ့ အထုထောင်းအောက်မှာ လူသားတွေဟာ ကောင်းရာမှဆိုး၊ ဆိုးရာမှလည်း ကောင်းသွားတတ်ပါတယ်။ အဲဒီ အကြောင်း ဓမ္မပုံပြင်ကလေး တစ်ပုဒ် ပြောပြချင်ပါတယ်။

## သူခိုးနဲ့ကျောင်းဒကာ

ဟိုးရှေးရှေးတုန်းက ကန်ကြီးလို့အမည်တွင်တဲ့ ရွာကြီးတစ်ရွာရှိသတဲ့။ အဲဒီရွာရဲ့ ကျောင်းထိုင် ဆရာတော်ကြီးဟာ ဦးအဘယလို့ ဘွဲ့အမည်ရှိပါတယ်၊ ဆရာတော်ကြီးဟာ ရွာကျောင်းမှာ ပိဋကသုံးပုံ ကုန်စင်အောင် ပရိယတ္တိစာပေတွေ သင်ယူပြီးတဲ့အခါ အဲဒီရွာရဲ့ မနီးမဝေး တောအုပ်ကလေးထဲမှာ တစ်ပါးတည်း တောရဆောက်တည်ပြီး နေတယ်။ ကန်ကြီးရွာက သဒ္ဓါတရားထက်လှတဲ့ ဒကာတစ်ယောက်ဟာ ဆရာတော်ကြီး ဦးအဘယကို တောရကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းပြီး ပစ္စည်းလေးပါး ဒါယကာအဖြစ်(၁၂)နှစ်တိုင်ရှိသေမြတ်နိုးစွာပြုစုလုပ်ကျွေးနေသတဲ့။

အဲဒီကျောင်းဒကာဟာ ဝါဆို၊ သီတင်းကျွတ်၊ ကထိန် ကာလတွေမှာ ဆရာတော်ကြီးကို သင်္ကန်းချုပ်ရန်အတွက် အထည်စ ပိတ်အုပ်တွေကို နှစ်စဉ် မပျက်မကွက် လှူဒါန်းပါတယ်။ ဆရာတော်ကြီးက ဝိနည်းတော်နဲ့ လျော်ညီအောင် ပိတ်စတွေကို ကိုယ်တိုင်ဖြတ်ချုပ် ဆေးဆိုးပြီး သင်္ကန်းအဖြစ် ဝတ်ရုံတာကိုး။ ဒါပေမယ့် ဆရာတော်ကြီး ဝတ်ရုံတဲ့ သင်္ကန်းတွေဟာ အမြဲတမ်း ဟောင်းနွမ်းစုတ်ပြဲနေတာကိုပဲ ကျောင်းဒကာက ဖူးတွေ့ရသတဲ့။ အကြောင်းကတော့ ဒါယကာတွေလှူဒါန်းတဲ့ ပစ္စည်းအဝဝကို ကျောင်းဒကာနဲ့ အိမ်နီးနားချင်းဖြစ်တဲ့ ဦးဟန်ပဆိုတဲ့ သူခိုးတစ်ယောက်ဟာ တောရကျောင်းကနေ အမြဲခိုးယူနေလို့ပဲ။ တစ်နေတော့ ကျောင်းဒကာဟာ ငါဟာ အရှင်ဘုရားကို သင်္ကန်းလျာ အထည်စ ပိတ်အုပ်တွေ နှစ်တိုင်းမပြတ် လှူဒါန်းနေတာပါ။ ဒါပေမဲ့ အဲဒီပိတ်အုပ် အသစ်တွေကို အရှင်ဘုရား သင်္ကန်းချုပ်ဝတ်တာ၊ သိမ်းထားတာ၊ အခြားရှင်ဘုရားရဟန်းကို ပေးကမ်းလှူဒါန်းတာ တစ်ခါမျှလည်း မမြင်ဖူးဘူး။ ဒီလိုဖြစ်တာ အကြောင်းထူး ရှိကိုရှိရမယ်လို့ တွေးမိကာ ဒီနေ့တော့ အဲဒီအကြောင်း စုံစမ်းဦးမှပဲဆိုပြီး ညနေမိုးချုပ် နေဝင်သွားတဲ့အခါ ဓားတစ်ချောင်း လက်စွဲပြီး ကျောင်းအနီး ခရီးလမ်းမမှာ ကင်းပုန်းဝပ်ပြီးစောင့်နေသတဲ့။

အဲဒီအခါ သူခိုးဦးဟန်ပကလည်း မနက်ခင်းက ဒကာတွေ ကျောင်းတော်မှာ အလှူလုပ်လို့ ပိတ်အုပ်တွေရှိတာကိုသိတာနဲ့ အဲဒါတွေ ခိုးယူဖို့အတွက် အိမ်မှ တိတ်တဆိတ်ထွက်၊ ကျောင်းပေါ်တက်ပြီး ပိတ်အုပ်တွေ အကုန်ထုပ်ယူကာ ဟန်မပျက် လမ်းမဘက် ထွက်လာခဲ့တယ်။ အဲဒီလို ကျောင်းက ပိတ်အုပ်တွေခိုးလာတဲ့ ဦးဟန်ပကို လမ်းကစောင့်ဖမ်းတဲ့ ကျောင်းဒကာက ခိုးထုပ်ခိုးထည်နဲ့ လက်ပူးလက်ကြပ်မိတာမို့ ကျောင်းပစ္စည်း၊ သံဃာ ပစ္စည်းခိုးယူရကောင်းလားဆိုတဲ့ ဒေါသနဲ့ သူခိုးဦးဟန်ပကို မေ့မြောအောင် ခြေလက်နဲ့ကန်ကြောက် ပုတ်ခတ်မိသတဲ့။ မြေပေါ်မှာမေ့လဲနေတဲ့ သူခိုးဦးဟန်ပကို ကျောင်းဒကာက ဒီသူခိုးတော့ မုတ်လောက် သားလောက်အောင် ဆုံးမဦးမှပဲဆိုပြီး သူသေ ကောက်ပစ်ရာ သုသာန်ကို ထမ်းယူသွားပြီး အကောင် မပျက်သေးတဲ့ လူသေအလောင်းတစ်ခုနဲ့ ကျောချင်းကပ် လက်ချင်းချိတ်ကာ ဦးခေါင်း ကနေခြေဖျားအထိခိုင်ခိုင်မြဲမြဲတုတ်နှောင်ပြီးပစ်ချထားခဲ့သတဲ့။

ပြီးမှ ခိုးယူလာတဲ့ အဝတ်ထုပ်ကိုထမ်း ရွာလမ်းအတိုင်း အလျင်အမြန်ပြန်လာခဲ့ပြီး ရွာလယ်မှာ ရွာလူထုကို စုဝေးစေကာ ရွာသူ ရွားသားတို့၊ အခုငါပြောမယ့် စကားကို သေချာစွာ နားစွင့်ကြကုန်။ အခုည ငါတို့ရွာထဲကို လူသေအလောင်းတစ်ခု ပူးထားတဲ့ ဘီးလူးတစ်ကောင် ဝင်လာမယ်ဆိုတဲ့ သတင်းစကား ငါကြားရတယ်။ ဒီတော့ ရွာသူရွာသား အားလုံးဟာ ကိုယ့်အိမ်တံခါးတွေ ကိုယ်လုံခြုံအောင်ပိတ်ပြီး တိတ်တိတ် နေကြရမယ်။ တကယ်လို့ ဘီလူးက (ငါဟာ ဘယ်သူ-ဘယ်ဝါ၊ ဘယ်သူ့သားပါ) လို့ စကားပြောပြီး ဝင်ခွင့်တောင်းရင်တောင်မှ ဘယ်သူမှ တံခါးဖွင့်မပေးလိုက်ကြနဲ့လို့ ပြောလိုက်တယ်။ ရွာသူရွာသား အားလုံးလည်း ထိတ်လန့် ကြောက်ရွံ့ပြီး အားလုံး ပုန်းအောင်းကုန်ကြတယ်။

ညသန်းခေါင်ယံလောက် ရောက်တဲ့အခါ သုသာန်မှာမေ့မြောနေတဲ့ သူခိုးဦးဟန်ပဟာ သတိရလာပြီး တွဲချီထားတဲ့လူသေအလောင်းကို ဘယ်လိုမှချွတ်ချလို့မရတဲ့အခါ အဲဒီအလောင်းကောင်ကြီးကို ထမ်းပိုးပြီး ရွာတွင်းသို့ဝင်ခဲ့သတဲ့။ ရွာသူရွာသားတွေဟာ သူတို့ရွာထဲ တကယ် ဘီလူးဝင်လာပြီလို့ထင်ပြီး အားလုံးကြောက်ရွံ့နေကြတယ်။ သူခိုးဦးဟန်ပဟာ သူ့မိန်းမရဲ့ နေအိမ်ကစပြီး အမေအဖေ၊ ဆွေမျိုးမိတ်ဆွေတွေရဲ့ အိမ်တွေ အားလုံးကို လိုက်ပြီးတံခါးဖွင့်ပေးဖို့ တောင်းပန်ပြောဆိုပေမယ့် ဘီလူးထင်လို့ ဘယ်သူကမှတံခါးဖွင့်မပေးကြဘူးတဲ့။

နောက်ဆုံးကယ်သူမဲ့နေတဲ့ ဦးဟန်ပဟာ တောရကျောင်း ဆရာတော်ကြီးကို သတိရပြီး တောရကျောင်းကိုသွားကာ “ဆရာတော်ဘုရား တပည့်တော် ဒုက္ခကြီးစွာ ရောက်လာပါတယ်၊ ကယ်တော်မူပါဘုရား”လို့ လျှောက်ထားလိုက်တယ်။ အဲဒီအခါ ဆရာတော်ကြီးဟာ သူခိုးဦးဟန်ပရဲ့အဖြစ်ကို မီးအိမ်ရဲ့ အလင်းရောင် အောက်မှာမြင်ရလို့ အင်မတန် သနားကြင်နာသတဲ့၊ အလောင်းကောင်ကိုဖြုတ် ရေနွေးနဲ့ရေချိုးစေပြီး ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကို မုန်ညင်းဆီနဲ့ လိမ်းသုတ်ကာ ကိုယ်တော်တိုင် နှိပ်နယ်ပေးတော်မူတယ်။

မနက်မိုးလင်းအချိန်မှာ ကျောင်းဒကာဟာ ညက သူခိုးဟာ ဘယ်အရပ်များ သွားလေသလဲလို့ စုံစမ်းရှာဖွေရင်း တောရကျောင်း ဆရာတော်ထံ ဝင်ရောက် ဖူးမြော်တဲ့အခါ သူခိုးရဲ့နောက်ကျောကို မုန့်ညင်းဆီနဲ့ နှိပ်နယ်ပေးနေတဲ့ ဆရာတော်ကို မြင်တွေ့ရတာမို့ “ဆရာတော်ဘုရား၊ သူခိုးဆိုတာကျေးဖူးသိတတ်တာ မဟုတ်ဘူးဘုရား၊ ကျေးဇူးရှင်ဆိုပြီး ကျေးစွပ်တာပဲရှိတယ်ဘုရား။ အရှင်ဘုရားဆိုဆုံးမရင် နောက် မခိုးတော့ပါဘူး၊ ပြောပေမယ့် ဆက်ပြီး ခိုးနေဦးမှာပဲဘုရား။ မီးရင်းဖရင်းကတောင် ရှောင်တဲ့ ဒီလိုသူခိုးမျိုးကို အရှင်ဘုရား အရောတဝင် မဆက်ဆံချင်ပါနဲ့ဘုရား”လို့ လျှောက်ထားသတဲ့။

အဲဒီအခါ ဆရာတော်ကြီးက ဒကာတော်၊ သူတော်ကောင်းဆိုတာ သူတစ်ပါး တော်လာအောင် ကိုယ်က ကောင်းပေးရတယ်။ သူတော်မှ ကိုယ်ကောင်း နိုင်မယ်ဆိုတာမျိုး မဖြစ်စေရဘူး။ နားကိုက်ရင် ပါးရိုက်မယ် ဆိုတာမျိုးက လူမိုက် အလုပ်ကွယ့်။ မှားယွင်းတဲ့ သူတွေအပေါ် မေတ္တာထားတာကိုပဲ ဘုရားရှင် ချီးမွမ်းတော်မူတယ် ဒကာရဲ့။ ဒါကြောင့် ကျောင်းဒကာဟာ မောင်ဟန်ပအပေါ်မှာ စိတ်မဆိုးပါနဲ့၊ မောင်ဟန်ပကလည်း ကျောင်းဒကာပေါ်မှာ အငြိုးမထားနဲ့ကွယ်လို့ ဆုံးမဩဝါဒ ပေးတော်မူပါတယ်။ ဒီလိုနဲ့ တောရကျောင်း ဆရာတော်ဟာ သူခိုးဦးဟန်ပကို ဒဏ်ရာတွေ ပျောက်ကင်းပြီး နေကောင်းတဲ့အထိ ကျောင်းမှာ သုံးလေးရက် ထားပြီးတဲ့အခါ အိမ်ကို ပြန်ခွင့်ပြုပါတယ်။ အဲဒီအခါ ဦးဟန်ပက “အရှင်ဘုရား၊ တပည့်တော်ဟာ မသေဘဲနဲ့ ဘဝပြောင်းတဲ့ လူလိုဖြစ်နေပါပြီဘုရား။ တပည့်တော် ခုလိုဖြစ်ပျက်ပြီးတဲ့နောက် လူဝတ်ကြောင်ဘဝနဲ့ မနေလိုတော့ပါဘူးဘုရား။ အရှင်ဘုရား ဟာ တပည့်တော်ကို သနားကြင်နာသမှု ပြုလက်စနဲ့ ဆက်လက်ပြီး စောင့်ရှောက်

ပေးတော်မူပါဘုရား။ တပည့်တော် အရှင်ဘုရားထံတော်ရင်မှာ ဦးပဥ္စင်း ဘဝနဲ့ ရဟန်းပြုပါရစေ”လို့လျှောက်ထားတောင်းပန်ပါတယ်။

ဆရာတော်ကြီးက ရဟန်းပြုပေးပြီးတဲ့အခါ ဦးဟန်ပ တစ်ဖြစ်လဲ ဦးပဥ္စင်း အရှင်သောဘနဟာ ဘုရားရှင် ပညတ်တော်မူတဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြည့်စုံအောင် ဖြည့်ကျင့်ပြီး ဝိပဿနာ ဘာဝနာကို ကြိုးစား ရှုမှတ်တာမို့ မကြာခင်မှာပဲ အရဟတ္တမဂ် - အရဟတ္တဖိုလ်ကိုရပြီး “ရဟန္တာ အရှင်သောဘနမထေရ်”လို့ ထင်ရှားလာတော်မူပါတယ်။

ဒီဓမ္မပုံပြင်လေးရဲ့ အဓိက ဆိုလိုချက်ကတော့ (၁) ကောင်းမြတ်ခြင်းဟာ လူရဲ့ ပင်ကိုယ်သဘာဝ၊ မူရင်းတန်ဖိုးဖြစ်ကြောင်း၊ (၂) လူရဲ့ မူရင်း တန်ဖိုးအရ လူတိုင်းရဲ့ ဂုဏ်သိက္ခာကို ပြဟ္မစိုရ်တရားနဲ့အညီ လေးစားမြတ်နိုးရမှာ ဖြစ်ကြောင်းနဲ့၊ (၃) အသိ အလိမ္မာ ဉာဏ်ပညာကသာ လူကို အဆိုးသံသရာမှ ထုတ်ဆယ်ကာ အမြင့်ဆုံး လူ့ဂုဏ်ရည်နဲ့ လူ့တန်ဖိုးကို ပေးအပ်နိုင်မှာ ဖြစ်ကြောင်းတို့ပဲ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ မတ်လ*



ပညာမဲ့က ရွှေထုတဲ့ဘုရားမှ ရှိသေတယ်၊ ပညာရှိက ဘုရားသဘာဝသူမို့ အားလုံးကို ရှိသေတယ်။ ပညာမဲ့က ဘုရားရှာထွက်တယ်၊ ပညာရှိက အခွင့်ရတိုင်း ဂုဏ်တော် (၉)ပါးကို ပွားများတယ်၊ ပညာမဲ့က နာမည်ကြီးသူပြောရင် ယုံကြည်တယ်။ ပညာရှိက နာမည်ကြီးတိုင်းမယုံ၊ ယုတ္တိရှိမှယုံတယ်။ ပညာမဲ့က အထူးအဆန်းကို မြတ်နိုးတယ်။ ပညာရှိက သဘောမှန်မှ မြတ်နိုးတယ်။ ပညာမဲ့က ထုံးစံကို လေးစားတယ်။ ပညာရှိက အသိဉာဏ်ကို လေးစားတယ်။

ယေဘုယျသဘော ပြောရရင် အရာဝတ္ထုတိုင်းမှာ အပေါ်ယံ အသွင်သဏ္ဍာန်နဲ့ အတွင်းသားအနှစ်သာရလို့ (၂)ပိုင်း ရှိတတ်ပါတယ်။ အနှစ်သာရ အတွင်းသားဟာ အပေါ်ယံအသွင်သဏ္ဍာန်ဆိုတဲ့ ဥခွံထဲမှာ သန္ဓေတည် ပေါက်ဖွားလာတတ်တာမျိုးဖြစ်ဖို့ အလွယ်တကူမြင်တယ်။ မြင်နိုင်ခဲလှပါတယ်။ နောက်ပြီး အမျိုးမှန် အဖိုးတန်ဖြစ်တဲ့ ဒီအနှစ်သာရဟာ အသွင်သဏ္ဍာန်ရှိတဲ့ အရာတိုင်းမှာတော့ ရှိနေနိုင်တာမဟုတ်ပါဘူး။ ဥပမာ "သစ်မွှေး"ဆိုတာ ပင်စည်အတွင်းမှာ တည်ရှိမြဲဖြစ်ပေမယ့် အသွင်တူ အပင်တိုင်းမှာ ရှိချင်မှရှိတတ်တာပါ။ အဲဒီလို ခွဲခြားရှာဖွေရတာ ခက်ခဲလွန်းတဲ့အခါ သစ်ပင်တူအားလုံးကို မီးရှို့ကြည့်ပြီး ရှာဖွေရတယ်လို့ ဆိုပါတယ်။ လောကမှာ အဖိုးတန် အနှစ်သာရတိုင်းကိုတော့ သစ်မွှေးရှာသလို ရှာဖွေလို့ မဖြစ်နိုင်ပါဘူး။ အဲဒီအခါမှာ အနှစ်သာရဆိုတာ မြင်တတ် မြင်နိုင်ခဲလို့ ရှားပါးစာရင်းဝင်ပြီး အဖိုးတန်ရတနာ ဖြစ်လာပါတယ်။ နောက်ပြီး သူ့ရှေ့မှာ အသွင်သဏ္ဍာန်ဆိုတဲ့ အကာအကွယ်တစ်ခု ရှိနေတာမို့ အနှစ်နဲ့အကာကို မှန်ကန်စွာ ခွဲခြား စိစစ်နိုင်သူတွေကတော့ အနှစ်ကို အကာထင်၊ အကာကိုလည်း အနှစ်ထင်ချင်ထင်နေ တတ်ပါတယ်။ တစ်ခါတုန်းက စာရေးသူဟာ ကိုမျိုးမင်းဆိုတဲ့ လူငယ်တစ်ဦးနဲ့ ဆုံခဲ့ဖူးပါတယ်။ သူဟာ မြန်မာပြည်မှာ မွေးဖွားသူ ဖြစ်ပေမယ့် နိုင်ငံခြားမှာ ပညာသင်ပြီး ပြည်ပမှာပဲ အနေများသူဖြစ်ပါတယ်။ သူရဲ့မိဘတွေဟာ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်ဆည်းကပ်ကြတဲ့ ဥပါသကာတွေပါ။ ဒါပေမဲ့ သူကတော့ ဘာသာရေးဘက်မှာ တတ်သိနားလည်မှု အားနည်းနေပါသေးတယ်။ သူက စာရေးသူကို ပြောပါတယ်။ "အရှင်ဘုရား၊ ဘာသာတိုင်းမှာ ကောင်းမွန်တဲ့ အချက်တွေရှိတာပဲ၊ နောက်ပြီး ကျင့်စဉ်အနေနဲ့လည်း သိပ်ကွာတာမှ မဟုတ်ဘဲ၊ တပည့်တော်တို့မှာ ဒါန၊ သီလ၊ ဘာဝနာဆိုတာရှိသလို တခြား ဘာသာတွေမှာလည်း အလှူဒါနပြုတာ၊ ဥပုသ်စောင့်တာ၊ တရားကျင့်တာတွေ ရှိနေတာပဲ။ ဒီတော့ ဘယ်ဘာသာကိုပဲ ကိုးကွယ်၊ ကိုးကွယ် ကောင်းကျိုးရပုံကတော့

အတူတူပဲမဟုတ်လား။ ဒါကြောင့် တစ်ခါတလေ ဘာသာတွေကို အကုန်ပေါင်းစုပြီး ကမ္ဘာပေါ်မှာ ဘာသာတစ်ခုတည်းဆိုရင် ကိုးကွယ်မှုနဲ့ ဆိုင်တဲ့ပြဿနာတွေ နည်းသွားမယ်လို့ထင်ပါရဲ့ဘုရား။" ဒါနဲ့ စာရေးသူက မြတ်စွာဘုရားရဲ့ အဆုံးအမသြဝါဒ အနည်းငယ်ကို ပြောပြပြီး ဗုဒ္ဓမြတ်စွာသာသနာတော်ရဲ့ အနှစ်သာရကို လက်တွေ့ မြည်းစမ်းကြည့်စေနိုင်အောင် တရားစခန်းဝင်ဖို့ စီစဉ်ပေးပါတယ်။ နောက်ပြီး သူ့ကို ဓမ္မပုံပြင်တစ်ပုဒ်ကိုလည်း ပြောပြလိုက်ပါတယ်။ အဲဒီပုံပြင်ဟာ နမ္မား ဆရာတော် (ဦးဉာဏ)ရဲ့ ဓမ္မပုံပြင်ပဲ ဖြစ်ပါတယ်။

## တောင်ဆီက မောင်နီ

ဟိုရှေးရှေးတုန်းက ရွှေနိုင်ငံနဲ့ ငွေနိုင်ငံဆိုတဲ့ အိမ်နီးချင်းတိုင်းပြည်နှစ်ခု ရှိခဲ့ဖူးတယ်။ အဲဒီနှစ်နိုင်ငံစလုံးမှာ ဘုရင်မင်းမြတ်တစ်ပါးစီ အုပ်ချုပ် စိုးစံနေသတဲ့။ တစ်နေ့တော့ နယ်စပ်မှာရှိတဲ့ ရွာကလေးတစ်ရွာကို အကြောင်းပြုပြီးတော့ နှစ်နိုင်ငံစကားများကြသတဲ့။ အဲဒီအခါ ရွှေနိုင်ငံက ဘုရင်ကြီးက "ဒီရွာကလေးကို အကြောင်းပြုပြီး နိုင်သူက ယူစတမ်းလုပ်မှ ရှုံးသူလည်းသက်သာ၊ နိုင်သူလည်းအကျိုးရှိမယ်"လို့ တွေးမိပြီး ငွေနိုင်ငံကဘုရင်ကြီးထံအကြောင်းကြားသတဲ့။

ငွေနိုင်ငံက ဘုရင်ကြီးကလည်း အဲဒီအကြံကို သဘောတူလိုက်ပြီး ပညာရှိချင်း ပညာပြိုင်ဖို့ ရက်သတ်မှတ် ပေးလိုက်ပါတယ်။ အဲဒီအခါမှ ငွေနိုင်ငံက ဘုရင်ကြီးဟာ နန်းတော်ထဲမှာ ရှိတဲ့ ပညာရှိအမတ်တွေကို ခေါ်စေပြီး "ဘယ်သူဟာ ရွှေနိုင်ငံက ပညာရှိအမတ်နဲ့ ပညာပြိုင်မလဲ၊ ပြိုင်ရဲသူ ရှေ့တော်မှောက်ထွက်ခဲ့စမ်း"လို့ အမိန့်ရှိတော်မူတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်မျှ ထွက်ပေါ်မလာဘူးတဲ့။ "ဒီကဖြင့် ပညာပြိုင်ဖို့ ရက်တောင် သတ်မှတ်ပေးပြီးပြီ၊ ပြိုင်ရဲသူမရှိရင် ဘယ့်နယ်လုပ်ကြမလဲ"လို့ ဘုရင်မင်းကြီးက ထပ်ပြီးအမိန့်ရှိမှ "အရှင်မင်းကြီးဘုရား ... ရွှေနိုင်ငံက ပညာရှိအမတ်နဲ့ ပညာပြိုင်ရဲသူ ရှိလျှင် အခွန်တော်ငွေ တစ်သိန်းထွက်သော ရွာကြီးကို ရွာစားအဖြစ် ဆုတော်လာဘ်တော် ပေးမယ်လို့ နိုင်ငံတစ်ဝန်း ကြေညာမောင်းခတ်ရင် ပြိုင်ရဲသူ ပေါ်လာပါလိမ့်မယ်ဘုရား"လို့နန်းတွင်းအမတ်ကြီးတွေကသံတော်ဦးတင်ကြသတဲ့။

အဲဒါနဲ့ ငွေနိုင်ငံဘုရင်ကြီးဟာ အမတ်ကြီးတွေပေးတဲ့ အကြံအတိုင်း နိုင်ငံတစ်ဝန်း ကြေညာမောင်းခတ်ခိုင်းတဲ့အခါ ရွာတစ်ရွာရဲ့ ထန်းတောထဲမှာ မောင်နီဆိုသူကလည်း ထန်းရည်မူးပြီး လဲနေသတဲ့။ သူက မောင်းခတ်သံ ကြားရတာနဲ့ "ဟယ် ဒီအသံကတော့ တကယ်ဟန်သကွယ့်၊ ငနီအရက်သမားကို အထက်သိကြားမကိန်း ဆိုက်တာပဲ"လို့ ကြိမ်းဝါးပြီး မောင်းခတ်တဲ့ သူကို ခေါ်ကာ "ဟေ့ မောင်းဆရာ၊ အကြောင်းရှာ မနေနဲ့တော့၊ အပေါင်းသဟာတွေ မပြိုင်ရဲတဲ့ပွဲကို ငါဝင်ကာနွှဲ၍ ကြဲလိုက်မယ်၊ ဘုရင်မင်းတရားကြီး ကိုသာ သံတော်ဦးတင်လိုက်"လို့ ပြောပါရော။ ဒါနဲ့ မောင်းဆရာက "တစ်ဆိတ်လောက် ခင်ဗျားရဲ့နာမည်ကိုအမိန့်ရှိပါဗျာ" ဆိုတော့ "ဟေ့ရွာတောင်ဆီကမောင်နီ" လို့ ပြောပြီး လှည့်ထွက်သွားသတဲ့။

ဒါနဲ့ မောင်းဆရာကလည်း ရေမိုးချိုးပြီး နန်းတော်ကို လာခဲ့ဖို့မှာကြားပြီး ရှင်ဘုရင်ထံကို ပညာပြိုင်မယ့်သူ ရခဲ့ကြောင်းကို သံတော်ဦး တင်လိုက်ပါတယ်။ အတော်ကြာတဲ့အခါ မောင်နီဟာ ရေမိုးချိုးပြီး နန်းတော်ကို ရောက်လာသတဲ့။ ဘုရင်မင်းမြတ်ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ မောင်နီကို နန်းတွင်းမှာပဲ ပြုစုကျွေးမွေးထားဖို့ အမိန့်ရှိတယ်။ မောင်နီဟာ နန်းတွင်းမှာ စားသောက်ပြီး ဒီအတိုင်းပဲ နေပါတယ်။ ပညာပြိုင်ဖို့ သတ်မှတ်ထားတဲ့ရက် နီးကပ်လာတဲ့အခါ မောင်နီကို ပညာရှိအမတ်တို့ရဲ့ အဝတ်တန်ဆာ အဆောင်အယောင်တွေ ပေးအပ် ဝတ်ဆင်စေပြီးတော့ ပြိုင်ပွဲကျင်းပမယ့် နယ်စပ်ရွာကို လွှတ်လိုက်ပါသတဲ့။

နှစ်နိုင်ငံနယ်စပ်မှာ မှူးကြီးမတ်ကြီးများ စုံညီတဲ့အခါ ပညာရှိချင်း ပညာပြိုင်ပွဲစပေါတယ်။ ပညာရှိချင်း ပညာစမ်းကြတာကလည်း အထူးအဆန်းပဲ။ ခါတိုင်းလို နှုတ်မေး၊ နှုတ်ဖြေလုပ်တာဟာ သိလွယ်တာမို့ အခု ပြိုင်ရမှာကတော့ ပါးစပ်က စကားတစ်လုံးမျှ မပြောရဘဲ (အသံတိတ်) ကိုယ်အမူအရာနဲ့ပဲ မေးရ၊ ဖြေရမှာတဲ့။ အဲဒီလိုနဲ့ ပြိုင်ပွဲစတင်တဲ့အခါ ရွှေနိုင်ငံ ပညာရှိအမတ်ကြီးကစပြီး မေးခွန်းထုတ်ပါတယ်။ သူက "မင်းတို့ ငွေနိုင်ငံဘုရင်သည် ငါးပါးသီလ လုံခြုံရဲ့လား"ဆိုတဲ့ အဓိပ္ပါယ်နဲ့ လက်(၅) ချောင်း ထောင်ပြသတဲ့။

အဲဒီအခါ မောင်နီက ဘယ်လို တွေးလိုက်သလဲဆိုတော့ (အရက်သမားဆိုတော့ အရက်သမားတွေး တွေးပါတယ်) "ငါ့ကို သူတို့က အရက်သောက်မှန်း သိပုံပေါက်တယ်။

သိလို့သာ မင်း .. တစ်နေ့ကို အရက်(၅) ပုလင်း ကုန်အောင် သောက်နိုင်ရဲ့လား”လို့ မေးတာဖြစ်မှာပဲဆိုပြီး “အရက် (၅)ပုလင်းမကဘူး (၁၀) ပုလင်းတောင် ကုန်အောင် သောက်နိုင်ရဲ့”ဆိုတဲ့ အဓိပ္ပါယ်နဲ့ လက်(၁၀)ချောင်းကို ထောင်ပြလိုက်တယ်။ ဒါကို ရွှေနိုင်ငံ ပညာရှိ အမတ်ကြီးက “သူတို့ ဘုရင်သည် (၅)ပါးသီလသာမက (၁၀)ပါး သီလတောင် လုံတယ်ဆိုပါကလား” လို့ အောက်မေ့ပါသတဲ့။ ဆက်လက်ပြီး ရွှေနိုင်ငံပညာရှိ အမတ်ကြီးက မေးပြန်ပါတယ်။ သူက “မင်းတို့ ငွေနိုင်ငံ ဘုရင်မင်းမြတ်သည် တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ သနားပါရဲ့လား”ဆိုတဲ့ အဓိပ္ပါယ်နဲ့ ရင်ဘတ်ကို လက်ဝါးနဲ့ သပ်ပြပြီး မေးပါတယ်။ ဒီအခါမှာလည်း မောင်နီက “အင်း .. မင်းအရက် (၁၀)ပုလင်းသောက်ရင် ရင်မပူဘူးလား”လို့ မေးတယ်ထင်ပြီး “ဘယ့်နယ် .. ရင်ပူရုံတွင်ကမလဲ၊ ကျောရော ရင်ရော အကုန်ပူသွားတာပဲ” ဆိုတဲ့ အဓိပ္ပါယ်နဲ့ နောက်ကျောရော ရင်ဘတ်ပါ လက်ဝါးနဲ့သပ်ပြသတဲ့။ ဒီတော့ ရွှေနိုင်ငံက ပညာရှိအမတ်ကြီးက “သြော် .. သူတို့ဘုရင်သည် ကျောသားရင်သား မခွဲခြားဘဲ တိုင်းသားပြည်သူတွေကို ကြင်နာသနားတော်မူသတဲ့၊ တော်ပါပေတယ်။ တော်ပါပေတယ်” ဆိုပြီး ငွေနိုင်ငံဘက်ကို အနိုင်ပေးကာ သူ့တိုင်းပြည် ပြန်သွားပါသတဲ့။ ဒီဇမ္ဗူပုံပြင်မှာ အဓိက ဆိုလိုချင်တာက အတွင်းအနှစ်သာရကို မစိစစ်ဘဲ အပေါ်ယံအသွင် သဏ္ဍာန်အားဖြင့် ကြည့်မယ်ဆိုရင် ပုံပြင်ထဲက အရက်သမားဟာ ပညာရှိယောင် ထင်ရပေမယ့် အတွင်းသဘော ရည်ရွယ်ချက်ကတော့ ပြဒါးတစ်လမ်း သံတစ်လမ်း၊ မိုးနဲ့မြေပမာ ကွာခြားလှတာကိုပါ။ အဲဒီဥပမာလိုပဲ ပညာရှိနဲ့ ပညာမဲ့တို့ဟာ အပေါ်ယံ မှာတော့ သူလည်းပဲဒါနပြု၊ သီလဆောက်တည်၊ ကိုယ်လည်းပဲဒါနပြု၊ သီလဆောက်တည် တူချင်တူနေနိုင်ပါတယ်။ ဒါပေမဲ့ အတွင်းစိတ်ဓာတ် ရည်ရွယ်ချက်ကတော့ အဖြူနဲ့ အမည်းကွဲလွဲပါတယ်။

ပညာမဲ့သူက အတိုးပေးသူလို နောင်ဘဝ ငါကောင်းစားဖို့ ဒါနပြုတယ်၊ ပညာရှိကတော့ သာသနာတော်ကို ပူဇော်လိုလို့ ဒါနပြုတယ်။ ပညာမဲ့က ငရဲကြောက်လို့ သီလထိန်းတယ်၊ ပညာရှိက မတည်မြဲတဲ့ ခန္ဓာကိုယ်ကို ဒုစရိုက်တွေနဲ့ မဖွေးမြူလိုလို့ (တစ်နည်းဆို) မိမိကြောင့် တခြားသူ ဆင်းရဲ ဒုက္ခမဖြစ်စေလိုလို့ သီလထိန်းတယ်၊ ပညာမဲ့က နတ်ပြည်ရောက်ဖို့ ဥပုသ်စောင့်တယ်၊ ပညာရှိက တစ်နေ့ တစ်ရက် တဏှာကျွန်အဖြစ်က လွတ်ငြိမ်းတဲ့ ချမ်းသာသုခကိုရဖို့ ဥပုသ်စောင့်တယ်။ ပညာမဲ့က ရွှေထူတဲ့ ဘုရားမှ ရှိခိုးတယ်၊ ပညာရှိက ဘုရားသဘာဝ သိသူမို့ အားလုံးကို ရှိခိုးတယ်၊ ပညာမဲ့က

**တော်ဝင်နွယ် - *ဓမ္မရသပုံပြင်များ***

ဘုရားရှာထွက်တယ်၊ ပညာရှိက အခွင့်ရတိုင်း ဂုဏ်တော်(၉)ပါးကို ပွားများတယ်၊ ပညာမဲ့က နာမည်ကြီးသူပြောရင် ယုံကြည်တယ်၊ ပညာရှိက နာမည်ကြီးတိုင်းမယုံ၊ ယုတ္တိရှိမှယုံတယ်။ ပညာမဲ့က အထူးအဆန်းကို မြတ်နိုးတယ်။ ပညာရှိက သဘောမှန်မှ မြတ်နိုးတယ်။ ပညာမဲ့က ထုံးစံကို လေးစားတယ်။ ပညာရှိက အသိဉာဏ်ကို လေးစားတယ်။ အဲဒီလို စသည်ဖြင့် အပေါ်ယံ အသွင်သဏ္ဍာန်ချင်း တူနိုင်ပေမယ့် အတွင်းအနှစ်သာရကတော့ ကွဲပြားခြားနိုင်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ ဧပြီလ။*

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တာတွေထဲမှာ တချို့က "ဧကောဓမ္မော" တစ်ခုတည်းသော တရားဖြစ်ပေမယ့်၊ တချို့ကတော့ အစုံလိုက်၊ အတွဲလိုက် လက်ခံ ကျင့်သုံးကြရတာပါ။



ဥပမာ ပညတ်နဲ့ပရမတ်၊ သီလ-သမာဓိ-ပညာ၊ သစ္စာ(၄)ပါး၊ က္ခန္ဓာ(၅)ပါး၊ အာရုံ(၆)ပါး၊ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်(၈)ပါး၊ စသဖြင့် အများကြီးပါ။

ဒီလို အစုလိုက် ကျင့်သုံးထိုက်တဲ့ တရားတွေ ထဲက ကိုယ်နှစ်သက်ရာ ကလေးတစ်ခု၊ နှစ်ခုကို လက်ကိုင်ထားပြီး သန်ရာသန်ရာ အငြင်းပွားနေမယ်ဆိုရင် ပြည့်စုံမှန်ကန်နိုင်မှာ မဟုတ် သလိုတရားတော်ရဲ့လိုရင်း အကျိုးကလည်း ပြီးစီးမှာ မဟုတ်တော့ပါဘူး။

တကယ်တော့ တရားတော်တွေဆိုတာ ငြင်းခုံစရာတွေ မဟုတ်ပါ။ ငြင်းခုံမှု၊ ပဋိပက္ခ၊ ဝိဝါဒတွေကို ပြေငြိမ်းသွားစေတဲ့ ငြိမ်းချမ်းရေးသံတမန်ပါ။ ပြီးတော့ တရားတော်မြတ်ရဲ့ အဆီအနှစ်တွေဆိုတာ သဘောထားကြီးကြီး အသိဉာဏ်ကျယ်ကျယ်၊ စိတ်နေမြင့်မြတ်တဲ့သူတွေ နှလုံးသားမှာသာ ကိန်းရိုးထုံးစံရှိပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေဟာ ကြားနာခြင်းအစ၊ ကျင့်သုံးခြင်းအလယ်၊ အကျိုးရခြင်းအဆုံး ကောင်းခြင်းသုံးပါးနဲ့ ပြည့်စုံတာတွေချည်းပါပဲ။ ဒါပေမဲ့ နယ်ပယ် အသီးသီးက ဆန္ဒအမျိုးမျိုးကွဲပြားနေတဲ့ သတ္တဝါ အဖုံဖုံကို ဗုဒ္ဓမြတ်စွာ လှည့်လည် ဟောကြားတော်မူခဲ့တာကတော့ "သူ့အိုးနဲ့သူ့ဆန်၊ တန်ရုံဆိုသလို" သူတို့ နားလည် သဘောပေါက်နိုင်လောက်တဲ့ အနေအထားနဲ့ တိုင်းထွာပြီး ဟောကြားတော်မူခဲ့တာက များပါတယ်။ အဲဒီ တရားတော်တွေကို "သုတ္တန္တပိဋက"အနေနဲ့ သံဂါယနာတင် အရှင်မြတ်တွေကစုစည်းထားတော်မူခဲ့ပါတယ်။

တစ်မျိုးတည်းဖြစ်တဲ့ အထည်စကိုပဲ လူပုဂ္ဂိုလ်အသီးသီးက ကိုယ်ဝတ်အင်္ကျီအဖြစ် ချုပ်လုပ် ဝတ်ဆင်ကြတဲ့အခါ ကိုယ်ခန္ဓာ အတိုင်းအထွာအလိုက် အင်္ကျီတွေဟာ တစ်ဦးနဲ့တစ်ဦး မတူညီနိုင်တော့ပါဘူး။ လူအားလုံးနဲ့ ကိုက်ညီတဲ့ အင်္ကျီဆိုတာ ချုပ်လုပ်လို့ မဖြစ်နိုင်ပါ။ အဲဒီ ဥပမာလိုပဲ မူရင်း မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို ပုဂ္ဂိုလ် အသီးသီးက မိမိတို့စရိုက်၊ မိမိတို့အကြိုက်လိုက်ပြီး မိမိတို့ အသိဉာဏ် အတိုင်းအထွာအရ လိုက်နာကျင့်ကြံ ဆောက်တည်ကြတဲ့အခါ တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားဟာ အခြားတစ်ဦး တစ်ယောက်ရဲ့ ကိုယ်ကျင့်တရားနဲ့ ထပ်တူညီမျှ ကိုက်ညီနိုင်ဖို့ဆိုတာ ဖြစ်နိုင်စရာ မရှိပါ။ သိမြင် လက်ခံကျင့်သုံးနိုင်မှု အနေအထားအရ အမျိုးအမျိုး ကွဲပြားခြားနားနိုင်ပါတယ်။

ဗုဒ္ဓမြတ်စွာဟာ ဒီလိုကွဲပြား ခြားနားနေတာကို လက်ခံအသိအမှတ်ပြုနိုင်တဲ့ နှလုံးသားနဲ့ တရားတော်တွေကို နှစ်သက်ကြည်ဖြူ ကျင့်သုံးသူတွေကို ဝမ်းမြောက်နှမော် သာဓု ခေါ်လေ့ရှိပါတယ်။ တကယ်တော့ တရားတော်တွေဆိုတာ ငြင်းခုံစရာတွေ မဟုတ်ပါ။ ငြင်းခုံမှု၊ ပဋိပက္ခ၊ ဝိဝါဒတွေကို ပြေငြိမ်းသွားစေတဲ့ ငြိမ်းချမ်းရေး သံတမန်ပါ။ ပြီးတော့ တရားတော်မြတ်ရဲ့ အဆီအနှစ်တွေဆိုတာ သဘောထားကြီးကြီး၊ အသိဉာဏ် ကျယ်ကျယ်၊ စိတ်နေမြင့်မြတ်တဲ့သူတွေရဲ့ နှလုံးသားမှာသာ ကိန်းရိုးထုံးစံရှိပါတယ်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တာတွေထဲမှာ တချို့က "ဧကောဓမ္မော" တစ်ခုတည်းသော တရားဖြစ်ပေမယ့်၊ တချို့ကတော့ အစုံလိုက်၊ အတွဲလိုက် လက်ခံကျင့် သုံးကြရတာပါ။ ဥပမာ - ပညတ်နဲ့ ပရမတ်၊ သီလ-သမာဓိ-ပညာ၊ သစ္စာ(၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ အာရုံ(၆)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ မဂ္ဂင်(၈)ပါး စသည်ဖြင့် အများကြီးပါ။ ဒီလို အစုလိုက် ကျင့်သုံးထိုက်တဲ့ တရားတွေထဲက ကိုယ်နှစ်သက်ရာ ကလေး တစ်ခု၊ နှစ်ခုကို လက်ကိုင်ထားပြီး သန်ရာသန်ရာ အငြင်းပွားနေမယ်ဆိုရင် ပြည့်စုံမှန်ကန်နိုင်မှာ မဟုတ်သလို တရားတော်ရဲ့ လိုရင်း အကျိုးကလည်း ပြီးစီးမှာ မဟုတ်တော့ပါဘူး။ ဒီလို ဖြစ်ရပ်တွေနဲ့စပ်လို့ မွေ့ပုံပြင်လေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဗန်းမော်ဆရာတော်ကြီး ပြောပြခဲ့တာပါ။

## သူငယ်ချင်း (၃)ယောက်

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မောင်ကံ၊ မောင်ဉာဏ်နဲ့ မောင်ဝီရိယဆိုပြီး သူငယ်ချင်းသုံးဦး ရှိခဲ့ဖူးတယ်။ သူတို့ သုံးဦးဟာ အိမ်နီးနားချင်းတွေ ဖြစ်ပြီး အင်မတန် ရင်းနှီးကျွမ်းဝင်ကြတယ်။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦးကတော့ ယုံကြည်ကြပုံချင်း မတူကြဘူးတဲ့။

မကြာခဏဆိုသလို မောင်ကံဟာ "ကံကိုသာ ယုံကြည်အားကိုးထိုက်ပုံ၊ ဘဝမှာ ကံကသာ ဦးဆောင်ပုံ၊ ကံအရေးကြီးပုံတွေကို အာပေါင် အာရင်းသန်သန်နဲ့ပြောပြတတ်တယ်။ "ကြည့်ပါလားကွ၊ စကားပုံတွေမှာ 'ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲ၊ ကံမခိုင် သံတိုင်ကိုပင် အိမ်ဆောက်တော့ ကံမှောက်လျှင်ကျိုး' ဆိုတာဟာ ကံ- အဓိက ကျကြောင်း ပြတာတွေပါ့ကွ" လို့ အထောက်အထားတွေလည်းပြတတ်တယ်။ မောင်ဉာဏ်ကတော့ " အရာရာ ဉာဏ်သာလျှင်ရှေ့ဆောင် ဖြစ်ကြောင်း၊ ဉာဏ်ခိုင်းစေ လမ်းညွှန်ရာကိုသာ ကံနဲ့ဝီရိယက လိုက်ပါရကြောင်းများကို ပြောပါတယ်။ မောင်ဝီရိယ ကလည်း "မင်းတို့ဉာဏ်ဘယ်လောက် ကောင်းကောင်း၊ ကံဘယ်လိုရှိရှိ၊ ဝီရိယဆိုတဲ့ အားထုတ်လုပ်ကိုင်မှု မရှိသမျှကတော့ ဘာမျှအကောင်အထည်မပေါ်၊ မအောင်မြင်နိုင်ပါဘူးကွ"လို့တက်တက်ကြွကြွပြောတတ်တယ်။

ဒီလိုနဲ့ သူတို့ သုံးဦးဟာ တတ်ထောင်မောင်းနှင်း၊ တစ်ယောက် တစ်ပေါက် ငြင်းခုံကြတာ

ဘယ်လိုမှ ပြေလည်အောင် ဖြေရှင်းလို့မရဘူး။ ဒီလို အချင်းချင်း အဖြေမှန်ရအောင် မဖြေရှင်းနိုင်တာကြောင့် နောက်ဆုံးရွာမှာ ပညာအရှိဆုံးလို့ယူဆရတဲ့ ရွာသူကြီးထံ အဆုံးအဖြတ်ခံယူရန် ရောက်သွားကြသတဲ့။ ရွာသူကြီးရှေ့မှာပဲ မောင်ကံက ကံသာလျှင် အရေးကြီးကြောင်း၊ မောင်ဉာဏ်က ဉာဏ်သာလျှင် ခေါင်းဆောင်ဖြစ်ကြောင်း၊ မောင်ဝီရိယကလည်း ဝီရိယသာလျှင် အဓိကဖြစ်ကြောင်းတွေကို ထပ်မံ ပြောဆိုငြင်းခုံကြပြန်တယ်။ ရွာသူကြီးလည်း ကိုယ်ပိုင်ဉာဏ်နဲ့ အတန်တန် ဝေဖန်စဉ်းစားပေမယ့် ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာ မဆုံးဖြတ်နိုင်တာကြောင့် မြို့ဝန်မင်းထံ အဆုံးအဖြတ်ခံယူရန်ပို့ပေးလိုက်ပြန်တယ်။

မြို့ဝန်မင်းကလည်း အမှုရောက်လာတယ်ဆိုရင်ပဲ " ဒီလိုအမှုများ ခက်လွန်းလို့၊ သူကြီးတို့လျှော့လို့ ညံ့လို့သာ ငါ့ဆီရောက်တာပဲ" ဆိုပြီး လက်ခံ စစ်ဆေးသတဲ့။ မြို့ဝန်မင်းထံမှာလည်း မောင်ကံတို့သုံးဦးဟာ အကိုး(သာဓက) တွေနဲ့ တစ်ယောက်တစ်မျိုးပြောဆိုကြပြန်တယ်။ ဒီလိုပြောတဲ့အခါ သူ့ဘက်နဲ့သူ အမှန်တွေချည်း ဖြစ်နေတာမို့ မြို့ဝန်မင်းလည်း နောက်ဆုံးလက်လျှော့ကာ ဘုရင့်လွှတ်တော်ကို ပို့ပေးလိုက်ရတယ်။

ပညာရှိအမတ်ကြီးတွေ စုံလင်လှတဲ့ လွှတ်တော်မှာလည်း မောင်ကံတို့ သုံးဦးဟာ ရှေးကထက်ပိုပြီး နိုင်မာအောင် စာကိုး၊ စကားကိုး၊ သက်သေ သာဓကတွေနဲ့ တင်ပြ ပြောဆိုကြတာကြောင့် လွှတ်တော်ဝန်ကြီးတွေလည်း တထစ်ချမဆုံးဖြတ်နိုင်ဘဲ ဘုရင်မင်းမြတ်ထံ ပို့ရန် ဆုံးဖြတ်လိုက်ကြတယ်။ ဘုရင်မင်းမြတ်လည်း လွှတ်တော်ဝန်ကြီးတွေ အကျိုးအကြောင်း စုံလင်စွာ လျှောက်ထားတာကို နားဆင်ပြီးတဲ့အခါ ဒီအမှုဟာ အခု လောလောဆယ်၊ ယတိပြတ်မိန့်ဆိုရန် ခက်ခဲတာကို သိရှိနားလည်တာမို့ မောင်ကံတို့ သုံးဦးကို ရှေ့တော်သို့ သွင်းစေကာ "ကဲ .. နားထောင်ကြ၊ မောင်မင်းတို့ အငြင်းအခုံကိစ္စကို ယခုလောလောဆယ် မဆုံးဖြတ်လိုသေးဘူး။ ဒါကြောင့် မြို့တော်ရဲ့ မြောက်ဘက်က တောအုပ်ထဲကို မောင်မင်းတို့ သုံးဦးစလုံးယခုပင် သွားရောက်နေထိုင်ကြစေ၊ အမိန့်တော် မပါဘဲ မြို့တော်နဲ့ တခြားကျေးရွာများသို့ မောင်မင်းတို့ မချဉ်းကပ်ရ" လို့ ရာဇပရိယာယ်နဲ့ အမိန့်တော်မြွက်ချမှတ်လိုက်သတဲ့။

ဒါနဲ့ မောင်ကံတို့ သူငယ်ချင်းသုံးဦးလည်း ဘုရင်မင်းမြတ်ရဲ့ အမိန့်တော်အတိုင်း

တောအုပ်ထဲ သွားရောက်နေထိုင်ကြရတယ်။ အမိန့်တော်အရ ရုတ်တရက်ချက်ချင်းကြီး ရောက်လာရတာမို့ စားစရာလည်းမပါ၊ ဝမ်းဗိုက် ကလည်း ဆာဆာနဲ့ သူတို့ သုံးဦးဟာ အရိပ်ကောင်းတဲ့သစ်ပင်ကြီးတစ်ပင်အောက်မှာလှဲအိပ်နေကြရရှာတယ်။

မကြာခင် နေဝင်လို့ မိုးချုပ်သွားတာမို့ မောင်ကံကတော့ ကံသမားပီပီ ဘာမှုမပူ " ကံကိုသာ အားကိုးတယ်" ဆိုပြီး အိပ်ပျော်သွားသတဲ့။ မောင်ဝီရိယကလည်း ဆာဆာနဲ့မို့ အိပ်ပျော်သွားတာပဲ၊ မောင်ဉာဏ်ကတော့ " ဘယ်လိုနည်းနဲ့ စားစရာ ရနိုင်မလဲ" ဆိုတာကို စဉ်းစားနေရင်းနဲ့ အိပ်မပျော်ဘူးတဲ့။ ဒီလိုနဲ့ တစ်ညတာ ကုန်လွန်လို့ အရုဏ်တက်စ အရှေ့ရပ်က ရောင်နီပျို့လာတဲ့အခါ တောကြီးကန်းတွေ အစာရှာထွက်လာသံ၊ အစာရလို့ ဝမ်းသာအားရအော်မြည်သံတွေကို မောင်ဉာဏ်က ကြားနေရတယ်၊ ဒါကြောင့် မောင်ဉာဏ်ဟာ စဉ်းစားရင်း အဖြေပေါ်လာတယ်။ " ဒါဟာ အဲဒီအရပ်မှာ တောကြီးတွေ အစာတွေ့လို့ စားဖို့ရန် အချင်းချင်း ခေါ်ငင်တဲ့အသံပဲ။ အဲဒီ အရပ်ကို သွားရင်တော့မုချကိုစားစရာတွေ့မယ်"လို့ဆုံးဖြတ်လိုက်တယ်။

အဲဒီအချိန်မှာ မောင်ကံရော၊ မောင်ဝီရိယပါ နှစ်ဦးစလုံး အိပ်ပျော်နေတုန်းတဲ့။ ဒါနဲ့ မောင်ဉာဏ်က အိပ်ရာက ထဖို့နှိုးပြီးပြောတော့ မောင်ကံကတော့ "ဟာကွာ တယ်ရှုပ်တာပဲ၊ မောင်ဉာဏ်ပြောတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ ကံရှိရင်စားရမှာ မပူပါနဲ့ကွ" လို့ ပြောပြီး ပြန်အိပ်သွားတယ်။ မောင်ဝီရိယကတော့ " ဟာ ဒီလိုဆို မောင်ဉာဏ် အလကား အချိန် ဖြုန်းမနေနဲ့၊ လာထ သွားကြစို့" ဆိုပြီး နှစ်ယောက်သား ထွက်သွားကြတာ မောင်ဉာဏ်မှန်းတဲ့ နေရာရောက်တော့ တောရကျောင်းစေတီရင်ပြင်မှာ ဆွမ်းတော်တင်ပြီး စွန့်ထားတဲ့ ဆွမ်းနဲ့ဆွမ်းဟင်းတွေ အစုလိုက်၊အပြုံလိုက်တွေ့ပါသတဲ့။

ဒီအခါ မောင်ဉာဏ်နဲ့ မောင်ဝီရိယတို့ နှစ်ယောက်သားဟာ ဆာဆာလောင်လောင်နဲ့ စားလိုက်ကြတာ ဝမ်းဗိုက်ပြည့်မှပဲ ရပ်လိုက်ကြတော့တယ်။ မောင်ဉာဏ်က သူ့ဗိုက်ပြည့်တဲ့အခါ ကျန်ရစ်ခဲ့တဲ့ မောင်ကံအတွက်ပါ သစ်ရွက်နဲ့ထုပ်ပြီး ယူခဲ့ဖို့ပြောတယ်။ မောင်ဝီရိယကတော့ "အပျင်းထူတဲ့ ဒီလူအတွက် ယူမနေစမ်းပါနဲ့ သူငယ်ချင်းရာ၊ ကိုယ့်အတွက်ကိုယ်ကြိုးစားကြတာပေါ့"လို့ပြောပါတယ်။

ဒါပေမဲ့ သူတစ်ပါးကို သနားတတ်တဲ့ မောင်ဉာဏ်ဟာ မောင်ကံအတွက်ပါ ထုပ်ယူလာခဲ့ပြီး

သူတို့ နေရာရောက်တော့ အိပ်နေတဲ့ မောင်ကံကို နှိုးပြီးတော့ ထမင်းကျွေးတယ်။ မောင်ကံလည်း အိပ်ရာကထ မျက်နှာသစ်ပြီး မောင်ဉာဏ်ကျွေးတဲ့ ထမင်းကို စားပါတယ်။ ပြီးတဲ့အခါ "ကဲ .. ဒါကြောင့် ငါမပြောလား၊ ကံရှိတော့ စားရတာပဲ"လို့ ပြောပြန်တယ်။ ဒီအခါ မောင်ဉာဏ်က "ကံကို လွှဲမချပါနဲ့၊ ငါဉာဏ်ရှိလို့ စားရတာ"လို့ ပြောပါတယ်။ ဒါနဲ့ မောင်ဝီရိယကလည်း "အောင်မာ ကံရှိလို့လည်း မဟုတ်ပေါင်၊ ဉာဏ်ရှိလို့လည်း မဟုတ်ပေါင်၊ ဟောဒီ ဝီရိယရှိတဲ့ကောင်က လက်တွေ့သွားလို့ မင်းတို့စားရတာပါ"လို့ ပြောရင်းဆိုရင်းငြင်းခုံကြပြန်သတဲ့။

အဲဒီလိုငြင်းခုံနေကြတုန်းမှာပဲ "ကဲ .. အားလုံး နန်းတော်ကို လိုက်ခဲ့ကြလို့" ကွယ်ရာကနေ အော်ဟစ်ပြောလိုက်တဲ့ အသံကို ကြားရလို့ မောင်ကံတို့ သုံးဦးစလုံးဟာ အံ့အားသင့်သွားကြတယ်။ အမှန်ကတော့ သူတို့သုံးဦး နောက်ကို တိတ်တဆိတ်လိုက်ပြီး စောင့်ကြည့်ဖို့ ဘုရင်မင်းမြတ်က ထည့်ပေးလိုက်တဲ့ မင်းချင်းတွေရဲ့ ခေါ်သံပဲဖြစ်ပါတယ်။

နန်းတော်ကို ရောက်တဲ့အခါ တောတွင်းက အဖြစ်အပျက်တွေကို ပြန်လည် ပြောပြစေပြီးတော့ ဘုရင်မင်းမြတ်က "လောကမှာ ကံချည်း သက်သက်ကိုလည်း အားမကိုးရဘူး။ ဉာဏ်၊ ဝီရိယချည်းသက်သက်ကိုလည်း အားမကိုးရဘူး၊ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ် သုံးဖြာသုံးခု ပေါင်းစုပြီး ဆောင်ရွက်နိုင်ပါမှ လိုသမျှ အကြံအစည်၊ လုပ်သမျှ အလုပ်အကိုင်တွေ အောင်မြင်နိုင်တယ်။ ဒါကြောင့် မောင်မင်းတို့သုံးဦးသည် "ငါသာလျှင် အမှန်လို့" တစ်ဦးချင်းသဘော အတ္တမာနမထားကြဘဲ စုပေါင်းစိတ်ဓာတ် မွေးမြူပြီး ငါဘုရင်မင်းမြတ်ရဲ့ အမှုတော်ကို ထမ်းရွက်ကြရမယ်" လို့ အဆုံးအမ ဩဝါဒပေးပြီး မောင်ကံကို အိမ်ရှေ့မင်းသား၊ မောင်ဉာဏ်ကို တရားသူကြီး၊ မောင်ဝီရိယကိုတော့ စစ်သေနာပတိ၊ အသီးသီးရာထူးများ ပေးအပ်ချီးမြှင့်လိုက်ပါတယ်။ ဒီဝမ္ဘုံပြင်လေးက ကံ၊ ဉာဏ်၊ ဝီရိယ တရား(၃)ပါး အပေါ်မှာ ထားသင့်ထားအပ်တဲ့ မှန်ကန်တဲ့ သဘောထားကို ရိုပ်မိရုံကလေး ဖော်ပြပေးတာပါ။ ကံဆိုတာ ကမ္မဆိုတဲ့ ပါဠိစကားကို မြန်မာမှု ပြုထားတာဖြစ်လို့ ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှု ဟူသမျှဟာ "ကံ" ကံတွေချည်းပါပဲ။ အဲဒီကံဟာ အရင်ဘဝက ပြုလုပ်ခဲ့တဲ့ အတိတ်ကံနဲ့ ယခုဘဝပြုပြီး ပစ္စုပ္ပန်ကံလို့ နှစ်မျိုးရှိပါတယ်။ အဲဒီနှစ်မျိုးမှာ အကျိုးထူး တစ်ခုခုပေးဖို့ဆိုတာ အတိတ်ကံရဲ့ အခွင့်ရေးပါ။ ပစ္စုပ္ပန်ကံကတော့ များသော အားဖြင့် အတိတ်ကံကိုထောက်ပံ့ ကူညီရုံပဲအခွင့်ရတာပါ။

အတိတ်ကံတွေမှာလည်း သိသိသာသာ အားကောင်းတဲ့ ကံနဲ့ သာမန်ကံရယ်လို့ (၂)ခု ရှိပါသေးတယ်။ အားကောင်းတဲ့ ကံတွေကတော့ သူများနဲ့မတူအောင် ထင်ထင်ရှားရှား ကြီးကြီးကျယ်ကျယ် အကျိုးပေးတတ်ပါတယ်။ သာမန်ကံတွေရဲ့ အကျိုးပေးကျတော့ သူလိုကိုယ်လို သိပ်မထူးခြားလှပါ။ အဲဒီအခါမျိုးမှာ ဉာဏ်၊ ဝီရိယရှိသူတွေသာ တခြားသူတွေထက် ကြီးပွားတိုးတက်နိုင်ပါတယ်။ ဒါကြောင့် ကံပေးသမျှနဲ့ ပဋိသန္ဓေနေခဲ့ရပြီးနောက် တစ်စုံတစ်ရာ ကောင်းကျိုးပေးရာမှာ "ကံတရားဟာ ဝေးတဲ့အကြောင်း၊ ဉာဏ်ပညာဟာ အလယ်အလတ်အကြောင်း၊ ဝီရိယကတော့ အနီးဆုံးအကြောင်း"လို့ သဘောကျပြီး လောကီ လောကုတ္တရာဆိုင်ရာ ကိစ္စတွေမှာ အတိတ်ကံရဲ့ အကျိုးပေးမှုသက်သက်ကိုသာ မျှော်လင့်မနေဘဲ ဆိုင်ရာဆိုင်ရာ အသိအလိမ္မာ၊ ဉာဏ်ပညာများ တိုးပွားအောင် ကြိုးစားကာ ကိုယ်နဲ့ထိုက်တန်တဲ့ လုံ့လ၊ ဝီရိယများ ထုတ်နုတ် အသုံးပြုသင့်ကြပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ မေလ*

(၁) ကုသိုလ်မရ၊ ဝမ်းမဝသူ အောက်ကျသူ လူက တစ်မျိုး၊
(၂) ကုသိုလ်မရ၊ ဝမ်းသာ-ဝသူ အလယ်အလတ်လူက တစ်မျိုး၊
(၃) ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသူ အထက်တန်းကျသူ လူကတစ်မျိုး လို့ (၃)မျိုး ကွဲပြားနိုင်ပါတယ်။

မြတ်နိုးဖွယ်ရာဖြစ်တဲ့ လူ့ဘဝမှာ အနုတ်လက္ခဏာပြနေတဲ့ တရား (၃)ပါးရှိပါတယ်။ အချိန်၊ အရွယ်၊ အကုသိုလ်တရား ဒီ(၃)ပါးဟာ ကျန်းမာခြင်း၊ နုပျိုခြင်း၊ လှပခြင်း၊ သန့်စွမ်းခြင်းနဲ့ ရှင်သန်ရခြင်း ဆိုတာကို တိုတောင်းလှတဲ့ လူ့ဘဝ၊ လူ့ခန္ဓာကိုယ်ထဲကနေ အစဉ်အမြဲ နုတ်ယူနေကြပါတယ်။ သူတို့ရဲ့ လက်ချက်ကြောင့် ငယ်ငယ်က "မိုးဦးပန်းလို" လန်းဆန်းတက်ကြွ ပျော်ရွှင်ခဲ့ရတဲ့ လူ့ဘဝ၊ လူ့အဖြစ်ဟာ ကြီးရင့်လာတာနဲ့အမျှ "ကြံရည်ကြိတ်စက်က ထွက်လာတဲ့ ကြံဖတ်တွေလို" ပဲ တန်ဖိုးမဲ့၊ အရသာမဲ့ ဖြစ်သွားတတ်ပါတယ်။

ဒါကြောင့် တစ်ဖက်ကနေပြီး ပစ္စည်းဉစ္စာရှာဖွေမှု၊ တရားဓမ္မရှာဖွေမှုတွေနဲ့ ဟာသွားတဲ့ လူ့ဘဝ၊ လူ့အမိပ္ပါယ်ကို ဖြည့်ဆည်းပေးရတယ်။ ပစ္စည်းဉစ္စာနဲ့ ကောင်းမှုကုသိုလ်

တရားဟာ လူ့ဘဝရဲ့ အပေါင်းလက္ခဏာ တရား (၂)ပါးကို များများအစားထိုးပေးခြင်းနဲ့၊ အချိန်၊ အရွယ်၊ အကုသိုလ်တွေကြောင့် "တန်ဖိုးနည်း၊ အိုးကွဲ" ဖြစ်တော့မယ့် လူ့ဘဝ၊ လူ့အဖြစ်ကို "အဖတ်ဆယ်" ပေးရာရောက်တယ်။ ဒီနည်းနဲ့ ပစ္စည်းဥစ္စာ ရှာဖွေမှုနဲ့ တရားဓမ္မ ရှာဖွေမှုတို့ဟာ ခန္ဓာငါးပါးရှိတဲ့ လူသားတိုင်းရဲ့ တာဝန်တွေ ဖြစ်လာတယ်။

ခန္ဓာကိုယ်ရဲ့ စားဝတ်နေရေး ကျန်းမာရေးကြောင့် လူတိုင်းလိုလိုပဲ ပစ္စည်းဥစ္စာ ရှာဖွေရေးအလုပ်ကို လုပ်ကြပေမယ့် သဒ္ဓါတရား အင်အား အနည်းအများကိုလိုက်ပြီး တရားရှာဖွေရေး အလုပ်ကိုတော့ လူတိုင်းမလုပ်ဖြစ်ကြပါဘူး။ တကယ်တော့ လူ့ဘဝ လူ့အဖြစ်ဆိုတာ ကုသိုလ်ကံရင်းနှီးမြှုပ်နှံမှုရဲ့ ရလဒ်တစ်ခုဖြစ်လာပါတယ်။ ကုသိုလ်ကံကို အခြေခံပြီး လူဖြစ်လာရတာမို့ "လူနဲ့ကုသိုလ်၊ ကုသိုလ်နဲ့လူ"ဆိုတာ ခွဲခွာလို့မရ စကောင်းပါဘူး။ ကုသိုလ်တရားပျောက်ကွယ် သွားတာနဲ့တစ်ပြိုင်နက် လူဟာ လူ့လမ်းကြောင်းပေါ်က ဖယ်ခွာပေးလိုက်ရမှာပါပဲ။ ပါဠိစာပေမှာ လူသားတွေအတွက် စိတ်ကောင်းခြင်းနဲ့ စီးပွားချမ်းသာရဲ့ တည်ရာအကြောင်း ဖြစ်တာမို့ စင်စစ်ဇကန် ပြုထိုက်တဲ့ ကောင်းမှု (၁၀)မျိုးကို ဖော်ပြထားပါတယ်။ ပါဠိဘာသာနဲ့ "ပုညကြိယာဝတ္ထု = ၁၀ ပါး"လို့ အမည်တွင်ပါတယ်။ လူသားတွေက ကုသိုလ်ကောင်းမှုရဲ့ စွမ်းရည်သတ္တိကြောင့်သာ ယုတ်နိမ့်မှု မြေပြင်ကနေ မြင့်မြတ်မှု ကောင်းကင်မှာ တက်ရောက်ပျံသန်း နိုင်ကြပါတယ်။ "ကုသိုလ်ကံမရှိတော့တဲ့အခါ လူဟာအတောင်မဲ့ ငှက်တစ်ကောင်" လိုလူ့ဘဝရဲ့လုပ်ပိုင်ခွင့်နဲ့ခံစားခွင့်တွေကိုလက်လွှတ်ဆုံးရှုံးရတတ်ပါတယ်။

ဒီတော့ အခုလောလောဆယ် လူသားဘဝဖြင့် ဖြစ်တည်နေကြသူတွေကို ကုသိုလ်ခွဲတမ်းနဲ့ ကြည့်မယ်ဆိုရင် (၁)ကုသိုလ်မရ၊ ဝမ်းမဝသူ အောက်ကျသူ လူကတစ်မျိုး၊ (၂) ကုသိုလ်မရ၊ ဝမ်းသာ-ဝသူ အလယ်အလတ်လူက တစ်မျိုး၊ (၃) ကုသိုလ်လည်းရ၊ ဝမ်းလည်းဝသူ အထက်တန်းကျသူ လူက တစ်မျိုးလို့ (၃)မျိုး ကွဲပြားနိုင်ပါတယ်။ ဒါကြောင့် လူ့ဘဝမှာ "ကုသိုလ်သာ ပထမ၊ ကုသိုလ်သာ ဒုတိယ" ဆိုသလို ကုသိုလ်ကောင်းမှုကသာ လူ့ဘဝရဲ့ အရင်းအနှီး၊ ကုသိုလ်ကောင်းမှုကသာ လူ့ဘဝရဲ့ အကျိုးအမြတ် ဖြစ်ပါတယ်။ အခုကုသိုလ်ကံသာ မိမိဘဝရဲ့ ကြီးပွားတိုးတက် မြင့်မားရာလို့ ခံယူချက်ထားရှိသူ အမျိုးသမီးငယ် တစ်ဦးအကြောင်းကို ပြောပြချင်ပါတယ်။



အကျိုးကြီးတဲ့ သက်န်းတစ်စုံ

ရှေးရှေးတုန်းက ဗာရာဏသီ တိုင်းပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးနေစဉ် နေပြည်တော်နဲ့ မနီးမဝေးမှာ "ရေအေးရွာ"လို့ အမည်ရတဲ့ ရွာကြီး တစ်ရွာရှိခဲ့ဖူးတယ်။ အဲဒီရွာရဲ့ အနောက်ဘက်မှာ သာယာလှပတဲ့ "စိတ္တကုဋ်" တောင်ရှိတယ်။ တောင်ခြေမှာ ရဟန်းတော်အပါး (၅၀၀)ကျော် သီတင်း သုံးနိုင်လောက်အောင် ဗြဟ္မဒတ်မင်းကြီးက ဆောက်လုပ် လှူဒါန်းထားတဲ့ ရွှေကျောင်းတော်ကြီး ဆိုတာလည်းရှိတယ်။ အဲဒီကျောင်းတော်က ရဟန်းတော်တွေဟာ ရေအေးရွာကြီးကိုပဲ ဂေါစရဂါမ်အဖြစ် ဆွမ်းခံကြွတော်မူကြတယ်။

အဲဒီရွာကြီးမှာ သနားစရာကောင်းတဲ့ "နန္ဒာ"လို့ ခေါ်တဲ့ အမျိုးသမီးငယ် တစ်ယောက်ဟာ အထီးကျန် မျက်နှာမွဲ၊ ဆင်းရဲစွာ အလုပ်လုပ်ပြီး အသက်မွေးနေရသတဲ့။ နံနက်ခင်းတွေမှာ ဟင်းသီးဟင်းရွက်တွေကို လှည့်လည်ရောင်းချရပြီး ညနေပိုင်းတွေမှာတော့ ချမ်းသာကြွယ်ဝတဲ့ နေအိမ်တွေမှာ ရေခပ်၊ အဝတ်လျှော်၊ စပါးနယ်၊ ဆန်ဖွပ် စသည်ဖြင့် အလုပ်မျိုးစုံ အကုန်လုပ်ပြီး ရတဲ့အခကြေးငွေနဲ့ ပင်ပန်းဆင်းရဲစွာ နေရတယ်။ စားဝတ်နေရေးက ပင်ပန်းဆင်းရဲ၊ ငွေကြေးနဲ့ ပစ္စည်းဥစ္စာက ချို့တဲ့ပေမယ့် မနန္ဒာဟာ စိတ်ဓာတ်နဲ့ အသိဉာဏ်ကတော့မချို့တဲ့ရှာပါဘူး။

ဒါနဲ့ မနန္ဒာဟာ တစ်နေ့တော့ သူတွေးမိသတဲ့။ "ငါဟာ အတိတ်ဘဝတုန်းက ဘယ်လိုမကောင်းမှုတွေ လွန်ကျူးခဲ့လို့လဲ မသိဘူး။ အခုဘဝမှာ အင်မတန် ဆင်းရဲပင်ပန်းလွန်းလှတယ်။ သူတစ်ပါးတွေ အိမ်မှာ တစ်နေကုန် အလုပ်လုပ်ရပေမယ့် တစ်ဝမ်းတစ်ခါးမှ လှအောင် ဝအောင် မနေနိုင်ဘူး။ ကုသိုလ်မရ ဝမ်းမဝနဲ့ အောက်တန်းကျလိုက်တာ။ ဒီလို ငုံ့ခံ လက်မှိုင်ချနေလို့ကတော့ အထက်တန်းကျတဲ့ ဘဝမျိုး ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး။ အခု ငါဟာ သာသနာတော် ထွန်းလင်းရာ အချိန်မှာ လူဖြစ်နေတာပဲ။ ရတနာသုံးပါးရဲ့ စွမ်းရည်သတ္တိ ဂုဏ်ကျေးဇူးတွေနဲ့ ကံ၊ ကံရဲ့အကျိုးကို ယုံကြည်မြတ်နိုး အားကိုးပြီးတော့ ဘဝဆင်းရဲ၊ ဝဋ်ဆင်းရဲတွေကနေ ထုတ်ဆောင်ပေးနိုင်တဲ့ ကောင်းမှုတစ်ခုခုကို ပြုမှတော်တော့မယ်" ဒီလိုတွေးမိတဲ့ မနန္ဒာဟာ ရတဲ့ အခကြေးငွေထဲက နည်းနည်းချင်း စုဆောင်းလို့ ဝါဆိုအမီ "ဝါဆိုသင်္ကန်း" တစ်စုံလောက် ဆက်ကပ်လှူဒါန်းနိုင်အောင် ကြိုးစား အလုပ်လုပ်ပါသတဲ့။ ၆-လ နီးပါးမျှ အလုပ်ကြိုးစားလို့ ခြိုးခြံစုဆောင်း လိုက်တဲ့အခါ သင်္ကန်းတစ်စုံ ဝယ်လို့ရသွားပါတယ်။ သင်္ကန်း အသစ်ကလေး တစ်စုံကို ရလာတဲ့နေ့ဟာ မနန္ဒာတစ်ယောက် ဝမ်းသာကြည်နူးလွန်းလို့ တစ်ညလုံးတောင် အိပ်မပျော်ရှာဘူးတဲ့။ နံနက်ခင်း ရောက်တဲ့အခါ သံဃာတော်များ ဆွမ်းခံကြွလာမယ့် လမ်းမကနေ မနန္ဒာတစ်ယောက် သင်္ကန်းကလေး ကိုင်မလို့ စောင့်နေပါတယ်။ သံဃာတော် တစ်ပါးကြွလာတော်မူတဲ့အခါ "အရှင်ဘုရား ဒီသင်္ကန်းကို အရှင်ဘုရားတို့ ကျောင်းမှာ ဝါဆိုဝါကပ်မယ့် ရဟန်းတော်တို့အား လှူဒါန်းလိုပါတယ်ဘုရား။ အရှင်ဘုရားကပဲ ဒီဝါဆိုသင်္ကန်းကို သံဃာတော်ထံ ယူဆောင်ပြီး တပည့်တော်မရဲ့ အထီးကျန်မွဲ ဆင်းရဲတဲ့အဖြစ်နဲ့ ဒီသင်္ကန်းကိုလည်း ပင်ပန်းဆင်းရဲ ခက်ခဲစွာ လှူဒါန်းရတဲ့အကြောင်းကို သိစေတော်မူလိုက်ပါဘုရား"လို့

လျှောက်ထားပြီး ရှင်လန်းဝမ်းမြောက်စွာနဲ့ သင်္ကန်းကို ဆက်ကပ်လှူဒါန်းလိုက်ပါတယ်။ အဲဒီ ရဟန်းတော်ဟာ သူဆင်းရဲမ မနန္ဒာလှူဒါန်းလိုက်တဲ့ သင်္ကန်းကို လက်ခံယူတော်မူပြီး ကျောင်းရောက်တဲ့အခါ သံဃာတော်အားလုံးကို စုဝေးစေကာ သူဆင်းရဲမ မနန္ဒမှာကြားလိုက်တဲ့ စကားကို သံဃာတော်အား လျှောက်ကြားပြီး "အရှင်ဘုရားတို့ဟာ ဒီသင်္ကန်းကို ဝတ်ရုံထိုက်တဲ့ ဝတ်ရုံဖို့ စွမ်းနိုင်တဲ့ ရဟန်းတော်အား ပေးအပ်တော်မူကြပါကုန်"လို့ လျှောက်ထား၍ သင်္ကန်းကို သံဃာတော်တို့ထံ အပ်နှံလိုက်သတဲ့။ ဒီအခါ ရဟန်းမြတ် တစ်ပါးက "အရှင်ဘုရားတို့၊ တပည့်တော်အား (၃)လတိုင်အောင် ဝတ်ခွင့်ပေးပါဘုရား၊ တပည့်တော်ဟာ ဝါတွင်း(၃)လ ဒီသင်္ကန်းကို ဝတ်ရုံပြီး ရဟန်းတရား ကြိုးစားအားထုတ်ပါမယ်ဘုရား"လို့လျှောက်ထားပါတယ်။

အဲဒီစကားကိုကြား၍ အခြားသော ရဟန်းမြတ်တစ်ပါးက "အရှင်ဘုရားတို့၊ တပည့်တော်အား (၂)လတိုင် ရုံခွင့်ပေးပါဘုရား၊ တပည့်တော်ဟာ ဝါတွင်း(၂)လ ဒီသင်္ကန်းကို ဝတ်ရုံပြီး ရဟန်းတရား ကြိုးစားအားထုတ်ပါမယ်ဘုရား"လို့ လျှောက်ထား သတဲ့။ ဒီလိုနဲ့ ရဟန်းမြတ်တွေဟာ တစ်ပါးပြီး တစ်ပါးလျှော့လျှော့ပြီး ဝတ်ရုံခွင့်တောင်း လာတာဟာ နောက်ဆုံး ရဟန်းမြတ်တစ်ပါးက "အရှင်ဘုရားတို့ တပည့်တော်အား (၁)ရက်မျှ ဒီသင်္ကန်းကို ဝတ်ရုံပြီး ရဟန်းတရားကြိုးစားအားထုတ်ပါမယ်ဘုရား"လို့ လျှောက်ထားတော်မူတာမို့ သံဃာတော်တွေက အဲဒီရဟန်းကိုပဲ မနန္ဒာလှူဒါန်းတဲ့ သင်္ကန်းကိုဝတ်ရုံခွင့်ပေးလိုက်သတဲ့။

သင်္ကန်းဝတ်ခွင့်ရတဲ့ ရဟန်းတော်မြတ်ဟာ မနန္ဒာလှူဒါန်းလိုက်တဲ့ ဝါဆိုသင်္ကန်းကို ကပ္ပဗိန္ဒုထိုးပြီး အဓိဋ္ဌာန်တင်ကာ သပ္ပါယ်စွာဝတ်ရုံလျက် စင်္ကြံလမ်းသို့တက်ပြီး ဝိပဿနာတရား ကြိုးစားပွားများတဲ့အခါ ခြေလှမ်း (၇)ဖဝါးအချမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရလို့ ရဟန္တာအရှင်မြတ် အဖြစ်သို့ ရောက်တော်မူပါသတဲ့။ အဲဒါနဲ့ နောက်တစ်ရက် ရောက်တဲ့အခါ တခြားရဟန်းမြတ် တစ်ပါးသို့ ဒီသင်္ကန်းကို လက်ဆင့်ကမ်း ဝတ်ရုံစေပါတယ်။ အဲဒီရဟန်းမြတ်ဟာလည်း ဝတ်ရုံခွင့်ရထားတဲ့ တစ်ရက်အတွင်းမှာပဲ ဝိပဿနာတရား ကြိုးစားအားထုတ်လို့ ရဟန္တာအရှင်မြတ် အဖြစ်သို့ ရောက်တော်မူပါတယ်။ အဲဒီနည်းနဲ့ သူဆင်းရဲမ မနန္ဒာလှူဒါန်းလိုက်တဲ့ သင်္ကန်းကို အမှီပြု ဝတ်ရုံပြုပြီး ဝါတွင်း(၃)လ အတွင်းမှာ ရဟန်းတော်အပါး (၉၀)ဟာ ရဟန္တာအရှင်မြတ် တွေအဖြစ်ရောက်တော်မူကုန်သတဲ့။

ဒီလိုနဲ့ သီတင်းဝါလ ကျွတ်တဲ့အခါ ဗာရဏသီပြည့်ရှင်မင်းမြတ်ဟာ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာ စိတ္တကုဋ်တောင်ခြေမှာရှိတဲ့ ရွှေကျောင်းတော်ကြီးကို နန်းတွင်းသုံး အဝတ်အထည်စတွေနဲ့ လှပပြုပြင် တန်ဆာဆင်စေပါတယ်။ မင်းမှုထမ်းတွေက သံဃာတော် အရှင်မြတ်တွေ ပဝါရဏာပြုရာ သိမ်ကျောင်းမဏ္ဍပ်ကြီးကိုလည်း ဗိမာန်တွေ၊ တံခွန်၊ ကုက္ကားစတာတွေနဲ့ လှပစွာတန်ဆာဆင် ပြုပြင်ကြတဲ့အခါ သံဃာတော် အရှင်မြတ်တွေက "ရေအေးရှာက နန္ဒာအမည်ရှိတဲ့ သူဆင်းရဲမ လှူဒါန်းလိုက်တဲ့ သင်္ကန်းဟာ ရဟန်းတော်တွေအတွက် ရဟန္တာဖြစ်တဲ့အထိ အကျိုးများလှတယ်။ ဒါကြောင့် ဒီသင်္ကန်းစကိုသာ သိမ်ကျောင်းမဏ္ဍပ်မှာ တံခွန်(အလံတော်) အဖြစ် လွှင့်ထူရမယ်"လို့ အမိန့်ရှိတာမို့ အဲဒီ သင်္ကန်းစကိုပဲ "အောင်လံတော်" အဖြစ် သိမ်ကျောင်းမဏ္ဍပ်မှာ လွှင့်ထူထားကြသတဲ့။

အဲဒီလို ပြင်ဆင်ထားတာတွေကို ဗာရာဏသီမင်းကြီးက လှည့်လည်ကြည့်ရှု စစ်ဆေးတဲ့အခါ သိမ်ကျောင်းမဏ္ဍပ်ရဲ့ တံခွန်တိုင်မှာ သစ်ခေါက်ရည်ဆိုထားတဲ့ သင်္ကန်းစကို အလံတော်အဖြစ် လွှင့်ထူထားတာကို တွေ့ရတယ်။ အဲဒါနဲ့ မင်းမှုထမ်းတွေကို ခေါ်ယူကာ "မောင်မင်းတို့ကို ကောင်းမြတ်တဲ့ နန်းတွင်းက အထည်စ၊ အထည်မွန်တွေကို ပေးအပ်ထားပါလျက်၊ အဘယ်အတွက်ကြောင့် တံခွန်အဖြစ် မချုပ်လုပ်ဘဲ ရဟန်းတော်တွေရဲ့ အသုံးအဆောင် ဒီသစ်ခေါက်ရောင် သင်္ကန်းစကိုသာ တံခွန်အဖြစ် လွှင့်ထူထားရသတုံး"လို့ စစ်ဆေးမေးမြန်း တော်မူပါတယ်။ ဒီအခါ မင်းမှုထမ်းတွေက "အရှင်မင်းကြီး၊ ဒီတံခွန်အဖြစ် လွှင့်ထူထားတဲ့ သင်္ကန်းစဟာ အရှင်မြတ်တို့အား လွန်စွာအကျိုးများပါတယ်ဘုရား"လို့ ပြန်လည် လျှောက်တင်ကြတယ်။ ဘုရင်မင်းမြတ်က "မောင်မင်းတို့ ဒီသင်္ကန်းဟာ အရှင်မြတ်တွေကို ဘယ်လို အကျိုးများသလဲ"လို့ ဆက်လက်မေးမြန်းတဲ့အခါ "ဒီ အကြောင်း အပြည့်အစုံကို ကျွန်တော်မျိုးတို့ မသိရပါကုန်၊ အရှင်မြတ်တို့သာ သိပါကုန်တယ် အရှင်မင်းကြီး"လို့ သံတော်ဦးတင်ကြသတဲ့။ ဒါနဲ့ ဗာရာဏသီမင်းမြတ်လည်း သံဃာတော် အရှင်မြတ်တွေထံ ချဉ်းကပ်ပြီး "အရှင်ဘုရားတို့၊ သိမ်ကျောင်း မဏ္ဍပ်မှာ တံခွန်အဖြစ် လွှင့်ထူထားတဲ့ သင်္ကန်းစဟာ အရှင်ဘုရားတို့အား ကျေးဇူးများလှတယ်လို့ မင်းချင်းတွေက ဆိုပါတယ်ဘုရား၊ အဲဒီ သင်္ကန်းရဲ့ အကျိုးကျေးဇူးများပုံကို ဒကာတော်များ သိလိုလှပါတယ်ဘုရား"လို့ လျှောက်ထား တောင်းပန်တော်မူပါတယ်။

အဲဒီအခါ ရဟန်းတော်တွေက ဒီသင်္ကန်းစကို အမှီပြုပြီး ရဟန်းတော်ပေါင်း (၉၀)ကျော်ဟာ ဝါတွင်း(၃)လအတွင်း ရဟန္တာအဖြစ် ရောက်ကြပုံကို ပြန်လည် မိန့်ကြားတော်မူတယ်။ ဗာရာဏသီ မင်းမြတ်ဟာ ရဟန်းသံဃာတွေ မိန့်ကြားတဲ့စကားကို ကြားနာရတဲ့အခါ ဝမ်းမြောက်နမော် သာဓု(၃)ကြိမ် ခေါ်ပြီး "အရှင်ဘုရားတို့၊ ရဟန်းသံဃာအား ကျေးဇူးများတော်မူခဲ့တဲ့ ဒီသင်္ကန်းကို အဘယ်သူများ လှူဒါန်းထားခဲ့ပါသလဲဘုရား"လို့ လျှောက်ထားမေးမြန်းတော်မူတယ်။

ဒီအခါ ရဟန်းတော်တွေကလည်း "ရေအေးရွာက နန္ဒာအမည်ရတဲ့ သူဆင်းရဲမ လှူဒါန်းအပ်ပေတယ် ဒကာတော်မင်းကြီး"လို့ မြွက်ကြားတော်မူပါတယ်။ ဗာရာဏသီ မင်းမြတ်လည်း အထီးကျန်မွဲ သူဆင်းရဲမ မနန္ဒာကိုခေါ်ယူစေပြီး ရွှေ၊ ငွေ၊ သုံးဆောင်စရာ ပစ္စည်းဥစ္စာ မြောက်မြားစွာကို ပေးကမ်းကာ သမီးတော်အဖြစ် မွေးစားတော်မူပါတယ်။ ရေအေးရွာကိုလည်း အပိုင်စားပေးပြီး ချီးမြှောက်တော်မူတာမို့ "နန္ဒာမင်းသမီး"လို့ ထင်ရှား ကျော်ကြားလာပါတယ်။

မင်းသမီးတစ်ပါးအဖြစ် ရောက်လာပေမယ့် မနန္ဒာဟာ မမော်မကြွား၊ ဘဝမမေ့၊ အောက်ခြေမလွတ်ဘဲ တစ်သက်လုံး "ကောမာရဗြဟ္မစရိယ"လို့ ခေါ်တဲ့ အပျိုစင်သီလကို စောင့်ထိန်းကာ အလှူပေးခြင်းမှာပဲ မွေ့လျော်နေရင်းက သက်တမ်းကုန်လို့ ကွယ်လွန်တဲ့အခါ တုသိတာနတ်ပြည်မှာ "နန္ဒာ နတ်သမီး" ဆိုပြီး ဖြစ်သွားရပါတယ်။

ဒီမွေ့ပုံပြင်ကလေးမှာ နလုံးသွင်း ဆင်ခြင်စရာတွေကတော့ (၁) ကုသိုလ်ကောင်းမှုဟာ ဘဝသံသရာ ပင်လယ်ကြောမှာ ဆင်းရဲပင်ပန်းစွာ မြုပ်မျောနေသူတို့အတွက် အားကိုး အားထားပြုရာကျွန်းသာယာတစ်ခု ဖြစ်ကြောင်း၊ (၂) ရတနာမြတ်သုံးဖြာဟာလည်း လွန်စွာမှ ကြံကြိုက်ခဲလှတဲ့ ကောင်းမှုကုသိုလ်မျိုးစေ့တို့ ကြဲချရာလယ်ယာမြေကောင်းသာ ဖြစ်ကြောင်းနဲ့ (၃) ဘဝပေးအခြေအနေက ဘယ်လိုပင်နိမ့်ကျနေစေကာမူ စိတ်ကောင်းနဲ့ အသိဉာဏ်မနိမ့်ကျပါကဘဝဆိုတာတိုးတက်မြင့်မားကြီးပွားနိုင်ကြောင်းတွေပဲ ဖြစ်ပါတယ်။

*အပ္ပမာဒမွေ့ရာသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ ဇွန်လ*

ဩော် အံ့ဩဖွယ်ရှိလေစွ၊ ခွေးမငယ်ကို စိတ်ဆိုးတာနဲ့ ပစ်ခတ်ပေးလှူလိုက်တဲ့ ထမင်းတစ်လုတ်ရဲ့ အကျိုးတော်၊ ဒီလောက်ခံစားရရင် သဒ္ဓါပညာနဲ့ ယုံကြည်စွာ မြတ်နိုးစွာ သီလရှိတဲ့ ရဟန်းတစ်ပါးကို ဆွမ်းတစ်နပ် လှူဒါန်းရတာဟာ ဘယ်လောက်တောင် အကျိုးရှိလိုက်မလဲနော်

ပြည့်စုံကြွယ်ဝမှု၊ ဘေးကင်းလုံခြုံ စိတ်ချရမှုနှင့် အသိဉာဏ်ကြီးမှုတွေကို လိုအပ်သူမှန်သမျှဟာ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ လမ်းကောင်း၊ လမ်းမြတ်သုံးသွယ်ကို စွန့်ပယ်လို့ မဖြစ်ပါဘူး။ သဒ္ဓါဖွေးဖြူ မေတ္တာကူလို့ စင်ကြယ်သန့်ရှင်း တွယ်တာမှုကင်းတဲ့စိတ်နဲ့ မိမိပိုင်ပစ္စည်း စွန့်လွှတ်လှူဒါန်းတာဟာ ဒါနပြုတာပါ။ ဒါနဆိုတာ မြင့်မြတ်သူတို့ လျှောက်လှမ်းရာ ပါရမီလမ်းခရီးမှာ အဦးဆုံးနဲ့ အရေးကြီးဆုံးပါ။ အများစုက အုမတောင့်မှ သီလစောင့်တတ်ကြတာမို့ မိမိ အပါအဝင် အများစုတို့ရဲ့ ကိုယ်ကျင့်သီလဖြူစင်ရေးမှာ ဒါနရဲ့ ထောက်ကူမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။

ပြီးတော့ အလှူဒါနဟာ ပစ္စုပ္ပန် လူမှုဘဝဆက်ဆံရေးကို ပြေလည်ချောမောစေတဲ့အပြင် ဘဝသံသရာ အဆက်ဆက်အတွက်လည်း စစ်မှန်တဲ့ ရိက္ခာဖြစ်တာမို့ ဖြစ်လေရာဘဝ၊ ရောက်လေရာအရပ်မှာ ဘဝရဲ့ အခြေခံ အဆောက်အအုံ အဖုံဖုံနဲ့ ပြည့်စုံကြွယ်ဝစေပါတယ်။ ပြည့်စုံကြွယ်ဝတဲ့ ဘဝအခြေအနေကနေတစ်ဆင့် တက်လှမ်းရင် ဘာဝနာစခန်းနဲ့ နိဗ္ဗာန်နန်းဆိုတာ လက်တစ်ကမ်းမှာမို့ လွန်စွာပဲ အားထားရပါတယ်။ တစ်ခါ သူမြတ်တို့ရဲ့ ခိုလှုံရာ သူတော်ကောင်းဥစ္စာတို့ရဲ့ ဘဏ္ဍာတိုက်ဖြစ်တဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့နိုင်ရေးမှာလည်း ပစ္စယာနုဂ္ဂဟအနေနဲ့အားပေး ချီးမြှောက်နိုင်တာမို့ ကုသိုလ်ထူး ဆည်းပူးခွင့် ရစေပါတယ်။

နောက်ပြီး "ဒါနကုသိုလ်သက်သက်နှင့် နိဗ္ဗာန်ကို မရောက်နိုင်ဘူး။ ဒါနကုသိုလ်ဟာ သံသရာကို ရှည်စေတယ်။ ဘာ-ညာ"ဆိုတာတွေဟာ ကလေးကလား အငြင်းစကားတွေပါ။ တကယ်တမ်း ဗုဒ္ဓသာသနာ လမ်းစဉ်အတိုင်း ဝိဝဋ္ဋနိဿိတဒါန ဖြစ်အောင်ပြုမယ်ဆိုရင် ဒါနကုသိုလ်ဟာ မဂ်ဉာဏ်၊ ဖိုဉာဏ် နိဗ္ဗာန်ရသည်အထိ ဆောင်ကြဉ်း

ပေးနိုင်ပါတယ်။ နိဗ္ဗာန်ရောက်တယ် ဆိုရာမှာ သုတ္တန်နည်း၊ အဘိဓမ္မာနည်း (၂)နည်း ရှိပါတယ်။ သုတ္တန်နည်းနဲ့ ဒါနကုသိုလ်ကြောင့် နိဗ္ဗာန်ရောက်ရပုံတွေတော့ ပါဠိကျမ်းဂန်တွေမှာ သာဓကအများကြီး ပြဆိုထားပါတယ်။ အဘိဓမ္မာနည်းနဲ့ ဒါနကုသိုလ်ဟာ နိဗ္ဗာန်ကို ရောက်နိုင်ပုံကိုတော့ အဘိဓမ္မာ ပိဋကၤ ပဋ္ဌာန်း ပါဠိတော်မှာပဲ "ဒါန ဒတွာ သီလံ သမာဒိ ယိတွာ။ ပ ။ ဈာနံ နိဗ္ဗတ္တေတိ၊ မဂ္ဂံ နိဗ္ဗတ္တတိ"လို့ ဟောတော်မူတဲ့အတွက် ဒါနစေတနာဟာ နိဗ္ဗာန်သို့ ရောက်ခြင်းရဲ့ အားကြီးသောကြောင့်ဖြစ်လို့ ဥပနိဿယ အနေနဲ့ ရောက်ရပုံကို သိနိုင်ပါတယ်။

တကယ်တော့ ဒါနကုသိုလ်ဟာ ချမ်းသာသုခ ဟူသမျှတို့ရဲ့ အကြောင်း၊ ပြည့်စုံကြွယ်ဝမှုတို့ရဲ့ အရင်းအမြစ်၊ အဆောင်အယောင် အဆင်တန်ဆာ မှန်သမျှတို့ရဲ့ တည်ရာမှီရာ၊ ဆင်းရဲကြောက်သူတို့ရဲ့ ထွက်ပေါက်၊ အားထားကိုးကွယ်ရာ ဖြစ်ပါတယ်။ ဒီလို မြတ်နိုးဖွယ်ရာတွေနဲ့ ပြည့်နေတဲ့ ဒါနစွမ်းအင်နဲ့ ပတ်သက်လို့ ဓမ္မပုံပြင်တစ်ပုဒ်ကို ပြောပြလိုပါတယ်။



## ရက္ခစိုးနတ်ကြီးရဲ့ ဆရာတော်

တစ်ခါတုန်းက သာယာကုန်းဆိုတဲ့ ရွာကြီးတစ်ရွာ ရှိခဲ့ဖူးတယ်။ ဒီရွာကြီးဟာ အိမ်ခြေတစ်ထောင်လောက်ရှိပြီး ဘုရားကျောင်းကန်စေတီ ဗောဓိပင်တွေနဲ့ အင်မတန်သာယာစည်ကားသတဲ့။ ရွာရဲ့ အရှေ့ဘက်က တောင်ကုန်းမြင့်မြင့်ကလေးပေါ်မှာ ရွာဦးကျောင်းကို တည်ထားပြီး ကျောင်းထိုင် ဆရာတော်ကြီးတစ်ပါး သီတင်းသုံးနေတယ်။ ဘွဲ့တော်က 'ဦးသဃ်ဒတ္တ'တဲ့။

ဒီရဟန်းတော်ကြီးဟာ သာယာကုန်းရွာ ဇာတိသားဖြစ်ပြီး ကိုရင်ဘဝကတည်းက ဆရာတော် ဦးဒတ္တထံတော်မှာ ပိဋကသုံးပုံ ကုန်စင်အောင် သင်ထားပြီးသတဲ့။ ဆရာတော်ကြီး ဦးဒတ္တ ဘဝနတ်ထံ စံတော်မူချိန်မှာတော့ ဦးပဉ္ဇင်းလေး ဦးသဃ်ဒတ္တဟာ ကျောင်းထိုင်ဆရာတော် ဖြစ်လာပါတယ်။ ဒီလိုနဲ့ တစ်ချိန်မှာတော့ သူတို့နယ်ဘက်မှာ သူပုန်တွေ ထကြွသောင်းကျန်းကြလို့ သာယာကုန်းရွာသူ ရွာသားတွေဟာ တစ်ရပ်တစ်ပါးကို ပြောင်းရွှေ့ထွက်ခွာကြ၊ တောတောင်တွေအတွင်းကို ထွက်ပြေး တိမ်းရှောင်နေကြရသတဲ့။

ရွာထဲက ဒကာကြီးတွေက သူတို့ ထွက်မပြေးခင် ကျောင်းထိုင်ဆရာတော်လေး ဦးသဃ်ဒတ္တကိုလည်း လာရောက်ပင့်ခေါ်ကြတယ်။ ဒါပေမဲ့ ဆရာတော်လေးက "ဒကာတော်တို့ ဒီစေတီတော်တွေ ဗောဓိပင်တွေကို စွန့်ပစ်ပြီး သွားလို့ မကောင်းပါဘူး။ ဒကာတို့သာ လွတ်ရာသို့ ရှောင်ကြပါလေ။ ဦးဇင်းကတော့ ဘုရားရှင်ရဲ့ ဩဝါဒနဲ့အညီ စေတီယင်္ဂဏ၊ ဗောဓိယင်္ဂဏဝတ်တွေကို ဖြည့်ကျင့်ရင်း နေရစ်ခဲ့တော့မယ်။ သေလိုက သေစေတော့"လို့အမိန့်ရှိတာမို့ဒကာတွေဟာမျက်ရည်စက်လက်နဲ့ ထွက်ခွာသွားကြတယ်။

ဆရာတော် ဦးသယံဒတ္တဟာ နောက်တစ်နေ့ နံနက်စောစောမှာ သူပြုနေကျ ဆွမ်းခံဝတ် အတိုင်း သင်္ကန်းသပ်သပ်ရပ်ရပ်ရုံ၊ သပိတ်တော်ပွေ့ပိုက်ပြီး သာယာကုန်းရွာဘက်ကို ဆွမ်းခံထွက် ကြွတော်မူခဲ့တယ်။ တစ်ရွာလုံးအနှံ့ တစ်လမ်းဝင် တစ်လမ်းထွက် ဆွမ်းခံ ကြွခဲ့ပေမယ့် ဆွမ်းလောင်းလှူမယ့်သူ တစ်ဦးတစ်ယောက်မျှ မရှိတာမို့ သပိတ်ဗလာနဲ့ပဲ ရွာထဲက ပြန်ကြွထွက်ခဲ့ရတယ်။ ဒုတိယနေ့ နံနက်မှာတော့ သာယာကုန်းရွာဘက်မှာ ဆွမ်းလောင်းလှူသူ မရှိတော့တာမို့ ဆရာတော် ဦးသယံဒတ္တဟာ ရွာရဲ့ မြောက်ဘက်က တောအုပ်ဘက်ကို ဆွမ်းခံကြွတော်မူပါတယ်။

အဲဒီ တောအုပ်ထဲမှာလည်း တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ် တစ်ပါးရှိသတဲ့။ ရုက္ခစိုးနတ်ကြီးဟာ " ငါလိုနတ်တစ်ပါး ရှိနေပါလျက် ရဟန်းတော်တစ်ပါး ဆွမ်းရေးခက်ခဲနေတယ်ဆိုတာ မဖြစ်စကောင်းပါဘူး"ဆိုပြီး လူယောင် ဖန်ဆင်းကာ ဆရာတော် ဦးသယံဒတ္တကို ဆွမ်းလောင်းလှူပါတယ်။ ပြီးတော့"အရှင်ဘုရား၊ နက်ဖြန်က စပြီးတော့ ဆွမ်းခံမကြွပါတော့နဲ့ဘုရား၊ အရှင်ဘုရားအတွက် ဆွမ်းကိစ္စ၊ လုံခြုံရေးကိစ္စ တပည့်တော် တာဝန်ယူပါမယ်ဘုရား၊ အရှင်ဘုရားဘာသာ နေမြဲကျောင်းမှာ ပြုမြဲကျင့်ဝတ်တွေကို ကြောင့်ကြမဲ့ ချမ်းချမ်းသာသာ ပြုကျင့်တော်မူပါဘုရား"လို့ လျှောက်ထားပါတယ်။ ဆရာတော် ဦးသယံဒတ္တကလည်း ဆိတ်ဆိတ်နေပြီး လက်ခံတော်မူပါတယ်။

ဒီလိုနဲ့ ဆရာတော် ဦးသယံဒတ္တဟာ ရုက္ခစိုးနတ်ကြီးရဲ့ ပြုစု စောင့်ရှောက်မှုနဲ့ ချမ်းချမ်းသာသ နေလာလိုက်တာ (၁၀)နှစ် (၁၀)မိုးတောင် ကြာသွားတယ်။ တစ်နေ့တော့ ဆရာတော် ဦးသယံဒတ္တဟာ ပြုနေကျ စေတီယင်္ဂဏ၊ ဗောဓိယင်္ဂဏဝတ်တွေပြုပြီးလို့ ဆိတ်ငြိမ်ရာအရပ်မှာ တစ်ပါးတည်း သီတင်းသုံးရင်း "အခြားသတ္တဝါတွေ ငတ်မွတ် ဆင်းရဲကြ၊ ဒုက္ခရောက်နေကြချိန်မှာ ငါကတော့ ရုက္ခစိုးနတ်ကြီးရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ ချမ်းချမ်းသာသာနေရတယ်။ ရုက္ခစိုးနတ်ကြီးကလည်း နတ်ဆွမ်း၊ ဆွမ်းဟင်း၊ အဖျော်ရည် စတာတွေနဲ့ (၁၀)နှစ်တိုင်တိုင် မပျက်မကွက် ပြုစုလှူဒါန်းခဲ့တယ်။ ဒါဟာ ငါကိုယ်တိုင် တစ်ချိန်ချိန်က ဘုရား။ ရဟန္တာ၊ ပစ္စေကဗုဒ္ဓ အရှင်မြတ်တစ်ပါးကို အလှူဒါနပြုခဲ့ဖူးတဲ့

ကုသိုလ်ကံရဲ့ အကျိုးပဲ ဖြစ်မှာပါ။ ရက္ခစိုးနတ်ကြီးကို မေးမြန်းစုံစမ်း ကြည့်ရင်တော့ ဖြစ်ရပ်မှန်သိရမှာပဲ” လို့ တွေးနေမိသတဲ့။

အဲဒါနဲ့နောက်တစ်နေ့မှာ ဆရာတော်ဦးသဃ်ဒတ္တဟာ ရှိသေစွာ ရှိခိုးပြီး ထိုင်နေတဲ့ ရက္ခစိုးနတ်ကြီးကို မနေ့က သူတွေးမိတာကို မေးမြန်းပါတယ်။ ဒီအခါမှာရက္ခစိုးနတ်ကြီးက "အရှင်ဘုရား၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ တန်ခိုးတော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ ဘုရားရှင်ကလွဲလို့ ဘယ်သူ ဟောပြောနိုင်မလဲ။ အင်မတန် အကျိုးကြီးတာကလား။ ဒီလိုပဲ ပေစ္စကဗုဒ္ဓါအရှင်မြတ်တွေနဲ့ ဘုရားသားတော် သံဃာတော်တစ်ပါးပါးရဲ့ထံပါးမှာ အလှူဒါနပြုခွင့်ရရင်လည်း အတိုင်းမသိ အကျိုးရှိတာပေါ့ဘုရား။ တပည့်တော်ဟာ နတ်ဆိုသော်လည်း တန်ခိုးအလွန် မကြီးလှပါဘုရား။ အတိတ်ဘဝပေါင်းများစွာကိုလည်း မသိနိုင်ပါဘူး။ ဒါပေမဲ့ အရှင်ဘုရားရဲ့ ရှေးဘဝ ကုသိုလ်ကံကိုတော့ ပြောပြနိုင်ပါတယ်ဘုရား။ အရှင်ဘုရား စိတ်ကောင်းထားပြီး နာကြားပါဘုရား။ တကယ်တော့ အရှင်ဘုရားပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုဆိုတာ တကယ်ကို နည်းနည်းလေးပါ ဘုရားဟုဆိုပြီး ဆရာတော် ဦးသဃ်ဒတ္တရဲ့ အရင်ဘဝက အဖြစ်အပျက်တွေကို ဒီလိုပြောပြပါတယ်။

"အရှင်ဘုရားဟာ အရင်ဘဝက တိုင်းပြည်တစ်ခုမှာ မင်းမှုထမ်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ တစ်နေ့တော့ တာဝန်အရ တံငါရွာကြီးတစ်ရွာကိုသွားပြီး ကိစ္စတစ်ခု ဆောင်ရွက်ရပါတယ်။ အဲဒီ တံငါရွာမှာ ညအိပ်တည်းခိုတာမို့ ရွာသူကြီးက တိုက်ကျွေးတဲ့ အရက်သေစာတွေကို တစ်ညလုံး သောက်စားပျော်မြူးကြပါတယ်။ နံနက်မိုးသောက် လင်းတဲ့အခါ ဗိုက်ဆာတာမို့ အိမ်ရှင်တွေက ပြင်ဆင်ကျွေးမွေးတဲ့ ကြက်သား၊ ထောပတ်နဲ့ သလေးထမင်းကိုစားမယ်လို့ ဟန်ပြင်နေတုန်း အလွန်မွှေးပျံ့တဲ့ ထမင်းရနံ့ကြောင့် ခွေးမငယ်တစ်ကောင်ဟာ ပြေးကပ်လာပါတယ်။ အဲဒါကို စိတ်ဆိုးလို့ မင်းမှုထမ်းဟာ ခွေးမငယ်ကို ပစ်ခတ်ခြောက်လှန့်ဖို့ရာ တုတ်ချောင်း၊ သစ်သား၊ အိုးခြမ်းကွဲကိုတောင်မှ ရှာလို့မရလို့ စားမယ့်ဆဲဆဲထမင်းလုတ်နဲ့ ပစ်ပေါက်လိုက်ပါတယ်။ ခွေးမငယ်ဟာ အဲဒီထမင်းဆုပ်ကို ကိုက်ချီပြီး အဝေးကို ထွက်ပြေးသွားတာပေါ့။

အဲဒီတော့မှ မင်းမှူထမ်းဟာ ဒုတိယထမင်းလုတ်ကို ကိုယ်တိုင်ပဲ စားလိုက်ပါတယ်။ ဒီအခါမှာ ကောင်းမွန်လှတဲ့ ထမင်းရဲ့အရသာကြောင့် ထမင်းတစ်လုတ်ကို ခွေးမငယ်ကလေးကို ကျွေးလိုက်ရပေတယ်" လို့ အပရစေတနာကို သဘောကျကာ ဒါနအဖြစ် သတ်မှတ်ကျေနပ်လိုက်တယ်။ ဒီလိုနဲ့ မင်းမှူထမ်းဟာ အဲဒီရွာမှာတာဝန်ပြီးလို့ နေပြည်တော်ကိုအပြန် တောလမ်းခရီးမှာ ဓားပြတွေဖမ်းပြီး သတ်တာကို ခံရပါတယ်။ အဲဒီ မင်းမှူထမ်းဘဝက စုတေခဲ့တဲ့ အရှင်ဘုရားဟာ အခုသာယာကုန်းရွာမှာ လူဖြစ်ပြီး ဒီအခြေအနေကို ရောက်ခဲ့ရပါတယ်ဘုရား"လို့ ရုက္ခစိုးနတ်ကြီးက နောက်ကြောင်းပြန်ပြီး လျှောက်ထားပါတယ်။

ရုက္ခစိုးနတ်ကြီး လျှောက်ထားတဲ့ စကားတွေကြားရတဲ့အခါ ဆရာတော် ဦးသယံဒတ္တဟာ "ဩော် အံ့ဩဖွယ်ရှိလေစွ၊ ခွေးမငယ်ကို စိတ်ဆိုးတာနဲ့ ပစ်ခတ်ပေးလှူလိုက်တဲ့ ထမင်းတစ်လုတ်ရဲ့ အကျိုးတောင် ဒီလောက် ခံစားရရင် သဒ္ဓါပညာနဲ့ ယုံကြည်မြတ်နိုးစွာ သီလရှိတဲ့ ရဟန်းတစ်ပါးကို ဆွမ်းတစ်နပ်လှူဒါန်းရတာဟာ ဘယ်လောက်တောင် အကျိုးရှိလိုက်မလဲနော်။ အတိုင်းအဆရှိမှာ မဟုတ်ဘူး"လို့တွေးပြီး အင်မတန် ပီတိဖြစ်သတဲ့။ ဒီလို ပီတိဖြစ်နေတဲ့ စိတ်အစဉ်ကို သတိပဋ္ဌာန် ရှုမှတ်မှုမှာ အသားကျနေတဲ့ ဆရာတော် ဦးသယံဒတ္တဟာ ချက်ချင်းပဲသတိကပ်ပြီး ရှုမှတ် လိုက်တာဟာ ထိုင်ရာကမထဘဲတောင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီး ရဟန္တာအရှင်မြတ်ကြီး ဖြစ်တော်မူသွားပါတယ်။

ဒီပုံပြင်လေးမှာ အဓိက ဆိုလိုချင်တာက (၁) ဒါနကုသိုလ်ဟာ ဘယ်လိုပုံစံမျိုးနဲ့ ဖြစ်ဖြစ် ဒါနရှင်ကို ကောင်းကျိုးဖြစ်ထွန်းစေနိုင်ကြောင်းနဲ့ (၂) ဒါနကုသိုလ်က လမ်းခင်းပေးထားတဲ့ ခရီးပေါ်မှာ လူတိုင်းဟာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ(၃)ပါး ကျင့်စဉ်များကို လွယ်ကူစွာ ပွားများအားထုတ်နိုင်ပါကြောင်းတို့ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁နှစ်၊ ဇူလိုင်လ*



သီလခံယူ ဆောက်တည်ခြင်းနဲ့ တရားနာယူ မှတ်သားခြင်းတို့ဟာ ဥပုသ်စောင့်ခြင်းရဲ့ အသွင်သဏ္ဍာန်မျှသာဖြစ်ပြီး တရားနှလုံးသွင်း ရှုမှတ်ခြင်းကတော့ ဥပုသ်စောင့်ခြင်းရဲ့ အဓိကလိုရင်း အနှစ်သာရဖြစ်ပါတယ်။

'ဥပုသ်'ဆိုတဲ့စကားဟာ 'ဥပေါသထ' ဆိုတဲ့ပါဠိက ကူးပြောင်းလာတဲ့ ပါဠိသက် မြန်မာဝေါဟာရ တစ်ခုပါ။ (ဥပ+ဝသထ=ဥပေါသထ) 'ဥပ= သူ့အသက်မသတ်ခြင်း၊ ညစာမစားခြင်းစသော အကျင့်ကောင်းနှင့် ပြည့်စုံ၍ ဝသထ=နေခြင်း'လို့ အဓိပ္ပါယ်ရပါတယ်။ ဒါကြောင့် သူ့ အသက်မသတ်ခြင်း၊ ညစာမစားခြင်းစတဲ့ အင်္ဂါ(၈)ပါးနဲ့ ပြည့်စုံတဲ့သီလကို ခံယူဆောက်တည်ပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် စတဲ့အာရုံကောင်းတွေကို အာရုံပြုကာ (ဘာဝနာပွားလျက်) ညစ်ညမ်းသော အကုသိုလ်စိတ်၊ အလေ့အကျင့်တွေ မဖြစ်စေဘဲ ကံသုံးပါး စင်ကြယ်အောင် စောင့်စည်း နေထိုင်မှုကိုပဲ"ဥပုသ်စောင့်တယ်"လို့ခေါ်တွင်တာပါ။

မြန်မာ့ ယဉ်ကျေးမှုအရ တစ်ပတ်မှာ (၁)ရက်ကျနွန်းနဲ့ ရက်(၃၀) တစ်လဆိုရင် ဥပုသ်နေ့(၄)ရက် ရပါတယ်။ ဥပုသ်နေ့မှာ 'ဥပုသ်စောင့်တယ်'ဆိုတာဟာ ရက်သတ္တ တစ်ပတ်လုံး ဝတ်ဆင်ထားခဲ့လို့ ညစ်ပတ်နံစော်နေတဲ့ မိမိတို့ရဲ့ ကိုယ်ဝတ်အင်္ကျီတွေကို တစ်ရက်လောက် ဖွပ်လျှော် သန့်စင်လိုက်ရတာနဲ့ အဓိပ္ပါယ်ကတော့ အတူတူပဲ ဖြစ်ပါတယ်။ မိမိတို့ ဝတ်ဆင်ထားတဲ့ အင်္ကျီလုံချည်တွေဟာ မြူမှုန်၊ အညစ်အကြေး တွေကြောင့် စွန်းထင်း ညစ်ပေနိုင်သလိုပဲ မိမိတို့ရဲ့ ကိုယ်၊ နှုတ်၊ နှလုံး ကံ(၃)ပါး စလုံးဟာလည်း ကိလေသာမြူမှုန်၊ ဒုစရိုက် အညစ်အကြေးတွေကြောင့် စွန်းထင်း ညစ်ပေနိုင်ပါတယ်။ အဲဒီလို စွန်းထင်း ညစ်ပေမှုတွေကို (သီလ၊ သမာဓိ၊ ပညာ) ဥပုသ်ရဲ့ ဂုဏ်အင်္ဂါတွေနဲ့သာ ဖြူစင်သန့်ရှင်း မွှေးပျံ့နေအောင် ဖွပ်လျှော်နိုင်ကြပါတယ်။

သာမန် ကိုယ်ဝတ်အင်္ကျီ၊ လုံချည်တွေဟာ တစ်ထည်ညစ်ပေနေရင် နောက်ထပ် အသစ်တစ်ထည် လဲလှယ်ဝတ်ဆင်လို့ ရနိုင်ပေမယ့် ဘဝရဲ့ ဂုဏ်သိက္ခာ ကိုယ့်ကျင့်သီလ ဝတ်စုံကတော့ နောက်ထပ်လဲလှယ် ဝတ်ဆင်စရာ အပိုရယ်လို့မရှိပါ။ ဘဝရဲ့ တစ်ထည်တည်းသော ကိုယ့်ကျင့်သီလဝတ်စုံ မဖြူစင် မသန့်ရှင်းရင်ဖြင့် ဘဝမှာ အလွန်အနေခက်ရုံမျှ မကဘဲ စစ်မှန်တဲ့ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း လုံးဝ ရနိုင်မှာ မဟုတ်ပါ။ ဒါကြောင့်ကိုယ့်ကျင့်သီလဝတ်စုံ ဖြူစင်သန့်ရှင်းဖို့ ဥပုသ်စောင့်မှုဟာ လူတိုင်းအတွက်အလွန်ပဲအရေးကြီးပါတယ်။

သီလ၊ သမာဓိ၊ ပညာလို့ ဂုဏ်သိက္ခာ(၃)ခုပါတဲ့ ဥပါသ်စောင့်သုံးမှုမှာ (၁) သီလခံယူ ဆောက်တည်ခြင်း၊ (၂) တရားနာယူမှတ်သားခြင်း၊ (၃) တရားနှလုံးသွင်းရှုမှတ်ခြင်းဆိုတဲ့

လုပ်ငန်းစဉ်သုံးခု ပါဝင်ပါတယ်။ အဲဒီလုပ်ငန်းစဉ်သုံးခုထဲမှာ သီလခံယူ ဆောက်တည်ခြင်းနဲ့ တရားနာယူ မှတ်သားခြင်းတို့ဟာ ဥပုသ်စောင့်ခြင်းရဲ့ အသွင်သဏ္ဌာန်မျှသာဖြစ်ပြီး တရားနှလုံးသွင်း ရှုမှတ်ခြင်းကတော့ ဥပုသ်စောင့်ခြင်းရဲ့ အဓိကလိုရင်း အနှစ်သာရဖြစ်ပါတယ်။

ဒင်္ဂါးပြားတစ်ပြားမှာ ခေါင်းနဲ့ပန်း နှစ်ဖက်ပါရှိမှ အသုံးပြုလို့ရတဲ့ ဒင်္ဂါးပြားတစ်ပြား ဖြစ်နိုင်ပါတယ်။ အဲဒီဥပမာလိုပဲ ဥပုသ်စောင့်ရာမှာလည်း အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြည့်စုံနိုင်ပါမှ အကျိုးကြီးမား မြင့်မြတ်တဲ့ လုပ်ငန်းတစ်ခုဖြစ်လာနိုင်ပြီး သူတော်ကောင်းတွေရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်လည်း ဖြစ်လာပါမယ်။ အဲလိုမှ မဟုတ်ရင်တော့ သင်္ဂဇာဆရာတော်ကြီးပြောပြတဲ့ဥပုသ်(၃)မျိုးထဲကတစ်မျိုးမျိုးဖြစ်မှာပါ။

အဲဒီဥပုသ်(၃)မျိုးဆိုတာက -

(၁) နံနက်မွန်းမတည့်ခင် မြင်မြင်သမျှ ရသာအီအိမ့်ချို ဆိမ့်ချဉ်ငန် အတန်တန် အမျိုးမျိုးကောင်းဆိုးမကြွင်း အတင်းစားသောက်ပြီး စောင့်သော ဥပုသ်သည် (အရသာ ပျော်မြူး၊ အစားကြူးတာကြောင့်)'ဘီလူးဥပုသ်'တဲ့။

(၂) ထမင်းဟင်းများ စားသောက်ပြီးတဲ့အခါ ကမ္ဗလာကော်ဇော ဖျာချောချောမှာ မေ့မြောမတတ် အိပ်ပျော်ကြူးပြီး (တရှူးရှူး ဟောက်ကာ) စောင့်သောဥပုသ်ကိုတော့ 'နဂါးဥပုသ်'တဲ့။

(၃) ပုတီးမစိပ် အိပ်ချင်တိုင်း အိပ်ပြီးတော့ (၃)ချက်တီးအလွန်မှာ အိမ်ပြန်ချင်တဲ့စိတ်ကူးနဲ့ (ဖရုဖရဲနဲ့ထပြီးပြန်တဲ့)ဥပုသ်ကတော့ 'စာကလေး ဥပုသ်'လို့ မှတ်ရမယ်တဲ့။ ဒီဥပုသ်စောင့်တာတွေနဲ့ပတ်သက်ပြီးတော့ သစ်ဆိမ့်ဆရာတော်ကြီးရဲ့ ဓမ္မပုံပြင်ကလေးကို ပြောပြချင်ပါတယ်။

## ဒကာမောင်ပေါက် ဥပုသ်စောင့်သလို

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မောင်ပေါက်နဲ့ မကောက်လို့ အမည်ရတဲ့ ဇနီးမောင်နှံနှစ်ဦး ရှိခဲ့ဖူးတယ်။ မကောက်က သဒ္ဓါစရိုက်ရှိသူပီပီ ဥပုသ်သီလ ဆောက်တည်တာကို ဝါသနာပါတယ်။ မောင်ပေါက်ကတော့ မကောက်နဲ့ညားပြီးကတည်းက တစ်ကြိမ်တစ်ခါမျှ ဥပုသ်စောင့်တာမျိုးမရှိဘဲဘာသိဘာသာပဲနေသတဲ့။

အဲဒီလို မောင်ပေါက် တစ်ခဏမျှ ဥပုသ်စောင့် မလိုက်တာကို မကောက်က မကြိုက် နှစ်သက်တော့ ဥပုသ်စောင့်ဖို့ မကြာခဏ တိုက်တွန်းတတ်ပါတယ်။ ဒါပေမဲ့ မောင်ပေါက် ကတော့ ဥပုသ်စောင့်ပါမယ်လို့လည်း အာမ မခံ၊ ဘာမျှလည်း ပြန်မပြောဘဲ ပြုံးရုံးပြုံးနေတတ်တယ်။ မကောက်လည်း မောင်ပေါက်ဟာ ဥပုသ်မစောင့်ရုံကလွဲပြီး အရက်မသောက်၊ ဖဲမရိုက်၊ အပျော်အပါး မလိုက်စားဘဲ အိမ်မှုကိစ္စအဝဝကို လေးစားမှန်မှန် ဆောင်ရွက်တတ်တာမို့ သူ့ယောက်ျားရဲ့ ပြန်မပြော၊ နားမထောင်ပုံစံကို ခွင့်လွှတ်နိုင်ပါတယ်။

ဒီလိုနဲ့ ဝါကျွတ်ဖို့ တစ်ဥပုသ်ပဲ လိုတော့တဲ့ သီတင်းကျွတ်လဆန်း (၈)ရက်နေ့မှာတော့ မကောက်က မောင်ပေါက်ကို ဥပုသ်စောင့်ဖို့ တိုက်တွန်း ပြန်ပါတယ်။ "ကိုပေါက်။ တော် ... ဒီလိုချည်းနေလို့ မဖြစ်ပါဘူး။ ဝါတွင်းမှာ ဥပုသ်လေးဘာလေး စောင့်ဦးမှပေါ့။ သူများကဲ့ရဲ့စရာဖြစ်နေပါ့မယ်။ သီလမရှိရင် အသက်မရှည်ဘူး ကိုပေါက်ရဲ့။ ကိုပေါက်လည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်ပဲ၊ ဒီလောက်တော့သိမှာပါ၊ မဟုတ်ဘူးလား။ ဒီဥပုသ်မှာ ကျုပ်နဲ့ အတူတူ ဥပုသ်လိုက်ခဲ့ပါနော်" ဆိုတော့၊ မောင်ပေါက်က "ဟ .. မကောက်ရဲ့ မင်းပြောတာကလွယ်တယ်၊ ငါက ဥပုသ်ကို တစ်ခါမျှ စောင့်ဖူးတာ မဟုတ်ဘဲ"လို့ ပြောသတဲ့။

ဒီအခါ ဇနီးမကောက်က "အမလေး ... ကိုပေါက်ရယ် .. ဥပုသ် သီလစောင့်တာများ ခက်တာမဟုတ်ပါဘူး။ ဘုန်းကြီးဆိုတဲ့အတိုင်း လိုက်ပြီး ဆိုရုံပါပဲ"လို့ သင်ပေးပါတယ်။ မောင်ပေါက်ကလည်း "ဟယ် .. ဒါလောက်လွယ်မှန်းသိရင် ငါဥပုသ် စောင့်ပါတယ်ဟယ်။ အစက ပြောရောပေါ့"လို့ ဆိုပြီး မကောက်ရဲ့ ပြောစကားအတိုင်း အဝတ်အစားလဲ၊ တဘက်ကလေး ခေါင်းပေါင်းကာ ဥပုသ်စောင့်ဖို့ ဘုန်းတော်ကြီး ကျောင်းကို

အစောကြီးရောက်သွားသတဲ့။
ဘုန်းကြီးကလည်း ကျောင်းကို တစ်ခါမျှ မလာဘူးတဲ့ မောင်ပေါက်ရောက်လာတာမို့ ဆီးကြိုပြီး နှုတ်ဆက်ပါတယ်။ အဲဒီအခါမှ အိမ်က ထွက်လာကတည်းက ဘုန်းကြီးဆိုသမျှ လိုက်ပြီးဆိုရမယ်လို့စိတ်ကူးထားတဲ့အတိုင်းဘုန်းကြီးနောက်က လိုက်ပြီးဆိုပါတော့တယ်။

"ဒကာမောင်ပေါက်ဥပုသ်စောင့်လာသလား"
"ဒကာမောင်ပေါက်ဥပုသ်စောင့်လာသလား"
"အို...ဒီကောင်ငါ့ပြောင်နေပြန်ပြီ"
"အို...ဒီကောင်ငါ့ပြောင်နေပြန်ပြီ"
"ဟဲ့..နင်ရူးများနေသလား"
"ဟဲ့..နင်ရူးများနေသလား"
"တယ်...ငါရိုက်မိပြန်တော့မယ်"
"တယ်...ငါရိုက်မိပြန်တော့မယ်"

ဒီလို ဘုန်းကြီးပြောသမျှ နောက်ကလိုက်ပြီး ဆိုနေတဲ့အခါ ဘုန်းကြီးက စိတ်တို လာပြီးတော့ မောင်ပေါက်ကိုထပြီး နပန်းလုံးပါရော။ ဒီအခါ မောင်ပေါက်ကလည်း ပြန်ပြီး နပန်းလုံးတာမို့ ဘုန်းကြီးနဲ့ မောင်ပေါက် ဘတစ်ပြန် ကျားတစ်ပြန် အထက်ရောက်လိုက် အောက်ရောက်လိုက်နဲ့ ဖြစ်နေတော့တာပေါ့။ တော်တော်ကြာတဲ့အခါ ကျောင်းပေါ်မှာ ဖျန်ဖြေသူလည်းမရှိ။ နှစ်ဦးသားလုံးလည်း အားအင်ကုန်ခန်း နွမ်းနယ်နုံးချည့်နေတာမို့ လူချင်းခွဲလိုက်ကြသတဲ့။

အဲဒီအခါ မောင်ပေါက်လည်း ခေါင်းကပြုတ်ကျနေတဲ့ တဘက်ကလေးကို ကောက်ယူပြီး မောမောပန်းပန်းနဲ့ အိမ်ပြန်လာခဲ့တာပေါ့။ ဒီလိုအိမ်ကို အစောကြီးပြန်လာတဲ့ မောင်ပေါက်ကိုကြည့်ပြီး "ဘာကြောင့် အစောကြီး ပြန်လာပါလိမ့်"လို့ တွေးနေတဲ့ မကောက်က "ဟင် .. ကိုပေါက် ... ပြန်လာတာစောလှချည်လား"လို့ မေးပါတယ်။ ဒီတော့ မောလွန်းလို့ ရေအိုးစင်မှာ ရေသောက်နေတဲ့ မောင်ပေါက်က "အေး ... စောစောပြန်လာလို့သာပေါ့ကွာ၊ မိုးများချုပ်ရင် သေရချည်ရဲ့"လို့ ညည်းညူပြီး ပြောတဲ့အခါ အကြောင်းစုံမသိသေးတဲ့ မကောက်က ထမင်းဆာတာကို ရည်ရွယ်ပြောတာမှတ်လို့ "ကိုပေါက်နယ်၊ ဆာတတ်လိုက်တာတော်၊ မနက် အစောကြီး

ရှိပါသေးတယ်”လို့ ပြောဆိုပါတယ်။ ဒီအခါ မောင်ပေါက်က “ဟော့ .. မကောက်၊ ဥပုသ်စောင့်တယ်ဆိုတာ မင်းပြောတော့ လွယ်လွယ်လေးရယ်၊ အမှန်တော့ မလွယ်လှဘူးခင်ဗျ။ နပန်းချတတ်မှဖြစ်တာ”လို့ပြန်ပြောလိုက်ပါသတဲ့။

ဒီပုံပြင်ကလေးနဲ့စပ်ပြီး ပြောလိုတာကတော့ ပုံပြင်ထဲက မောင်ပေါက်လို လူတွေဟာ အပြင်လောကမှာလည်း အထင်အရှား ရှိနေပါတယ်။ မောင်ပေါက်လောက် အမြီးအမောက်မတည့်၊ ကပေါက်တိ ကပေါက်ချာ မဖြစ်ရုံဘဲရှိပါတယ်။ သူတို့တစ်တွေလည်း သူများတွေ “ဥပုသ်စောင့်”ဆိုလို့သာ လိုက်ပြီးစောင့်ကြရတာပါ။ “အဖြူ၊ အမည်း” ကွဲကွဲပြားပြား နားလည်တာမျိုးလည်း မဟုတ်၊ အတိမ်အနက်ကို ဉာဏ်သက်ဝင်ပုံလည်း မရှိကြပါ။ နံနက်စောစော ဘုန်းတော်ကြီးကျောင်းကိုသွားပြီး သီလခံယူ။ စားသောက်ပြီးရင် လေကန်၊ အချိန်တန် ညနေစောင်းရင် စိပ်ပုတီး လက်ဆွဲပြီး အိမ်ပြန်လာရင် ‘ဥပုသ်သည်’ပီပြင်ပြီလို့ ခံယူထားကြတဲ့ သူတွေပဲ များပါတယ်။

တကယ်တော့ ဥပုသ်ရဲ့ အဓိပ္ပါယ်၊ ဥပုသ်စောင့်ခြင်းရဲ့ ရည်ရွယ်ချက်၊ ဥပုသ်သည်ရဲ့ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရ၊ စနစ်တကျ ဥပုသ်စောင့်ပုံအစီအစဉ်၊ ဥပုသ်အမျိုးမျိုး ကွဲပြားပုံနဲ့ ဥပုသ်ရဲ့ အကျိုးတွေဟာ အလေးအနက်ပြုထိုက်၊ မြတ်နိုးတန်ဖိုးထားထိုက်တဲ့ (မြန်မာ့ဓလေ့) ဘာသာရေး ယဉ်ကျေးမှု အမွေအနှစ်တွေပဲ ဖြစ်ပါတယ်။

*အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ ဩဂုတ်လ*

* ပေါများခြင်းနဲ့ကောင်းမြတ်ခြင်းကတော့ တခြားစီပဲ ဖြစ်ပါတယ်။

* မိမိအတွက်၊ အများအတွက်  အသုံးမဝင်တာတွေ စုပုံလာတဲ့အခါ ကိုယ့်ဘဝဟာလည်း မသိမသာ အမှိုက်ပုံဖြစ်လာတတ်ပါတယ်။

* အချို့လူတွေဟာ ပြင်ပအကြောင်းအရာ သူတစ်ပါးကိစ္စတွေကို အလွန်အကျွံ စိတ်ပါဝင်စားရင်းက ကိုယ့်ဘဝ၊ ကိုယ့်ကိစ္စ ကိုယ်ကျိုးစီးပွားတွေကိုပါ မေ့လျော့ကုန်ပါတယ်။

* ဒီတော့ အမှုမဲ့ အမှတ်မဲ့အချိန်တွေ လွင့်မျောကုန်ဆုံး သွားသလိုပဲ လူ့ဘဝရဲ့ အဖိုးတန် အခွင့်အရေးတွေဟာလည်း အချိန်နဲ့အတူ ပျောက်ကွယ်ပျက်သုဉ်းကုန်ပါတယ်။



ဒီတော့ ဘဝတစ်ကွေ့မှာ ခဏတွေ့ကြုံရသူအချင်းချင်း ကိုယ့်ကြောင့်လည်း သူ့(ကုသိုလ်)အထုပ်ပြည့်အောင်၊ သူကြောင့်လည်း ကိုယ့်(ကုသိုလ်)အထုပ် ပြည့်အောင်၊ ဖြည့်ဆည်းနိုင်သူ "ပါရမီဖြည့်ဖက်မျိုး" ပဲ ဖြစ်သင့်ပါတယ်။ ကိုယ့်ကြောင့် သူအထုပ်ပြေ၍ သူ့ကြောင့် ကိုယ့်အထုပ်ပျက်ရတဲ့ "ပါရမီဖျက် သူမျိုး" မဖြစ်စကောင်းပါ။

လူတွေရဲ့ (မျက်စိ၊ နားစတဲ့) အာရုံခံအင်္ဂါတွေဟာ ခန္ဓာကိုယ်ရဲ့ပြင်ပကို ဦးလှည့်ထားတာမို့ "လူဟာ ကိုယ့်ကိစ္စ၊ ကိုယ်သဘာဝထက် အခြားပြင်ပ အကြောင်းအရာတွေကို ပိုပြီး စိတ်ပါဝင်စားတယ်" ဆိုတဲ့ စကားဟာ မှန်ကောင်း မှန်ပါလိမ့်မယ်။ လူတွေဟာ မိမိကိစ္စ၊ မိမိသ ဘာဝကို မေ့လျော့ကာ သူတစ်ပါးကိစ္စ၊ သူတစ်ပါး သဘာဝတွေနဲ့ နေသားတကျ ဖြစ်နေပါပြီ။ ဒါပေမဲ့ မိမိဟာ "လောကရဲ့ဗဟိုသည်" အဖြစ်ကိုတော့ လုံးဝ မမေ့လျော့သင့်ကြပါ။ လူတိုင်း အကြောင်းကိုယ်စီနဲ့ ဒီဘဝကို ရောက်လာကြပြီး ကန့်သတ်ချိန်ကလေး စေ့သွားရင် ကိုယ်လည်း ကိုယ့်အထုပ်ကို ကိုယ်ထမ်းကာ ကိုယ့်လမ်းကို ပြန်ကြရပါမယ်။ သူလည်းပဲ သူ့အထုပ်သူထမ်းကာ သူ့လမ်းကိုသူ ပြန်ရမှာပါ။

တကယ်တော့ ယခုဘဝမှာ အချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံ နေရတာဟာ ကျေးဇူးတရား၊ ပြဟ္မစိုရ်တရားနဲ့ လောကရဲ့ဖွဲ့စည်း တည်ဆောက်ပုံအရ ကင်းကွာလို့ မရစကောင်းတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒီတော့ ဘဝတစ်ကွေ့မှာ ခဏတွေ့ကြရသူ အချင်းချင်း ကိုယ့်ကြောင့်လည်း သူ့(ကုသိုလ်) အထုပ်ပြည့်အောင်၊ သူ့ကြောင့်လည်း ကိုယ့်(ကုသိုလ်) အထုပ်ပြည့်အောင် ဖြည့်ဆည်းနိုင်သူ "ပါရမီဖြည့်ဖက်မျိုး"ပဲ ဖြစ်သင့်ပါတယ်။ ကိုယ့်ကြောင့် သူ့အထုပ်ပြေ၍ သူ့ကြောင့် ကိုယ့်အထုပ်ပျက်ရတဲ့ "ပါရမီဖျက်သူမျိုး" မဖြစ်စကောင်းပါ။

ဗုဒ္ဓယဉ်ကျေးမှုအရ အထက်တန်းကျတဲ့ လူနေမှုစနစ်ဟာ အစွန်းလွတ်ကျင့်စဉ် "မဇ္ဈိမပဋိပဒါ" ဖြစ်တာမို့ အတ္တ=ပရ ဘက်မျှစွာ ကျင့်ကြံရပါတယ်။ အတ္တဟိတ= ကိုယ်ကျိုးသက်သက် ကျင့်ဖို့ အားမပေးသလို ပရဟိတ=သူတစ်ပါး အကျိုးသက်သက်ကို ထမ်းဆောင်ဖို့လည်း မတိုက်တွန်းပါ။ အတ္တဟိတကြောင့် ပရဟိတ ထိခိုက်တာမျိုးကို မလိုလားသလို ပရဟိတကြောင့် အတ္တဟိတ ပျက်စီးတာမျိုးကိုလည်း မဖြစ်စေရပါ။

မွန်မြတ်သန့်စင်တဲ့ ဗုဒ္ဓယဉ်ကျေးမှုရဲ့ လှပတဲ့ အနှစ်သာရတစ်ခုဟာ "ဘဝဆင်းရဲ ဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်သေးလို့ သံသရာမှာ အတူတကွ ကျင်လည်ရစဉ် ကာလမှာ တွေ့ကြုံဆုံရသူအချင်းချင်း ကိုယ့်ကြောင့်လည်း သူချမ်းသာအောင် သူ့ကြောင့် လည်း ကိုယ်ချမ်းမြေ့အောင် နေထိုင်ကျင့်သုံးတတ်မှုပဲ" ဖြစ်ပါတယ်။

ယခုခေတ်ကို အချို့သူတွေက (Information age) သတင်းခေတ်လို့ ဆိုကြပါတယ်။ သူတို့ပြောတဲ့အတိုင်း သတင်းအချက်အလက်တွေကလည်း ရေဒီယို၊ စာနယ်ဇင်း၊ တီဗီတွေ ဂြိုလ်တုစလောင်းတွေ အင်တာနက်တွေမှနေ တစ်ဆင့် အလျှံပယ် ပေါ်ကြွယ်ဝလှပါတယ်။ အချိန်ပြည့် အရှိန်အဟုန်နဲ့ စီးဆင်းနေတဲ့ ဒီသတင်း အလျဉ်ထဲမှာ လူတွေရဲ့ ဘဝတွေဟာလည်း အထိန်းအချုပ်မဲ့ စီးဝင် မျောပါသွားနေပါတယ်။ ဒါကြောင့်မို့ ယခုခေတ်လူတွေဟာ "သတင်းတွေနဲ့ပဲ ရှင်သန်နေရတယ်"လို့ ဆိုရလောက်အောင် သူတို့ရဲ့ နိစ္စဓူဝ ကိစ္စတွေကို သတင်းအချက်အလက်တွေက လွှမ်းမိုးထားပါတယ်။

ဒါပေမဲ့ ပေါ်များခြင်းနဲ့ ကောင်းမြတ်ခြင်းကတော့ တခြားစီပဲ ဖြစ်ပါတယ်။ မိမိအတွက် အများအတွက် အသုံးမဝင်တာတွေ စုပုံလာတဲ့အခါ ကိုယ့်ဘဝဟာလည်း မသိမသာ အမှိုက်ပုံ ဖြစ်လာတတ်ပါတယ်။ အချို့လူတွေဟာ ပြင်ပအကြောင်းအရာ သူတစ်ပါးကိစ္စတွေကို အလွန်အကျွံ စိတ်ပါဝင်စားရင်းက ကိုယ့်ဘဝ၊ ကိုယ့်ကိစ္စ၊ ကိုယ့်အကျိုးစီးပွားတွေကိုပါ မေ့လျော့ကုန်ပါတယ်။ ဒီတော့ အမှုမဲ့ အမှတ်မဲ့အချိန်တွေ လွင့်မျောကုန်ဆုံးသွားသလိုပဲ လူ့ဘဝရဲ့ အဖိုးတန်အခွင့်အရေး တွေဟာလည်း အချိန်နဲ့အတူ ပျောက်ကွယ်ပျက်သုဉ်းကုန်ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဗန်းမော်ဆရာတော်ကြီး ပြောပြခဲ့ဖူးတဲ့ ပုံပြင်တစ်ပုဒ်ကို သတိရမိပါတယ်။

## သူတစ်ပါးမျှော်ကိုး ပန်းတွေညှိုး

ဟိုရှေးရှေးတုန်းက ရွာတစ်ရွာမှာ ပန်းသည်တစ်ဦးဟာ ပန်းရောင်းဖို့ ပန်းခြင်းကို ထမ်းပြီး ထွက်လာခဲ့ပါသတဲ့။ အဲဒီလိုလာရင်းနဲ့ ပန်းရောင်းသွားမယ့် ရွာကိုမရောက်ခင် အင်မတန် အရိပ်ကောင်းတဲ့ ကုက္ကိုလ်ပင်ကြီး တစ်ပင်အောက်မှာ ခဏလောက် အမောအပန်း ဖြေဦးမယ်ဆိုပြီး သစ်ပင်အောက်ဝင်ပြီး နားနေပါတယ်။

အဲဒီအချိန်မှာ ခါးပုံမှာနီးစည်းညှပ်ပြီး ပျိုးနုတ်ဖို့လာတဲ့ လူတစ်ယောက်ကလည်း အနီးအပါးက စပါးပျိုးခင်းကို ကြည့်ကာ ခဏဝင်ထိုင်လိုက်သတဲ့။ ပြီးတော့ ခါးပုံမှာ ပါလာတဲ့ နီးစည်းကို ဖြုတ်လိုက်ပြီး ပျိုးခင်းထဲမှာ ရေစိမ်ထားလိုက်ကာ ပါးစပ်ကလည်း " အင်း ...ဒီပျိုးခင်းလောက်တော့ ထမင်းစားပြီးမှ နုတ်လည်း တစ်ခဏပဲဟာ"လို့ ပြောပြောဆိုဆို ထမင်းထုပ်ကိုဖြေပြီး ထမင်းစားနေပါရောတဲ့။

ပန်းရောင်းသွားမယ့် ပန်းသည်ကလည်း အဲဒီပျိုးနုတ်မယ့်လူကို တစေ့တစောင်း အကဲခတ်ကြည့်ပြီးတော့" အင်း ..ဒီလယ်သမားဟာ တော်တော်ပျိုးနုတ် သန်ပုံရတယ်။ ဒီလောက်များတဲ့ ပျိုးခင်းကို တစ်ခဏနဲ့ပြီးအောင် နုတ်မယ့်ဟန်ရှိတယ်။ စောင့်ကြည့်ရရင် ကောင်းမှာပဲ" ဆိုပြီး စောင့်ကြည့်ဖို့ စိတ်ကူးနေသတဲ့။ ရှေးတုန်းကတော့ ပျိုးနုတ်ကောင်းတာဟာ တောင်သူလယ်သမားတွေအဖို့ ဂုဏ်ယူစရာလည်းဖြစ်၊ တစ်ယောက်နဲ့ တစ်ယောက် အတုယူအပ်တဲ့ လုပ်ငန်းလည်းဖြစ်တာမို့ လယ်ထဲမှာ ပျိုးနုတ်ကောင်းသူ ပျိုးနုတ်နေပြီဆိုရင် အခြားလယ်သမားတွေက စောင့်ကြည့်ကြ၊ အတုခိုးကြတဲ့ထုံးစံရှိတယ်။

ဒါကြောင့်မို့ အခုလည်းပဲ ပန်းသည်က ပျိုးနုတ်ကောင်းသူတော့ တွေ့ပြီထင်တာနဲ့ မျှော်လင့်တကြီး စောင့်ပြီးကြည့်တာပေါ့။ ပျိုးနုတ်မယ့်သူဟာ ထမင်းစားပြီးတော့လည်း ပျိုးနုတ်ဖို့မပြင်သေးဘဲ ခေါင်းပေါင်းလာတဲ့ပုဆိုးစကို ဖြုတ်ပြီး သစ်ပင်ရင်းက သစ်မြစ်ကြီး တစ်ခုပေါ်မှာ ခေါင်းအုံးပြီးပါလာတဲ့ ဆေးပေါ့လိပ်ကလေးကို မီးညှိကာ တစ်ဖွာနှစ်ဖွာ ရှိုက်လိုက်ရင်း " အင်း .. ဒီပျိုးခင်းလောက်တော့ နေအေးမှနုတ်ဦးတော့ တစ်ခဏပဲ"လို့ ပြောပြောဆိုဆို လှဲအိပ်နေပါသတဲ့။

မကြာခင်မှာပဲ ဟောက်သံတွေပေးပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာပဲ။ ပျိုးနုတ်ပုံကို မျှော်လင့်တကြီး စောင့်ကြည့်ချင်နေတဲ့ ပန်းသည်ကတော့ စိတ်မပျက်သေးဘူးတဲ့။ "စောင့်လက်စနဲ့ ဆက်ပြီး စောင့်ကြည့်ဦးမှာပဲ။ ဘာပဲဖြစ်ဖြစ် ကြည့်ခွင့်ရရင် စောင့်ရကျိုးနပ်မှာပဲ။ တစ်ခဏလောက် ကြည့်ပြီးမှပဲ ပန်းရောင်းသွားတော့မယ်"လို့ ဆုံးဖြတ်ပြီး အထင်တကြီးနဲ့ စောင့်မြဲတိုင်း စောင့်ကြည့်နေတာပဲတဲ့။

ပျိုးနုတ်မယ့်လူကလည်း အိပ်ကောင်းကောင်းနဲ့ အိပ်ပျော်နေလိုက်တာ နေအတော်စောင်းသွားမှအိပ်နေရာကနိုးသတဲ့။ အိပ်ရာက နိုးတယ်ဆိုရင်ပဲ အိပ်ရာမှထကာ ပုဆိုးစကို ခေါင်းမှာပြန်ပေါင်းပြီး ပျိုးခင်းထဲမှာ ရေစိမ်ထားတဲ့ နှီးစတွေကို ကောက်ယူပြီးတော့ အင်း .. နေများ တယ်ကျလွယ်တာကိုး၊ မကြာခင်နေဝင်တော့မယ်။ အခုပျိုးနုတ်ရင် အချိန်မီပြီးမှာ မဟုတ်တော့ဘူး။ မနက်ဖြန် မနက်စောစောမှပဲ နုတ်တော့မယ်"လို့ ပြောဆိုကာ ထမင်းထုပ်ကလေးထမ်းပြီး သွားပါရောတဲ့။

အဲဒီတော့မှ အထင်တကြီးနဲ့ စောင့်နေတဲ့ ပန်းသည်လည်း မျှော်လင့်ချက်ပျက်ပြီး နောင်တရသတဲ့။ ပန်းရောင်းသွားဖို့ အချိန်ကလည်း မရှိတော့ဘူး၊ ပန်းတွေကလည်း ညှိုးနွမ်းကုန်ပြီမို့ "ဖွတ်မရ၊ ဓားမဆုံး" ကိန်းနဲ့ ကြုံရတော့တာကိုး။ ဒါကြောင့်မို့ "သူတစ်ပါးမျှော်ကိုး ပန်းတွေညှိုး" လို့ပြောတာပေါ့နော်။

ဒီပုံပြင်ကလေးနဲ့ ပတ်သက်ပြီး တွေးမိတာတွေကတော့(၁)ပုံပြင်ထဲက ပန်းရောင်းသွားမယ့် ပန်းသည်လိုပဲ မိမိတို့ဟာလည်း ဒီလောကကို ရည်ရွယ်ချက်တစ်ခုနဲ့ ရောက်လာသူတွေဖြစ်ကြောင်း။ (၂)ပုံပြင်ထဲက ပန်းသည်ကြီးဟာ ပျိုးနုတ်သမားကို အထင်ကြီး စိတ်ဝင်စားမိလို့ ကိုယ်ရဲ့ လာရင်းကိစ္စကို မေ့လျော့သွားသလို မိမိတို့ဟာလည်း ပတ်ဝန်းကျင်မှာ ဝန်းရံနေတဲ့ (မိမိအကျိုး၊ လောကအကျိုး၊ သာသနာ့အကျိုးကို မတိုးပွားစေတတ်တဲ့) သတင်း အချက်အလက်တွေကို စိတ်ပါဝင်စားရင်းက ဘဝရဲ့ အစစ်အမှန် သဘာဝတွေကို မေ့လျော့ သွားစေနိုင်ကြောင်းနဲ့ (၃)နောက်ဆုံးမှာတော့ ပန်းသည်ကြီး ကြုံရတဲ့ အဖြစ်မျိုးလိုပဲ မိမိတို့လည်း ဘဝနေဝင်ချိန်မှာ သူတော်ကောင်းတရားဟူသော အဖိုးအခကို ရစေနိုင်တဲ့ လူ့ဘဝရဲ့ အမြတ်ဆုံးရောင်းကုန်" ပါရမီ ကုသိုလ်ပန်း"တွေ ညှိုးနွမ်းနေတဲ့အဖြစ်မျိုး ရင်ဆိုင်တွေ့ကြုံ နိုင်ကြောင်းတို့ပဲ ဖြစ်ပါတယ်။

*အဥ္စမာဒမွေရှာသမဂ္ဂဇင်း၊ ၂၀၀၁နှစ်၊ စက်တင်ဘာလ*

မကောင်းမှု အကုသိုလ် မျိုးစေ့မှန်သမျှဟာ အတ္တဒိဋ္ဌိမိုးမိပါမှ အပင်ပေါက်ကြီး ထွားနိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် အတ္တဒိဋ္ဌိ မစင်သေးရင် ဒုစရိုက်နဲ့ မကင်းနိုင်ပါဘူး။ ဒုစရိုက်တွေကို မပယ်နိုင်သေးသမျှ အပါယ်ဘေးကလည်း မလွတ်မြောက်နိုင်သေးပါဘူး။

ပိဋကစာပေများမှာ တဏှာ၊ မာန၊ ဒိဋ္ဌိတရား (၃)ပါးကို ဘဝသံသရာ နယ်နိမိတ် ရှည်လျား ကျယ်ပြန့်အောင် ချဲ့ထွင်ပေးတတ်တဲ့ ပပဉ္စ (သံသရာ နယ်ချဲ့တရား)လို့ ဖော်ပြထား ပါတယ်။ ဘဝရဲ့အလျဉ် ကြောင်းကျိုးဖြစ်စဉ်ထဲမှာ ဒိဋ္ဌိက "အတ္တ= ငါကိုဖြစ်ပေါ်စေပြီး၊ တဏှာက အတ္တနိယ= ငါ့ဥစ္စာ"ကို ဖြစ်ပေါ်စေပါတယ်။ မာနကတော့ အဲဒီငါ ငါ့ဥစ္စာကို "ငါ့ဘဝ"အဖြစ် အခိုင်အမာ တည်ဆောက်ကာ ထောင်လွှားတက်ကြွခြင်း သဘောကို ဖြစ်ပေါ်စေပါတယ်။ အဲဒီ (၃)ပါးမှာ အတ္တကို ဖြစ်ပေါ်စေတဲ့ဒိဋ္ဌိ(တစ်နည်း) "အတ္တဒိဋ္ဌိ=ငါစွဲ"ဟာ ခေါင်းချုပ်ဖြစ်ပါတယ်။

ဘဝသံသရာ ပင်လယ်ကြောမှာ မျောပါနေကြရသူတွေအဖို့ အတ္တဒိဋ္ဌိဆိုတာ အင်မတန် ကြမ်းတမ်းခက်ထန်တဲ့ မုန်တိုင်းကြီးနဲ့တူသလို အလွန်ကြီးမား ကျယ်ပြောတဲ့ ဝဲသြဃကြီး တွေက လွင့်ပစ်လိုက်တိုင်း လွင့်မျောနေရ၊ စုပ်ယူသွားတိုင်း နစ်မြုပ်နေရပါတယ်။ ဒါကြောင့် မဆုံးနိုင်တဲ့ "ဒီဘဝသံသရာဇာတ်ကားကြီး"ကို တကယ်တမ်း ရိုက်ကူးနေတဲ့ ဒါရိုက်တာဟာ ဆရာကြီးဦးသုခမဟုတ်ပါ။ "အတ္တဒိဋ္ဌိ"ပဲ ဖြစ်ပါတယ်။

ဒီအတ္တဒိဋ္ဌိဆိုတဲ့ မြားတစ်ချောင်း စူးဝင်နေပြီဆိုရင် ဘယ်သူမျှ သံသရာမှာ အေးအေး သက်သာနေခွင့်၊ စိတ်ချလက်ချ နေခွင့်ဆိုတာ မရှိပါဘူး။ အတ္တဒိဋ္ဌိဟာ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတွေရဲ့ အဓိကလက်သည် တရားခံပါ။ ယုတ်ညံ့တဲ့ မကောင်းမှု၊ အကုသိုလ်၊ ဒုစရိုက် အမျိုးမျိုးတွေဟာ အတ္တဒိဋ္ဌိကို အခြေခံပြီးမှ ဖြစ်ပေါ်လာကြတာတွေပါ။ တစ်နည်း ပြောရရင် မကောင်းမှုအကုသိုလ် မျိုးစေ့မှန်သမျှဟာအတ္တဒိဋ္ဌိမိုးမိပါမှ အပင်ပေါက် ကြီးထွား နိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် အတ္တဒိဋ္ဌိ မစင်သေးရင် ဒုစရိုက်နဲ့

မကောင်းနိုင်ပါဘူး။ ဒုစရိုက်တွေကို မပယ်နိုင်သေးသမျှ အပယ်ဘေးကလည်း မလွတ်မြောက်နိုင်သေးပါဘူး။

ဒီတော့ အတ္တဒိဋ္ဌိရှိနေရင် လူအဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာအဖြစ်နဲ့ ဘယ်လောက်ပဲ ကြီးကျယ်ကြီးကျယ် အရှိန်ပြယ်တဲ့အခါ အပါယ်ကျရဦးမှာမို့ အာမခံချက်ရှိတဲ့ဘဝမျိုး ဘယ်လိုမှ မရနိုင်ပါ။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာကလည်း အတ္တဒိဋ္ဌိကို ပယ်သက်ဖို့အရေးဟာ "ရင်ဝလှံစူး၊ ဦးထိပ် မီးလောင်"တာထက် ပိုပြီး အရေးကြီးကြောင်း ညွှန်ပြတော်မူခဲ့ပါတယ်။ အတ္တဒိဋ္ဌိဟာ သမုတိသစ္စာအနေနဲ့ လောကီနယ်ပယ်မှာ အထိုက်အလျောက် နေရာရနိုင်ပေမယ့် လောကုတ္တရာနယ်ပယ် ပရမတ္ထသစ္စာအရာမှာတော့ လုံးဝနေရာမရှိပါ။ လောကီနယ်ပယ်မှာ အတ္တကြီးစိုးပြီး လောကုတ္တရာနယ်မှာတော့ အနတ္တကြီးစိုးနေပါတယ်။ "အတ္တဒိဋ္ဌိ = ငါစွဲ "ဟာ "ပုဂ္ဂိုလ် သတ္တဝါ-ငါ"ဆိုတဲ့ အနက်အဓိပ္ပါယ်ကို ပြဆိုတာမို့ ဖောက်ပြန်တဲ့ အမှတ်သညာ၊ မှားယွင်းတဲ့ အတွေးအခေါ်ကို ဖြစ်စေပါတယ်။ ဒီအတွက် အတ္တဒိဋ္ဌိဟာ လေးနက်သိမ်မွေ့တဲ့ တရားသဘော (ပရမတ္ထ) အရာမှာ လွန်စွာ အနှောင့်အယှက် ဖြစ်စေပါတယ်။ သတ္တဝါတွေကို ပုထုဇဉ် ဇာတ်သွင်းပြီး ကိလေသာမာရ်နတ်မင်းရဲ့ လက်အောက်မှာ ပြားပြားဝပ်နေစေတာလည်း သူ့လက်ချက်ပါပဲ။

တကယ်တော့ ဒီအတ္တဒိဋ္ဌိ = ငါစွဲဟာ မြင့်မြတ်သူတို့ ပျော်စံရာ အရိယာဘုံဘဝကို တားဆီးပိတ်ဆို့ထားတဲ့ တံခါးသော့ခလောက်ကြီး တစ်ခုပါ။ ဒီသော့ခလောက်ကြီးကို ရိုက်ချိုး ဖယ်ရှား၊ ဖျက်ဆီးပစ်နိုင်မှသာ သူတော်သူမြတ်တွေဟာ လောကုတ္တရာနယ်ပယ်ထဲကို ဝင်ရောက်ခွင့်ရပြီး "နိဗ္ဗာန်" ဆိုတဲ့ ရွှေပြည်နန်းမှာ ခိုဝင်စံမြန်းနိုင်ကြရမှာပါ။ ဒါကြောင့်ပဲ အဂ္ဂမဟာပဏ္ဍိတ၊ ကျေးရှုးရှင်မိုးကုတ် ဆရာတော်ကြီးဟာ ဝိပဿနာတရားပွားများ အားထုတ်မယ့်သူတွေကို တရား မရှုမှတ်ခင်ကနဦးမှာပဲ ဒီအတ္တဒိဋ္ဌိကို ဗဟုသုတအသိနဲ့ အရင်ဆုံး ပယ်ရှားထားဖို့ သတိပေးဆုံးမလေ့ ရှိပါတယ်။ ဒီအကြောင်းနဲ့ဆက်စပ်ပြီး ပုံပြင်ကလေးတစ်ပုဒ်ပြောပြချင်ပါတယ်။ ဒီပုံပြင်ကို ရတနာပုံနေပြည်တော်ခေတ်က ဒက္ခိဏာရာမတိုက် ဘုရားကြီးဆရာတော် ဟောပြတော်မူခဲ့တာပါ။



## နိဗ္ဗာန်လိုချင်ရင် ငါ့ကိုမကြိုက်နဲ့

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ အတော်အတန် ကြွယ်ဝချမ်းသာတဲ့ တောင်သူကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ အဲဒီ တောင်သူကြီးဟာ မိမိမှာရှိတဲ့ ဥစ္စာဓနတွေကို ကောင်းမှုကုသိုလ် ပြုလိုတာကြောင့် ရွာဦးမှာ ဘုန်းကြီးကျောင်း တစ်ကျောင်း ဆောက်လုပ်ပြီး သံဃာတော်

အရှင်မြတ်တစ်ပါးကို ကျောင်းထိုင်ဘုန်းကြီးအဖြစ် ပင့်ဆောင်ကာ ဆက်ကပ်လှူဒါန်းထားတာပေါ့။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူထားတဲ့ တောင်သူကြီးဟာ နေ့စဉ်နံနက်တိုင်း ကျောင်းကို ဆွမ်းအုပ်ပို့ပေးဖို့ သူတို့ရဲ့တစ်ဦးတည်းသော သမီးပျိုကလေးကို တာဝန်ပေးပါတယ်။ အသက် (၁၇)နှစ်သာ ရှိသေးတဲ့ ကျောင်းဒကာရဲ့ သမီးပျိုကလေးဟာ ငယ်ရွယ်သူဖြစ်ပေမယ့် သတိပဋ္ဌာန် ဝိပဿနာတရားတွေကို အားထုတ်ထားပြီးသူ ဖြစ်တာမို့ အရွယ်နဲ့ မလိုက်အောင် တတ်သိလိမ္မာသူလေးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းဒကာရဲ့ သမီးကလေးဟာ နေ့စဉ်ကျောင်းကို ဝတ်မပျက် ဆွမ်းပို့သွားရင်းက သူမ မသိတာတွေကိုလည်း ဘုန်းကြီးထံ မေးလျှောက်လေ့ရှိပါတယ်။

တစ်နေ့တော့ ကျောင်းဒကာရဲ့သမီးဟာ ဘုန်းတော်ကြီးကို "အရှင်ဘုရား၊ ဒီကျောင်းက ဘယ်သူ့ကျောင်းလဲ ဘုရား" လို့ မေးလျှောက်ပါတယ်။ ဒီအခါ ဘုန်းတော်ကြီးက "နင့်မိဘများက ငါ့ကို ရေစက်ချပြီး လှူထားတာပဲ၊ ငါ့ကျောင်းပေါ့ဟ"လို့ အဖြေပေးပါတယ်။ နောက်နေ့တွေမှာလည်း ကျောင်းဒကာရဲ့သမီးလေးဟာ ဘုန်းတော်ကြီးကို မေးခွန်းတွေ မေးပြန်ပါတယ်။

"အရှင်ဘုရား၊ ဒီသင်္ကန်းတွေက ဘယ်သူ့သင်္ကန်းတွေလဲ ဘုရား"

"ငါဝတ်နေတာ၊ ငါ့သင်္ကန်းတွေပေါ့ဟ"

"ဒီသပိတ်ကရော ဘုရား"

"ငါဆွမ်းခံတဲ့သပိတ်၊ ငါ့သပိတ်ပေါ့"

"ဒါဖြင့်ရင် ဒီကျောင်းဝိုင်းထဲက သစ်ပင်တွေကရော"

"ငါ့ ကျောင်းဝိုင်းထဲရှိတဲ့ အပင်တွေ ငါ့အပင်ပေါ့ဟ"

ဒီလိုဘုန်းကြီးက မေးခွန်းတွေဖြေတိုင်း "ငါ့ဥစ္စာ ငါ့ပစ္စည်း"လို့ "တစ်ငါတည်း ငါ"နေတဲ့အခါ ကျောင်းဒကာရဲ့ သမီးက "အရှင်ဘုရား၊ ဒါဆိုဘာကြောင့် ဘုန်းကြီးဝတ်နေပါသလဲ ဘုရား" လို့ ထပ်ပြီး မေးလျှောက်ပြန်တယ်။ စိတ်တိုနေတဲ့ ဘုန်းကြီးက "နိဗ္ဗာန်မဂ်ဖိုလ်လိုချင်လို့ပေါ့ဟ"လို့ ခပ်ထန်ထန်ပဲ မိန့်တော်မူပါတယ်။

ဒီအခါမှာ ကျောင်းဒကာရဲ့သမီးက "အရှင်ဘုရား နိဗ္ဗာန်လိုချင်တယ်ဆိုရင် ငါ့ကိုမကြိုက်ပါနဲ့" လို့ ဘုန်းတော်ကြီးကို လျှောက်ထားပြီး ဆွမ်းအုပ်ကို ခေါင်းပေါ်ရွက်ကာ ခပ်သုတ်သုတ်ပဲ ကျောင်းပေါ်က ဆင်းသွားသတဲ့။ ဘုန်းတော်ကြီးကတော့ "ငါ့ကိုမကြိုက်နဲ့"လို့ လျှောက်သွားတဲ့ ကျောင်းဒကာသမီးရဲ့ စကားကိုပဲ စဉ်းစားရင်း ငေးပြီးကျန်ခဲ့တာပေါ့။

ဘုန်းတော်ကြီးဟာ မိမိရဲ့ အကျင့်သိက္ခာနဲ့ ကျောင်းဒကာ သမီးအပေါ် ဆက်ဆံပြောဆိုပြုမူခဲ့တာတွေကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါ အမှားအယွင်း တစ်ခုမျှ မတွေ့ရဘူးတဲ့။ ဒီလိုဖြစ်ပါလျက်နဲ့ ကျောင်းဒကာရဲ့ သမီးက သူ့အပေါ် မဆီမဆိုင် စွပ်စွဲပြောဆိုသွားတာကို တွေးမိပြီး ရှက်လွန်းတာမို့ ဆွမ်းစားလည်းပျက်၊ ကျိန်းစက်လို့လည်း မပျော်ဖြစ်ကာ ကပ္ပိယကြီးကိုခေါ်ပြီး အကြောင်းစုံ ပြောပြသတဲ့။

ကပ္ပိယကြီးလည်း ဒီကိစ္စကို အမြန်ဖြေရှင်းမှပဲ ဘုန်းကြီးအသက်ရှည်မယ်၊ ဒီလိုမှမဟုတ်ရင် အခက်တွေ့တော့မယ်လို့ ယူဆပြီး ကျောင်းဒကာအိမ်ကိုသွားပြီး အကျိုးအကြောင်း ပြောပြတာပေါ့။ ဒီအခါ ကျောင်းဒကာလည်း မိမိရဲ့သမီးဟာ တတ်သိလိမ္မာသူဖြစ်တာမို့ "အကြောင်းမဲ့တော့ မဖြစ်တန်ရာ၊ အကြောင်းတစ်ခုခုတော့ရှိမှာပဲ"လို့ တွေးပြီး သမီးအပေါ် ရုတ်တရက် အပြစ်မတင် မပြောဆိုသေးဘဲ အိမ်သူဇနီးကိုသာ ဒီအကြောင်း စုံစမ်းဖို့ ပြောကြားလိုက်ပါတယ်။

ကျောင်းဒကာမကြီးလည်း "မိမိရဲ့သမီးဟာ ဒီလောက်တော့ မမိုက်မဲပါဘူး။ အကြောင်းရှိလို့သာ ဖြစ်ရမယ်"လို့ တွေးကာ သမီးကို ချော့မော့ပြီး ဘုန်းတော်ကြီး ကျောင်းမှာ

ဖြစ်ပျက်ခဲ့ပုံကို မေးမြန်း စုံစမ်းပါတယ်။ ဒီအခါ သမီးဖြစ်သူက "ဘုန်းတော်ကြီးကို တရားပြခဲ့တာ" ဖြစ်ကြောင်း ကြီးကြီးကျယ်ကျယ် ပြောလိုက်လို့ အမေဖြစ်သူ ကျောင်းဒကာမကြီးဟာ မျက်လုံး မျက်ဆံပြူးသွားတဲ့အထိ အံ့အားသင့်သွားရသတဲ့။

"ဟဲ့ ညည်းကိုသာ ဘုန်းကြီးက တရားပြရမှာ၊ ဘယ်နယ့်လုပ်ပြီး ညည်းက ဘုန်းကြီးကို တရားပြန်ပြခဲ့ရတာတုံး"

"ဒီလိုပါ အမေရယ်။ ကျမ ဆွမ်းပို့သွားတိုင်း 'အရှင်ဘုရား၊ ဒီကျောင်းက ဘယ်သူ့ကျောင်းလဲ ဘုရား' လို့ မေးရင် ဘုန်းကြီးက 'ငါ့ကျောင်း'၊ 'ဒီသင်္ကန်းက ဘယ်သူ့သင်္ကန်းလဲဘုရား'လို့ မေးရင်လည်း 'ငါ့သင်္ကန်း'၊ ဒီလိုနဲ့ တွေ့သမျှ၊ မြင်သမျှ၊ မေးမိတဲ့ အရာဝတ္ထုတိုင်းကို ဘုန်းကြီးက 'ငါ့ ပစ္စည်း၊ ငါ့ဥစ္စာ'နဲ့ တစ်ငါတည်း ငါနေတာမို့ ဒီလောက်တောင် 'ငါ'စွဲနေရင် နိဗ္ဗာန်နဲ့ ဝေးတော့မှာမို့ 'အရှင်ဘုရား နိဗ္ဗာန်လိုချင်ရင် ငါ့ကို မကြိုက်ပါနဲ့' လို့ ငါစွဲ = အတ္တဒိဋ္ဌိကို ဖြုတ်ဖို့ သတိပေး လျှောက်ထားခဲ့တာပါ'"လို့ ကျောင်းဒကာမကြီးကို အသေအချာ ရှင်းလင်းပြောပြပါတယ်။

အဲဒီလို သမီးဖြစ်သူက တရားကြောင်းနဲ့ ဖြေရှင်းပြလိုက်မှ အားလုံးက သဘောပေါက် နားလည်သွားကြပြီး ကျောင်းသို့သွားကာ ဘုန်းတော်ကြီးကိုလည်း အကြောင်းစုံ လျှောက်ထားကြပါတယ်။ အဲဒီ အခါကျမှ ဘုန်းတော်ကြီးကလည်း ပြုံးတော်မူနိုင်ပြီး "အင်း ... ဒီလိုဆိုတော့လည်း ကျောင်းဒကာရဲ့သမီး ပြောတာမှန်သဗျ"လို့ လက်ခံတော်မူလိုက် ရပါတယ်။

ဒီပုံပြင်ကလေးရဲ့ အဓိကဆိုလိုချက်ကတော့ နိဗ္ဗာန်၊ မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ချင်သူတွေဟာ ငါ၊ ငါ့ဥစ္စာ၊ ငါ့ဘဝဆိုတဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အစွဲတွေကို မလွဲမသွေ ဖြုတ်ပယ်ပစ်စေဖို့ပါပဲ။ တကယ်တော့ ဒီအတ္တဒိဋ္ဌိ = ငါစွဲကြီးတာဟာ လောကီမှာဖြစ်စေ၊ လောကုတ္တရာမှာ ဖြစ်စေ နည်းလေကောင်းလေပါပဲ။ များသော အားဖြင့် လူတွေရဲ့ နလုံးသားကို အတ္တဒိဋ္ဌိ = ငါစွဲက နေရာပြည့်၊ အချိန်ပြည့်၊

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

စိုးမိုးထားတာမို့ စိတ်ကောင်းနဲ့ အသိဉာဏ် ဖြစ်ပေါ်ဖွံ့ဖြိုးဖို့ နေရာလွတ်၊ အချိန်အားဆိုတာ မရှိသလောက် ဖြစ်နေပါတယ်။

ဒီအတ္တဒိဋ္ဌိ စည်းရိုးကို နည်းနည်းချင်း ဖျက်ချိုးပေးနိုင်တာနဲ့အမျှ လူ့နှလုံးသားမှာလည်း ပြဟ္မစိုရ်နဲ့ သူတော်ကောင်းတရားတွေ ရှင်သန်ပေါက်ဖွားဖို့ နေရာလွတ်နဲ့ အချိန်အားတွေ မုချပေါ်ပေါက်လာမှာပါ။ လူတွေရဲ့ နှလုံးသားမှာ မေတ္တာ၊ ကရုဏာနဲ့ သူတော်ကောင်း တရားတွေ စည်ပင်ဝေဆာနေမှ ဒီကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာပြီး လုပနေနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေး လိုလားသူတိုင်းဟာ ဒီငါစွဲ = အတ္တဒိဋ္ဌိကို မကြိုက် နှစ်သက်ကြဖို့ တကယ်ပဲ လိုအပ်လှပါတယ်။

*အပွမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ အောက်တိုဘာလ*



သည်းခံခြင်း=ခန္တီတရားဟာ သူတော်ကောင်းတရားကို အင်အားဖြစ်စေပြီး ဘဝကို ချမ်းမြေ့စေပါတယ်။ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်ကူးလူးမှုကို ချောမွေ့စေပြီး စိတ်ဓာတ်နဲ့ အသိဉာဏ်ကိုလည်း လွတ်လပ်ပွင့်လင်းကြွယ်ဝ ပြည့်စုံစေပါတယ်။

ဘဝရဲ့ "မရှိမဖြစ်အရည်အသွေး"တွေထဲမှာ သတ္တိဟာ ထိပ်ဆုံးက ပါပါတယ်။ သတ္တိထဲမှာလည်း ပြုလုပ်ရဲတဲ့သတ္တိထက် ခံနိုင်ရည်ရှိမှု သတ္တိက ပိုပြီးအဆင့်အတန်းမြင့်တာပါ။ ပြုရဲတဲ့သတ္တိကို ပါဠိဘာသာနဲ့ "ဝီရိယ"လို့ ခေါ်ပြီး၊ ခံယူရဲတဲ့ သတ္တိကိုတော့ "ခန္တီ"လို့ ခေါ်ပါတယ်။ အဲဒီ (၂)ခုလုံးဟာ မြင့်မြတ်သူတို့ လျှောက်လှမ်းရာ ပါရမီလမ်းခရီးမှာတော့ မပါရင် မပြီးတဲ့ အရာတွေ ဖြစ်ပါတယ်။

"ခန္တီပရမံ တပေါတိ တိက္ခာ = အထက်တန်းကျ မြင့်မြတ်တဲ့ အကျင့် တွေထဲမှာ ခန္တီဟာ အသာလွန်ဆုံး"လို့ ဩဝါဒပါတိမောက်မှာ ဗုဒ္ဓမြတ်စွာပဟောမိန့်တော်မူခဲ့ပါတယ်။ ခန္တီတရားဟာ တကယ်တော့ ဘဝရဲ့ မင်္ဂလာပါ။ သူ့မှာ မြင့်မားတဲ့ဂုဏ်သိက္ခာနဲ့ ထည်ဝါတဲ့ ကျက်သရေရှိပါတယ်။ ကုသိုလ်ကောင်းမှု ဟူသမျှရဲ့ မူလရေသောက်မြစ်ဟာ ခန္တီပါ၊ မြင့်မြတ်မှု အသီးအပွင့် မှန်သမျှဟာ ခန္တီပေါ်မှာ မှီတည်ပြီးမှ ရှင်သန်ပေါက်ဖွား လာကြရတာပါ။ ဒါကြောင့်ခန္တီဟာ ကြီးကျယ်မြင့်မြတ်မှုကို တိုင်းတာနိုင်တဲ့ ပေတံတစ်ခုပါ။ သူတော်သူမြတ်တစ်ဦးရဲ့ ဂုဏ်ရည်ကို ဒီပေတံနဲ့ တိုင်းတာသတ်မှတ် ဆုံးဖြတ်နိုင်ပါတယ်။

ခန္တီကို သည်းခံခြင်းလို့ တိုတိုကျဉ်းကျဉ်း မြန်မာ ပြန်ဆိုနိုင်ပေမယ့် သူရဲ့အနက်အဓိပ္ပါယ်ဟာ အလွန်ကျယ်ပြန့်ပါတယ်။ ပါဠိကျမ်းစာတွေကတော့ ခန္တီရဲ့ ပင်ရင်းအနက်အဓိပ္ပါယ်ကို "အဒေါသ = ဒေါသမရှိတဲ့ အခြေအနေ"လို့ ဖွင့်ဆို ပြောဆို ဖော်ပြကြပါတယ်။ ဆိုလိုတာကတော့ သာမန်ပုထုဇဉ်တွေမှာ မိမိကိုယ်မိမိ ချစ်သူတွေကို၊ မိမိရဲ့အခွင့်အရေးတွေကို သူတစ်ပါးက မတရားစော်ကား လွန်ကျူးလာရင် ဒေါသနဲ့ လက်တုံ့ပြန်တတ်ကြပါတယ်။ သူတော်ကောင်းတွေမှာတော့ အဲဒီလိုမျိုး အစော်ကားခံရတဲ့အခါ ဘဝနဲ့လောကရဲ့ သဘာဝ ဖြစ်ရပ်မှန်တွေကို နှောကျေအောင် သိထားကြတာမို့ "အရာအားလုံးကို ခွင့်လွှတ်ခြင်းဟာ အရာအားလုံးကို နားလည်ခြင်းပဲဖြစ်တယ်" ဆိုတဲ့

စကားပုံအတိုင်း အခြေအနေ အရပ်ရပ်ကို ဒေါသမထွက် မေတ္တာမပျက်ဘဲသည်းခံနားလည် ခွင့်လွှတ်နိုင်ကြပါတယ်။

ဒါကြောင့် ခန္တီစစ်စစ်ဟာ တန်ခိုးအလွန်ကြီးပါတယ်။ တကယ်တော့ စိတ်နေသဘောထားကြီးမားခြင်းကို အလယ်မှာထားပြီး မေတ္တာ၊ ကရုဏာနှင့် ဉာဏ်ပညာတို့ကို တစ်ဖက်တစ်ချက်စီမှ ခြံရံကာ ထွက်ပေါ်လာတတ်တဲ့ ဒီ "ခန္တီနတ်မင်းကြီး"ဟာ လောကပါလ = လောကစောင့် နတ်မင်းကြီး အစစ်ဖြစ်ပါတယ်။ ဒီနတ်မင်းကြီးကပဲ လောကမှာအဓမ္မဝါဒတွေ မထွန်းကားအောင် အစွန်းမထွက်တဲ့နည်းနဲ့ တားဆီးကာကွယ်ပေးနိုင်မှာပါ။ အဓမ္မကို ဓမ္မနဲ့ပဲအောင်မြင်နိုင်ပါတယ်။ ဒီအတွက် မတရားမှုတွေကို သည်းခံမှုနဲ့ပဲ သူတော်သူမြတ် အစဉ်အဆက်တို့ဟာ ပျောက်ကွယ် ချုပ်ငြိမ်းသွားစေခဲ့ ကြတာဖြစ်ပါတယ်။

သည်းခံခြင်း=ခန္တီတရားဟာ သူတော်ကောင်းတရားကို အင်အား ဖြစ်စေပြီး ဘဝကို ချမ်းမြေ့စေပါတယ်။ ပတ်ဝန်းကျင်နဲ့ ဆက်သွယ်ကူးလူးမှုကို ချောမွေ့စေပြီး စိတ်ဓာတ်နဲ့ အသိဉာဏ်ကိုလည်း လွတ်လပ် ပွင့်လင်း ကြွယ်ဝ ပြည့်စုံစေပါတယ်။ သို့သော် ခန္တီဆိုတာ ပါရမီစခန်း အကျင့်လမ်းဖြစ်တာမို့ အလွယ်တကူနဲ့တော့ ဖြစ်ပေါ်ရိုးထုံးစံမရှိပါ။ ပါရမီဆိုတာကလည်း အဆန် သဘောဖြစ်တာကြောင့် သူလိုငါလို လူတွေအဖို့တော့ သည်းခံခြင်းဆိုတာ အပြောလွယ်သလောက် လက်တွေ့လိုက်နာဖို့ မလွယ်ကူတဲ့ကျင့်စဉ်တစ်ခုအဖြစ် မှတ်ယူနိုင်ပါတယ်။ ဒါပေမဲ့ သူတော်ကောင်းရာဇဝင်မှာ နာမည်တွင်ကျန်ရစ်ခဲ့တဲ့ ပုဂ္ဂိုလ်မြတ်တွေကတော့ သည်းခံခြင်းတရားကို လက်တွေ့ကျင့်သုံး အကောင်အထည် ဖော်သွားကြတာပဲ ဖြစ်ပါတယ်။

ရင့်ကျက်မှု အနေအထားအရ သည်းခံပုံအနေအထား အမျိုးမျိုး ကွဲပြားနိုင်ပါတယ်။ အပြုံးနဲ့သည်းခံခြင်း၊ အမုန်းနဲ့သည်းခံခြင်း၊ ချုပ်တည်းသည်းခံခြင်းလို့ သည်းခံပုံ (၃)မျိုးမှာ အပြုံးနဲ့သည်းခံနိုင်ခြင်းသာ ခန္တီအစစ် ဖြစ်ပါတယ်။ အမုန်းနဲ့သည်းခံခြင်းကတော့ "မနိုင်လို့သာ သည်းခံလိုက်ရတယ်၊ စိတ်ထဲမှာ နည်းနည်းမျှ မကျေနပ်ဘူး"ဆိုတဲ့ အငြိုးအတေး "အာဃာတ"က အမြစ်တွယ်နေတာမို့ ခန္တီအစစ်မဖြစ်နိုင်ပါ။ တစ်ခါတစ်ရံမှာ ဖြစ်ပေါ်လာတဲ့ အခြေအနေကို စိတ်တိုင်းမကျ မကြိုက်နှစ်သက်ပေမယ့် "ပညာရှိအမျက်

အပြင်မထွက်” ဆိုတာများလို အောင့်အည်း သည်းခံလိုက်ရတာလည်း ရှိတတ်ပါတယ်။ ဒါမျိုးကိုလည်း ခန္တီလို့ မခေါ်နိုင်ပါ။ အဓိဝါသနခန္တီ = အမျက်မထွက် (စိတ်မဆိုးမှု)လို့သာပဲ ခေါ်ဆိုနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် သူလို ငါလို ပုဂ္ဂိုလ်များထက် မြင့်မြတ်လိုသူတွေကတော့ သည်းခံခြင်း ခန္တီတရားကို မလွှဲမသွေ ကြိုးစားကျင့်ကြံနိုင်လို့ ရပါတယ်။ သည်းခံခြင်းနဲ့ မြင့်မြတ်ခြင်းဟာ အကျိုးအကြောင်း နိယာမ အနေနဲ့ လည်ပတ်နေတဲ့ စက်ဝန်းဖြစ်ရပ် တစ်ခုပါ။ သည်းခံခြင်းကြောင့် မြင့်မြတ်ပြီး၊ မြင့်မြတ်ခြင်းကြောင့်လည်း သည်းခံရပါတယ်။ ဒါကြောင့် ဘယ်သူမဆို မိမိတို့ ရောက်နေတဲ့နေရာကစပြီး ခန္တီပါရီလမ်းမပေါ် ရောက်အောင် ဖြည်းဖြည်းချင်း ကြိုးစားလျှောက်လှမ်းကြရမှာပဲ ဖြစ်ပါတယ်။

“စောင့်ဆိုင်းသည်းခံခြင်းကို နားလည်တာဟာ အောင်မြင်ခြင်းရဲ့ အကြီးမားဆုံး လျှို့ဝှက်ချက်ပါပဲ” လို့လည်း ပညာရှင်တစ်ဦးက ဆိုမိန့်ခဲ့ဖူးပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အမရပူရ (တောင်မြို့) မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ) ပြောပြခဲ့ဖူးတဲ့ ပုံပြင်တစ်ပုဒ်ကို သတိရမိပါတယ်။

## အောင့်မြဲ အောင့်တော့မယ်

တစ်ခါတုန်းက နေပြည်တော်ကြီးတစ်ခုရဲ့ ရွှေနန်းတော်ထဲမှာ ဇာတ်ပွဲသဘင်တစ်ခု ခင်းကျင်းကပြသတဲ့။ အဲဒီညီလာခံကပွဲကို ဘုရင်မင်းမြတ်နဲ့တကွ မိဖုရား၊ မင်းညီမင်းသား၊ နန်းတွင်းသူ၊ နန်းတွင်းသားတွေ အားလုံးစုံညီလာရောက် ကြည့်ရှုကြတာပေါ့။

ဇာတ်အဖွဲ့ဟာတစ်ညလုံး ကြိုးစားပြီး ကပြကြပေမယ့် ဘယ်သူကမျှ ဆုတော် လာဘ်တော်များ မချဘူးတဲ့။ သန်းခေါင်ကျော်လို့ မိုးကဖြင့် လင်းခါနီးနေပြီ။ ဒီတော့

မင်းသမီးလုပ်တဲ့သူက အငြိမ့်ကရာ ကနေပြီးတော့ ဝမ်းနည်းတဲ့ လေသံကလေးနဲ့ ထေ့စကား ငေါ့စကားများ ပြောကြားပါတယ်။

ဒီအခါမှာ အငြိမ့်ပွဲထဲ မင်းသားလုပ်တဲ့သူက အားပေးတာပေါ့လေ။ ဘယ့်နယ်တုံးဆိုတော့ "အို ကွာ ... ပရိသတ်တွေက ဆုတော်လာဘ်တော်များ မချလည်း ဝမ်းမနည်းပါနဲ့၊ တို့များ ကြိုးစားပြီး ကပြလာတာ ပွဲပေါင်းလည်း မနည်းတော့ပါဘူး။ အခုပွဲလည်း မိုးလင်းခါနီး နေပါပြီ။ ဒီတော့ ငါ့နမက အောင့်ပြီးတော့သာ ဆက်လက်ကြိုးစား ကလိုက်စမ်းပါ"လို့ "အောင့်မြဲ ဆက်ပြီးအောင့်ပါတော့မယ်"ဆိုတဲ့ အဓိပ္ပါယ်ပါတဲ့ သီချင်းကလေးတစ်ပုဒ်ကို ဟစ်ပြီးတော့ ဆိုလိုက်ပါသတဲ့။

အဲဒီတော့မှ ပွဲကြည့်ပရိသတ်ထဲက ရှင်ဘုရင့်သားတော်က ထပြီး ဆုတစ်ဆုချသတဲ့။ ဘာလို့ ဆုချရတာလဲဆိုတော့ အကြောင်းရှိပါသတဲ့။ "သူဟာ ခမည်းတော်ဘုရင်ကြီးကို လုပ်ကြံဖို့ ဘယ်တော့မှ စိတ်မကူးပါဘူးလို့ ငယ်စဉ်ကတည်းက အဓိဋ္ဌာန်လာခဲ့တာ။ ဒါပေမဲ့ ခမည်းတော်က အခုအချိန်ထိ နန်းတော်ကို မလွှဲအပ်သေးလို့ ဒီညတော့ လုပ်ကြံမယ်လို့ စိတ်ကူးနေပြီ။ ဒီလို စိတ်ကူးနေဆဲမှာပဲ မင်းသမီးရဲ့ ဒီသီချင်းသံကို ကြားလိုက်ရလို့ ဖခင်ဘုရင်ကြီးကို မလုပ်ကြံတော့ပါဘူး၊ ရှေးကလိုပဲ ဆက်လက်ပြီး အောင့်မြဲ အောင့်ပါတော့မယ်လို့ ဆုံးဖြတ်ပြီး ကိုယ့်အဓိဋ္ဌာန်ကို ခိုင်မြဲစေတာကြောင့် မင်းသမီးကို ဆုချရတာပါ"တဲ့။ အင်း အောင့်နိုင်လို့ တော်သွားတာပဲ။ မအောင့်နိုင်လို့ လုပ်ကြံမိသွားရင် ပြဿနာတွေအများကြီး တက်သွားမယ်။ အောင့်နိုင်တာ အကောင်းဆုံးပဲ။

တစ်ခါ ရှင်ဘုရင်ရဲ့ သမီးတော်က ထပြီး ဆုချပြန်ရောတဲ့။ ဘာလို့ ဆုချတာလဲဆိုတော့ "ကျွန်မဟာ တစ်သက်လုံး ယောကျ်ားမယူဘဲ အပျိုစင်ဘဝနဲ့ နေသွားတော့မယ်လို့ အဓိဋ္ဌာန်လာခဲ့တာ၊ ဒါပေမဲ့ မနေနိုင်လို့ ဒီကနေ့ညတော့ အမတ်ကြီးတစ်ဦးရဲ့သားနဲ့ ခိုးရာလိုက်ပြေးမယ်လို့ အထုပ်ပြင်ထားပြီးပြီ၊ အခုတော့ ဒီသီချင်းသံကြားရလို့ သတိပြန်ပေါ်လာပြီး ဆက်ပြီးတော့ပဲ အောင့်မြဲအောင့်ပါတော့မယ်။ ခိုးရာဖြင့်

မလိုက်တော့ပါဘူး" ဆိုပြီး မိမိရဲ့ အမိဋ္ဌာန် မြဲသွားစေတဲ့အတွက် မင်းသမီးကို ဆုချရတာပါတဲ့။

အဲသည်နောက်ပွဲကြည့်ပရိသတ်ထဲက လူပျိုကြီးတစ်ယောက်ကလည်း ထပြီးဆုချပြန်ရောတဲ့။ သူကရော ဘာလို့ဆုချရတာလဲဆိုတော့ သူကလည်း ဒီဘဝအိမ်ထောင်မပြုဘဲ လူပျိုကြီးဘဝနဲ့ တစ်သက်လုံးနေတော့မယ် ဆုံးဖြတ်ပြီး အဖြေပေါ်စရိယ သိက္ခာပုဒ် စောင့်ထိန်းလာခဲ့တာ၊ ဒီကနေ့တော့ အခြေအနေအရ ကျူးလွန်မိတော့မလို့၊ အခုမင်းသမီးရဲ့ သီချင်းသံကြားရမှ သတိဝင်လာတာနဲ့ ဆက်ပြီးအောင့်မြဲအောင့်ပါတော့မယ်"လို့ စိတ်ကိုပြင်လိုက်ရတယ်။ ကံကောင်းလို့ သိက္ခာပုဒ် မပျက်တာကိုတွေးမိပြီး ဝမ်းသာလို့ ဆုချရတာပါတဲ့။ ပုံပြင်ကတော့ ဒီနေရာမှာပဲ အဆုံးသတ်သွားပါတယ်။

ဒီပုံပြင်ကလေးနဲ့ စပ်ယှဉ်ပြီး ပြောပြချင်တာကတော့ လောကမှာ လူရယ်လို့ဖြစ်လာရင် ကလေးဘဝကတည်းကစပြီး ဖွားဖက်တော် လောကဓံနဲ့ ကစားရတော့တာပါပဲ။ နိမ့်ချီတစ်ခါ မြောက်ချီတစ်လှည့်၊ ချော့လိုက်ခြောက်လိုက်နဲ့ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော ဒီလောကဓံတွေဟာ တော်တော်ပဲ ပေါင်းရသင်းရ ခက်ခဲလှပါတယ်။ မလွဲသာမရှောင်သာ တွေ့ကြုံရမြဲဖြစ်တဲ့ ဒီလောကဓံတွေကို အထိုက်အလျောက် သင့်တင့်အောင် ပေါင်းသင်းနိုင်မှသာ လောဘ၊ ဒေါသတို့ အဖြစ်နည်းပြီး မိမိတို့ဘဝလည်း သာယာချမ်းမြေ့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းအားလျော်စွာ တွေ့ကြုံလာတတ်တဲ့ ဒီလောကဓံ တရားတွေကို "မတည့်အတူနေ" သဘောမျိုး၊ အရှုံးပေးအညံ့ခံတဲ့ စိတ်ထားမျိုးမထားဘဲသဘောထားမှန်မှန်နဲ့ လက်ခံပေါင်းသင်းတတ်ဖို့ အရေးကြီးပါတယ်။

ကောင်းဆိုးနှစ်တန်လောကဓံတွေနဲ့ ဆက်ဆံရာမှာ သည်းခံခြင်းခန္တီဟာ အခရာ ကျပါတယ်။ သည်းခံလေ့ မရှိသူတွေဟာ လောကဓံနဲ့ ကြုံတဲ့အခါမှာ အလွယ် တကူပဲစိတ်ကြွ၊ စိတ်ကျလေ့ရှိပါတယ်။ သည်းမခံ စိတ်မရှည်ခြင်းဟာ မိမိရဲ့ နှလုံးသားနဲ့ အသိဉာဏ်ကို အကျဉ်းကျစေပြီး စိတ်ဓာတ်နဲ့ အသိဉာဏ်ဖွံ့ဖြိုး တိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ သူတော်ကောင်းတရားနဲ့ ဘဝအောင်မြင်မှု ကိုလည်း ပျက်စီးပျောက်ကွယ် စေပါတယ်။ သည်းခံခြင်း ခန္တီကတော့ နှလုံးသားနဲ့ အသိဉာဏ်ကို

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

လွတ်လပ်ပွင့်လင်း ဖြူစင်စေပြီး ဘဝကို သူတော်ကောင်းတရားနဲ့ ကြွယ်ဝပြည့်စုံစေပါတယ်။ စစ်မှန်တဲ့အောင်မြင်မှုဆီကိုလည်း ရှေးရှူဦးတည်စေပါတယ်။ ဒါကြောင့် ပါရမီအဖြစ် မရင့်ကျက်သေးရင်တောင်မှ ဘာပဲဖြစ်ဖြစ် ပုံပြင်ထဲက လူတွေလို "အောင့်မြဲအောင့်နိုင်" တာဟာ မိမိတို့အတွက် ခန္တီပါရမီရဲ့ အခြေခံဖြစ်ကြောင်း ပြောပြချင်ပါတယ်။

*အပွမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ နိုဝင်ဘာလ*

- သံသရာဆိုတာ ဘေးအန္တရာယ်တွေထူပြောပြီး ကြမ်းတမ်းခက်ထန်တဲ့ ခရီးလမ်းတစ်ခုပါ၊
- အားကိုးစရာအကွယ်အကာမဲ့သူတို့အဖို့ လွန်မြောက်နိုင်ခဲ့တဲ့ သဲကန္တာရကြီးနဲ့တူပါတယ်။
- ဒါကြောင့် ဒီခရီးလမ်းကို တကယ်တမ်း လျှောက်လှမ်းရတော့မယ်ဆိုရင် ခိုင်ခိုင်မာမာ ကိုးကွယ်ရာ အစစ်အမှန်ရှိပါမှ အလွယ်တကူ သက်သောင့်သက်သာ လွန်မြောက်နိုင်မှာ ဖြစ်ပါတယ်။
- ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို ကိုးကွယ်ရာ အစစ်အမှန်လို့ ယုံကြည်သိမှတ်ဆည်းကပ်ကြတဲ့ ဗုဒ္ဓဘာသာဝင်တွေမှာ ဘဝသံသရာနဲ့ ပက်သက်ပြီး အားကိုး အားထားပြုစရာ (၄)ခုရှိပါတယ်။
- ဘုရား၊ တရား၊ သံဃာ ရတနာမြတ် (၃)ပါးနဲ့ ဒါန၊ သီလစတဲ့ မိမိကိုပြုတဲ့ ကုသိုလ်ကံတွေပါ။
- ဒီကိုးကွယ်ရာ (၄)ခုကို လက်ဆုပ်လက်ကိုင်ပြုပြီး ဘဝသံသရာ ကန္တာရခရီးကို လွန်မြောက်အောင် ကြိုးစားအားထုတ်ရမှာမို့ မိမိတို့မှာ ဒီအရာ(၄)ခု အားကိုး အားထားပြုနိုင်လောက်အောင် ထိထိမိမိရရှိထားဖို့ အလွန်အရေး ကြီးပါတယ်။



လက်ရှိဘဝဖြစ်တည်နေမှုနဲ့ နောင်အနာဂတ် အလားအလာတွေကို အသေအချာ ခွဲခြမ်းစိတ်ဖြာလေ့လာ သိမြင်နိုင်ခွင့်ဟာ ဉာဏ်ရည်မြင့် လူသားတွေရဲ့ လက်ထဲမှာပဲ ရှိပါသေးတယ်။ သို့သော် ဒီအခွင့်အရေးဟာ ကိုးကွယ်ရာအစစ်အမှန်ကို ရှာဖွေတွေ့ရှိခြင်းနှင့် အစဉ်အမြဲ ဒွန်တွဲလျက် ရှိနေတာကိုတော့ သတိပြုကြရမှာပဲ ဖြစ်ပါတယ်။

သမိုင်းဦးလူတွေဟာ အကြောက်တရားကို အခြေပြုပြီးတော့ ကိုးကွယ်ရာ ရှာခဲ့ကြကြောင်း သုတေသီတွေက ဆိုပါတယ်။ သမိုင်းဦးက လူတွေဟာ သူတို့ကို ဘေးရန်မရောက်အောင် စောင့်ရှောက်နိုင်မယ့် အားကိုးစရာ၊ ဘေးရန်ပေါ်ပေါက်လာတဲ့ အခါမှာလည်း အဲဒီဘေးရန်က ကာကွယ်ပေးနိုင်မယ့် အကွယ်အကာလို့ ထင်မှတ်တဲ့ အရာမှန်သမျှကို ကိုးကွယ် ကုန်ကြပါတယ်။ အဲဒီကစပြီး တောတွေ၊ တောင်တွေ၊ သစ်ပင်တွေပါမကျန် ကိုးကွယ်ရာအဖုံဖုံဟာ ပြောလို့တောင် မကုန်နိုင်တော့ပါဘူး။

ဒီလို တောင်တောင်အီအီ ကိုးကွယ်ရာဟူသမျှတွေကို သဒ္ဓါပညာမဖတ် ယုံကြည်မှုသက်သက်နဲ့ ကိုးကွယ်ကြတာဟာ ဘေးကင်းတဲ့အလုပ်၊ မြင့်မြတ်တဲ့ကိုးကွယ်မှု မဟုတ်ဘူးလို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမကို ယုံကြည်သက်ဝင်ကြတဲ့ ဥပါသကာ၊ ဥပါသိကာမတွေဟာ ဒီဩဝါဒတော်တွေကို အလေးအမြတ် ဦးထိပ်တင်ပန်ဆင်ကြရမှာပါ။

"ကိုးကွယ်မှု" ဆိုတာဟာ အားကိုးအားထားပြုမှု၊ အကွယ်အကာ ခိုအောင်းရာပြုမှုလို့ ဆိုလိုတာပါ။ လောကမှာ အစာအာဟာရဟာ လူကိုငတ်မွတ်ခြင်းဘေးက အကာအကွယ် ပေးနိုင်တာမို့ ငတ်မွတ်ခြင်းဘေးကို မတွေ့ကြုံရဘဲ အသက်ရှည် အနာမဲ့လိုသူတွေဟာ အစာအာဟာရ ပြည့်စုံစွာ ရှိနေသူတွေဆီကို ငတ်မွတ်ခြင်းဘေးရန်က ရောက်မလာ နိုင်ပါဘူး၊ ဒါဟာ သတ္တဝါတွေအနေနဲ့ ငတ်မွတ်ခြင်းဘေးအတွက် အစာအာဟာရကို ကိုးကွယ်ကြရတဲ့သဘော ပြယုဂ်တစ်ခုပါ။

အဲဒီလိုပဲ၊ အခုဘဝမှာ ပစ္စည်းဥစ္စာမရှိခဲ့ရင် ချက်ချင်းဒုက္ခရောက်ရတာမို့ အဲဒီဒုက္ခက လွတ်ကင်းအောင် ပစ္စည်းဥစ္စာကို ကိုးကွယ်ရာအဖြစ် ရှာဖွေစုဆောင်းပြီး လက်ရှိပြုကြရ ပါတယ်။ အဲဒီအခါမှာ တောင့်တမှုသက်သက်နဲ့ ပစ္စည်းဥစ္စာဆိုတာ ရမလာနိုင်တာမို့ ပစ္စည်းဥစ္စာကို ရစေနိုင်တဲ့ အသိအလိမ္မာ၊ ဉာဏ်ပညာ လုပ်ဆောင်မှုဆိုတဲ့ ကံကိုပဲ အားကိုးကြရပါတယ်။ ဒါကြောင့် "ကိုးကွယ်မှု" ဆိုတာ ရှိခိုးပူဇော်မှုသက်သက်လို့ မဆိုလိုဘဲ "အားထုတ် လုပ်ဆောင်မှု"လို့ အဓိပ္ပါယ်ဖော်မှ မှန်ကန်နိုင်မှာပါ။

သံသရာဆိုတာ ဘေးအန္တရာယ်တွေ ထူပြောပြီး ကြမ်းတမ်းခက်ထန်တဲ့ ခရီးလမ်းတစ်ခုပါ၊ အားကိုးစရာ အကွယ်အကာမဲ့ သူတို့အဖို့ လွန်မြောက်နိုင်ခဲတဲ့ သဲကန္တာရကြီးနဲ့တူပါတယ်။ ဒါကြောင့် ဒီခရီးလမ်းကို တကယ်တမ်း လျှောက်လှမ်းရတော့မယ်ဆိုရင် ခိုင်ခိုင်မာမာ ကိုးကွယ်ရာ အစစ်အမှန်ရှိပါမှ အလွယ်တကူ သက်သောင့်သက်သာ လွန်မြောက်နိုင်မှာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို ကိုးကွယ်ရာ အစစ်အမှန်လို့ ယုံကြည်သိမှတ် ဆည်းကပ်ကြတဲ့ ဗုဒ္ဓဘာသာဝင်တွေမှာ ဘဝသံသရာနဲ့ ပက်သက်ပြီး အားကိုး အားထားပြုစရာ (၄)ခုရှိပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် (၃)ပါးနဲ့ ဒါန၊ သီလစတဲ့ မိမိတို့ပြုတဲ့ ကုသိုလ်ကံတွေပါ။ ဒီကိုးကွယ်ရာ (၄)ချက်ကို လက်ဆုပ် လက်ကိုင်ပြုပြီး ဘဝသံသရာ ကန္တာရခရီးကို လွန်မြောက်အောင်ကြိုးစား အားထုတ်ရမှာမို့ မိမိတို့မှာ ဒီအရာ (၄)ခုအားကိုး အားထားပြုနိုင်လောက်အောင် ထိထိမိမိရရှိထားဖို့ အလွန်အရေးကြီးပါတယ်။

ဘဝသံသရာမှာ ကြုံတွေ့ရမယ့် ပြဿနာအခက်အခဲဒုက္ခပေါင်းစုံကို ပြေလည်အောင် ဖြေရှင်းပေးနိုင်တဲ့အရာဆိုလို့ ဒီကိုးကွယ်ရာ (၄)ခုမှတစ်ပါး တခြားဘာမျှမရှိပါဘူး။ မိမိတို့ဘဝမှာ အားထားကိုးကွယ်ရာ အစစ်အမှန်ကို ရှာဖွေတွေ့ရှိခြင်းဆိုတာ လွန်စွာကြီး ကျယ်မြင့်မြတ်ပြီး အင်မတန် မင်္ဂလာရှိပါတယ်။ ကိုးကွယ်ရာ အစစ်အမှန်ကို ရှာဖွေတွေ့ရှိမှပဲ လူဟာ ဘဝပဟေဠိကို မှန်မှန်ကန်ကန် အဖြေညှိနိုင်ပြီး ပစ္စုပ္ပန်သံသရာ၊ လောကီလောကုတ္တရာ ကိစ္စအဖြာဖြာကို ပြေလည် အကွက်စေ့အောင် ဂုဏ်သိက္ခာ အပြည့်နဲ့ ဆောင်ရွက် အားထုတ်နိုင်ပါတော့တယ်။

အဲဒီလိုမှမဟုတ်ရင် သာမန် ပုထုဇဉ်တွေကြုံနေကျအတိုင်း(၁)နာနာသတ္ထာဥလ္လောကန = ဟုတ်နိုးရာရာ ကိုးကွယ်မှုဆရာများခြင်းဘေး၊ (၂) ဝိနိပါတ=ဆရာမှား၍ ညွှန်ကြားမှုအရ ပရမ်းပတာဖြစ်ရခြင်းဘေး၊ (၃) ဒုဂ္ဂတိ=မကောင်းတဲ့ ဘဝပေးအခြေအနေ၌ ဖြစ်ရခြင်း ဘေးတို့နဲ့ ကြုံတွေ့ကာ ဘဝသံသရာ ခရီးဟာ ရှုပ်ပျက်ဆင်းပျက် ဖြစ်ရတတ်ပါတယ်။

ဒီအကြောင်းအရာတွေနဲ့ ပက်သက်ပြီးတော့ နမ္မားဆရာတော် (အရှင်ဉာဏ) ပြောပြခဲ့ဖူးသော ဓမ္မပုံပြင်တစ်ပုဒ်ကို သတိရမိပါတယ်။

## ကိုတုတ်နဲ့မပုတ်

တစ်ခါတုန်းက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ အတော်အတန်ကြွယ်ဝတဲ့ ကုန်သည်လင်မယား ရှိသတဲ့။ အဲဒီကိုတုတ်နဲ့ မပုတ်လို့ အမည်ရတဲ့ ကုန်သည် ဇနီးမောင်နံမှာ "ရွှေမိ" လို့ခေါ်တဲ့ သမီးတစ်ယောက်လည်း ရှိတယ်။ တစ်ဦးတည်းသောသမီး၊ "ရွှေမိ"ဟာ ချောမောလှပပြီး အင်မတန် လိမ္မာရေခြားရှိတာမို့ မိဘနှစ်ဦးလုံးက မျိုထားမတတ် ချစ်ကြသတဲ့။

ကိုတုတ်ရဲ့မိဘတွေဟာ အလွန်ကြွယ်ဝချမ်းသာတဲ့ ကုန်သည်ကြီးတွေဖြစ်ပြီး ဘုရားဒကာ၊ ကျောင်းဒကာတွေ အဖြစ် သာသနာတော်နဲ့ အင်မတန် ရင်နှီးကျွမ်းဝင်ကြတယ်။ စိတ်ကောင်းစေတနာမွန်ရှိပြီး ရတနာသုံးပါးကိုလည်း ရှိသေလေးမြတ်စွာ ဆည်းကပ်ကိုးကွယ်ကြသူတွေမို့ တစ်ရွာလုံးက လေးစားကြသတဲ့။ သူတို့ ကွယ်လွန်သွားတဲ့အခါမှ တစ်ဦးတည်းသောသားဖြစ်တဲ့ ကိုတုတ်ဟာ မိဘနှစ်ပါးရဲ့ ပစ္စည်းဥစ္စာလောကီအမွေတွေကို တော်တော်လေး ရလိုက်ပါတယ်။ ဒါပေမဲ့ ဘာသာရေးဆိုင်ရာ လောကုတ္တရာအမွေကိုတော့ ရအောင် မယူလိုက်နိုင်ပါဘူး။ ငယ်စဉ်ကတည်းက ချမ်းချမ်းသာသာ နေခဲ့ရတဲ့ ကိုတုတ်ဟာ အပျော်အပါး အလည်အပတ်ကိုပဲ စုံမက်ပြီး စီးပွားရေးကိုလည်း ကြိုးစားပမ်းစား မဆောင်ရွက်မို့ သူ့လက်ထက်မှာ အတန်အသင့် ကြွယ်ဝသူပဲ ဖြစ်ရတယ်။

ဒေါ်ပုတ်ကလည်း တောသူပီပီ စိတ်ကောင်းစေတနာမှန်ကလေးရှိပေမယ့် အကြားအမြင် ဗဟုသုတ ချို့တဲ့တာမို့ ရိုးရိုးအအကြီး ဖြစ်နေတာတွေကို ဟောပြတဲ့အခါ နားလည်သလို ရှိပေမယ့် ပေဒင်ဆရာကပြောတဲ့ ရက်ရာဇာတို့၊ ပြဿဒါးတို့လောက် စိတ်ထဲမစွဲဘူးတဲ့။ ဆရာတော်က ရုပ်နာမ် ခန္ဓာအရှိ သစ္စာအရှိတွေကို ထုတ်ပြပြီး ဝိပဿနာ အလုပ်ပေး တရားတွေဟောကြားပြီဆိုရင်တော့ ဒေါ်ပုတ်ကြီးဟာ ရှေ့ဆုံးကနေပြီး အိပ်ငိုက်နေတော့တာပဲ။ ခြောက်ထပ်မှာ နတ်သား၊ နတ်သမီးတွေ ဖြစ်ပြီး နတ်စည်းစိမ်တွေ ခံစားရကြောင်း ဟောရင်တော့ အင်မတန် သဘောကျသတဲ့။

ဒီလိုနဲ့ သားအမိ သားအဖ(၃)ယောက် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေလာလိုက်တာ သမီးအလှလေး ရွှေမိဟာ (၁၆) နှစ်အရွယ် ငယ်ငယ်မှာပဲ ရုတ်တရက် ကွယ်လွန်သွားတယ်။ သမီးချစ်ကလေး သေသွားတော့ ကိုတုတ်နဲ့မပုတ်တို့ နှစ်ယောက် ဖြေစရာတရားက လက်ထဲရှိမထားတော့ ကိုတုတ်နဲ့မပုတ်တို့မှာ သမီးကြောင့်ဖြစ်ရတဲ့ သောကဟာ တော်တော်နဲ့ မပြေနိုင်ဘူးတဲ့။

ဒါပေမဲ့ ကိုတုတ်ကတော့ ယောကျ်ားသားလည်းဖြစ်ပြန် တရားဗဟုသုတကလည်း (တကယ်လက်တွေ့အလုပ်မလုပ်ပေမယ့်) နည်းနည်းရှိထားတာမို့ ခဏလောက်ပဲပူဆွေးပြီး ကြာလာတော့ မေ့ပျောက်သွားတာပါပဲ။ ဒေါ်ပုတ်ကတော့ စိတ်နလုံးပျော့ပြီး အင်မတန် ထိခိုက်လွယ်သူမို့ သမီးမရှိတော့တာ လနဲ့ချီပြီး ကြာလာပြီဖြစ်ပေမယ့် မမေ့မပျောက်နိုင်ဘဲ သင်္ချိုင်းထဲသွားကာ သမီးရွှေမိ ကြိုက်တတ်တဲ့ အဝတ်အထည်၊ စားစရာကလေးတွေကို မရွှေမိရဲ့ အုတ်ဂူခေါင်းရင်းမှာ ချထားပြီးတော့ နေ့စဉ် ငိုကြွေးပါသတဲ့။

အဲဒီအချိန်မှာ ရွာထဲကဘိန်းစား တစ်ယောက်ကလည်း ရွာထဲမှာ ဘိန်းမရှုရဲတော့ သင်္ချိုင်းကုန်း မှာသွားပြီး နေ့စဉ် ဘိန်းရှုနေကျတဲ့။ ရွာထဲမှာက ဖမ်းမှာဆီးမှာ ကြောက်ရ တာကိုး။ အဲဒါ ဘိန်းစားက သူဘိန်းရှုနေတဲ့ ချုံနားကို ဒေါ်ပုတ်က ခဏခဏလာငို နေတော့ ဇိမ်ပျက်တာကတစ်ကြောင်း၊ ဘိန်းရှုစရာငွေကုန်နေတာကတစ်ကြောင်းကြောင့် ဘယ်လိုလုပ်ရပါ့မလဲလို့ အကြံထုတ်သတဲ့။

အကြံရတဲ့အခါ မြို့ပေါ်ကိုသွားပြီး ဇာတ်ဆရာအိမ်က ဇာတ်ပွဲကတဲ့အခါ သိကြားမင်းဝတ်တဲ့ အဝတ်တန်ဆာကို ခဏငှားပြီး ယူလာခဲ့တယ်။ နောက်တစ်နေ့ ကျတော့ သင်္ချိုင်းကုန်းထဲက ညောင်ပင်ပေါ်တက်ကာ ဘိန်းစားက သိကြားမင်း အဝတ်တန်ဆာတွေဝတ်ဆင်ပြီး ဒေါ်ပုတ်အလာကို စောင့်နေသတဲ့။ အချိန်တန်တဲ့အခါ ဒေါ်ပုတ်လည်း သူ့သမီးအတွက် စားစရာကလေးတွေယူလာပြီး ခါတိုင်းလို ငိုနေတာပေါ့။

အဲဒီအချိန်မှာ သိကြားမင်းအဝတ်တန်ဆာတွေနဲ့ ဘိန်းစားက ညောင်ပင်ကိုင်းတွေကို တရှမ်းရှမ်းမြည်အောင် ကိုင်လှုပ်သတဲ့။ ဒေါ်ပုတ်လည်း တရှမ်းရှမ်းမြည်သံကြားလို့

အငိုတိတ်ပြီး ညောင်ပင်ပေါ်သို့ မော့ကြည့်လိုက်တော့ (ဘိန်းစားကိုမြင်ပြီး) "အလို နတ်ကြီးပါလား"လို့ အောက်မေ့ကာ ရှိခိုးပြီး မေးလိုက်တာပေါ့။ "အို ... နတ်မင်းကြီး၊ ဘယ် အထပ်ကပါလဲရှင်"လို့ ဒေါ်ပုတ်ကမေးတဲ့အခါ ဘိန်းစားက "တာဝတိံသာက သိကြားမင်း ဦးမာဃဆိုတာ ကျုပ်ပါပဲဗျာ"လို့ ပြောသတဲ့။

"ဒီလိုဆိုရင် ကျွန်တော်မျိုးမရဲ့ သမီးကလေး ရွှေမိကို မသိဘူးလားရှင်"လို့ ဒေါ်ပုတ်က ထပ်ပြီးမေးတော့ "သိတာပေါ့ဗျာ၊ သိလို့ပဲ သူ့ကိစ္စနဲ့ အခုလူ့ပြည်လာခဲ့ရတာပဲ"လို့ ဘိန်းစားက ပြောတာပေါ့။ ဒီအခါ ဒေါ်ပုတ်က "အို .. ဘာကိစ္စများ ပါလဲရှင်"လို့ မေးတော့ "ဒီလိုဗျ၊ ဒီမိန်းကလေးမှာ သူ့မိဘတွေက သုသာန်မှာ ထည့်ပေးလိုက်တဲ့ ကူးတို့ခကလည်း တစ်မတ်တည်းမို့ မုန့်ဖိုးတောင် မလောက်မငဖြစ်နေတယ်။ သူများတွေမှာ ဝတ်ကြ၊ စားကြ၊ သွားကြ၊ လာကြနဲ့။ သူ့မှာတော့ ဝတ်စရာလည်း သူ့မိဘတွေက ထည့်မပေးလိုက်လို့ ဝတ်စရာမရှိဖြစ်ပြီး ထိုင်ငိုနေတာနဲ့၊ မငိုပါနဲ့ကွာ မင်းမိဘတွေဆီ ငါသွားတောင်းပေးပါ့မယ်လို့ ချော့ထားပြီး အခုလာခဲ့ရသဗျ။ အဲဒါ ခင်ဗျားပေးချင်ရင်လည်း ခပ်မြန်မြန်ပေးလိုက်၊ ကြာကြာတော့ မဆိုင်းနိုင်ဘူး"လို့ ဘိန်းစားက ဟန်တွေပန်တွေနဲ့ ပြောပြသတဲ့။

အဲဒီအခါ ဒေါ်ပုတ်လည်း ဝမ်းသာအားရနဲ့ "တစ်ဆိတ်ကလေး စောင့်ဆိုင်းပါဦးရှင်"လို့ ရှိခိုးပြီး အိမ်ပြန်ကာ ဗီရို၊ သေတ္တာတွေကိုဖွင့်၊ ယခင်သမီးရွှေမိရဲ့ နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ ခြေကျင်းတွေကိုယူပြီး လာခဲ့သတဲ့။ သချိုင်းကုန်းရောက်တဲ့အခါ ပါလာတဲ့ လက်ဝတ်လက်စား အထုပ်ကို သိကြားမင်းယောင်ဆောင်ထားတဲ့ ဘိန်းစားထံပေးပြီး မှာစရာရှိတာတွေ အကုန်မှာခဲ့ကာ အိမ်ကိုပြန်လာခဲ့တယ်။

အဲဒီအချိန်မှာ ကိုတုတ်ကလည်း ရွာလည်လို့အပြန် အိမ်မှာ မဟန်တာတွေမြင်လို့ ဒေါ်ပုတ်ကိုလိုက်ရှာပြီး မေးသတဲ့။ ဒီတော့ ဒေါ်ပုတ်က "အမယ်လေး .. ရှင့်မှာသာ အလေလိုက်နေ၊ ကျွန်မကတော့ သိကြားမင်းနဲ့ တွေ့ရတာမို့ သမီးဆီကို လက်ဝတ်လက်စားတွေတောင် ပို့ပေးလိုက်ပြီ"လို့ ပြောတဲ့အခါ ကိုတုတ်က "ဟိုက်

သွားပြီ၊ ဘယ်မလဲ ဒီသိကြားမင်း”ဆိုတော့ ဒေါ်ပုတ်က သချိုင်းထဲမှာလို့ ပြောပြလိုက်တယ်။

ဒါနဲ့ ကိုတုတ်လည်း မီလိုမီငြားဆို မြင်းစီးပြီး သချိုင်းကုန်းကိုလိုက်သတဲ့။ လက်ဝတ်လက်စားထုပ်ကြီး ပိုက်ပြီး စိတ်ကူးယဉ်နေတဲ့ ဘိန်းစားဟာ မြင်းစီးလာတဲ့ကိုတုတ်ကို မြင်တာနဲ့တစ်ပြိုင်နက် ဟိုချုံဝင် သည်ချုံထွက် ကွေ့ပတ်ပြီး ပြေးတာပါပဲ။ အဲဒီအခါ မြင်းစီးမရတဲ့ ကိုတုတ်က မြင်းကိုညောင်ပင်မှာ အသာချိတ်ထားပြီး ဘိန်းစားနောက် ဆင်းလိုက်တာပေါ့။ ဒီတော့ ဘိန်းစားက ဟိုကွေ့ သည်ကွေ့နဲ့ ပြန်လှည့်လာပြီး ကိုတုတ်ရဲ့ မြင်းကိုတက်စီးပြီး ပြေးပါလေရောတဲ့။ ဒီအခါ ကိုတုတ်ကလည်း လိုက်ရင်လည်း မမီတော့တဲ့အတူတူ အော်ပြီး ခုလိုပြောလိုက်ပါသတဲ့။ “ဗျို့ သိကြားမင်းကြီး အဖေကလည်း မြင်းတစ်စီးပေးလိုက်တယ်လို့ သမီးချွေမိကို ပြောပေးပါ”တဲ့။ ပုံပြင်ကတော့ ဒီမျှသာပဲ ဖြစ်ပါတယ်။

ဒီဓမ္မပုံပြင်လေးနဲ့ စပ်ဟပ်ပြီး အဓိကပြောပြချင်တာကတော့ မသိနားမလည်မှု၊ကိုးကွယ်ရာ အပေါင်းအသင်းမှားမှု စတာတွေကြောင့် လူတိုင်းရဲ့ဘဝမှာ ဆုံးရှုံးနစ်နာမှုဆိုတာတွေ ကတော့ ရှိနေစမြဲပါ။ ဒါပေမဲ့ အဲဒီအရှုံးဟာ လောကအရှုံးလား၊ သံသရာအရှုံးလား ဆိုတာကတော့ စိစစ်ရပါလိမ့်မယ်။ လောကအရှုံးဆိုတာ တစ်ဘဝနဲ့အဆုံးသတ် ပြီးစီးသွား တတ်ပေမယ့် သံသရာအရှုံးဆိုတာကတော့ ဘဝအသေချော ရှည်ချင်ရှည်နေ တတ်တာပါ။ ဒါကြောင့် သံသရာနဲ့ချီပြီး မဆုံးရှုံးမနစ်နာအောင်ကတော့ ဂရုပြုရပါလိမ့်မယ်။

သစ္စာရောင်ခြည်တွေ လင်းလက်နေဆဲ ယခုလိုအခါမျိုးမှာ မိမိတို့ရဲ့ လက်ရှိဘဝ ဖြစ်တည်နေမှုနဲ့ နောင်အနာဂတ် အလားအလာတွေကို အသေအချာခွဲခြမ်း စိတ်ဖြာ လေ့လာ သိမြင်နိုင်ခွင့်ဟာ ဉာဏ်ရည်မြင့် လူသားတွေရဲ့ လက်ထဲမှာပဲ ရှိပါသေးတယ်။ သို့သော်အဲဒီအခွင့်အရေးဟာ ကိုးကွယ်ရာ အစစ်အမှန်ကို ရှာဖွေတွေ့ရှိခြင်းနဲ့ အစဉ်အမြဲ ဒွန်တွဲလျက်ရှိနေတာကိုတော့ သတိပြုကြရမှာပဲ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ ဒီဇင်ဘာလ*



လောကရဲ့ သဘာဝကိုက " တန်ဖိုးကြီးလေ လူတိုင်းလက်လှမ်း မမီလေ" ဖြစ်တတ်ပုံ၊ နောက်ပြီး အသိဉာဏ် မြင့်မားလာမှပဲ လူတွေရဲ့ တန်ဖိုးထားတက်မှုကလည်း မြင့်တက်လာမြဲဖြစ်တာကြောင့် မိမိတို့ရဲ့ အသိဉာဏ်ရင့်ကျက် မြင့်တက်လာအောင် ကြိုးပမ်းခြင်းသည်သာ နိဗ္ဗာန်စခန်းဆီသို့ အနီးဆုံးချဉ်းကပ်လမ်းတစ်ခု ဖြစ်ပုံတွေကိုပဲ သတိပြုတွေးမိပါတော့တယ်။

သတ္တဝါတိုင်းဟာ ဖြစ်လေရာဘဝ၊ ရောက်လေရာအရပ်မှာ ချမ်းသာချင်ကြတာချည်းပါပဲ။ ဒါပေမဲ့ လက်တွေ့မှာ ဆင်းရဲနေကြရတာကတော့ ဘဝရည်မှန်းချက်နဲ့ လမ်းစဉ်တွေ လွဲမှားကြလို့နဲ့တူပါရဲ့။ ချမ်းသာခြင်း ဆိုတာကလည်း အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူနိုင်တာကိုး။ ဒါမှမဟုတ် ချမ်းသာစစ် ချမ်းသာမှန်ကို ရှာမတွေ့သေးလို့လည်း ဖြစ်နိုင်ပါတယ်။

စာပေတွေထဲမှာက "လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာ"လို့မှတ်တမ်း ရှိပါတယ်။ အဲဒီထဲမှာ လူချမ်းသာ၊ နတ်ချမ်းသာဆိုတာတွေက ဝေဒယိတသုခ=အာရုံခံစားမှု ချမ်းသာ တွေဖြစ်ပြီး နိဗ္ဗာန်ချမ်းသာ ဆိုတာကတော့ သန္တိသုခ = အာရုံခံစားမှုမဖက် ငြိမ်းအေး ချမ်းမြေ့မှုသက်သက်လို့ ဖွင့်ဆိုဖော်ပြကြပါတယ်။ ဝေဒယိတသုခက ကာမရသ = (လိုချင်နှစ်သက်ဖွယ် ရှိပါပေစွလို့ ကပ်ငြိတွယ်တာမှု)ကို ဖြစ်ပေါ်စေပြီး သန္တိသုခ ကတော့ ဝိမုတ္တိရသ = (လွတ်လပ်ပေစွလို့ ရွှင်လန်းချမ်းမြေ့မှု) ကို ဖြစ်ပေါ်စေပါတယ်။ ကာမရသ ဟာ ဆင်းရဲပင်ပန်းခြင်းများစွာနဲ့ ရောပြွမ်းနေပြီး၊ ဝိမုတ္တိရသကတော့ ဆင်းရဲပင်ပန်းမှု ဟူသမျှနဲ့ လုံးဝ ကင်းလွတ်နေပါတယ်။ ဒါကြောင့် သူတော် သူမြတ်တွေက "နိဗ္ဗာန်" ဟာ ချမ်းသာစစ် ချမ်းသာမှန်လို့ ဟောညွှန်ကြခြင်းဖြစ်ပါတယ်။

နိဗ္ဗာန်ဆိုတာ နိဗ္ဗာနဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိသက် မြန်မာဝေါဟာရ တစ်ခုပါ။ နိဗ္ဗာန ဆိုတဲ့ ပါဠိပုဒ်ရင်းဟာ မရှိခြင်း၊ လွတ်မြောက်ခြင်းလို့ အဓိပ္ပာယ်ရတဲ့ "နိ" နဲ့ လိုချင်တပ်မက်မှု တဏှာလို့ အဓိပ္ပာယ်ရှိတဲ့ "ဝါန" ပုဒ်(၂)ခုပေါင်း စပ်ထားတာပါ။ (နိ+ဝါန=နိဗ္ဗာန)။ဒါကြောင့် နိဗ္ဗာန်ရဲ့ လိုရင်းအဓိပ္ပာယ်ဟာ "တဏှာမှ ထွက်မြောက်ခြင်း၊ တဏှာမရှိခြင်း"ပဲ ဖြစ်ပါတယ်။

နိဗ္ဗာန်ဟာ အရာရာတိုင်းက လှပတင့်တယ်ပြီး ရောက်တဲ့သူတိုင်းက အမြဲပျော်ရွှင်နေကြရတဲ့ နေရာကောင်းတစ်ခု၊ ကောင်းကင်ဘုံတစ်ခု မဟုတ်ပါ။ နိဗ္ဗာန်ဟာ နေရာဌာန၊ ဘုံနန်းပြာသာဒ် တစ်ခု မဟုတ်ပေမယ့် နိဗ္ဗာန်ချမ်းသာကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ရသူတိုင်း ကိုယ်တွေ့ခံစားနိုင်ပါတယ်။ အာရုံခံစားလိုမှုတွေကို ဖြည့်ဆည်းပေးနိုင် တာကြောင့် ရရှိတတ်တဲ့ တဒင်္ဂခဏ လောကီချမ်းသာမှု ဟူသမျှထက် နိဗ္ဗာန်ချမ်းသာက

အဆ ရာထောင်မက ပိုပါတယ်။ တကယ်တော့ နိဗ္ဗာန်ချမ်းသာဆိုတာ လောကီချမ်းသာတွေနဲ့ မနှိုင်းယှဉ်အပ်တဲ့ လောကလွန်အရာတစ်ခု၊ လောကုတ္တရာ အခြေအနေတစ်ရပ်ဖြစ်ပါတယ်။

လောကရဲ့ဖွဲ့စည်းပုံနဲ့ လောကုတ္တရာ တည်ရှိနေပုံတွေဟာ ခြားနားကွဲပြားလွန်းတာမို့ လောကုတ္တရာ ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ရဲ့ အခြေအနေကို လောကီအခြေအနေတွေနဲ့ ဘယ်လိုမှထပ်တူကျအောင် မဖော်ပြနိုင်ပါဘူး။ အရှင်နာရဒမဟာထေရ်ကတော့" နိဗ္ဗာန်ဆိုတာ အဘိဓမ္မာ ရှုထောင့်ကကြည့်ရင် ဘဝဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်း။ ကိုယ်ကျင့်စာရိတ္တ ရှုထောင့်ကကြည့်ရင် လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေကို ပယ်သတ်ခြင်း" လို့ သူရဲ့ နာမည်ကျော် (Buddhism in a Nutshell) စာအုပ်မှာ ရေးသားထားပါတယ်။

"အာရှတိုက်ရဲ့ လင်းရောင်ခြည်" စာအုပ်ကို ရေးခဲ့သူ (ဆာအက်ဒ်ဝင်အာနီးလ်)ကတော့ -

"တစ်စုံတစ်ယောက်က နိဗ္ဗာန်ဟာ ချုပ်ငြိမ်းဖို့ဖြစ်တယ်လို့ သင်ပြလာရင် အဲဒီလူကို သင်လိမ်ညာတာပဲလို့ ပြောလိုက်ပါ။ တစ်စုံတစ်ယောက်က နိဗ္ဗာန်ဟာ နေထိုင်ဖို့ဖြစ်တယ်လို့ သင်ပြလာရင် အဲဒီလူကို သင်မှားပြီလို့ ပြောလိုက်ပါ" ဆိုပြီး နိဗ္ဗာန်နဲ့ ပတ်သက်တဲ့ ကဗျာတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးပါတယ်။ တကယ်တော့ နိဗ္ဗာန်ရဲ့ သဘာဝကို ကဗျာလည်းမမီ၊ စာလည်း ပီအောင် မဖွဲ့ဆိုနိုင်ပါဘူး။

နိဗ္ဗာန်ဟာ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ အားလုံးရဲ့ အမြင့်မြတ်ဆုံးနဲ့ နောက်ဆုံးပန်းတိုင်ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပန်းတိုင်ဟာ မိမိတို့အတွက်တော့ အမြင်နီးပြီး ခရီးဝေးနေဆဲပါ။ ဒါကြောင့်မို့ထင်ပါရဲ့ "နိဗ္ဗာန်ကိုရဖို့ ရောက်ဖို့ထက် နိဗ္ဗာန်ကို လိုချင်မြတ်နိုးတဲ့ စိတ်ဖြစ်ဖို့က အရေးကြီးတယ်။ နိဗ္ဗာန်ကို လိုချင်မှ နိဗ္ဗာန်ရောက်အောင် သွားကြ ကျင့်ကြမှာ။ ဒါကြောင့် ရဟန်းတော်တွေနဲ့ ဆုံတဲ့အခါ နိဗ္ဗာန်ရောက်ကြောင်း တရားဟောပါဘုရားဆိုတာထက် နိဗ္ဗာန်ကို တပည့်တော်တို့ လိုချင်အောင် အရင်ဆုံး တရားဟောတော်မူပါဘုရားလို့

လျှောက်ထားရမယ်" ဆိုပြီး အဘိဓဇမဟာရဋ္ဌဂုရု၊ မန္တလေးမြို့၊ မစိုးရိမ်ဆရာတော်ကြီး ကလည်း တပည့်ဒကာတစ်ဦးကို ဆုံးမ ဩဝါဒ ပေးတော်မူဖူးပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို သတိရမိပါသေးတယ်။ ရတနာပုံနေပြည်တော်ခေတ်က ခင်မကန်ဆရာတော်ဘုရားကြီး ပြောပြခဲ့တာပါ။

## နိဗ္ဗာန်အဟုတ်မက်ပေမယ့် နှုတ်ဆက်ရဦးမယ်

တစ်ခါတုန်းက မန္တလေးမြို့၊ ဈေးချိုတော်ရဲ့ တောင်ဘက်အရပ်မှာ မောင်ဆောင်နဲ့ မောင်အောင်ဆိုပြီး သူငယ်ချင်းနှစ်ဦး ရှိခဲ့ဖူးတယ်။ သူတို့နှစ်ယောက်ဟာ အိမ်နီးချင်း တွေဖြစ်ပြီး တစ်ဦးနဲ့တစ်ဦး ပြောမနာ ဆိုမနာအလွန်ပဲ ရင်းနှီးခင်မင်ကြတယ်။

သူတို့နှစ်ဦးထဲက မောင်ဆောင်ဟာ ငယ်စဉ်ကတည်းက ဘုရားသွားကျောင်းတက် အမြဲပြုလုပ်လေ့ရှိတယ်။ အသက်အရွယ်တွေကြီးလို့ အိမ်ထောင်ကျပြီး သားသမီးတွေပင် ရနေပေမယ့် မောင်ဆောင်ဟာ နေ့စဉ်နံနက်တိုင်း အိမ်တော်ရာဘုရားကို မပျက်မကွက် သွားရောက်ဝတ်တက်လေ့ရှိသတဲ့။

တစ်နေ့တော့ သူငယ်ချင်း မောင်အောင်က မောင်ဆောင်ကို "မင်း ဘာကြောင့် ဒါလောက်တောင် ဘုရားကို နေ့စဉ်ဝတ်တက်သွားနေရတာလဲ"လို့ မေးပါတယ်။ အဲဒီအခါ မောင်ဆောင်က "နိဗ္ဗာန်ကိုလိုချင်ပေါ့ကွ"လို့ အဖြေပေးပါတယ်။ မောင်အောင်က "မင်းတကယ် နိဗ္ဗာန်ရောက်ချင်သလား"လို့ ထပ်ဆင့်မေးရင် မောင်ဆောင်က "ဟာ မောင်အောင်နယ် မိုက်ပါဘိကွာ၊ ငါ နိဗ္ဗာန်တကယ်ရောက်ချင်တယ်ပ"လို့ ဖြေလေ့ရှိသတဲ့။

ဒါနဲ့မောင်အောင်က သူ့ သူငယ်ချင်းမောင်ဆောင်ဟာ နိဗ္ဗာန်ကို တောင့်တလွန်းလှတယ်။ တကယ် ဟုတ်မဟုတ် စုံစမ်းကြည့်ဦးမယ်လို့ စိတ်ထဲမှာ တေးမှတ်ထားလိုက်ပြီး၊ မောင်ဆောင် အိမ်တော်ရာဘုရားကို ဝတ်တက်သွားတိုင်း မနီးမဝေးက စောင့်ကြည့် အကဲခတ်ပါတယ်။ ဒီလိုနဲ့ တစ်လလောက်ကြာတဲ့အခါမှာ မောင်အောင်ဟာ မောင်ဆောင်

ဝတ်ပြုနေကျအချိန်ထက် နာရီဝက်လောက်စောပြီး အိမ်တော်ရာဘုရားကို ရောက်လာပါတယ်။ ပြီးတော့ မောင်ဆောင်ရှိခိုးဆုတောင်းမြဲဖြစ်တဲ့ ရုပ်ပွားဆင်းတုတော်ကြီးရဲ့ နောက်ဘက်မှာ ဝင်ပြီး၊ ဇာတ်ထဲက ငှားယူလာတဲ့ နတ်ဝတ်တန်ဆာကို အပြည့်အစုံ ဝတ်ဆင်လိမ်းခြယ်ကာ ပုန်းကွယ်ပြီး နေလိုက်ပါတယ်။ မောင်ဆောင်ဟာ သူ့ထုံးစံအတိုင်း ဩကာသနဲ့ဘုရားကန်တော့ အပြီး "နိဗ္ဗာန်ရောက်ရပါလို၏ဘုရား"လို့ ဆုတောင်းရှိခိုး လိုက်ပါတယ်။ အဲဒီအခါ ဘုရားနောက်မှာ ကွယ်နေတဲ့ မောင်အောင်က အပြင်ကိုထွက် လာပြီး၊ အသံကိုဖျက်ကာ နတ်မင်းကြီးတစ်ပါးပုံစံနဲ့ မေးမြန်းပါတယ်။

"အသင်လူသား၊ နိဗ္ဗာန်ကို တကယ်ရောက်ချင်သလား"

"တကယ်ရောက်ချင်လှပါတယ်နတ်မင်း"

"ရောက်ချင်ရင် ကျုပ်ပို့ပေးပါမယ်"

"အခုလိုက်ရတော့မှာလား နတ်မင်းကြီးဘုရား"

"ဟုတ်တယ်၊ ချက်ချင်းခေါ်ခဲ့ဖို့ သိကြားမင်းက မှာလိုက်တယ်"

အဲဒီလို အပြန်အလှန်အမေး အဖြေလုပ်ရင်းက မောင်ဆောင်ဟာ အသားတွေ တုန်လာပါတယ်။ နိဗ္ဗာန် ရောက်လိုပေမယ့် အခုချက်ချင်းကြီးဆိုတော့ လိုက်ရမှာလည်းမဝံ့ရဲ။ ကိုယ့်ဆုတောင်းနဲ့ကိုယ်ဆိုတော့လည်း မငြင်းဆန်သာဖြစ်ပြီး ကြောက်ဒူးတုန်နေပါတယ်။ ဒီကြားထဲ အိမ်က မယားနဲ့ သားသမီးတွေရဲ့ မျက်နှာတွေကိုလည်း ပြေးမြင်ယောင်မိရင်း ထွက်ပေါက်တစ်ခု တွေ့လိုက်ပါတယ်။ အဲဒါကြောင့်-

"သားနဲ့မယားကို နှုတ်ဆက်ပါရစေဦး နတ်မင်း"

"ကောင်းပြီ၊ နှုတ်ဆက်လိုက ဆက်ပါ၊ ဒါပေမဲ့ မြန်မြန်ပြန်လာခဲ့"

"ကျေးဇူးတင်ပါတယ်နတ်မင်း" ဆိုပြီး နတ်မင်းကို အရိုအသေပေးကာ မောင်ဆောင်ဟာ အိမ်ကို အပြေးပြန်လာခဲ့တယ်။ အိမ်ရောက်လို့ ဖြစ်ပျက်ပုံကို မယားပြောပြတိုင်ပင်တဲ့အခါ မယားက "ဒီလို အခွင့်အရေးမျိုး ကြုံ ကြုံခဲပါဘိ။ ကြားတောင်မှ မကြားဖူးဘူး၊ ရှင်မို့လို့ ထူးတဲ့ကုသိုလ်ပဲ၊ ကဲ ... လိုက်သွားပေတော့"လို့ ပြောသတဲ့။


ဒီအခါ မောင်ဆောင်က "ငါ လိုက်သွားရင် မင်းမှာ ကလေးတစ်ဖက် ချက်ရပြုတ်ရ တစ်ဖက်နဲ့ ဒုက္ခရောက်မှာပေါ့၊ စဉ်းစားပါဦး"လို့ ပြောပြန်တယ်။ "အို ... ကျမအတွက် ဘာမျှထည့်စဉ်းစားမနေနဲ့ ရှင့်ကုသိုလ်နဲ့ရှင် လိုက်သာသွားပါ"လို့ မယားကပြောတဲ့အခါ "နင်မစဉ်းစားပေမယ့်ငါကတော့စဉ်းစားရမယ်ဟ" ဆိုပြီးမောင်ဆောင်ဟာစဉ်းစားနေလိုက်တာ အိမ်တော်ရာ ဘုရားဘက်ကို နောက်ထပ်တစ်ခေါက်မျှ ပြန်မရောက်တော့ဘူးတဲ့။

"မယုံရင် ပုံပြင်မှတ်"လို့ ဆိုရိုးစကားရှိပေမယ့် တချို့ပုံပြင်တွေဟာ ဘဝထဲကလာတာမို့ ပုံပြင်ထဲမှာလည်း ဘဝတွေရှိပါတယ်။ ဒီဓမ္မပုံပြင်ကလေးနဲ့စပ်ပြီး စာရေးသူအနေနဲ့ (၁) လူ့ပြည်မှာ တရားလိုလားသူထက်စာရင် ကာမဂုဏ်အာရုံတွေကို ခင်တွယ်သူတွေက များတာမို့၊ ကာမဂုဏ်အာရုံတွေကို ပစ်ပယ်ပြီး တရားကို စွန့်စွန့်စားစား လိုလားသူဟာ နည်းပါးတတ်ပုံ။ (၂) ဒါပေမဲ့ အများလိုချင်တဲ့ အရာတိုင်းဟာ တန်ဖိုးမဲ့မဖြစ်နိုင်ပါဘူး။ လောကရဲ့ သဘာဝကိုက "တန်ဖိုးကြီးလေ လူတိုင်းလက်လှမ်း မမီလေ" ဖြစ်တတ်ပုံနဲ့ (၃) နောက်ပြီး အသိဉာဏ် မြင့်မားလာမှပဲ လူတွေရဲ့ တန်ဖိုးထားတတ်မှုကလည်း မြင့်တက်လာမြဲ ဖြစ်တာကြောင့် မိမိတို့ရဲ့ အသိဉာဏ် ရင့်ကျက်မြင့်တက်လာအောင် ကြိုးပမ်းခြင်းသည်သာ နိဗ္ဗာန်စခန်းဆီသို့ အနီးဆုံးချဉ်းကပ်လမ်းတစ်ခု ဖြစ်ပုံတွေကိုပဲ သတိပြုတွေးမိပါတော့တယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလ*

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

- တကယ်တော့ မကောင်းမှု ပြုကြသူတွေက ချမ်းသာသုခ ရလိုမှုသာမက ဆိတ်ကွယ်ရာလည်းတွေ့၊ ပြေးစရာလည်း ရှိတယ်လို့ထင်တာနဲ့ မတရားအမှုကို ရဲရဲပြုကြတာပါ။ ဒါပေမဲ့မကောင်းမှုဒုစရိုက် လုပ်ငန်းတွေဟာဆိတ်ကွယ်ရာလည်း မရှိ၊ ရှောင်ပုန်းလို့လည်းမရပါဘူး။
- မကောင်းမှု အကုသိုလ်ဆိုတဲ့ ဒဂ်ါးပြားကြီးမှာ"အပြစ်ရှိခြင်း" လို့ဆိုတဲ့ "ခေါင်း" နဲ့ ပူးတွဲလျက်ပါတာပါ။
- အပြစ်ရှိခြင်းဟာ မကောင်းမှုအကုသိုလ်ရဲ့ အသွင်သဏ္ဍာန်ဖြစ်ပြီး မကောင်းကျိုးပေးခြင်းကတော့ မကောင်းမှုအကုသိုလ်ရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်။
- လူများစုဟာ အပြစ်ရှိခြင်းဆိုတဲ့ မကောင်းမှုရဲ့ အသွင်သဏ္ဍာန်ကို ပုံစံမျိုးစုံ၊ နည်းလမ်းအဖုံဖုံနဲ့ဟန်ဆောင်ဖုံးကွယ်နိုင်ကြပေမယ့် မကောင်းကျိုးပေးခြင်းဆိုတဲ့ မကောင်းမှုအကုသိုလ်ရဲ့ အနှစ်သာရကိုတော့ ရှောင်လွှဲမရ လက်ခံကြရပါတယ်။



စစ်မှန်တဲ့ ချမ်းမြေ့မှုဆိုတာ ဖြူစင်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ သန့်စင်မြင့်မြတ်တဲ့ စိတ်နှလုံး ပေါ်မှာ အခြေခံပြီးတည်ဆောက်မှသာ ရနိုင်တာမျိုးပါ။ အဲဒီအချက်ကို မငဲ့ကွက်ဘဲ ဘဝတက်လမ်း ရှာမိရင် လိုချင်တာတစ်မျိုး၊ ရလာတာကတစ်ဖုံ ဖြစ်တတ်ပါတယ်။

စစ်မှန်တဲ့ ချမ်းမြေ့မှုဆိုတာ ဖြူစင်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ သန့်စင်မြင့်မြတ်တဲ့ စိတ်နှလုံးပေါ်မှာ အခြေခံပြီး တည်ဆောက်မှသာ ရနိုင်တာမျိုးပါ။ အဲဒီချက်ကိုမငဲ့ကွက်ဘဲ ဘဝတက်လမ်း ရှာမိရင်လိုချင်တာတစ်မျိုး၊ ရလာတာကတစ်ဖုံ ဖြစ်တတ်ပါတယ်။ "မရမနေ၊မနေမနား" ကြိုးစားပမ်းစား လျှောက်လှမ်းလို့ ရောက်လာ၊ ရလာတဲ့ ပန်းတိုင်းတစ်ခုဟာ ကိုယ့်လက်ထဲရောက်မှ "ရွှေရည်စိမ်" အတုကြီးဖြစ်နေရင် အင်မတန် ကြေကွဲစရာကောင်းပါတယ်။

ဘဝမှာ ချမ်းသာသုခ ရှာဖွေကြသူတွေဟာ "ဆိုးတာပြုတာ၊ ဆိုးတာရ၊ ကောင်းမှု ကောင်းစားသည်"ဆိုတဲ့ကမ္မဉပဒေ၊ လောကရဲ့ ဆောင်ပုဒ်ကလေးကိုတော့ မျက်နှာလွှဲလို့ မရပါဘူး။ မကောင်းမှုနဲ့ ရင်းနှီးပြီးမှ ရလာတဲ့ ချမ်းသာတု ချမ်းသာယောင်တွေဟာ "သဲရဲတိုက်တွေ၊ ရေခဲစံအိမ်" တွေပါ။ အခြေခံက စပြီးမှားတာမို့ "မတရားမှုနဲ့ ချမ်းသာသုခ " ဆိုတာ ကောင်းကင်ပြာနဲ့ ကမ္ဘာမြေ၊ သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းပမာ လွန်စွာဝေးကွာတဲ့ အရာတွေပေါ့။

တကယ်တော့ မကောင်းမှု ပြုကြသူတွေဟာ ချမ်းသာသုခ ရလိုမှုသာမက ဆိတ်ကွယ်ရာလည်းတွေ့၊ ပြေးစရာလည်း ရှိတယ်လိုထင်တာနဲ့ မတရားမှုကို ရဲရဲပြုကြတာပါ။ ဒါပေမဲ့ မကောင်းမှု ဒုစရိုက်လုပ်ငန်းတွေဟာ ဆိတ်ကွယ်ရာလည်းမရှိ၊ ရှောင်ပုန်းလို့လည်း မရပါဘူး။ မကောင်းမှုအကုသိုလ်ဆိုတဲ့ ဒဂါပြားကြီးမှာ "အပြစ်ရှိခြင်း"လို့ဆိုတဲ့ "ခေါင်း" နဲ့ "မကောင်းမှုကျိုးပေးခြင်း"လို့ဆိုတဲ့"ပန်း" နှစ်ဖက် ပူးတွဲလျက်ပါတာပါ။

အပြစ်ရှိခြင်းဟာ မကောင်းမှု အကုသိုလ်ရဲ့ အသွင်သဏ္ဍာန်ဖြစ်ပြီး မကောင်းကျိုးပေးခြင်း ကတော့ မကောင်းမှု အကုသိုလ်ရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။ လူများစုဟာ
အပြစ်ရှိခြင်းဆိုတဲ့ မကောင်းမှုရဲ့ အသွင်သဏ္ဍာန်ကို ပုံစံမျိုးစုံ၊ နည်းလမ်းအဖုံဖုံနဲ့

တော်ဝင်နွယ် - *ဓမ္မရသပုံပြင်များ*

ဟန်ဆောင်ဖုံးကွယ်နိုင်ကြပေမယ့် မကောင်းကျိုးပေးခြင်းဆိုတဲ့ မကောင်းမှုအကုသိုလ်ရဲ့ အနှစ်သာရကိုတော့ ရှောင်လွှဲမရ လက်ခံကြရပါတယ်။

မတရားမှု အကုသိုလ်ပြုထားသူဟာ-

(၁) အတ္တာနုဝါဒဘေး= ကိုယ့်စိတ်က ကိုယ့်ကိုစွပ်စွဲကဲ့ရဲ့ အပြစ်တင်ခံရခြင်း။

(၂) ပရာနုဝါဒဘေး= အများက ကိုယ့်ကို စွပ်စွဲကဲ့ရဲ့ အပြစ်တင်ခံရခြင်း။

(၃) ဒဏ္ဍဘေး = တရားဥပဒေအရ အရေးယူ အပြစ်ပေးခံရခြင်း။

(၄) ဒုဂ္ဂတိဘေး=ဘဝပေးအခြေအနေနိမ့်ကျ အပါယ်လေးပါးရောက်ရခြင်း။

အားဖြင့် မကောင်းအကျိုးပေး(၄)မျိုးကို မလွှဲမသွေ ခံစားကြရပါတယ်။

အဲဒီဘေး(၄)မျိုးကို (အများထင်သလို) နောင်ဘဝကျမှ မဟုတ်ဘဲ အကုသိုလ်အမှု ပြုမိလိုက်တဲ့အချိန်ကစပြီး ကိုယ့်တရားကိုယ်စီရင်၊ ကိုယ်ဘာသာကိုယ် အပြစ်ပေး အများမသိပေမယ့် တိတ်တိတ်လေး ကျိတ်ဆွေး ခံစားကြရတာပါ။ လူတိုင်းရဲ့ စိတ်ထဲမှာ အမှန်တရားကို မြတ်နိုးပြီး ဘက်မလိုက်တတ်တဲ့တရားသူကြီး တစ်ဦးစီရှိပါတယ်။ သူစီရင်ဆုံးဖြတ်ပေးတဲ့ ပြစ်မှုတွေဟာ လောကမှာ အမှန်ကန်အတည့်မတ်ဆုံး တရားစီရင်ထုံးတွေပဲဖြစ်ပါတယ်။

အဲဒီအကြောင်းနဲ့စပ်တဲ့ ဓမ္မပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ဟာ ကာလီဒါသလျှောက်ထုံးထဲမှာပါဝင်တဲ့ အဖြစ်အပျက်ကလေးတစ်ခုကို အခြေခံထားတာပါ။

## စစ်မှန်တဲ့အပြစ်ဒဏ်

ရှေးရှေးတုန်းက ဓာရာတိုင်းမှာ ဘောဇဘုရင်ကြီး အုပ်စိုးနေသတဲ့။ အဲဒီဘုရင်ကြီး ဟာ ဉာဏ်ပညာထက်မြက်ပြီး စာပေ၊ ဂီတ၊ အနုပညာတွေကိုလည်း အင်မတန်ဝါသနာပါတယ်။ ဘုရင်ကြီးဟာ နိုင်ငံတော်အုပ်ချုပ်ရေးကိုပဲ အဓိကထား စီမံအုပ်ချုပ် တယ်။ ရာဇဝတ်မှုတွေ၊ တရားမ-မှုတွေကိုတော့ တရားသူကြီးတွေခန့်ထားပြီး စီရင် ဆုံးဖြတ်စေသတဲ့။ တစ်ခါတစ်ခါ ဆန်းကြယ်တဲ့အမှုအခင်း တစ်ချို့ပေါ်လာရင် ပညာရှိအမတ်ကြီး ကာလီဒါသကိုလွှဲအပ်ပြီး စီရင်ဆုံးဖြတ်စေပါတယ်။

ဒါပေမဲ့ မလွှဲသာမရှောင်သာ ဘုရင်ကြီးထံ ရောက်လာတဲ့ အမှုအခင်းတွေကိုတော့ ကိုယ်တော်တိုင်ပဲ စီရင်ဆုံးဖြတ်လေ့ရှိပါတယ်။

အခါတစ်ပါးမှာ ဘောဇနဘုရင်မင်းမြတ်ဟာ ပညာရှိအမတ်ကာလီဒါသမပါဘဲ မင်းချင်း ယောကျ်ားတချို့နဲ့ တောလက်ကျေးရွာတွေဘက်ကို တိုင်းခန်း လှည့်လည်တော်မူပါတယ်။ ဘုရင်မင်းမြတ် ရွာတစ်ရွာသို့ ရောက်တော်မူ နေစဉ်မှာ တိုက်တိုက်ဆိုင်ဆိုင် အဲဒီရွာမှာ ခိုးမှုတစ်မှုဖြစ်ပွားသတဲ့။ အဲဒီအခါရွာမှာရှိတဲ့ ရွာသူကြီးဟာ ဒီအမှုကို စုံစမ်းအဖွဲ့မတင်တော့ဘဲ ခိုးသား(၄)ယောက်နဲ့အတူ အမှုတော်ကို ဘုရင်မင်းမြတ်ထံ တိုက်ရိုက်တင်ပို့လိုက်ပါတယ်။ ဘုရင်မင်းမြတ်ကလည်း ရှေ့တော်မှောက် ရောက်လာတဲ့ ခိုးသား(၄)ယောက်တို့ကို ဘာမျှစစ်ဆေး မေးမြန်းမနေတော့ဘဲ "မောင်မင်းတို့၊ ငါကိုယ်တော်မြတ်ရဲ့ခေတ်ဟာ သစ္စာတရားကို လက်ကိုင်ထားတဲ့ သစ္စာခေတ်ဖြစ်တယ်။ ရှင်ဘုရင်လုပ်တဲ့သူဟာ တိုင်းသူပြည်သားတို့ အပေါ်မှာ ရင်ဝယ်သားကဲ့သို့ သဘောထား ရတယ်။ နိပ်ကွပ်ရမယ်၊ ချီးမြှောက်ထိုက်တဲ့ သူကို ချီးမြှောက်ထောက်ပံ့ရမယ်။ ငါကိုယ်တော်မြတ်ဟာ ကျော်သား၊ ရင်သား မခွဲခြား အဂတိတရား မလိုက်စားဘဲ အမှန်အတိုင်းကျင့်ကြံ အားထုတ်နေလေ့ရှိတယ်"

"အခု၊မောင်မင်းတို့(၄)ဦး စလုံးဟာ မိမိတို့မှာ အပြစ်အသီးသီး ရှိ၊ မရှိ မောင်မင်းတို့သာသိတယ်။ တစ်ယောက်အပြစ်နဲ့ တစ်ယောက်အပြစ် တူညီမှာလည်း

မဟုတ်ကြပေဘူး။ အကြီးအငယ် အရွယ်အစားစား အမျိုးမျိုးရှိမှာပဲ။ ဒါကြောင့် ငါကိုယ်တော်မြတ် ဒီအမှုကို မစီရင်လို၊ မောင်မင်းတို့ ကိုယ်ကို မောင်မင်းတို့ဘာသာ စီရင်ဆုံးဖြတ်ပြီး အပြစ်ဒဏ်ကို မှန်စွာခံယူကြကုန်"လို့ အမိန့်တော်မြတ် ချမှတ်ပြီး လွှတ်ပေးတော်မူလိုက်သတဲ့။

အဲဒီအခါဘုရင်မင်းမြတ်နဲ့ပါလာတဲ့ မင်းချင်း ယောက်ျားတွေရော၊ ရှာသူရှာသားတွေပါ ဒီလိုစီရင်ဆုံးဖြတ်တာကို တစ်ခါမျှ မတွေ့ကြုံဖူးတာမို့ အားလုံး အံ့အားသင့်ကုန်ကြတယ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရှုကာ ငေးမောနေကြတယ်။ အဲဒီလို လူအများ အံ့သြ ငေးမောနေကြတာကို မြင်ရတဲ့အခါ ဘုရင်မင်းမြတ်က-

"အို....အချင်းတို့၊ သင်တို့ရဲ့ စိတ်နှလုံးမှာ ဘယ်လိုများ ခံစားကြရကုန်သနည်း၊ ယုံမှားသံသယရှိတာကို ရဲဝံ့စွာလျှောက်တင်ကြလော့" လို့ မိန့်တော်မူပါတယ်။

ဒီအခါမင်းချင်းယောက်ျား တစ်ဦးက-"ရေမြေ့သခင်အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့ တရားစီရင်ပုံမျိုးကို ကျွန်တော်မျိုးတို့ တစ်ကြိမ်မျှ မတွေ့မြင်ဖူးကြပါ။ အပြစ်ကျူးလွန်သူ မှန်သမျှဟာ ကိုယ့်အပြစ်ကို အမြဲဖုံးဖိထားတတ်ကြပါတယ်။ တရားသူကြီးများက စစ်ဆေးမေးမြန်းသော်မှ လိမ်လည်လို့ လျှောက်တင်တတ်ကြပါတယ်။ မိမိကိုယ်ကို မိမိအပြစ်ပေးတယ်ဆိုတာ ကြားတောင်မှ မကြားဖူးပါဘုရား"လို့ လျှောက်တင်တယ်။

အဲဒီအခါ ဘုရင်မင်းမြတ်က "အချင်းတို့.....၊အမှုမှန်ကို သိလိုကြရင် ယခုလွှတ်လိုက်သူ (၄)ဦးနောက်က တိတ်တဆိတ် ချောင်းမြောင်းပြီး လိုက်လံကြည့်ရှုကြလော့၊ ငါကိုယ်တော်မြတ်ရဲ့ သစ္စာတရားနဲ့ အာဏာစက်ကို သိမြင်ရပေလိမ့်မယ်" လို့ မိန့်တော်မူတယ်။

ဘုရင်မင်းမြတ်ရဲ့အမိန့်တော်အရ၊ မင်းချင်းယောက်ျား တချို့ဟာ ခိုးသား(၄)ယောက် နောက်က တိတ်တဆိတ်လိုက်လံ ချောင်းမြောင်းကြတယ်။ ခိုးသား(၄)ဦးထဲက

ခေါင်းဆောင်လုပ်သူဟာ ရွာအပြင်ဘက် ရောက်တဲ့အခါ အဆိပ်သောက်ပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တာကို တွေ့ရသတဲ့။

ဒုတိယခေါင်းဆောင်ကတော့ "ဒီရွာကို လုံးဝမလာတော့ဘူး" ဆိုပြီး တခြားရွာကို ထွက်ခွာသွားသတဲ့။

တတိယလူကတော့ "ဒီနေ့ကစပြီး အသက်ထက်ဆုံး အိမ်အပြင်ဘက် မထွက်တော့ဘူး" ဆိုပြီး အိမ်တွင်းမှာပဲ နေတော့သတဲ့။

စတုတ္ထပြစ်မှု ကျူးလွန်သူကတော့ ရသေ့တွေရဲ့ကျောင်းကိုသွားပြီး ရသေ့ဝတ်သွားသတဲ့။

ဒီလိုနဲ့ သူခိုး(၄)ယောက်နောက်ကို လိုက်ပြီးစုံစမ်းတဲ့သူတွေဟာ ပြန်လာခဲ့ပြီး မိမိတို့ တွေ့ကြုံရတာတွေကို အစုံအလင် ဘုရင်မင်းမြတ်ထံ လျှောက်တင်ကြတယ်။ အဲဒီတော့မှ ဘုရင်မင်းမြတ်က-

"အချင်းတို့၊ ပြစ်မှုကျူးလွန်တဲ့သူဟာ သူတို့ရဲ့ အပြစ်ကို သူတို့အသိဆုံးဖြစ်တယ်၊ ကိုယ်ကျူးလွန်တဲ့ အပြစ်ကို သူတစ်ပါးက အပြစ်ပေးခြင်းဟာအပြစ်နဲ့ ထိုက်တန်တဲ့ဒဏ်ကို ခံစားချင်မှ ခံစားရလိမ့်မယ်။ မိမိအပြစ်ကို မိမိဘာသာ ပြစ်ဒဏ်ပေးခြင်းသည်သာ စစ်မှန်တဲ့ အပြစ်ဒဏ်ပေးခြင်းမည်တယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

အဒီအခါကျမှ ဘုရင်မင်းမြတ်ရဲ့ ဆန်းကြယ်တဲ့ တရားစီရင်ထုံးကို နားလည်သဘောပေါက်သွားကြတဲ့ မင်းချင်းယောက်ျားနဲ့ ရွာသူရွာသားတွေဟာ ဘုရင်မင်းမြတ်ရဲ့ ထက်မြက်တဲ့ ဉာဏ်ပညာကို ဝိုင်းဝန်း ချီးကျူးတော်မူကြသတဲ့။

ဒီပုံပြင်ကလေးဟာ ရိုးရိုးလေးနဲ့ဆန်းကြယ်သလို လေးနက်စူးရှတဲ့ အတွေးစတွေကိုလည်း ဖြစ်ပေါ်စေနိုင်ပါတယ် "အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာကိုးကွယ်ရာ"ဆိုတဲ့ တရားတော်နဲ့အညီ ကိုယ့်အား ကိုယ်ကိုးပြီး ကိုယ့်အထုပ် ကိုယ်ထမ်းကာ ကိုယ့်လမ်းကို ကိုယ်သွားနေရတဲ့ သံသရာခရီးသည် တစ်ဦးအဖို့ "ကိုယ့်တရား ကိုယ့်ဘာသာစီရင်တယ်"

ဆိုတဲ့ ဖြတ်ထုံးဟာ သဘာဝနိယာမတွေနဲ့ ညီညွတ်မျှတပြီး အမှန်ကန်ဆုံးနဲ့ လက်သင့်ခံနိုင်စရာ အကောင်းဆုံး ကောက်ချက်တစ်ခုပါ။

ဒီပုံပြင်ကလေးကြောင့် "ကံတရားဆိုတာ ကိုယ်စိုက်ပျိုးတာကို ကိုယ်ပြန်ရိတ်သိမ်းရတာပဲ" ဆိုတဲ့ ဒေသနာတော်ရဲ့ အနက်အဓိပ္ပါယ်ကို အလေးဂရုပြုမိနိုင်သလို တခုတ်တရ တွေးဆမိနိုင်ပါတယ်။

ဒီအတ္တာနုဝါဒဘေးလို့ခေါ်တဲ့ မိမိကိုယ်မိမိ စွပ်စွဲကဲ့ရဲ့ အပြစ်တင်မှု၊ လိပ်ပြာမသန့်မှုဟာ ထမင်းလုံးတစ္ဆေခြောက်သလို နောက်ဆုံး အိပ်မက်ထဲအထိတောင်လိုက်ပြီး ဒုက္ခပေး ခြောက်လှန့်တတ်ပါတယ်။ လူတွေဟာ သူတစ်ပါးတွေကို လိမ်ညာလို့ရပြီး ကိုယ့်ကိုယ်ကိုတော့ ဘယ်လိုနည်းနဲ့မှ လိမ်ညာလို့မရ ဖြစ်တတ်ပါတယ်။ ဘယ်သူမှ မသိအောင် တိတ်တိတ်ပုန်းပြုလုပ်ထားတဲ့ လျှို့ဝှက်ချက်တွေကိုတောင် ကိုယ်ကသိနေပြီး သားကိုး၊ တကယ်တော့ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါပဲ။ မသိချင်ယောင်ဆောင် နေကြလို့ပါ။

လောကမှာ အဝေးကလူတွေထက် အနီးကလူတွေရဲ့ အကြည်ညိုခံနိုင်ဖို့က ပိုခက်ပါတယ်၊ အနီးကလူတွေရဲ့ အကြည်ညိုခံနိုင်ဖို့ထက်လည်း မိမိကိုယ်မိမိ အကြည်ညိုခံနိုင်ဖို့က ပိုခက်ပါတယ်။ ဒါကြောင့်ဒီအပ္ပမာဒပုံပြင်ကလေးရဲ့ "ကိုယ့်ကိုယ်ကိုသာ ကိုယ်ဆရာ ကိုယ်သာအသိဆုံး"ဆိုတဲ့ အနှစ်သာရကို လက်ခံကာ ကိုယ့်ဟာကိုယ် ရဲရဲရင့်ရင့် ပြုပြင်ထိန်းကျောင်းနိုင်ဖို့ဆိုတာ အလွန်ပဲ အရေးကြီး လှပါတယ်။

*အပ္ပမာဒမေ့ရသမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ဖေဖော်ဝါရီလ*



ဒုက္ခဆိုတာ (လောက) ပညတ်အနေနဲ့သာ ကြောက်စရာကောင်း နေတာပါ။ (ဓမ္မ) ပရမတ် အနေနဲ့ဆို သိပ်ချစ်စရာကောင်းပါတယ်။

ဘဝရဲ့ စ-လယ်-ဆုံး (၃)ပါးစလုံးဟာ ဒုက္ခတွေချည်းပါ၊ အငိုနဲ့ စပြီး အငိုနဲ့ဆုံး၊ တစ်လျှောက်လုံး ငိုခဲ့ရတဲ့ အကြိမ်တွေ ပေါင်းလိုက်တဲ့အခါ "ဘဝသံသရာမှာ ကျခဲ့တဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာ(၄)စင်းမက ရှိလိမ့်မယ်"လို့ ဗုဒ္ဓမြတ်စွာက သတိပေးမိန့်ကြားတော် မူခဲ့ဖူးပါတယ်။

"ဒုက္ခံ ဝေဘူမကံဝဋ္ဋံ" ဆိုတဲ့ ဥပဒေသ တစ်ခုရှိပါတယ်။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ဘုံ (၃)ပါးမှာ ဖြစ်ပျက်နေသမျှတွေဟာ ဒုက္ခပါ။ ဒုက္ခဟာ ဘဝရဲ့ အထည်ကိုယ်ပါ။ ဒါကြောင့် ဘဝကို သဘောပေါက်လိုရင် ဒုက္ခကို နားလည်ရပါလိမ့်မယ်။

ဒုက္ခရဲ့ အနက်အဓိပ္ပါယ်ဟာ ကြီးကျယ်ခမ်းနားလှပါတယ်။ သူ့ကို သိနားလည်ခြင်းဟာ အရိယသစ္စာ = (မြင့်မြတ်တဲ့အမှန်တရား)ကို မျက်မှောက် ပြုခြင်းပါ။ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း မျက်မှောက်ပြုနိုင်ခြင်းဟာ သံသရာဝဋ်ဆင်းရဲရဲ့

ထွက်ပေါက်နဲ့ နိဗ္ဗာန်ချမ်းသာရဲ့ ဝင်ပေါက်ကို တစ်ပြိုင်နက်တည်း တည့်တည့်တိုး မိတာပါပဲ။

တကယ်တော့ သုခနဲ့ဒုက္ခဆိုတာဟာလည်း အလင်းနဲ့အမှောင် အပူနဲ့အအေးတို့လို ကျောချင်းကပ်နေတဲ့အမှန်တရားတွေပါ။ တစ်ခုကိုသဘောပေါက် လက်ခံနိုင်ရင် ကျန် တစ်ခုကိုပါ နားလည်ခံစားနိုင်တော့တာပါပဲ။ ဒါကြောင့် ဘဝရဲ့ အစစ်အမှန် ချမ်းသာသုခ ကိုနားလည်ခံစားလိုရင် ဘဝရဲ့အစစ်အမှန်ဆင်းရဲဒုက္ခကိုလည်း သဘောပေါက်ကြရမှာပါ။

"ဒုက္ခ"ဆိုတဲ့ ပါဠိဝေါဟာရ တစ်ခုကို "ဆင်းရဲခြင်း" လို့ မြန်မာပြန်ရုံနဲ့ သူရဲ့ကျယ်ဝန်းနက်ရှိုင်းတဲ့ အဓိပ္ပါယ်ဟာ ရုပ်လုံးကြွလာမှာ မဟုတ်ပါဘူး။ တကယ်တော့ ဒုက္ခရဲ့ အနက်အဓိပ္ပါယ် ပြည့်ပြည့်စုံစုံ ခြုံငုံဖော်ပြနိုင်တဲ့ ဘာသာခြားဝေါဟာရ အလွန်ရှားပါတယ်။ ဒုက္ခဆိုတဲ့ ကျဉ်းမြောင်းတဲ့ စကားလုံးနှစ်ခုထဲမှာ တည်မြဲမှုမရှိ၊ ဖောက်ပြန်ပျက်စီး၊ အထင်ကြီးအားကိုးလို့မရ၊ သာယာဖွယ်ကင်း၊ ထိတ်လန့်ကြောက်ရွံ့၊ စက်ဆုပ်ရွံ့မုန်း၊ လုံးလုံးရန်သူ စတဲ့ အဓိပ္ပါယ်ပေါင်း (၂၅)မျိုးအထိ ပါဝင်နေပါတယ်။

စာပေကျမ်းဂန်တွေမှာ သိမ်မွေ့နက်နဲတဲ့ ဒုက္ခရဲ့ သဘာဝနဲ့အညီ ဒုက္ခအမျိုးအစားကို

၁။ ဒုက္ခ ဒုက္ခ

၂။ ဝိပရိနာမ ဒုက္ခ၊

၃။ သင်္ခါရ ဒုက္ခ

လို့ (၃)မျိုး ခွဲထားပါတယ်။ အဲဒီ အထဲမှာ `ဒုက္ခ ဒုက္ခ´ လို့ ခေါ်တဲ့ အခံရခက်တဲ့ အကြမ်းစား ဒုက္ခနဲ့ ဖောက်ပြန်ပျက်စီးမှုကြောင့် ခံစားရတဲ့ ဝိပရိနာမဒုက္ခ(၂)ပါးဟာ သိဖို့လွယ်တဲ့ ပညတ်ဒုက္ခတွေပါ။ သင်္ခါရဒုက္ခကတော့ အလွန်သိရခက်ပါတယ်။ ရုပ်-နမ် -

ဓမ္မ သင်္ခါရနယ်ပယ်ထဲကို နက်နက်နဲနဲရောက်ဖူးတဲ့ သူတွေမှ သိမိ ရိပ်မိနိုင်တဲ့ ပရမတ်ဒုက္ခမျိုးပါ။

ပညတ်ဒုက္ခတွေကို သိရုံနဲ့တော့ အရိယာနယ်ပယ်ထဲကို တိုက်ရိုက်မရောက်နိုင်ပါဘူး။ ဒါပေမဲ့ ပညတ်ဒုက္ခတွေကို လေးလေးနက်နက် ဆင်ခြင်မိရင်တော့ ဘဝကို အထိတ်လန့်ကြောက်ရွံ့တဲ့ သံဝေဂဉာဏ် ဖြစ်ပေါ်နိုင်တာမို့ ပညတ်ဒုက္ခတွေကို သိရတာလည်း ကျေးဇူးများပါတယ်။ ပရမတ် ဒုက္ခ(သင်္ခါရဒုက္ခ)ကို မြင်ရင်တော့ ဘဝကို ငြီးငွေ့ရွံ့မုန်းတဲ့ နိဗ္ဗိဒါဉာဏ်ကို ဖြစ်ပေါ်စေပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တာမို့ အလွန်ကျေးဇူးကြီးပါတယ်။

ဒါကြောင့် "ဒုက္ခကိုသိရမယ်"လို့ ဆိုရာမှာ သင်္ခါရ ဒုက္ခကို သိမှသာ ဒုက္ခသစ္စာကိုလည်း မျက်မှောက်ပြုရာ ရောက်ပါတယ်။

ဒီအကြောင်းနဲ့စပ်ပြီး ဓမ္မပုံပြင်ကလေးတစ်ခုကို ပြောပြချင်ပါတယ်။

## ဒုက္ခတွေချင်တဲ့ မျောက်

တစ်ခါတုန်းက ရွာတစ်ရွာတစ်ရဲ့ အရှေ့ဘက်ခပ်လှမ်းလှမ်းမှာ အင်မတန်သာယာလှပတဲ့ တောအုပ်တစ်ခုရှိပါတယ်။ သစ်ပင်တောတောင်တွေက စိမ်းစိမ်းစိုစိုမို့ ကျေးငှက်သာရကာ တွေလည်း အလွန်ပေါပါတယ်။ တောအုပ်ရဲ့ အလယ်မှာရှိတဲ့စမ်းချောင်းအလေးရဲ့ စီးဆင်းနေသံက သာယာသလို ရေသောက်ဆင်းလာတဲ့ သမင်လေးတွေရဲ့ မြင်ကွင်း ကလည်းအလွန်လှတယ်။

အဲဒီတောအုပ်ထဲကမှာ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးတစ်ပါးနဲ့ ကပ္ပိယ အဖိုးကြီး ဦးရွှေရိုး ဆိုတာလည်းရှိသတဲ့။ ဆရာတော်ကြီးက သတိပဋ္ဌာန် ဝိပဿနာ တရားကို ကြိုးစား ရှုမှတ်နေတာမို့ ကြုံတွေ့ လာသမျှ အာရုံတွေရဲ့ ဖြစ်ခြင်းပျက်ခြင်း သင်္ခါရဒုက္ခကို ရှင်းရှင်းကြီး သိမြင်နေတာပေါ့။ ဒါကြောင့်မို့ ဆရာတော်ကြီးဟာ

သခ်ါရတရား တွေအပေါ်မှာ ငြိမ်းငွေ့နေပြီး မြင်ရင်လည်း"ဒုက္ခ၊ ဒုက္ခ"ကြားရင်းလည်း " ဒုက္ခ၊ ဒုက္ခ" စားရင်လည်း "ဒုက္ခ၊ ဒုက္ခ"နဲ့ ညည်းညူတော်မူသတဲ့။

ကပ္ပိယကြီး ဦးရွှေရိုးကတော့ တရားသဘောကိုမသိသေးတာမို့ "ဆရာတော်ကြီးကလည်း သူ့မှာ ဘာဒုက္ခမှုမရှိဘဲ အမြဲတမ်း(ဒုက္ခ၊ ဒုက္ခ)နဲ့ ဘာလို့ညည်းညူနေပါလိမ့်" လို့ တွေးသတဲ့။

တစ်နေ့တော့ မြို့ပေါ်က ဒကာ၊ ဒကာမတွေဟာ တောရကျောင်း ဆရာတော်ကြီးကို လာရောက် ဖူးမြော်ရင်း အင်မတန် ကောင်းမွန်တဲ့ ထောပတ်ဆွမ်းနဲ့ ဆွမ်းဟင်းတွေ ဆက်ကပ်ကြတယ်၊ အချိုပွဲအတွက်လည်း အသီးအနှံတွေ၊ မုန့်တွေမျိုးစုံနဲ့ ဖွယ်ဖွယ်ရာရာ ဆက်ကပ်ကြတယ်၊ ဆရာတော်ကြီးဟာ ဆွမ်းဘုဉ်းမပေးမီ ပစ္စဝေက္ခဏာဆင်ခြင်ပြီးတော့ ထုံးစံအတိုင်း "အင်...စားရဦးမယ်၊ ဒုက္ခ၊ ဒုက္ခ"လို့ ညည်းညူတော်မူပါတယ်။ အဲဒီအခါအနားမှာ ယပ်ခပ်နေတဲ့ ကပ္ပိယကြီးဦးရွှေရိုးက "အင်...ဒီလိုဒုက္ခမျိုးတော့ ရွှေရိုးတို့က တွေ့ချင်စမ်းသဗျ" လို့ စိတ်ကူးနဲ့ ပြောသတဲ့ ။ ဆရာတော်ကြီးက ဆွမ်းဘုဉ်းပေးလို့ ပြီးတဲ့အခါ ဆွမ်းကျန်တွေကို ကပ္ပိယကြီး ဦးရွှေရိုးကို စွန့်ပါတယ်။ ဦးရွှေရိုးကလည်း ဆွမ်းမစားခင် ဆရာတော်ကြီးကို အတုလိုက်ပြီး "အင်း... စားရဦးမယ်၊ ဒုက္ခ ဒုက္ခ" လို့ ညည်းညူဟန် ပြုပါတယ်။ စားရင်လည်း "အင်း ဒီဒုက္ခကတော့ တယ်ကောင်းဗျ" လို့ ထပ်ဆင့်ပြောလိုက်ပါတယ်။ ဦးရွှေရိုးတို့နေတဲ့ တောရကျောင်းနဲ့ မလှမ်းမကမ်းမှာ နီတိုးလို့ခေါ်တဲ့ မျောက်ကြီးတစ်ကောင်လည်း ရှိသေးသတဲ့ ။ အဲဒီနီတိုးဟာ တစ်နေ့တော့ လူသွားလမ်းမမှာရှိတဲ့ ညောင်ပင်ကြီးတစ်ပင်မှာ တက်ပြီးအိပ်နေသတဲ့။ အဲဒီအခါ ညောင်ပင်ကြီးရဲ့အောက်ကို အရိပ်ဝင်ခိုကြတဲ့ ခရီးသွားတွေဟာ မသွားမဖြစ်လို့ ခရီးသွားကြရပေမယ့် မောပန်းနွမ်းနယ်ကြတာမို့ "ဒုက္ခ ဒုက္ခ" လို့ ညည်းညူသံကို မျောက်ကြီးနီတိုးက ကြားရတယ်။ မကြာခဏဆိုသလို ခရီးသွားတွေရဲ့ "ဒုက္ခ ဒုက္ခ" လို့ ညည်းညူမြည်းတမ်းသံကို ထပ်ခါတလဲလဲ ကြားရတဲ့အခါ မျောက်ကြီးနီတိုးက "ဒီညောင်ပင်အောက်ကိုဝင်နားတဲ့ ခရီးသွားတွေ အများဆုံးပြောတဲ့ စကားက "ဒုက္ခ"ဆိုတာပဲ။ ဒီ"ဒုက္ခ"ဆိုတဲ့ စကားဟာ အင်မတန်အရေးကြီးပုံရတယ်။


အကြောင်းသိအောင် ငါစုံစမ်းဦးမယ်” လို့ တွေးသတဲ့။ တစ်နေ့တော့ လူတစ်ယောက်က ညောင်ပင်အောက်ရောက်လာပြီး ခေတ္တခဏ အပန်းဖြေတန်း“ဩော် ဒုက္ခ ဒုက္ခ” လို့ ညည်းတွားလိုက်တယ်။ အဲဒီအခါ မျောက်ကြီး နီတိုးဟာ သစ်ပင်ပေါ်ကဆင်းလာပြီး “မိတ်ဆွေ၊ ဒုက္ခဆိုတာ ဘာကိုခေါ်သလဲ ၊ ဒုက္ခရှိရင် ကျွန်ုပ်ကိုပေးစမ်းပါ ”လို့ တောင်းတယ်။ အဲဒီအခါ ခရီးသွားက “ဒုက္ခ ဆိုတာမကောင်းဘူး၊ မလိုချင်ပါနဲ့ ” လို့ ပြောတယ်။ မျောက်ကြီးနီတိုးက မကျေနပ်ဘူး၊ မရ ရအောင်တောင်းတယ်။ ဒါနဲ့ ခရီးသည်လူငယ်က “မျောက်ကြီး ဒုက္ခအကြောင်း ကောင်းကောင်းသိချင်ရင် တောရကျောင်းဆရာတော်ကြီးထံမှာ သွားမေး”လို့ ပြောလိုက်တယ်။ ဒါနဲ့ မျောက်ကြီးလည်း တောရကျောင်းကိုသွားတယ်၊ တောရကျောင်းရောက်တဲ့အခါ ဆရာတော်ကြီးက ခရီးထွက်နေလို့ ကပ္ပိယကြီးဦးရွှေရိုးနဲ့ပဲ တွေ့ရတယ်။ ကပ္ပိယကြီးက “မိတ်ဆွေကြီး ဘာကိစ္စရှိလို့ လာပါသလဲ”လို့ မေးတဲ့အခါ “ဒုက္ခဆိုတာဘာလဲသိချင်လို့ ကျောင်းကိုလာခဲ့တာပါ။ ဆရာတော်ကြီးမရှိရင် ကပ္ပိယကြီးပဲ ကျွန်ုပ်ကို ဒုက္ခပေးစမ်းပါ” လို့ ပြောတယ်။ ကပ္ပိယကြီးက “ဒုက္ခဆိုတာ မကောင်းဘူး၊ မလိုချင်နဲ့ ”လို့ပြောပေမယ့် မရဘဲ မျောက်ကြီးက အကြိမ်ကြိမ် တောင်းဆိုနေတာမို့ “ဒါဖြင့်ကောင်းပြီး၊ မနက်ဖြန်ကျောင်းကို လာခဲ့ပါ၊ အဲဒီအခါ ဒုက္ခပေးပါမယ်”လို့ ပြောလိုက်ရသတဲ့။ ဒါနဲ့ ကပ္ပိယကြီးလည်း မျောက်ကြီးပြန်သွားတဲ့အခါ ဂုန်နီအိတ်ထူထူထဲမှာ တောခွေးတစ်ကောင်ကို ဖမ်းပြီး ထည့်ကာ ကြိုးနဲ့ ချည်တုပ်ပြီး ကျောင်းအောက်ချထားလိုက်တယ်၊ မနက်မိုးလင်းတဲ့အခါ ဒုက္ခလိုချင်တဲ့ မျောက်ကြီးဟာ တောရကျောင်းကို အစောကြီးရောက်လာပြီး “ကပ္ပိယကြီး ဘယ်မှာလဲ ဒုက္ခ၊ ကျွန်ုပ်ကိုပေးပါ”လို့ တောင်းတယ်။ အဲဒီအခါ ကပ္ပိယကြီး ဦးရွှေရိုးက ကျောင်းအောက်မှာရှိတဲ့ ဂုန်နီအိတ်ကြီးကို မ ယူလာပြီး “အဆွေမျောက်ကြီး၊ ဟောဒီမှာ သင်လိုချင်နေတဲ့ ဒုက္ခထုပ်ပဲ။ ဒါကို သင့်ထံပေးလိုက်ပါမယ်။ ဒါပေမဲ့ ဒီဒုက္ခထုပ်ကြီးကို အခုချက်ချင်း ဖြေမကြည့်ဘဲ သစ်ပင်တစ်ပင်မျှမရှိတဲ့ လွင်ပြင်ထဲရောက်မှ ဖွင့်ကြည့်ရမယ်၊ အဲဒီအခါ မင်းတွေ့ချင်တဲ့ ဒုက္ခကို တွေ့ပြီသာမှတ်ပေတော့”လို့ ဆိုပြီး၊ မျောက်ကြီးကို ပေးလိုက်တယ်။ မျောက်ကြီးနီတိုးဟာ ဒုက္ခတော့တွေ့ရတော့မယ်ဆိုပြီး ဝမ်းသာအားရ အထုပ်ကြီးကိုထမ်းကာ တောအုပ်ထဲကနေ လွင်ပြင်ဘက်ကို ထွက်လာခဲ့တယ်၊

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

ကပ္ပိယကြီး မှာလိုက်တဲ့အတိုင်း သစ်ပင်တစ်ပင်မျှ မရှိတဲ့ လွင်ပြင် အလယ်ရောက်မှ အထုပ်ဖွင့်ကြည့်တယ်။ ဒီအခါ ညနေကတည်းက ဘာမျှမစားရဘဲ အိပ်ထဲမှာ ထည့်ထုပ်ထားလို့ စိတ်ဆိုးနေတဲ့တောခွေးဟာ မျောက်ကြီးကို ဒေါသတကြီး လိုက်ကိုက်တော့တာပဲ။ မျောက်ကြီးနီတိုးလည်း သစ်ပင်မရှိတဲ့ လွင်ပြင်ထဲမှာမို့ သေပြေးရှင်ပြေး တောစပ်ရောက်အောင်ပြေးကာ သစ်ပင်တစ်ပင်ပေါ် တက်နေလိုက်ရတယ်။ သစ်ပင်တစ်ပင်ပေါ်ရောက်မှ မျောက်ကြီးနီတိုးလည်း သက်ပြင်းချကာ "အမလေး၊ မောလိုက်တာ၊ ဒုက္ခဆိုတဲ့ အကောင်ဟာ မျက်လုံးပြူးပြူး အစွယ်ငေါငေါနဲ့ တကယ် ဆိုးတယ်၊ ဒုက္ခဆိုရင် ကြောက်ပါပြီဗျ" လို့ ညည်းညူးလိုက်သတဲ့။

ဒီပုံပြင်လေးဟာ ဒုက္ခရဲ့အနက်မိပ္ပါယ်ကို ကောက်ချက်ချရာမှာ ကွဲလွဲနိုင်ပုံကို ဖော်ပြပေးတာပါ။ တောရကျောင်းဆရာတော်ကြီး သိမြင်တဲ့ ဒုက္ခအဆင့်အတန်းကို ကပ္ပိယကြီးက မသိပါဘူး။ ကပ္ပိယကြီးသိတဲ့ ဒုက္ခအဆင့်ကိုလည်း မျောက်ကြီးက လိုက်မမီပါဘူး။ ပုံပြင်ထဲမှာမှ မဟုတ်ပါဘူး။ တကယ့် လောကထဲမှာလည်း ဒုက္ခရဲ့အနက်အဓိပ္ပါယ်ကို ကိုယ့်အထွာနဲ့ ကိုယ်သိနေကြတာပါပဲ။ တကယ်တော့ ဒုက္ခဆိုတာ ပုံပြင်ထဲက မျောက်ကြီးပြောသလို "ကြောက်စရာ" မဟုတ်ပါ "သိချင်စရာ" ပါ၊ သစ္စာလေးပါးကို ဟောကြားတော်မူတဲ့နေရာမှာ ဗုဒ္ဓမြတ်စွာက ဒုက္ခသစ္စာကို "ပယ်ဖို့မလို၊ သိဖို့သာလိုတယ်" လို့ ညွှန်ကြားတော်မူခဲ့ပါတယ်။ ဒါကြောင့် ဒုက္ခကို ကိုယ့်စိတ်ထဲဝင်ခွင့်မရအောင် ပိတ်ဆို့ထားဖို့ မကြိုးစားကြပါနဲ့။ ဝင်ခွင့်ပြုလိုက်ပါ။ ဒုက္ခကိုနှလုံးသားထဲ ဖြတ်သန်းခွင့်ပြုမှ အတွေ့အကြုံအရ သူ့အကြောင်း ကောင်းကောင်း နားလည်မှာပါ။ သူ့အကြောင်းကောင်းကောင်း သိခွင့်ရလိုက်တာဟာ ကိုယ့်အတွက် တကယ့်မင်္ဂလာပါ။ ဒုက္ခဆိုတာ (လောက)ပညတ်အနေနဲ့သာ ကြောက်စရာကောင်းနေတာပါ။ (ဓမ္မ)ပရမတ် အနေနဲ့ဆို သိပ်ချစ်စရာကောင်းပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ မတ်လ*



အန္တပုထုဇဉ်တွေကို ဒီလောက်ကြီးမားလေးလံတဲ့ ကိလေသာဝန်ထုပ်ကြီးကို သံသရာတစ်လျှောက်လုံး မိုက်မိုက်ကန်းကန်း ထမ်းပိုးသွားနိုင်အောင် သွေးထိုး မြှောက်ပင့်ပေးတဲ့သူတွေက "တဏှာ၊ မာန၊ ဒိဋ္ဌိ"ရယ်ပါ။ သူတို့ သုံးဦးထဲမှာ "ဒိဋ္ဌိ"ဟာ အဆိုးဆုံး၊ ဇာတ်အရှုပ်ဆုံးဖြစ်ပါတယ်။

တရားသဘောအရ ပြောရရင်တော့ လူတိုင်းဟာ (ဝန်ထပ်ဝန်ပိုးတွေ ထမ်းထားရတာမို့) ဝန်ထမ်းတွေချည်းပါပဲ၊ လူမှုရေးဝန်၊ ခန္ဓာဝန်၊ ကိလေသာဝန်တို့ လူသားတွေ ထမ်းပိုးထားရတဲ့ ဝန်(၃)ပါးထဲမှာ ကိလေသာဝန်ဟာ အလေးလံ၊ အပင်ပန်းဆုံးပါ။ ကိလေသာဝန်ထုပ်ဝန်ပိုးဟာ အမျိုးအစားအားဖြင့် (၁၀)ပါးတည်း ဖြစ်ပေမယ့် စုစုပေါင်း အလေးချိန်ဟာ တန်ချိန်(၁၅၀၀)ထိ ရှိပါတယ်။

ဒီလောက်ကြီးမားလေးလံတဲ့ ဝန်ထုပ်ကြီးကို ထမ်းပိုးပြီး သံသရာစက်ဝန်းမှ ကချွတ်ကင်းလျှောက်သလို သွားနေတာဟာ "ဝဋ်ဆင်းရဲ"ပါပဲ။ ဒီလိုဝဋ်ဆင်းရဲမှာ အာဂပုထုဇဉ် (ဝါ) အန္ဓပုထုဇဉ်တွေပဲ ပျော်ပိုက် မွေ့လျော်နိုင်ကြပါတယ်။ ကလျာဏ ပုထုဇဉ်တွေကတော့ သံသရာစက်ဝန်းက လွတ်ကင်းစေရန် ရည်သန်ပြီး နိဗ္ဗာန်ရောက် အောင် အားထုတ်ကြပါတယ်။ နိဗ္ဗာန်ရောက်အောင် အားထုတ်တယ်ဆိုတာ ကိလေသာ ဝန်ထုပ်ဝန်ပိုးကို အဆင့်ဆင့် ဖြုတ်ချ စွန့်ပစ်နိုင်အောင် ကြိုးစားတာပါပဲ။

မဂ်ဉာဏ်(၄)ပါးနဲ့ အဆင့်ဆင့် ဖြုတ်ချစွန့်ပစ်လို့ နောက်ဆုံးရဟန္တာ ဖြစ်တဲ့အခါ ဘဝသံသရာ တစ်လျှောက်လုံးက ထမ်းပိုးလာခဲ့ရတဲ့ ဒီကိလေသာ ဝန်ထုပ်ကြီးဟာ အကုန်လုံးစွန့်ပစ်ပြီး ဖြစ်တော့တာပဲ။ အဲဒီအခါကျမှ လူသားတွေဟာ "ဝိမုတ္တိသုခ"လို့ ခေါ်တဲ့ အတုမဲ့ လွတ်မြောက်ငြိမ်းအေးမှုချမ်းသာကို ခံစားကြရပါတယ်။ တကယ်ဆို အန္ဓပုထုဇဉ်တွေကို ဒီလောက် ကြီးမားလေးလံတဲ့ ကိလေသာဝန်ထုပ်ကြီးကို သံသရာတစ်လျှောက်လုံး မိုက်မိုက်ကန်းကန်း ထမ်းပိုးသွားနိုင်အောင် သွေးထိုးမြှောက်ပင့် ပေးတဲ့ သူတွေက "တဏှာ၊ မာန၊ ဒိဋ္ဌိ"ရယ်ပါ။ သံသရာနယ်ချဲ့ ကိုလိုနီလက်ပောင်းတွေပါ။ "သုံးယောက်ပေါင်းလောင်းကျော်"ဆိုပေမယ့် သူတို့သုံးဦး ထဲမှာ "ဒိဋ္ဌိ" ဟာ အဆိုးဆုံး၊ ဇာတ်အရှုပ်ဆုံး ဖြစ်ပါတယ်။ သတ္တဝါတွေကို အမြင်မှား၊ အတွေးမှား၊ ဆုံးဖြတ်ချက်မှားတွေ ချမှတ်စေပြီး အပြုအမူအမှားတွေနဲ့ အမှားသံသရာ လည်အောင် လုပ်ဆောင်ပေးနေတာဟာ "ဒိဋ္ဌိ"ရဲ့ ပင်ကိုစရိုက်ပါ။ အဲဒီမိစ္ဆာဒိဋ္ဌိဟာ ဒသသဂီရိဘီလူးလို ဦးခေါင်းပေါင်း (၆၂)လုံးနဲ့ သတ္တဝါတွေကို ဖမ်းစားတတ်ပါတယ်။ ဒါကြောင့်မို့ လူတွေဟာ ဘုရားရှိခိုးတိုင်း "မိစ္ဆာဒိဋ္ဌိ(၆၂)ပါးတို့မှ အခါခပ်သိမ်း

ကင်းလွတ်ငြိမ်းရပါလို၏”လို့ ဆုတောင်းနေကြရတယ်။ ဒါပေမဲ့ဆုတောင်းနေရုံနဲ့တော့ သူ့လက်ကလွတ်ဖို့ လမ်းမမြင်ပါဘူး။ နောက်ပြီး ဒိဋ္ဌိတရားဆိုးရဲ့လက်တံတွေက အင်မတန်ရှည်ပါတယ်။ သူနဲ့ထိမိ ငြိမိတဲ့သူတွေဟာ သူ့လက်က လွတ်အောင် ရုန်းနိုင်ခဲပါတယ်။ ဒါကြောင့် ဒိမိဋ္ဌာဒိဋ္ဌိတရားတွေဟာ ပိုက်ကွန်တွေနဲ့ တူပါတယ်လို့ ပိဋကတ်စာပေမှာ ဥပမာပေးထားပါတယ်။ ဒီပိုက်ကွန်ကြီးကလည်းကမ္ဘာကုန်ကျယ်သရွေ့ ကြီးမားတာမို့ သူ့စက်ကွင်းက မလွတ်ကင်းနိုင်ဘဲ ပျက်စီးကြရတာပဲများပါတယ်။ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်က "ချစ်သားတို့၊ ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင် နေရင်တောင်မှ ဒီဒိဋ္ဌိတရားဆိုးကို ပယ်သတ်နိုင်အောင် အရင်ဆုံး ကြိုးစားကြ။ ပကတိလှံစူး၊ ပကတိမီး အလောင်ခံရရင် တစ်ဘဝ၊ တစ်ခန္ဓာသာ သေနိုင်တယ်။ ဒိဒိဋ္ဌိ တရားဆိုးတည်းဟူသောလှံစူးလို့၊ မီးအလောင်ခံရရင် ဘဝသံသရာ ခန္ဓာအဆက်ဆက် သေရမယ်”လို့ သတိပေး မိန့်ကြားတော်မူခဲ့ရပါတယ်။ တကယ်တော့ ဒိဋ္ဌိဆိုတာ မှန်မကြည့်တတ်တဲ့ လူဖျင်းလူအနဲ့ တူပါတယ်။ ဒီအကြောင်းနဲ့ စပ်ပြီး ခမ္မပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။

## အငြင်းပွားရတဲ့မှန်တစ်ချပ်

တစ်ခါတုန်းက ရွာတစ်ရွာမှာ ကိုလူအေးနဲ့ ဒေါ်မွေးလို့ အမည်ရတဲ့ ဇနီးမောင်နှံနှစ်ဦး ရှိဖူးတယ်။ ကိုလူအေးတို့နေထိုင်တဲ့ ရွာကလေးဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှတဲ့ အတွက် လူသူအရောက်ပေါက် အင်မတန်နည်းတယ်။ ကိုလူအေးတို့ ရွာသူရွာသားတွေ ကလည်း တခြားမြို့တွေကို ရောက်ဖူးတဲ့သူရှားသတဲ့။ အဲဒီတော့နဂိုကရိုးသား အေးဆေး လှတဲ့ ကိုလူအေးတို့ရွာသားတွေဟာ အကြားအမြင် ဗဟုသုတ နည်းပါးကြတော့ လူရိုးလူအတွေ ဖြစ်ကုန်တောပေ့ါ။ ကိုလူအေးက ဘယ်လောက်အသလဲဆိုရင် တစ်ခါကမြို့ကို နွားရောင်းသွားတဲ့အခါ လမ်းမှာတွေ့ရတဲ့ လူလည်တစ်ယောက်က သူထမ်းလာတဲ့ "ကျောက်ဖရုံသီး” ကြီးကို "ဆင်ဥ”လို့ လိမ်ညာပြီး ကိုလူအေးရဲ့ နွားနဲ့ လဲယူသွားတာခံရဖူးသတဲ့။ ကိုလူအေးရဲ့ဇနီး ဒေါ်မွေးကလည်း ကိုလူအေးနည်းတူ ရိုးအတာပါပဲ။ တစ်နေ့တော့ ကိုလူအေးဟာ တောထဲကို လယ်ထွန်သွားရင်းနဲ့

မုန့်ဝိုင်းလေးတစ်ချပ်ကို လမ်းဘေးက ကောက်ရသတဲ့၊ သူကတော့ မုန့်ရယ်လို့ မမြင်ဘူးတော့ မသိပါဘူး။ ဒါပေမဲ့ မုန့်ဝိုင်းလေးကို ကောက်ယူကြည့်တဲ့အခါ မုန့်ထဲမှာ ယောင်တစ်စောင်းနဲ့ ယောကျ်ားတစ်ဦးရဲ့ မျက်နှာ ဝိုင်းဝိုင်းကြီး တစ်ခုပေါ်လာနေတာကို မြင်လိုက်ရတာမို့ "ဟာ၊ ဒါ သေသွားတဲ့ ငါ့ဘကြီးပဲ"ဆိုပြီး အိမ်ကိုယူလာခဲ့တာပေါ့၊ အိမ်ရောက်တဲ့အခါ သူ့အင်္ကျီတွေထည့်တဲ့ ထန်းခေါက်ဖာလေးထဲမှာ မုန့်ဝိုင်းလေးကို သိမ်းထားလိုက်တယ်။ ကိုလူအေးက သူ့ဘကြီးကို သတိရတိုင်း သတိရတိုင်း ထန်းခေါက်ဖာကလေးကိုဖွင့်ပြီး မုန့်ဝိုင်းလေးကို မကြာခဏ ကြည့်သတဲ့။ အဲဒါကို ဒေါ်မွှေးက တွေ့သွားတော့ "ကိုလူအေးဟာ ဒီထန်းခေါက် ဖာကလေးကို ဘာကြောင့် ခဏခဏ ဖွင့်ကြည့်နေရတာလဲ" လို့ သိချင်လာသတဲ့။ တစ်နေ့ ကိုလူအေး တောကို လယ်ထွန်သွားနေတုန်း ဒေါ်မွှေးဟာ ကိုလူအေးရဲ့ထန်းခေါက်ဖာလေးကိုဖွင့်ကြည့် တာပေါ့။ ဒီအခါမှာ ထန်းခေါက်ဖာထဲက မုန့်ဝိုင်းကလေးကို တွေ့သွားတာပေါ့။ ဒီမုန့်ဝိုင်းကလေးကို ကြည့်မိတယ်ဆိုရင်ပဲ ဒေါ်မွှေးဟာ တစ်ခါတည်း မျက်နှာကြီးနီရဲ လာပြီးတော့ စိတ်တွေဆိုး၊ ဒေါသတွေထွက်သတဲ့၊ မုန့်ထဲမှာပေါ်နေတဲ့ ပုံရိပ်ကြည့်ပြီးတော့ "ဟင် လက်စသတ်တော့ ကိုလူအေးဟာ သူ့မယားငယ်ပုံကို ခဏခဏ ခိုးကြည့်နေတာကိုး၊ ဒီလောက်ဖောက်ပြန်ချင်တဲ့သူ တောကပြန်လာမှ တွေ့မယ်လို့လည်း ကြိမ်းဝါးလိုက်သေးတယ်။ ဒါနဲ့ ညနေရောက်တဲ့အခါ ကိုလူအေးလည်း လယ်ထွန်ရာက ပြန်လာခဲ့တယ်။ အိမ်ရောက်တယ် ဆိုရင်ပဲ ဒေါ်မွှေးက ဆီးကြိုပြီး ရန်တွေတော့တာပဲ။ ဒီမယ် ကိုလူအေး၊ ရှင်လုပ်ပုံကောင်းသေးရဲ့လား၊ မယားကြီးတစ်ယောက်လုံး အိမ်ပေါ်မှာရှိနေပါလျက်နဲ့ မယားငယ်ပုံကို ခိုးကြည့်တာ ရှင်မရှက်ဘူးလား"တဲ့။

ဒီအခါ ကိုလူအေးက "ဟဲ့မယ်မွှေး၊ နင်စိတ်မှ ကောင်းသေးရဲ့လား။ အပတွေ စုန်းတွေ မှီလာသလား။ ပြောစမ်းပါဦး။ ဘယ်က မယားငယ်လဲ " ဆိုတော့ ဒေါ်မွှေးက ကိုလူအေးရဲ့ ထန်းခေါက်ဖာကလေးထဲက မုန့်ဝိုင်းကလေးကို ယူလာပြီးပြတယ်။ ပါးစပ်ကလည်း "ကြည့်စမ်းပါဦး၊ ဒီပုံဟာ ရှင့်မယားငယ်ရဲ့ပုံ မဟုတ်လား၊ ဘီးဆံပတ်ကြီးနဲ့ လှမှလှ"လို့ ပြောသတဲ့။

ဒီအခါ ကိုလူအေးက "မယ်မွေးကလည်း မဟုတ်ကဟုတ်က၊ ပြောရော့မယ်၊ အဲဒါ ဘယ်ကလာ ငါ့မယားငယ်ပုံ ဟုတ်ရမှာလဲ၊ အဲဒါ သေသွားတဲ့ ငါ့ဘကြီးပုံဟဲ့၊ လာကြည့်စမ်းပါဦး၊ ယောင်တစ်စောင်းကြီးနဲ့ ဘယ်လောက်ခန့်သလဲ"လို့ ပြောပါတယ်။ ဒီလိုနဲ့ မှန်ဝိုင်းကလေး တစ်ချပ်ကို ဒေါ်မွေးကယူကြည့်ပြီး "ကိုလူအေး မယားငယ်ပုံ"လို့ ပြောလိုက်၊ တစ်ခါ ကိုလူအေးက ယူကြည့်ပြီး "ဒါ ငါ့ဘကြီးပုံ"လို့ ပြောလိုက်နဲ့ ငြင်းခုံလို့ မပြီးနိုင်ဘူးဖြစ်နေတယ်။

အဲဒါနောက်ဆုံးတော့ ရွာဦးကျောင်း ဆရာတော်ရဲ့အဆုံးအဖြတ်ကိုပဲ ခံယူမယ်ဆိုပြီးတော့ ကိုလူအေးရော ဒေါ်မွေးပါ ရွာဦးဘုန်းတော်ကြီး ကျောင်းကို ရောက်သွားကြသတဲ့။ ဆရာတော်က "ဟဲ့ လူအေးတို့ မိမွေးတို့၊ ဘာဖြစ်လာကြသလဲ၊ လျှောက်ကြစမ်း"လို့လည်း မေးလိုက်ရော၊ ကိုလူအေးနဲ့ ဒေါ်မွေးတို့ဟာ မှန်ဝိုင်းကလေးကို ကိုင်ပြပြီး စောစောကလိုပဲ သူတစ်မျိုး ငါတစ်ဖုံ ငြင်းခုံလျှောက်ထားကြသတဲ့။

အဲဒါနဲ့ ဆရာတော်က "ကဲ ဒီလောက်ဖြစ်လှတာ၊ ဘယ်မလဲဒီဥစ္စာ ငါ့ကိုပြစမ်း"လို့ မိန့်တော်မူလိုက်ပါတယ်။ အဲဒီအခါ ကိုလူအေးက မှန်ဝိုင်းကလေးကို ရွာဦးကျောင်း ဆရာတော်ရဲ့ လက်ထဲကို ဆက်ကပ်ပေးလိုက်တယ်။ မှန်ဝိုင်းကလေးကို စူးစိုက်ကြည့်ရင်းနဲ့ ဆရာတော်ရဲ့ မျက်နှာတော်ဟာ ပြုံးရွှင်လာပြီး "ဟဲ့ လူအေးတို့ မိမွေးတို့၊ နင်တို့ တယ်မိုက်လုံးကြီးကြပါလား၊ ဒါဟာ လူအေးရဲ့ ဘကြီးပုံလည်းမဟုတ်၊ မယားငယ်ပုံလည်း မဟုတ်ပါဘူး၊ ပျံလွန်တော်မူသွားတဲ့ ငါတို့ဆရာတော်ဘုရားကြီးရဲ့ ပုံတော်ဟဲ့၊ ဒီဟာကို ငါ့ကျောင်းမှာ ထားခဲ့ပေတော့။ ကဲ ... ကဲ မင်းတို့လည်း အေးအေးဆေးဆေး အိမ်ပြန်ကြ"လို့ မိန့်တော်မူလိုက်သတဲ့။

ဒီပုံပြင်လေးဟာ ရယ်စရာကောင်းပေမယ့် သတ္တဝါတွေရဲ့ သန္တာန်မှာ ဒိဋ္ဌိတရားဖြစ်နေပုံ နဲ့တော့ ထပ်တူထပ်မျှပါပဲ။ ဘဝမှာ ဖြစ်တည်နေတာတွေကို ကြည့်တတ်ရင် "သူ၊ ငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောက်ျား၊ မိန်းမ၊ မောင်ဖြူ၊ မနီ"ဆိုတာတွေဟာ တစ်ခုမျှမရှိဘူး။

တကယ်ရှိတာတွေက ကံ- စိတ် - ဥတု- အာဟာရဆိုတဲ့ ဘဝရဲ့ အခြေခံအကြောင်းတရားတွေ စုပေါင်းလောင်ကျွမ်း စီးဆင်းနေလို့ "ဆီးမီးတောက်လို၊ မြစ်ကြောင်းကြီးလို" အစဉ်အဆက် ဖြစ်ပေါ်နေတဲ့ ပရမတ္ထတရားတွေရဲ့အရိပ် (ရုပ်၊ နာမ်) အလျဉ်ပဲရှိတာပါ။

မှန်မကြည့်ဖူးတဲ့ လူရိုး လူအ တစ်ယောက်ဟာ မှန်ထဲမှာထင်ပေါ်လာတဲ့ ပုံရိပ်ကို ကိုယ့်ပုံရိပ်လို့ မထင်ဘဲ "မှန်ထဲမှာ လူတစ်ယောက် တကယ်ရှိနေတယ်"လို့ ထင်တတ်ပါတယ်။ အဲဒီလိုပါပဲ၊ ဒိဋ္ဌိဟာ ထင်ရှားရှိတဲ့ ပရမတ္ထတရားတွေရဲ့ အရိပ် (ရုပ်၊ နမ်ခန္ဓာအစုအဝေးကြီး)ကို (အရိပ်လို့မမြင်ဘဲ) သူ၊ ငါ၊ သတ္တဝါ ယောက်ျား၊ မိန်းမလို့ အကောင်အထည်အနေနဲ့ ထင်မြင်မှတ်ယူ နေတတ်ပါတယ်။

နေပူစဉ် မိုးရွာတဲ့အခါ (မိုးစက်တွေအကြား ဖြတ်သန်းလာတဲ့ နေရောင်ခြည်ကြောင့်) ဖြစ်ပေါ်လာတဲ့ မိုးကုပ်စက်ဝိုင်းပေါ်က သက်တန့်ရောင်စဉ် ကွေးကွေးကြီးကို အခိုင်အမာ ရှေတံတားကြီးလို့ ငယ်စဉ်က အထင်မှားခဲ့သလိုပါပဲ။ ဒိဋ္ဌိဟာဘဝမှာ ဖြတ်တည်နေတာတွေကို "ကြောင်းကျိုးဆက်၊ သဘာဝဓမ္မ၊ အနတ္တ"လို့ မမြင်ဘဲ "အခု ငါတွေးနေတယ်၊ ဒါကြောင့် ငါရှိတယ်"လို့ "အကြောင်းကျိုးပြတ်၊ ပုဂ္ဂလိကဓမ္မ၊ အတ္တ" အနေနဲ့ အတွေးမှား၊ အမြင်မှားတာပါ။

အဲဒီအတွေးမှား၊ အမြင်မှားကနေ ဆုံးဖြတ်ချက်အမှားတွေကို ချမှတ်စေပြီး သူ၊ ငါ ခွဲခြားသတ်မှတ်မှု၊ ဘက်လိုက်မှု၊ မတရားမှုတွေကိုပါ ဆက်တိုက် ဖြစ်ပေါ်စေတော့တာပါ။ တကယ်တော့ ဒုစရိုက်အားလုံးဟာ ဒိဋ္ဌိအခြေခံ ပြီးတော့မှ ဖြစ်ပေါ်လာရတာပါ။ သတ္တဝါတွေသန္တာန်မှာ ဒိဋ္ဌိရှိနေသမျှ ဒုစရိုက် မကင်းသေးသမျှ အပါယ် (၄)ပါး ကလည်း မလွတ်မြောက်နိုင်ပါဘူး။ ဒါကြောင့် ဒိဋ္ဌိဆိုတဲ့တရားဆိုးဟာ "အပါယ်မျိုးစေ့"ပါ။

ပုံပြင်ထဲက လူတွေကတော့ ပကတိ မှန်အကြည့်မှားလို့ ရန်မီးတွေပွား၊ ရယ်စရာတွေဖြစ်ခဲ့ပါတယ်။ အပြင်ဘက်ကလူတွေ မိစ္ဆာဒိဋ္ဌိဆိုတဲ့မှန်အကြည့်မှားခဲ့ရင်

တော့ ဒုစရိုက်တွေပွား၊ ငိုစရာဖြစ်တော့မှာပါ။ ဒီဓမ္မပုံပြင်ကလေးကို ပြောပြရတဲ့ အဓိက ရည်ရွယ်ချက်က အဲဒါပါပဲ။ သတ္တဝါအားလုံး မိစ္ဆာဒိဋ္ဌိလက်က လွတ်မြောက်ကြပါစေ။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဧပြီလ*



ဘဝသံသရာ ခရီးသွားဖြစ်သူတွေဟာ "မိုက်မဲတဲ့သူတွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟာ မစာနမဟုတ်ဘူး၊ ပညာရှိ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းကသာ ပမာဏ အမှန်ဖြစ်တယ်"လို့ ခံယူကြရမှာပါ။

ဘဝဆိုတာ ကိုယ်ထူကိုယ်ထ လုပ်ငန်းလေးတစ်ခု အောင်အောင်မြင်မြင် ဖြစ်ထွန်းလာဖို့ ဆိုရင် ကိုယ့်မှာ သတ္တိရယ်၊ အသိဉာဏ်ရယ်၊ စိတ်ငြိမ်းချမ်းမှုရယ် ရှိနေပါမှ ဖြစ်နိုင်ပါတယ်။ ဘဝမှာ အောင်မြင်ခြင်း တောင်ထွတ်တွေ များရင်များသလောက် အခက်အခဲ အကျပ်အတည်းဆိုတဲ့ ချိုင့်ဝှမ်းတွေကလည်း များတတ်ပါတယ်။ တစ်ခါတစ်ရံ ကံဆိုးပြီဆိုရင် အဆင်မပြေမှုဆိုတဲ့ ကမ်းပါးပြတ်နားမှာ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်မှုဆိုတဲ့ လေမုန်တိုင်းတွေနဲ့လည်း တိုးရတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကိုယ်က သတ္တိမဲ့၊ အသိဉာဏ်ကင်းပြီး စိတ်တည်ငြိမ်မှု ပျက်ပြားနေမယ်ဆိုရင် ပျက်စီးခြင်းဆိုတဲ့ ချောက်ကမ်းပါးထဲ ထိုးကျရုံကလွဲလို့ ဘာမျှ ဖြစ်လာနိုင်စရာ မရှိတော့ပါဘူး။

ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်မှုဆိုတဲ့ လေနီကြမ်းဟာ စိတ်ဓာတ်ခွန်အား နည်းပါးတဲ့ သာမန်လူတွေကို ဘဝရဲ့ တိုးတက်ကြီးပွားရေး လမ်းပေါ်ကနေ ဆွဲဖယ်သွား တတ်ပါတယ်။ "လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏" ဆိုတဲ့ လင်္ကာအတိုင်း လောကီလူမှု ဝန်းကျင်မှာ ရှင်သန်ရသူ တစ်ဦးအဖို့ ဒီလောကဓံကို ရှောင်ပုန်းလို့ လွတ်နိုင်ဖွယ် မမြင်ပါဘူး။

ဗုဒ္ဓမြတ်စွာကလည်း "နတ္ထိ လောကေ အနိန္ဒိတော = လောကမှာ အကဲ့ရဲ့ အပြစ်တင်ခံ ရခြင်းက လွတ်တဲ့သူရယ်လို့ မရှိနိုင်ပါဘူး။"လို့ ဟောမိန့်တော်မူခဲ့ပါတယ်။ တကယ်တော့ အပြစ်တင်ချင်သူဟာ ရှာရှာဖွေဖွေ ကြံကြံဖန်ဖန် အပြစ်တင် ကဲ့ရဲ့နေမှာပါ။ မိုးပေါ်က သိကြားမင်းကြီး ဆင်းလာပြီး ဖန်ဆင်းပေးထားတဲ့ စင်းလုံးချောနွားကိုတောင်မှ မစင်ပါတဲ့အခါ "နွားချေးက ပျော့တယ်"လို့ ကဲ့ရဲ့တတ်သေးတာပဲ။ အပြစ်တင် ကဲ့ရဲ့ရှုတ်ချ ခြင်းဆိုတာ လူမိုက်တွေရဲ့ မူပိုင်အလုပ်တွေပါ။ အဲဒီကိစ္စတွေဟာ သူတို့ရဲ့တာဝန် တစ်ရပ်လိုတောင် ဖြစ်နေပါပြီ။

"ကလေးငယ်တို့၏ စွမ်းအင်သည် ငိုကြွေးခြင်း၊

အမျိုးသမီးတို့၏ စွမ်းအင်သည် စိတ်ဆိုးခြင်း၊

ခိုးသားဓားပြတို့၏ စွမ်းအင်သည် လက်နက်၊

ဘုရင်မင်းမြတ်တို့၏ စွမ်းအင်သည် အာဏာ၊

ပညာရှိတို့၏ စွမ်းအင်သည် ပညာ၊

ဗဟုသုကြွယ်သူတို့၏ စွမ်းအင်သည် ဆင်ခြင်ခြင်း၊

ရသေ့ရဟန်းတို့၏ စွမ်းအင်သည် သည်းခံခြင်း၊

လူမိုက်လူရိုင်းတို့၏ စွမ်းအင်သည် ကဲ့ရဲ့ပြစ်တင်ခြင်း"

လို့ ပိဋကတ်စာပေမှာ မှတ်ချက်ရှိပါတယ်။ လူမိုက်တွေဟာ ကဲ့ရဲ့ပြစ်တင်ခြင်းဆိုတဲ့ သူတို့ရဲ့စွမ်းအင်ကို အသုံးချပြီး လောကဝန်းကျင်ကို ဖျက်လို ဖျက်ဆီးလုပ်တတ်ပါတယ်။ ပျက်ရယ်သမှုပြုတတ်ပါတယ်။ လူမိုက်တွေရဲ့နှုတ်ထွက်စကား တွေဟာယုံစားတတ်သူ တွေရဲ့ဘဝကို လေပွေတစ်ခုလို မွှေနှောက်လှုပ်ရှား ကစားပစ်နိုင်ပါတယ်။

အဲဒီအခါမျိုးမှာ သတ္တိမဲ့အသိဉာဏ်ကင်းပြီး စိတ်တည်ငြိမ်မှု မရှိသူတွေဟာ ဆောက်တည်ရာမရ၊ ဘဝအခြေအနေပျက်ပြား၊ ကိုးရိုးကားရား ဖြစ်တတ်ပါတယ်။ အဲဒီအကြောင်းကို ပေါ်လွင်စေတဲ့ ပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးဟာ မူရင်းက အင်္ဂလိပ်ဘာသာနဲ့ ရှိပေမယ့် လူသိအတော်များပြီးသားပါ။

## မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ လယ်သမားတစ်ယောက်ရှိတယ်။ ရိုးသားပြီး အေးအေးပဲ နေတတ်တဲ့ အဲဒီလယ်သမားကြီးမှာ (၁၃-၁၄)နှစ် အရွယ် သားတစ်ယောက်နဲ့ မြည်းပုပုလေးတစ်ကောင် ရှိသတဲ့။

တစ်နေ့တော့ သူတို့သားအဖနှစ်ယောက်ဟာ မြည်းပုကလေးကိုဆွဲပြီး သူတို့ရွာနဲ့ ၅-မိုင်လောက်ဝေးတဲ့ မြို့ကလေးဆီကို ဈေးဝယ်သွားကြတာပေါ့။ မြည်းကလေးရဲ့ ကျောကုန်းပေါ်မှာ ဘာပစ္စည်းမှ တင်ဆောင်မလာသလို သူတို့သားအဖနှစ်ဦးစလုံး ကလည်း မစီးကြဘူးတဲ့။

ဒီလိုနဲ့ သူတို့မြည်းကလေးကို ရှေ့ကဆွဲပြီး ခြေကျင်လျှောက်လာတုန်း လမ်းဘေး တစ်နေရာမှာ ခဏခေတ္တ ထိုင်နားနေတဲ့ မိန်းကလေးတစ်ယောက်က ဒီလိုအော်ပြော လိုက်တယ်။ "ဒီသားအဖနှစ်ယောက်ဟာ တော်တော်တုံးတာပဲ။ မြည်းတစ်ကောင်ကို လက်ကဆွဲပြီး ဘာကြောင့် နှစ်ယောက်စလုံး လမ်းလျှောက်နေရတာလဲ၊ ရှင်တို့နှစ် ယောက်ထဲက တစ်ယောက်ယောက်တော့ စီးသွားသင့်တာပေါ့" တဲ့။

အဲဒီအခါ အဖေဖြစ်သူက "အေး၊ မိန်းကလေးပြောတာမှန်တယ်" ဆိုပြီး သူ့သားကို မြည်းကျောကုန်းပေါ် တင်ပေးလိုက်တယ်။ သူကတော့ မြည်းနောက်က ခြေကျင်လိုက်ခဲ့တယ်။

အဲဒီလိုသွားလို့ သိပ်မကြာခင်မှာပဲတောင်ဝှေးကိုအားပြုပြီး ဖြည်းဖြည်းလေးသွားနေတဲ့ အဘိုးအိုတစ်ယောက်ကို သူတို့မီလာကြတယ်။ သူ့အနားက ဖြတ်ကျော်သွားတဲ့အခါ အဒီအဘိုးအိုက "မြည်းပေါ်မှာ စီးလာတဲ့ကောင်ဟာ အတော်မိုက်တဲ့သားပဲ၊ အသက်ကြီးပြီး အားနည်းတဲ့သူကို လမ်းလျှောက်ခိုင်းပြီး၊ ငယ်ရွယ်သန်မာတဲ့သူက မြည်းကို စီးသွားတယ်ဆိုတာ မဟုတ်သေးပါဘူး။ နည်းနည်းလောက်တော့ သိတတ်စမ်းပါဦး"လို့ လှမ်းပြောလိုက်တယ်။

အဲဒီအခါ အဖေလုပ်သူက "အေး၊ အဘိုးပြောတာလည်း မှန်တာပဲ"လို့ တွေးကာ "ဟော့၊ သားငယ်၊ အောက်ကိုဆင်း၊ ဒီတစ်ခါ မြည်းကို ငါစီးမယ်၊ မင်းမစီးနဲ့တော့"လို့ ဆိုပြီး အဖေလုပ်သူက မြည်းကို တက်စီးသတဲ့။

ဒီလိုသားအဖနှစ်ယောက် နေရာချင်းပြောင်းစီးပြီး ခရီးဆက်သွားလို့ နာရီဝက်လောက်ကြာတဲ့အခါ ဈေးဝယ်ပြန်လာတဲ့ အမျိုးသမီး အုပ်စုတစ်စုနဲ့ လမ်းမှာဆုံမိကြတယ်။ သူတို့အုပ်စုထဲက မိန်းမပျိုကလေး တစ်ယောက်က မြည်းပေါ်ကစီးလာတဲ့ လယ်သမားကို ကြည့်ပြီး တခြားအမျိုးသမီးကို အော်ပြောလိုက်သတဲ့။

"ဟော့ ဒီမှာကြည့်စမ်းပါဦး၊ ဘယ်လောက်ဆိုးလိုက်သလဲနော်၊ မောပန်းပြီး သနားစရာကောင်းတဲ့ သားငယ်နဲ့ ခပ်ပျင်းပျင်းအဖေလေ၊ တွေ့လား၊ မြည်းပေါ်ကလူဟာ သိပ်ပြီးအမြင်ကတ်ဖို့ကောင်းတာပဲ"တဲ့။

အဲဒီအခါ "အင်း ... ၊ ဒီ မိန်းကလေးပြောတာလည်း ဟုတ်တာပဲ"လို့ လယ်သမားက တွေးလိုက်တယ်။ ဒါနဲ့ လမ်းပေါ်မှာ ခြေကျင်သွားနေတဲ့ သူ့သားငယ်ကို မြည်းပေါ်ဆွဲတင်ပြီး သူ့ရှေ့မှာထားကာ နှစ်ယောက်စလုံး မြည်းပုကလေးကို စီးသွားကြပြန်တယ်။

အဲဒီလို သားအဖနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် မြည်းကလေးကို စီးသွားနေတုန်း မြို့အဝင်ဝ ရောက်တဲ့အခါ လူငယ်တစ်ယောက်က ရှေ့ကနေပိတ်ရပ်ပြီး "ခင်ဗျားတို့သားအဖက တော်တော်ရက်စက်တဲ့ လူတွေပဲ၊ ဒီလောက်သေးငယ်တဲ့ သတ္တဝါလေး တစ်ကောင်ပေါ်မှာ လူနှစ်ယောက် တက်စီးနေကြတယ်။ အံ့ပါရဲ့ဗျာ၊ ပင်ပင်ပန်းပန်းနဲ့ သနားစရာကောင်းတဲ့ မြည်းကလေးကို ကြည့်ပါဦး၊ သူ့ခြေထောက်တွေကိုတောင် သူမသယ်နိုင်တော့ဘူး"လို့ အော်ပြောသတဲ့။

ဒီအခါ "ဒီသူငယ်ပြောတာလည်း မှန်တာပဲ"ဆိုပြီး လယ်သမား သားအဖဟာ မြည်းပေါ်ကနေ ဆင်းလိုက်ကြတယ်။ "ကဲ ... သနားစရာ မြည်းကလေး အားကုန်နေပြီ၊ ငါတို့ကို မသယ်နိုင်တော့ဘူး၊ အခုတော့ ငါတို့မှာ လုပ်စရာတစ်ခုပဲရှိတော့တယ်။

အဲဒါကတော့ ငါတို့သူ့ကို ထမ်းပိုးသွားဖို့ပဲ”လို့ ဆိုလိုက်ပြီး လယ်သမားသားအဖဟာ တုတ်ချောင်းရှည်တစ်ခုမှာ မြည်းကလေးရဲ့ ခြေထောက်တွေကို ကြိုးတစ်ချောင်းနဲ့ ချည်တုပ်ကာ ဈေးကိုထမ်းသယ်သွားကြသတဲ့။

ဈေးထဲရောက်တဲ့အခါ မြည်းတစ်ယောက်ကို တုတ်လျှိုထမ်းလာတဲ့ သူတို့သားအဖကို ဈေးသူ ဈေးသားတွေက တအံ့အသြကြည့်ကြတယ်။ ပြီးတော့ ဝိုင်းရယ်ကြတယ်။ အဲဒီအထဲမှာ လူတစ်ယောက်က “ဟောဒီမှာ ဟေ့၊ အထူးအဆန်းဆုံး မြည်း(၃)ကောင်ကို ကြည့်ထားကြ”လို့ ပြောင်လှောင်သတဲ့။ အဲဒီအခါ အဖဖြစ်သူ လယ်သမားက “အို ... အလကားပဲ၊ ငါတို့ဟာ ဘယ်လိုလုပ်ပြီး လူတိုင်းကို ကျေနပ်အောင် လုပ်ပေးနိုင်မလဲ၊ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး”လို့ ပြောဆိုကာ ခေါင်းရမ်းနေရှာသတဲ့။

ဒီပုံပြင်ထဲက လယ်သမားကြီး ညည်းညူသလိုပါပဲ၊ လူအားလုံးကို ကျေနပ်နှစ်သိမ့်နိုင်အောင်တော့ ဘယ်သူမှ လုပ်မပေးနိုင်ပါဘူး။ လူသားမှ မဟုတ်၊ နတ်မင်း၊ ဗြဟ္မာမင်းတွေလည်း လုပ်မပေးနိုင်ပါဘူး။

တကယ်တော့ ဘဝတစ်ခု ပြုစုပျိုးထောင်တယ်ဆိုတာ သူတစ်ပါး ကျေနပ်နှစ်သိမ့်ဖို့မဟုတ်ပါ။ ကိုယ်ကိုယ်တိုင် ကျေနပ်နှစ်သိမ့်နိုင်ဖို့ပါ။ ကိုယ့်ဘဝကိုယ့်ခရီး လမ်းကို လျှောက်လှမ်းတဲ့အခါ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ပန်းတိုင်နဲ့ ကိုယ်မြတ်နိုးတဲ့ ကိုယ့်ရဲ့ တန်ဖိုးထားမှုတွေကို မိမိပိုင်ပိုင် ဆုပ်ကိုင်ထားနိုင်မှ စင်ဖြူအေးချမ်းစွာ ဘဝခရီး အပြီးနှင်နိုင်မှာပါ။

အကျိုးလိုလားမှုမရှိ၊ မေတ္တာ ကရုဏာမပါ၊ ရိုးသားဖြောင့်မတ်မှု ကင်းမဲ့တဲ့ ပတ်ဝန်းကျင်ရဲ့ အပြစ်တင် ကဲ့ရဲ့မှုတွေကို ငဲ့ကွက်နေမယ်ဆိုရင် “ခလုတ်တိုက်တိုင်း ငုံ့ကြည့်နေတဲ့သူဟာ ခရီးဖင့်တတ်သလိုပဲ” ကိုယ့်ဘဝ ကိုယ့်ခရီးဟာလည်း ဖင့်နွှေးနိုင်တယ်။ ဘေးချော်သွားနိုင်တယ်။ “ခွေးဟောင်တိုင်း ထကြည့်မိသူဟာ အိပ်ရေးပျက်ရသလိုပဲ” သူတစ်ပါးက ဝေဖန်ပြစ်တင်တိုင်း ပြန်လည်ဖြေရှင်းနေရရင် ကိုယ့်ဘဝ ကိုယ့်အရေးဟာလည်း ပျက်စီးဆုတ်ယုတ်တတ်တာပဲ။

ဒီတော့ (ပုံပြင်ထဲက လယ်သမားလို) ကဲ့ရဲ့ ပြစ်တင်မှု လောကဓံနဲ့ မလွတ်ကင်းနိုင်တိုင်း စိတ်ညစ်၊ စိတ်ပျက်၊ စိတ်အားငယ်စရာ မလိုပါဘူး။ ဆရာတော် ဦးဇဝနအမိန့်ရှိတော်မူခဲ့သလို "ဘယ်သူကဲ့ရဲ့ ကဲ့ရဲ့ ဘုရား မကဲ့ရဲ့အောင်" နေနိုင်ရင် ပြီးတာပါပဲ။ ကဲ့ရဲ့အပြစ်တင်ခြင်းဆိုတာ ရှေးအခါကစပြီးတော့ ကမ္ဘာပေါ်မှာ ဖြစ်ထွန်းနေတဲ့ အလေ့အထတစ်ခုပါ။

လောကီဘဝကို လွန်မြောက်တော်မူပြီး ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနဲ့ ပြည့်စုံတော်မူတဲ့ ဗုဒ္ဓမြတ်စွာကိုယ်တော်မြတ်ကိုတောင် ကဲ့ရဲ့ပြစ်တင်ခြင်းက ရှောင်းကွင်းသွားတာ မဟုတ်ပါဘူး။ ဒါကြောင့် ဘဝသံသရာ ခရီးသွားဖြစ်သူတွေဟာ "မိုက်မဲတဲ့သူတွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းဟာ ပမာနမဟုတ်ဘူး။ ပညာရှိ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းကသာ ပမာနအမှန်ဖြစ်တယ်"လို့ ခံယူကြရမှာပါ။

မြင့်မြတ်မှန်ကန်ပြီး ကောင်းမွန်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို လျှောက်လှမ်းနေသူတွေအတွက်ကတော့ ကိုယ့်ပန်းတိုင်ဆီကို "မှန်မှန်ကြီးသွားနေဖို့ပဲ"လိုတာပါ။ သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီးကတော့ "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့" လို့ ဆိုဆုံးမတော်မူခဲ့ပါတယ်။

ဒီအပ္ပမာဒဓမ္မပုံပြင်ကလေးကို ပြောပြရတာကလည်း (၁) ဘုရားမကဲ့ရဲ့အောင်နေဖို့ (၂) မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းကောင်းနှင့်ယှဉ်၊ ရှေးရှုနိုင်ကြဖို့ပဲ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ် မေလ။*

တော်ဝင်နွယ် - *ဓမ္မရသပုံပြင်များ*

- ဘဝသံသရာ အလှူဒါနတစ်ခု အကျိုးပေးတဲ့အခါအပြင်ပန်း အသွင်သဏ္ဍာန်တွေက အကျိုးပေးတာမဟုတ်ပါဘူး။
- အတွင်းအနှစ်သာရဖြစ်တဲ့ စိတ်စေတနာတွေက အကျိုးပေးတာပါ။
- အပေါ်ယံအသွင်သဏ္ဍာန်ကိုသာ လောကပကာသနနောက်လိုက်ပြီး ဟန်ဆောင်လုပ်လို့ရပေမယ့် အတွင်းအနှစ်သာရ ကုသိုလ်အကျိုးပေးကတော့ ဟန်ဆောင်လုပ်ယူလို့ မရနိုင်ပါဘူး။
- ဒါကြောင့် အလှူဒါနတစ်ခုပြုတဲ့အခါ အပေါ်ယံအပြင်ပန်း လှမြင်ကောင်းဖို့ အများကျေနပ်ဖို့ထက် အတွင်းအနှစ်သာရ စိတ်စေတနာကောင်းဖို့ ကိုယ်တိုင်ကျေနပ်ဖို့က ပိုပြီးအရေးကြီးပါတယ်။



ဘဝသံသရာမှာ ကျင်လည်ကြရပြီဆိုရင် လောကပကာသန နောက်လိုက်ပြီး ဟန်ဆောင်ပန်ဆောင် လုပ်ထားတဲ့ ဆေးဆိုးပန်းရိုက် စိတ်စေတနာတွေထက် သဒ္ဓါ၊ မေတ္တာ၊ ပညာတရားတွေပြည့်ဝတဲ့ သဘာဝအလှ စိတ်စေတနာတွေကသာ တကယ့်အားကိုးရာအစစ်ဖြစ်ပါတယ်။

သဒ္ဓါဖွေးဖြူ မေတ္တာကူပြီး စင်ကြည်သန့်ရှင်း တွယ်တာမှုကင်းတဲ့ စိတ်နဲ့ ကိုယ်ပိုင်ပစ္စည်းကို တစ်ပါးသူ လက်တွင်းသို့ စွန့်ကြဲပေးကမ်းနိုင်ခြင်းဟာ "ဒါန" ပြုတာပါ။ အလှူဒါနဆိုတာ နည်းမှန်လမ်းမှန်ပြုတတ်ရင် ဘဝကိုလည်း လှစေတယ်။ လောကကိုလည်း လှစေတယ်။ စိတ်ကိုလည်း လှပစေပါတယ်။

ဒါနနဲ့ပတ်သက်ရင် အစွန်းနှစ်ဖက်ရှိပါတယ်။ ဒါနဆိုတာ 'သံသရာကို ကျယ်စေ၊ ဝဋ်ကိုလည်စေတာပါကွာ'လို့ ဒါနကို ပယ်ရင်လည်း အသိဉာဏ်ကင်းတာမို့ အစွန်းဘက်ကို ရောက်ပါတယ်။ အဲဒီလို မဟုတ်ဘဲ 'ဒါန မပါရင် သံသရာမှာ မျက်နာငယ်တယ်၊ တမလွန် ရိက္ခာအဖြစ် သယ်ကို သယ်ရမယ်'လို့ ဒါနကို ဖက်တွယ်ထားပြန်ရင်လည်း မိမိကိုယ်ကျိုး အတွက် ငွေတိုးပေးထားတဲ့ သဘောမျိုးဖြစ်တာမို့ အစွန်းဘက်ကို ရောက်တာပါပဲ။

ယခုလို သူတော်ကောင်း တရားထွန်းကားတဲ့ ကာလမှာ အဲဒီအစွန်း (၂)ပါးကိုပယ်ပြီး အလယ်၊ အလတ်လမ်းက 'သိဝဋ္ဋနိဿိတ၊ ပါရမီ ဒါနမျိုး' ဖြစ်အောင် ပြုနိုင်ပါမှ နည်းမှန်လမ်းမှန် အထက်တန်းကျ အောင်မြင်ဖွံ့ဖြိုး သာသနာတွင်း ကုသိုလ်ဒါနမျိုးဖြစ် နိုင်မှာပါ။

အလှူဒါနတစ်ခုမှာ အပေါ်ယံ အပြင်ပန်း အသွင်သဏ္ဌာန်နဲ့ အတွင်း အနှစ်သာရလို့ အပိုင်း(၂)ပိုင်း၊ ကဏ္ဍ(၂)ခု ရှိပါတယ်။ ဆွမ်း၊ သင်္ကန်းစတဲ့ လှူဖွယ်ဝတ္ထု၊ ရဟန်း သံဃာတော်စတဲ့ အလှူခံပုဂ္ဂိုလ်၊ လှူဒါန်းတဲ့ပုဂ္ဂိုလ်ရဲ့ ကိုယ်နှုတ်အမူအရာ စတာတွေဟာ အလှူဒါနတစ်ခုရဲ့ အပြင်ပန်းသဏ္ဌာန်တွေပါ။ ဒီလှူဖွယ်ဝတ္ထုတွေကို လှူဒါန်းနေတဲ့အခါ အလှူရှင်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ အလှူနဲ့စပ်တဲ့ စိတ်စေတနာတွေကမှ အလှူဒါနရဲ့ အတွင်းအနှစ်သာရတွေဖြစ်ပါတယ်။

ဘဝသံသရာမှ အလှူဒါနတစ်ခုမှာ အကျိုးပေးတဲ့အခါ အပြင်ပန်း အသွင်သဏ္ဍာန်တွေက အကျိုးပေးတာမဟုတ်ပါဘူး။ အတွင်းအနှစ်သာရ ဖြစ်တဲ့ စိတ်စေတနာတွေက အကျိုးပေးတာပါ။ အပေါ်ယံအသွင် သဏ္ဍာန်ကိုသာ လောကပကာသနနောက်လိုက်ပြီး ဟန်ဆောင်လုပ်လို့ရပေမယ့် အတွင်းအနှစ်သာရ ကုသိုလ်အကျိုးပေးကတော့ ဟန်ဆောင်လုပ်ယူလို့မရနိုင်ပါဘူး။ ဒါကြောင့် အလှူဒါန တစ်ခုပြုတဲ့အခါ အပေါ်ယံအပြင်ပန်း လှူမြင်ကောင်းဖို့ အများကျေနပ်ဖို့ထက် အတွင်းအနှစ်သာရ စိတ်စေတနာကောင်းဖို့ ကိုယ်တိုင်ကျေနပ်ဖို့က ပိုပြီးအရေးကြီးပါတယ်။

အပေါ်ယံ အသွင်သဏ္ဍာန်သာကြီးကျယ်ပြီး အတွင်းအနှစ်သာရ မဲ့တဲ့အလှူတွေဟာ အိုးကုန်သည်၊ ပုတ်ကုန်သည်တွေနဲ့တူပါတယ်။ အိုးကုန်သည် ပုတ်ကုန်သည်တွေဟာ လှည်းတစ်စီးတိုက်၊ ကားတစ်စီးတိုက် အိုးတွေ ပုတ်တွေလာရောင်းတဲ့အခါ အမြင်သာကြီးကျယ်ပေမယ့် တန်ဖိုး ငွေကြေးကျတော့ အရနည်းပါတယ်။

အပေါ်ယံ အသွင်သဏ္ဍာန် မကြီးကျယ်ပေမယ့် အထဲမှာ အနှစ်သာရအပြည့်အဝပါတဲ့ အလှူတွေကတော့ ရွှေကုန်သည် စိန်ကုန်သည်တွေနဲ့ ဥပမာတူတယ်။ ရွှေကုန်သည် စိန်ကုန်သည်တွေဟာ လာရောင်းတဲ့ ပစ္စည်းက လူမမြင် သူမမြင် တစ်ခုတလေဖြစ်ပေမယ့် ရောင်းကြေးက တနင့်တပိုး သိန်းသောင်းချီပြီးရပါတယ်။ ဒီအကြောင်းနဲ့ စပ်ပြီးတော့ ကလေးဘဝတုန်းက နားထောင်ခဲ့ရဖူးတဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို သတိရမိပါတယ်။

## စေတနာပါမှ ဒါနဖြစ်တယ်

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးနှစ်ဦး ရှိခဲ့ဖူးတယ်။ အဲဒီ သူဌေးနှစ်ဦးဟာ ငယ်သူငယ်ချင်းတွေ ဖြစ်တာမို့ တစ်ဦးနဲ့တစ်ဦး အင်မတန် ချစ်ခင်ကြသတဲ့။

ဒါပေမဲ့ သူငယ်ချင်းသူဌေးနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်း မတူကြဘူး။ သူဌေးတစ်ယောက်က ဂုဏ်ပကာသနတွေကို ခင်မင်ပြီး အလွန်ကြွားဝါချင်တယ်။ စေတနာ သဒ္ဓါမပါဘဲ နာမည်ကောင်းရအောင်ဆိုပြီး အလွန်အကျွံ အလှူအတန်းလုပ်တယ်။ ကျန်သူဌေး တစ်ယောက်ကတော့ လှူသင့်သလောက်လှူ၊ စားသင့်သလောက်စားပြီး ရိုးရိုးအေးအေးပဲ နေထိုင်ပါတယ်။

အဲဒီလိုနဲ့ နှစ်အနည်းငယ်ကြာလာတဲ့အခါမှ ဂုဏ်လိုချင်လို့ အလှူအတန်း အများကြီးလုပ်တဲ့ သူဌေးဟာ တဖြည်းဖြည်း ပစ္စည်းဥစ္စာတွေ ဆုံးပါးပြီး ဆင်းရဲသွားသတဲ့။ ဒါနဲ့ ဆင်းရဲသွားတဲ့ သူဌေးဟာ သူ့မှာ ဘာမှုရောင်းချသုံးစွဲစရာ ပစ္စည်းမရှိတော့လို့ သူပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေကိုပဲ သူငယ်ချင်း သူဌေးထံ ရောင်းချတော့မယ် ဆိုတဲ့ စိတ်ကူးနဲ့ဇနီးဖြစ်သူကိုပါအတူခေါ်ပြီးတော့ သူငယ်ချင်းသူဌေးထံကိုထွက်လာခဲ့တယ်။

အဲဒီလို ခရီးထွက်လာရင်း လမ်းခုလတ် ဇရပ်တစ်ခုမှာ အမောအပန်းဖြေကာ ပါလာတဲ့ထမင်းထုပ်ကို စားမယ်ဆိုပြီး ဖြေလိုက်တယ်။ ထမင်းထုပ်ကလည်း ငယ်ငယ်မို့ နှစ်ယောက်ဝေမျှပြီး စားရတယ်။ အဲဒီအခိုက်မှာ ခွေးပိန်ကလေးတစ်ကောင်ဟာ ယိုင်တိယိုင်ထိုးနဲ့ ဇရပ်နားကပ်လာသတဲ့။ အဲဒီအခါ ထမင်းစားနေတဲ့ သူဌေးဆင်းရဲက "ရှင်မရယ် ကြည့်စမ်းပါဦး၊ ခွေးပိန်ကလေးဟာ အစာမစားရတာကြာလို့ လမ်းကောင်းကောင်း မလျှောက်နိုင်တာနဲ့ တူပါရဲ့။ သနားစရာလေးကွာ၊ အခု တို့စားနေတဲ့ ထမင်းထုပ်ကို ခွေးကလေး ကျွေးလိုက်ရအောင်"လို့ ဇနီးဖြစ်သူကို ပြောလိုက်တယ်။

ဇနီးဖြစ်သူလည်း သဘောတူကြည်ဖြူစွာ သူတို့စားမယ့် ထမင်းထုပ်ကို "ခွေးပိန်ကလေး ဝအောင်စားပါစေ" ဆိုတဲ့ စေတနာနဲ့ အကုန်လုံး ချကျွေးပါတယ်။ သူတို့နှစ်ယောက်ကတော့ ဇရပ်နံဘေးက ရေအိုးစင်မှာ ရေအဝခပ်သောက်ပြီး ခရီးဆက်ခဲ့ကြသတဲ့။

ဒီလိုနဲ့ သူငယ်ချင်းသူဌေးထံ သူတို့ဇနီးမောင်နှံ ရောက်သွားတဲ့အခါ သူငယ်ချင်းသူဌေးကို ဆင်းရဲသွားတဲ့သူဌေးက "ငါတို့ ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေ ရောင်းချဖို့

သူငယ်ချင်းထံလာခဲ့တာပဲ၊ သဘောတူ ဝယ်ယူမယ်ဆိုရင် တစ်ဘဝလုံးပြုထားတဲ့ ကုသိုလ်တွေကို အကုန်ရောင်းခဲ့မှာ”လို့ ပြောပြသတဲ့။

အဲဒီအခါ သူငယ်ချင်းသူဌေးကလည်း ဝမ်းသာအားရနဲ့ “ရောင်းသမျှ ကုသိုလ်ကောင်းမှုကို ဝယ်ယူပါ့မယ်ဗျ”လို့ ဆိုလိုက်ကာ ကုသိုလ်ကောင်းမှုများကို ချိန်ခွင်ထဲမှာထည့်ပြီး ချိန်ခိုင်းပါတယ်။ အဲဒီအခါ စေတနာ အရင်းမခံဘဲ ဂုဏ်ပကာသနကို လိုချင်တာနဲ့ ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေဖြစ်တာမို့ လေးတယ်လို့မရှိဘဲ ငွေဘက်ကပဲ အမြဲအလေးသာ နေသတဲ့။ ကျောင်းကုသိုလ်၊ ဇရပ်ကုသိုလ်၊ ရေကန်ကုသိုလ်၊ ဘာကုသိုလ်ပဲ ထည့်ထည့် ကုသိုလ်ဘက်က အလေးမသာဘဲ ငွေဘက်ကပဲ အလေးသာနေတယ်။

ဒီလိုနဲ့ တစ်ဘဝလုံးပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေချပြီး ချိန်ကြည့်လိုက်တာ ကုသိုလ်ကောင်းမှုတွေသာ ကုန်သွားတယ်။ အလေးချိန်ကတော့ တက်မလာဘူးတဲ့။ ချိန်ခွင်ထဲမှာ ထည့်ထားတဲ့ငွေသားကလည်း မဖြစ်စလောက် (၁)ပိဿာပဲရှိသတဲ့။ ဒါတောင် ကုသိုလ်က မနိုင်ဘူးဖြစ်နေတယ်။

အဲဒီအခါ ကုသိုလ်ဝယ်မယ့် သူဌေးက “ဟင် သူငယ်ချင်း မင်းကုသိုလ်တွေက ဒါအကုန်ပဲလား၊ ကျန်နေတာရှိရင် စဉ်းစားပါဦး”လို့ ပြောတယ်။ ဆင်းရဲသွားတဲ့ သူဌေးလည်း ခေါင်းကုတ်ပြီး စဉ်းစားလိုက်တာ နောက်ဆုံး လမ်းခရီးမှာ ခွေးပိန်ကလေး တစ်ကောင်ကို ထမင်းတစ်နပ် အငတ်ခံပြီးတော့ ကျွေးခဲ့တဲ့ ကုသိုလ်က ပေါ်လာတယ်။ အဲဒါနဲ့ သူဌေးဆင်းရဲလည်း “ဟာ၊ သူငယ်ချင်း တို့လင်မယား အခု မင်းဆီလာတုန်းက လမ်းမှာ ခွေးပိန်ကလေးကို ထမင်းကျွေးခဲ့တဲ့ကုသိုလ် ကျန်သေးတယ်။ အဲဒီ ကုသိုလ်ကိုလည်း ထည့်ချိန်လိုက်ပါ”လို့ ဝမ်းသာအားရ ပြောပြတယ်။

အဲဒီအခါ ငတ်သေလုဆဲဆဲ ခွေးပိန်ကလေးကို စေတနာရှိရှိနဲ့ ထမင်းကျွေးခဲ့တဲ့ ကုသိုလ်ဟာ အနစ်သာရ အပြည့်အဝပါတာမို့ ကုသိုလ်ဘက်က အလေးသာလာတယ်။ ကုသိုလ်ဝယ်တဲ့ သူဌေးကလည်း သူပိုင်ငွေသားတွေသာမက ရွှေသားတွေပါ ထပ်ဖြည့်ပေမယ့် ကုသိုလ်ဘက်ကပဲ အလေးသာနေတယ်။ နောက်ဆုံး သူပိုင်ဆိုင်သမျှ

ဥစ္စာဓနတွေ အကုန်လုံး ပုံထည့်ပေးတာတောင်မှ ခွေးပိန်ကလေးကို ထမင်းကျွေးခဲ့တဲ့ ကုသိုလ်ဘက်ကပဲ အလေးသာနေလေတော့ ကုသိုလ်ဝယ်တဲ့ သူဌေးက "ကဲ သူငယ်ချင်း ငါ့စည်းစိမ်တော့ကုန်ပြီ၊ ငါ့အတွက် ပစ္စည်းတစ်ဝက်ချန်ထားပြီး မင်းကုသိုလ်တစ်ဝက် အတွက် ငါ့ပစ္စည်း တစ်ဝက်ကိုသာ ယူသွားပေတော့"လို့ ဆိုပြီး ကုသိုလ်တစ်ဝက်ဖိုးအဖြစ် သူ့ဥစ္စာဓနတစ်ဝက်ကို ဆင်းရဲသွားတဲ့ သူဌေးအား ခွဲဝေပေးလိုက်ပါတယ်။

ပြီးတော့ "သူငယ်ချင်း နောက်ဆိုရင် သဘောပေါက်၊ စေတနာရှိမှ လှူပါကွာ၊ ဂုဏ်ပကာသနကို မမက်ပါနဲ့၊ ပျော်ရွှံသက်သက် ပြုလုပ်ထားတဲ့ အရေခြုံကုသိုလ်ဆိုတာ ငွေကုန်တာကလွဲလို့ ဘာအကျိုးမှ မဖြစ်ထွန်းပါဘူး။ အသိဉာဏ်နဲ့ယှဉ်ပြီး ကုသိုလ်ပြုတတ်ရင် ငွေကုန်နည်းပေမယ့် တစ်လုံးတစ်ခဲတည်း အကျိုးပေးပါတယ်"လို့ သတိပေးစကားလည်း ပြောကြားလိုက်ပါသေးသတဲ့။

ဒီပုံပြင်ကလေးဟာ နည်းနည်း ဒဏ္ဍာရီဆန်ပေမယ့် တကယ့်ဘဝက လူသားတွေကိုတော့ ထင်ဟပ်ပေါ်လွင်စေပါတယ်။ ဒါနကောင်းမှု ပြုတဲ့အခါ စေတနာဒါန၊ ဝတ္ထုဒါန (၂)မျိုးမှာ စေတနာဒါနက ပိုပြီးပမာနကျပါတယ်။ ဒါကြောင့်မို့ တစ်ခါတစ်ရံ ညောင်စေ့ကလေး လောက်လှူပြီးတော့ ညောင်ပင်ကြီးလောက် အကျိုးတွေရရှိသလို ညောင်ပင်ကြီးလောက် လှူဒါန်းပြီး ညောင်စေ့ကလေးလောက်ပဲ အကျိုးရတာတွေလည်း ရှိတတ်ပါတယ်။

စေတနာကောင်းရင် ကံ (အကျိုးပေး)လည်း ကောင်းတတ်တာမို့ ကံကောင်းလိုသူ တွေဟာ စေတနာကောင်းမွန်အောင် ဂရုစိုက်ကြရမှာပါ။ များသောအားဖြင့် စေတနာဆိုတာကလည်း သူ့အလိုလို ကောင်းမွန်ခဲတာမို့ ကိုယ့်ဘက်က သဒ္ဓါ၊ မေတ္တာ၊ ပညာအားတွေ များများစိုက်ထုတ်ပြီး ပြုပြင်ယူကြရမှာပါ။

သဒ္ဓါတရားဆိုတာ ကံ-ကံရဲ့ အကျိုးပေးနဲ့ ရတနာသုံးပါးရဲ့ စွမ်းရည်သတ္တိ ဂုဏ်ကျေးဇူးတွေကို သိမြင် ယုံကြည်လက်ခံနိုင်တဲ့ သဘောပါ။ သူက "ရှေးကကောင်းလို့ အခုကောင်းတယ်၊ အခုကောင်း နောင် ကောင်းပါလိမ့်မယ်" ဆိုတဲ့ အကြောင်းအကျိုး ကွင်းဆက်ကို လက်ညှိုးထိုးညွှန်ပြပေးပါလိမ့်မယ်။

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

မေတ္တာတရားဆိုတာ ကောင်းကျိုးလိုလားတဲ့ ချစ်ကြင်နာမှုပါ။ သူကတော့ မုန်းငြိုးပစ်မှား ဒေါသအာဃာတ တရားတွေကို ဖယ်ရှားပြီး အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ ချစ်ကြင်နာမှုနဲ့အတူ နူးညံ့သိမ်မွေ့ စိတ်အား ပြည့်စေပါလိမ့်မယ်။

ပညာဆိုတာ အမှောင်ပယ်ခွင်း စိတ်ဓာတ်ကို အလင်းရစေခြင်းပါပဲ။ သူကဒါနကုသိုလ်ရဲ့ ဆန့်ကျင်ဘက် အညစ်အကြေးတွေဖြစ်တဲ့ အရာရာ တပ်မက်တွယ်တာလိုမှု လောဘနဲ့ ကပ်စေးနဲ နမြောတွန့်တိုမှု မစ္ဆရိယတရားဆိုးတွေကို ပယ်ဖျက်ချိုးနှိမ်ပေးတတ်ပါတယ်။

ဒါကြောင့် အလှူဒါနတစ်ခုပြုတဲ့အခါမှာ နာမည်ကောင်းရရေး၊ ကြွားဝါရရေးထက် သဒ္ဓါ၊ မေတ္တာ၊ ပညာ ပြည့်ဝရေးကိုသာ အထူးဂရုပြုကြရမှာပါ။ ဘဝသံသရာမှာ ကျင်လည်ကြပြီဆိုရင် လောကပကာသန နောက်လိုက်ပြီး ဟန်ဆောင် ပန်ဆောင်ပြု လုပ်ထားတဲ့ ဆေးဆိုးပန်းရိုက် စိတ်စေတနာတွေထက် သဒ္ဓါ၊ မေတ္တာ၊ ပညာတရားတွေ ပြည့်ဝတဲ့ သဘာဝအလှ စိတ်စေတနာတွေကသာ တကယ့်အားကိုးစရာ အစစ်ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ခုနှစ်၊ ဇွန်လ*

ဘဝထဲမှာ အခိုက်အတန့်မျှ ဖြစ်ပေါ်လာတဲ့ ကောင်းခြင်းဆိုးခြင်းတွေကို ဘဝနဲ့ရောထွေး မပစ်လိုက်မိဖို့ အရေးကြီးပါတယ်။ ဘဝထဲမှာ ဖြစ်ပေါ်လာတဲ့ ကောင်းခြင်းဆိုးခြင်းတွေဟာ ဘဝမဟုတ်ပါဘူး။ ကောင်းကင်ပေါ်မှာခေတ္တခဏဖြစ်ပေါ်လာတဲ့ မိုးသားတိမ်လိပ်တွေလိုပဲ ဖြစ်ပေါ်ပြီးရင် ပျောက်ကွယ်သွားမှာပါ။ ကိုယ့်စိတ်က အဲဒီအကောင်းအဆိုးတွေကို မတွယ်တာ မဖယ်ရှားဘဲကောင်းကင်ပြင်ကြီးလိုကြည်လင်ဖြူစင်နေဖို့သာအရေးကြီးပါတယ်။



လူ့ဘဝ၊ လူ့ခန္ဓာကို အုတ်၊ ကျောက်၊ သဲ၊ သံမဏိတွေနဲ့ တည်ဆောက်ထားတာမဟုတ်ပါ။ အုတ်၊ ကျောက်၊ သဲ၊ သံမဏိတွေနဲ့ တည်ဆောက်ထားတဲ့ အရာဝတ္ထုတွေတောင် ပြိုကျပျက်စီးတတ်တယ်ဆိုရင် အလွယ်တကူ ပြိုကွဲပျက်စီးမယ့် ရုပ်၊ နာမ်တွေနဲ့ တည်ဆောက်ထားတဲ့ လူ့ဘဝ၊ လူ့ခန္ဓာရဲ့ မတည်မြဲမှုကို ကြည်ဖြူစွာ လက်ခံနိုင်ရမှာပါ။ ဘဝရဲ့ ဖြစ်ရပ်မှန်တွေကို လက်ခံနိုင်တဲ့နှလုံးသားဟာ အင်မတန် အင်အားကြီးမား ပါတယ်။

ဘဝမှာ ဘယ်အရာတွေမှ မတည်မြဲပါဘူး။ မမြဲပါဘူးဆိုတဲ့ အဲဒီ သဘောတရားတစ်ခုသာ တည်မြဲနေတာပါ။ ဘဝရဲ့ မတည်မြဲခြင်း အနိစ္စတရားကို ထိထိမိမိ ထွင်းဖောက်သိမြင်နိုင်တဲ့ဉာဏ်ဟာ ဘဝရဲ့မင်္ဂလာပါ။ အမြင့်မြတ်ဆုံး ဂုဏ်ကျက်သရေပါ။ အဲဒီ မင်္ဂလာ

တရားဟာ ထိခိုက်ကြေကွဲလွယ်တဲ့ လူ့နှလုံးသားကို ကျောက်သား ကျောက်ဆိုင် ကြီးလို မာကျောခိုင်မာလာစေပါတယ်။

အဲဒီအခါ ဘဝမှာမရှောင်သာ တွေ့ကြုံရမြဲဖြစ်တဲ့ ကောင်းတစ်ခါ ဆိုးတစ်ချည် လူမှုရေး ရာသီ အလီလီတွေကိုသာမက အကြောင်းအားလျော်စွာ ဆုံရတတ်တဲ့ ကံကြမ္မာမုန်တိုင်းနဲ့ လောကဓံလှိုင်းတွေကိုလည်း တည်တည်ငြိမ်ငြိမ် ကုန္ဓြေရရ ရင်ဆိုင်နေနိုင်တာဟာ အကောင်းဆုံး လူ့စွမ်းရည်၊ အဖိုးအတန်ဆုံး ဆုလာဘ်၊ အမြင့်မြတ်ဆုံး ရတနာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဘဝရဲ့ ဖြစ်ရပ်မှန်တွေကို သောကမပွေ့ ရတက်ပွားရတတ်ပါတယ်။ ဖြစ်တည်လာတဲ့ အခြေအနေတွေနဲ့အညီ ဘဝကို အလိုက်သင့် အလျားသင့် မနေနိုင်ခြင်းဟာ လောဘ၊ ဒေါသ စတဲ့ကိလေသာတရားတွေကို ပိုမိုဖြစ်ပေါ်စေပါတယ်။ ဖြစ်ပွားလာတဲ့ လောဘ၊ ဒေါသတွေကြောင့် စိတ်နှလုံးဟာ ပူလောင်ရှုပ်ထွေး နောက်ကျိလာပြီး ဘဝမှာ တည်ငြိမ်အေးချမ်းတဲ့ အခြေအနေတွေဟာလည်း ပျောက်ကွယ်သွားပါတော့တယ်။

ဒါကြောင့် ဘဝမှာ ဖြစ်တည်လာတဲ့ အခြေအနေတွေကို သဘာဝ နိယာမတွေနဲ့အညီ အရှိကို အရှိအတိုင်း လက်ခံနိုင်ဖို့ အရေးကြီးပါတယ်။ ကောင်းတာတွေပဲဖြစ်ဖြစ် ဆိုးတာတွေပဲဖြစ်ဖြစ် သူတို့ဟာ ဘဝမှာ တည်ငြိမ် ရပ်တန့်နေရိုးထုံးစံ မရှိကြပါဘူး။ ခြေကျင်ခရီးသွားတဲ့အခါ ဘယ်ခြေတစ်လှမ်းပြီးရင် ညာခြေတစ်လှမ်း ရောက်လာသလိုပဲ ဘဝမှာ ဒုက္ခဟာလည်း တစ်လှည့်စီဖြစ်ပေါ်နေတာပါ။ ဒါကြောင့်မို့ အကောင်းဆိုရင် ထာဝရဖက်တွယ်ထားချင်ပြီး မကောင်းဆိုရင်တော့ ခဏချင်းပစ်ပယ်လိုတဲ့ စိတ်၊ ဆန္ဒ၊ ဆုတောင်းမျိုးဟာ ဘယ်သောအခါမှ ပြည့်ဝလာနိုင်မှာမဟုတ်ပါဘူး။

ပြီးတော့ လောကသဘာဝက မာယာသဘောမျိုး လှည့်ပတ်တတ်ပါတယ်။ ကောင်းမလိုလိုနဲ့ ဆိုးတတ်သလို၊ ဆိုးမလိုလိုနဲ့လည်း ကောင်းတတ်ပါတယ်။ ဒါကြောင့် အကောင်းတစ်ခုကို တွေ့ကြုံရပြီဆိုရင် ချက်ချင်းဝမ်းမသာလိုက်ပါနဲ့၊ အဲဒီ အကောင်းဟာ

ဆိုးဖို့ကောင်းလာတာလည်း ဖြစ်နိုင်တယ်။ ဒီလိုပဲ အဆိုးတစ်ခုနဲ့ ကြုံရပြီဆိုရင်လည်း ရုတ်တရက်တော့ ဝမ်းမနည်းလိုက်ပါနဲ့ဦး၊ အဲဒီအဆိုးဟာ ကောင်းဖို့ ဆိုးပေးတာလည်း ဖြစ်တတ်ပါတယ်။

ဖြစ်ရပ်တစ်ခုအပေါ်မှာ အကောင်း(သို့မဟုတ်) အဆိုးလို့ ပုံသေနာမည်တပ်ပြီး သတ်မှတ်ပေးဖို့ ခက်ပါတယ်။ ဒီအကြောင်းနဲ့စပ်ပြီး ဓမ္မပုံပြင်ကလေးတစ်ပုဒ် ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးကို အင်္ဂလိပ်ပုံပြင်ပေါင်းချုပ် စာအုပ်ထဲမှာ ဖတ်ရသလို ဆရာကြီး ဦးအောင်သင်းက ဟောပြောပွဲတစ်ခုမှာ ထည့်ပြောတာကိုလည်း နာထောင် ရဖူးပါတယ်။

## ကံကြမ္မာနဲ့ သားအဖနှစ်ယောက်

ရှေးရှေးတုန်းက တောင်ခြေက ရွာတစ်ရွာမှာ တောင်ယာလုပ်တဲ့ တရုတ်အဘိုးကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ အဲဒီအဘိုးကြီးမှာ ၁၅နှစ်၊ ၁၆နှစ်အရွယ်လူပျိုပေါက် သားတစ်ယောက်နဲ့ မြင်းပေါက်တစ်ကောင် ရှိသတဲ့။

အဘိုးကြီးက စိတ်သဘောထားကောင်းပေမယ့် လူဖြောင့်စိတ်တို၊ ဘုဘောက်ပြောတတ်တာမို့ ရွာထဲက လူတော်တော်များနဲ့ လေပေးမဖြောင့်ဘူးတဲ့။ တစ်နေ့တော့ အဘိုးကြီး မွေးထားတဲ့မြင်းဟာ စားကျက်မှာ လွှတ်ထားတုန်း တောထဲဝင်သွားပြီး အိမ်ပြန်မလာတော့ဘူးတဲ့။ အဘိုးကြီးမှာ ဒီမြင်းတစ်ကောင်ပဲရှိတာမို့ မြင်းပျောက်သွားတာသိရတဲ့ ရွာသူရွာသားတွေက စိတ်မကောင်းဘူးတဲ့။

အဲဒါနဲ့ ရွာသားတစ်ယောက်ဟာ အဘိုးကြီးနဲ့ ရွာလယ်လမ်းမှာ တွေ့တုန်း မေးကြသတဲ့။

"ဟေ့ အဘိုး၊ နင့်မြင်း ပျောက်သွားတယ်ဆို"

"အေး၊ ဟုတ်တယ်"

"အင်း၊ ငါ စိတ်မကောင်းပါဘူး၊ အဘိုးမှာ ဒီမြင်းတစ်ကောင်တည်းရှိတာ ပျောက်သွားတယ် ဆိုတော့ နင်ကံဆိုးတာပဲ"

အဲဒီအခါ အဘိုးကြီးက "ဘာပြောတယ်ကွ၊ မြင်းပျောက်တာနဲ့ပဲ ကံဆိုးရမလား"လို့ ဘုတောလွှတ်လိုက်သတဲ့။

ဒါပေမဲ့ (၂)ရက်၊ (၃)ရက်လောက်ကြာတဲ့အခါ တောထဲ ဝင်သွားတဲ့ အဘိုးကြီးရဲ့မြင်းဟာ မြင်းပေါက်မကလေး တစ်ကောင်နဲ့အတူ အိမ်ကို ပြန်ရောက်လာသတဲ့။ အဲဒီအခါ ရွာသူ ရွာသားတွေက အဘိုးကြီးမှာ မြင်းပျောက်တာ ပြန်ရတဲ့အပြင် တောထဲက မြင်းရိုင်းမ ကလေးတစ်ကောင်တောင် အဆစ်ပါလာတာမို့ ဝမ်းသာကြပြန်တယ်။ ဒါနဲ့ရွာသား တစ်ယောက်က အဘိုးကြီးအိမ်ကိုသွားပြီး

"ဟေ့ အဘိုး နင့်မြင်း ပြန်ရောက်ပြီဆို"

"အေး ဟုတ်တယ်"

"နင့်မြင်းထီးကြီးက တောထဲက မြင်းရိုင်းမကလေးတစ်ကောင် အပါခေါ်ခဲ့တာဆိုတော့ နင်ဝမ်းသာနေမှာပေါ့။ မြင်းတစ်ကောင် အလကားရတယ်ဆိုတာ ကံကောင်းတာပေါ့" လို့ ပြောတာပေါ့။ အဲဒီအခါ အဘိုးကြီးက

"ဘာပြောတယ်ကွ မြင်းတစ်ကောင် ရတာနဲ့ပဲ ကံကောင်းရမလား"လို့ ဘုတောလွှတ်လိုက်ပြန်သတဲ့။

ဒီလိုနဲ့ (၂)ရက်၊ (၃)ရက် ကြာတဲ့အခါ အဘိုးကြီးရဲ့ သားလူပျိုက တောထဲကပါလာတဲ့ မြင်းရိုင်းမကလေးကို အယဉ်ဖြစ်အောင် အစီးသင်ရင်းနဲ့ မြင်းပေါ်က လိမ့်ကျပြီး လက်ကျိုး သွားသတဲ့။ အဲဒီအခါမှာလည်း ရွာသူရွာသားတွေက အဘိုးကြီးမှာ သားတစ်ယောက်ပဲ ရှိတာ၊ အခု အဲဒီသားက လက်ကျိုးသွားတယ်ဆိုတော့ စိတ်မကောင်းဖြစ်ကြပြန်တယ်။ ဒါနဲ့ ရွာသားတစ်ယောက်က အဘိုးကြီးအိမ်ကိုသွားပြီး

"ဟော့ အဘိုး နင့်သား မြင်းစီရင်း လိမ့်ကျပြီး လက်ကျိုးတယ်ဆို"

"အေး ဟုတ်တယ်"

"သနားစရာပဲ အဘိုး၊ နင့်မှာ ဒီသားတစ်ယောက်ပဲရှိတာ အခုသူက လက်ကျိုးနေတယ်ဆိုတော့ ကံဆိုးတာပဲ"လို့ ပြောတာပေါ့။ အဲဒီအခါ အဘိုးကြီးက

"ဘာပြောတယ်ကွ လက်ကျိုးတာနဲ့ပဲ ကံဆိုးရမလားကွ"လို့ ဘုတောလွှတ်လိုက်ပြန်သတဲ့။

ဒီလိုနဲ့ (၁၅)ရက်လောက် ကြာတဲ့အခါ အဲဒီနယ်ဘက်ကို စစ်ပွဲတွေရောက်လာသတဲ့။ အဲဒီအခါတုန်းက အမြဲတမ်း စစ်တပ်ဆိုတာ မရှိသေးတော့ စစ်ဖြစ်ပြီဆိုရင် ကျန်းမာရေးကောင်းပြီး ကိုယ်လက်အင်္ဂါမချို့ယွင်းတဲ့ ယောကျ်ားမှန်သမျှ တပ်ထဲဝင်ပြီး စစ်မှုထမ်းရတယ်။ အဲဒီအခါ အဘိုးကြီးရဲ့သား လူပျိုဟာ လက်ကျိုးနေလို့ စစ်ထဲမလိုက်ရဘူးတဲ့။ အဲဒီတော့ ရွာသူရွာသားတွေက "အဘိုးကြီးရဲ့သားဟာ လက်ကျိုးတာနဲ့ စစ်ထဲမလိုက်ရဘူး။ ကံကောင်းတာပဲ"လို့ ပြောကြပြန်တာပေါ့။ အဲဒါနဲ့ ရွာသားတစ်ယောက်က အဘိုးကြီးအိမ်သွားပြီး

"ဟော့ အဘိုး နင့်သား စစ်ထဲမလိုက်ရဘူးဆို ကံကောင်းတာပဲ"လို့ ပြောတာပေါ့။ အဲဒီအခါ အဘိုးကြီးက

"ဘာပြောတယ်ကွ စစ်ထဲမလိုက်ရတာနဲ့ ကံကောင်းရမလားကွ"လို့ ဘုတောလွှတ်လိုက်ပြန်သတဲ့။

ဒီပုံပြင်ကလေးကိုတော့ ဒီနေရာမှာပဲ ရပ်ထားလိုက်ပါတယ်။ ဒီပုံပြင်ကပေးတဲ့ အတွေးစကလေးဟာ ရိုးပေမယ့် အင်မတန်လှပါတယ်။ ပုံပြင်ထဲမှာ ပြန်ကြည့်လိုက်ရင် ဘယ်အဖြစ်ပျက်ကိုမှ ကံကောင်းတယ် (ဒါမှမဟုတ်) ကံဆိုးတယ်လို့ ပုံသေပြောပြလို့မရတာကို တွေ့ရပါလိမ့်မယ်။

ဒါကြောင့်ဘဝမှာ ဘယ်လို အဖြစ်အပျက်တွေနဲ့ ကြုံရဆုံရ "ငါ့မှာတော့ အကောင်းတွေနဲ့ တွေ့နေရပြီ"ဆိုပြီး ဝမ်းသာမေ့မြောနေဖို့ မဟုတ်သလို "ငါ့မှာတော့ကံဆိုးမိုးမှောင်ကျနေပြီ" လို့လည်း စိတ်ပျက်အားငယ်ဖွယ်ရာ မလိုပါဘူး။ ဒါဟာ ခမ္မပုံပြင်ကလေးက ပေးလိုက်တဲ့ အဓိကအချက်ပါပဲ။

တကယ်တော့ လောကဓံတရားတွေအပေါ်မှာ အမျှော်၊ အကြောက်ကင်းပြီး စိတ်ရှင်းရှင်း ထားလိုသူတွေဟာ ကိုယ့်စိတ်ကို ကောင်းကင်ပြင်ကြီးကို တုပပြီး ကျင့်ကြံကြရမှာပါ။ ကောင်းကင်ပြင်ကြီးကို လှေ့လာကြည့်ရင် ကြည်လင်နေတဲ့ ကောင်းကင်ပြင်မှာ တစ်ခါ တစ်ခါ မိုးသားတိမ်လိပ်တွေ တက်လာတယ်။ မိုးတွေရွာချတယ်။ ပြီးရင် နေသာလာကာ ပြန်ကြည်လင်တာပါပဲ။ တစ်ခါတစ်ခါကျတော့ လေမုန်တိုင်းတွေဆင်ပြီး ကောင်းကင်ပြင် ကြီး တစ်ခုလုံး နီရဲလာတယ်။ လေပြင်းတွေတိုက်တယ်။ ပြီးရင် လေပြည်လေညင်း ကလေးနဲ့ အတူ ကောင်းကင်ကြီး ပြန်ကြည်လင်လာတာပါပဲ။

ဒီတော့ ကောင်းကင်ပြင်ကြီးနဲ့ ကောင်းကင်ပြင်ပေါ်မှာ ဖြစ်ပေါ်လာတာတွေကို ရောထွေးမမြင်မိစေဖို့ အရေးကြီးပါတယ်။ ဖြူစင်ပြာလဲ့နေတဲ့ ကောင်းကင်ပြင်ကြီးက သပ်သပ်ပါ။ တိမ်ညိုတိမ်မည်းတွေ၊ လေမုန်တိုင်းတွေက သပ်သပ်ပါ။ တိမ်ညိုတိမ်မည်း တွေနဲ့ လေမုန်တိုင်းတွေဆိုတာ ကောင်းကင်ပြင်ပေါ်မှာ ခေတ္တခဏ ဖြစ်ပေါ်လာတဲ့အရာ တွေပါ။ ကောင်းကင်ပြင်ကြီးက ဒီအရာတွေကို မဖက်မတွယ်၊ မပစ်ပယ်ဘဲ လွတ်လပ်စွာ ရပ်တည်နေတာပါ။

တိမ်ညိုတိမ်မည်းတွေ တက်လာလို့လည်း ကောင်းကင်ပြင်ကြီးက ဝမ်းနည်းမနေပါ။ နေရောင်ခြည်တွေ ဖြာနေလို့လည်း ကောင်းကင်ပြင်ကြီးက ဝမ်းသာမနေပါ။ သူ့အပေါ်မှာ ဖြစ်တည်လာတာတွေကြောင့် သူ့ဘဝ ပြောင်းလဲမသွားဘူး။ သူ့သဘာဝက ကြည်လင် ဖြူစင်နေခြင်းပါ။

လောကဓံတရားတွေနဲ့ ပတ်သက်လာရင် မိမိတို့ရဲ့ စိတ်ကို ကောင်းကင်ပြင်ကြီးလို သဘောထားရမှာပါ။ ဘဝထဲမှာ အခိုက်အတန့်မျှ ဖြစ်ပေါ်လာတဲ့ ကောင်းခြင်းဆိုခြင်း

တွေကို ဘဝနဲ့ရောထွေး မပစ်လိုက်မိဖို့ အရေးကြီးပါတယ်။ ဘဝထဲမှာ ဖြစ်ပေါ်လာတဲ့ ကောင်းခြင်းဆိုခြင်းတွေဟာ ဘဝမဟုတ်ပါဘူး။ ကောင်းကင်ပေါ်မှာ ခေတ္တခဏ ဖြစ်ပေါ်လာတဲ့ မိုးသား၊ တိမ်လိပ်တွေလိုပဲ ဖြစ်ပေါ်ပြီးရင် ပျောက်ကွယ်သွားမှာပါ။ ကိုယ့်စိတ်က အဲဒီအကောင်းအဆိုးတွေကို မတွယ်တာ မဖယ်ရှားဘဲ ကောင်းကင်ပြင်ကြီး လို ကြည်လင်ဖြူစင်နေဖို့သာ အရေးကြီးပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ*

- ဥပုသ်စောင့်သုံးမှုတိုင်းမှာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝစုံလင်နိုင် ပါမှ အကျိုးကြီးမြင့်မြတ်တဲ့လုပ်ငန်းတစ်ခု ဖြစ်လာနိုင်ပြီး ပညာရှိသူတော် ကောင်းတွေရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်လည်း ဖြစ်လာနိုင်ပါမယ်။
- အဲ့သလိုမဟုတ်ဘဲ သီလခံယူပြီးတာနဲ့ ဝိုင်းဖွဲ့စားသောက်၊ စားသောက်ပြီးရင် လေကန်၊ ပါးစပ် ညောင်းတဲ့အခါ မှေ့မြောအောင်အိပ်၊ အိပ်ရေးဝလို့အချိန်တန် ညနေစောင်းတဲ့အခါ အိမ်ပြန်လုအောင် ဟန်ရေးပြတဲ့အနေနဲ့ စိပ်ပုတီး လက်ဆွဲ ပြီး ဘာဝနာမပါ ဗလာစိတ်နဲ့ ပြန်လာတဲ့ ဥပုသ်မျိုးကတော့ ဗိုက်အဆာခံရကျိုး မနပ်တဲ့အပြင် ဘာသာခြားတွေရဲ့ အထင်မြင်သေး ကဲ့ရဲ့ ပြစ်တင်စရာလည်း ဖြစ်ပါတယ်။

"ငြိမ်ငြိမ်နေပြီး ငြိမ်းအောင်ကျင့်တာဟာ" ဥပုသ်စောင့်တာပါ။ "ငြိမ်ငြိမ်နေ" ဆိုသည်မှာ သီလနဲ့ ကာယကံ၊ ဝစီကံတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပြီး "ငြိမ်းအောင်ကျင့်" ဆိုသည်မှာ သမာဓိ၊ ပညာ၊ သိက္ခာတို့ဖြင့် လောဘ၊ ဒေါသ စသည့်ကိလေသာအပူတွေကို ငြိမ်းအောင်ကျင့်ခြင်းပဲ ဖြစ်ပါတယ်။



ဝါတွင်းကာလတွေမှာ ဗုဒ္ဓမြတ်စွာရဲ့ သာသနာယဉ်ကျေးမှု ဝိနည်းတော်အရ ရဟန်းတော်တွေဟာ ဝါဆိုဝါကပ်ကြရပါတယ်။ သံဃာတော်အရှင်မြတ်တွေရဲ့ မြင့်မြတ်တဲ့ ဒီဓလေ့ကို အတုယူအားကျကာ ဗုဒ္ဓသာသနာဝင် ဥပါသကာ၊ ဥပါသိကာမတွေကလည်း ဝါတွင်းကာလမှာ ဥပုသ်သီလကို ဆောက်တည် ကျင့်သုံးကြပါတယ်။ ဥပုသ်စောင့် သုံးမှုဟာ ဖြူစင်တဲ့ ကိုယ့်ကျင့်တရားနဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်ကို ခိုင်မာမြဲမြံစေတာမို့ လောက၊ ဓမ္မနှစ်ဖက်လုံတဲ့ အစဉ်အလာကောင်း တစ်ခုပဲဖြစ်ပါတယ်။ အလွန်တရာ မြတ်နိုးတန်ဖိုးထားထိုက်တဲ့ ဘာသာရေးယဉ်ကျေးမှု အမွေတစ်ခုလည်း ဖြစ်ပါတယ်။

သီတင်းတစ်ပတ်လျှင် တစ်ရက်မျှ ဥပုသ်သီလစောင့်သုံးရခြင်းဟာ ကိလေသာဒုစရိုက် အညစ်အကြေးတွေကြောင့် စွန်းထင်းညစ်ပေနေတဲ့ကိုယ်၊ နှုတ်၊ နှလုံး၊ ကံ(၃)ပါးလုံးကို ဖွပ်လျှော်သန့်ရှင်း ဖြူစင်စေခြင်း ဖြစ်သလို အကြောင်းညီ အကျိုးပေးကောင်းလို့ ခေတ္တခဏ ပိုင်ဆိုင်ခွင့် ရထားတဲ့ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကြောင့် ငယ်ထိပ်ရောက်အောင် တက်နေတဲ့ လူ့ဘဝရဲ့ အဆိပ်အတောက်တွေကို နည်းနည်းစီ လျှော့ချ ဖြေဖျောက်နေခြင်းလည်း ဖြစ်ပါတယ်။ မြွေပွေးသတ္တဝါဟာ အကောင်ငယ်ပေမယ့် အဆိပ်ကြီးသလိုပဲ မရင့်ကျက်တဲ့သူတွေအတွက် ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေဟာ ဘယ်လောက်ပဲ ငယ်နေပါစေ အဆိပ်တက်တတ်ပါတယ်။ အဲဒီအဆိပ်တွေကြောင့် တချို့သူတွေဟာ သေလောက်အောင် ဒဏ်ရာတွေရကြပြီး တချို့သူတွေကတော့ သေသွားကြပါတယ်။ တကယ်တော့ လူ့ဘဝ၊ လူ့ချမ်းသာထဲမှာ အဆိပ်အတောက်တွေ ရောပါနေတယ်။ အဲဒီအဆိပ်အတောက်တွေကို ကုသိုလ်ကောင်းမှုနဲ့ မဖြေဖျောက်နိုင်ရင် ဒုက္ခအကြီးအကျယ် ရောက်တော့တာပါပဲ။ သီလ၊ သမာဓိ၊ ပညာလို့ ဂုဏ်သိက္ခာ(၃)ခုပါတဲ့ ဥပုသ်စောင့်သုံးမှုမှာ (၁) သီလခံယူ ဆောက်တည်ခြင်း (၂) တရားနှလုံးသွင်း ရှုမှတ်ခြင်း ဆိုတဲ့ လုပ်ငန်းစဉ်နှစ်ခု ပါဝင်ပါတယ်။ တရားနှလုံးသွင်း ရှုမှတ်ခြင်းကတော့ ဥပုသ်စောင့်ခြင်းရဲ့ အဓိကလိုရင်း အနှစ်သာရပဲဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောရရင် "ငြိမ်ငြိမ်နေပြီး ငြိမ်းအောင်ကျင့်တာဟာ" ဥပုသ်စောင့်တာပါပဲ။ "ငြိမ်ငြိမ်နေ" ဆိုသည်မှာ သီလနဲ့ ကာယကံ၊ ဝစီကံတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပြီး "ငြိမ်းအောင်ကျင့်" ဆိုသည်မှာ သမာဓိ၊ ပညာ၊ သိက္ခာတို့ဖြင့် လောဘ၊ ဒေါသ စသည့် ကိလေသာအပူတွေကို ငြိမ်းအောင်ကျင့်ခြင်းပဲ ဖြစ်ပါတယ်။ ဒီကောက်နုတ်ချက်မှာ ငြိမ်ငြိမ်နေခြင်းဟာ ဥပုသ်စောင့်ခြင်းရဲ့ အပေါ်ယံအသွင်သဏ္ဌာန်ပဲဖြစ်ပြီး ငြိမ်းအောင်ကျင့်ခြင်းသည်သာ ဥပုသ်စောင့်ခြင်းရဲ့ အတွင်းအနှစ်သာရ ဖြစ်ပါတယ်။

ဥပုသ်စောင့်သုံးမှုတိုင်းမှာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံလင်နိုင်ပါမှ အကျိုးကြီး မြင့်မြတ်တဲ့ လုပ်ငန်းတစ်ခု ဖြစ်လာနိုင်ပြီး ပညာရှိ သူတော်ကောင်းတွေရဲ့ မြတ်နိုးတန်ဖိုးထားဖွယ်လည်း ဖြစ်လာနိုင်ပါမယ်။ အဲသလိုမဟုတ်ဘဲ သီလခံယူပြီးတာနဲ့ ဝိုင်းဖွဲ့စားသောက်၊ စားသောက်ပြီးရင် လေကန်၊ ပါးစပ်ညောင်းတဲ့အခါ မေ့မြောအောင် အိပ်၊ အိပ်ရေးဝလို့ အချိန်တန် ညနေစောင်းတဲ့အခါ အိမ်အပြန်လှအောင် ဟန်ရေးပြတဲ့ အနေနဲ့ စိပ်ပုတီးလက်ဆွဲပြီး ဘာဝနာမပါ ဗလာစိတ်နဲ့ ပြန်လာတဲ့ဥပုသ်မျိုး ကတော့ ဗိုက်အဆာခံရကျိုး မနပ်တဲ့အပြင် ဘာသာခြားတွေရဲ့ အထင်မြင်သေး ကဲ့ရဲ့ပြစ်တင်စရာလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဥပုသ်စောင့်တာနဲ့ ပတ်သက်ပြီး ကလေးဘဝတုန်းက အဘိုးပြောပြတဲ့ ပုံပြင်လေးတစ်ပုဒ်ကို သတိရမိပါတယ်။ အဘိုးကတော့မိုးပေါ်က သိကြားမင်းကြီးကိုယ်တိုင် သူ့ကိုပြောပြခဲ့တာလို့ဆိုပါတယ်။

## ဥပုသ်သည်နဲ့ နတ်ပြည်

တစ်ခါတုန်းက တာဝတိံသာနတ်ပြည်က နတ်သမီးလေးတစ်ပါးဟာ လူ့ပြည်ကို နတ်မျက်စိနဲ့ ကြည့်မိသတဲ့၊ အဲ့ဒီလိုကြည့်မိတဲ့အခါ လူ့ပြည်မှာ ဝါတွင်းကာလဖြစ်တာမို့ လူတွေ အများကြီး ဥပုသ်စောင့်ကြတာကို တွေ့ရတာပေ့ါ။ အဲဒီအခါ နတ်သမီးလေးက သိကြားမင်းကြီးကို "အရှင်သိကြားမင်း၊ လူ့ပြည်မှာ လူတွေ ဒီလောက်ဥပုသ်စောင့်ကြရင် သူတို့ ကွယ်လွန်တဲ့အခါ နတ်ပြည်ရောက်ကြမှာမို့ နတ်ပြည်မှာ နေစရာမှ ရှိပါဦးမလား" လို့ လျှောက်ထားလိုက်တယ်။

သိကြားမင်းက "တရားတော်နဲ့အညီ ဥပုသ်စောင့်တတ်မှ ကုသိုလ်ကရတာ။ ကုသိုလ်ရမှ နတ်ပြည်ရောက်နိုင်တာ။ ဥပုသ်စောင့်တိုင်း နတ်ပြည်ရောက်နိုင်တာ မဟုတ်ဘူး။ သင်မယုံကြည်ရင်လူတွေဥပုသ်စောင့်တတ်၊မစောင့်တတ်နဲ့ဥပုသ်စောင့်တဲ့သူတွေထဲက နတ်ပြည်ရောက်နိုင်တဲ့သူ ပါမပါကို ငါလက်တွေ့ပြမယ်" လို့နတ်သမီးလေးကို ပြောပြပါတယ်။

အဲဒီနောက် သိကြားမင်းဟာ မိမိကိုယ်ကို အသက်(၆၀)ကျော် အဘိုးကြီးအသွင် ဖန်ဆင်းပြီး နတ်သမီးလေးကိုတော့ အသက်(၁၆)နှစ်အရွယ် အပျိုမကလေးလို ဖန်ဆင်းကာ လူ့ပြည်ကို ဆင်းသက်လိုက်တယ်။ လူ့ပြည်ရောက်တဲ့အခါ ဥပုသ်သည်တွေ စုဝေးနေတဲ့ ဘုန်းတော်ကြီးကျောင်းတွေနဲ့ ဇရပ်တွေဘက်ကို စုံတွဲခုတ်ပြီး သွားလာလည်ပတ်ကြသတဲ့။

အဲဒီအခါ ဇရပ်တစ်ဆောင်ပေါ်မှာ အမျိုးသမီးတစ်စုဟာ ဥပုသ်စောင့်တယ်ဆိုပြီး စုဝေးဝိုင်းဖွဲ့ကာ သူများအတင်းတွေ ပြောနေကြတယ်။ အဲဒီဇရပ်အနား လူယောင်ဖန်ဆင်းထားတဲ့ သိကြားမင်းတို့ စုံတွဲရောက်သွားတဲ့အခါ ဇရပ်ပေါ်က အမျိုးသမီးတစ်စုက (၁၆)နှစ်ရွယ် အပျိုမကလေးကို "ဟဲ့ သူငယ်မ၊ ညည်းနဲ့အဘိုးကြီး ဘာတော်သလဲ၊ ညည်းအဖေလား၊ ယောကျ်ားလား" လို့ စပ်စုစုမေးကြသတဲ့။

မိန်းမပျိုယောင်ဆောင်ထားတဲ့ နတ်သမီးက "အဘိုးကြီးဟာ ကျွန်မရဲ့ခင်ပွန်းပါရှင်" လို့ဖြေတဲ့အခါ၊ ဥပုသ်စောင့်တဲ့ အမျိုးသမီးတွေက မေးငေါ့ပြီး "ကြည့်စမ်းပါဦးတော်၊ ရုပ်ရည်ကလေး သနားကမား ပျိုပျိုရွယ်ရွယ်ကလေးနဲ့ ဒီသေခါနီးအဘိုးကြီးကိုမှ ယူရသလား၊ တကယ်ဆိုရင် ရွယ်တူယူရောပေါ့အေ၊ ဟိုအဘိုးကြီးလည်း သေခါနီးမှ ရိက္ခာယူတယ်၊ နွားအို မြက်နုကြိုက်ဆိုတာ ဒါမျိုးပေါ့" လို့ တစ်ယောက်တစ်ပေါက်ဝိုင်းပြီး အတင်းပြောကြသတဲ့။

အဲဒီကနေ နောက်တစ်နေရာကို သွားတဲ့အခါ အမျိုးသားတွေ စုပြီးနေတဲ့ ကျောင်းဆောင်တစ်ခုနားကို ရောက်သွားတယ်။ အဲဒီနားကို သူတို့စုံတွဲရောက်သွားတယ်ဆိုရင်ပဲ ယောကျ်ားတွေက "ကြည့်စမ်းဟေ့၊ မလိုက်လိုက်တဲ့ စုံတွဲကွာ၊ အဘိုးကြီးကလည်း မခေဘူးနော်၊ ကောင်မလေးကို မုန့်ပေးပြီးကြိုက်တာနေမှာ၊ ကောင်မလေးတော့ ကံဆိုးတာပဲ၊ မကြာခင် မုဆိုးမဖြစ်တော့မယ်။ ဟဲ့ ဟေ့ကောင်၊ မုဆိုးမဖြစ်ရင် တို့သွားပြီး တန်းစီရရင် မကောင်းဘူးလား" လို့ မကြားတကြား သရော်ကြ စကြသတဲ့။

အဲဒီကျောင်းဆောင်ဘက်က ထွက်ခဲ့ပြီးတဲ့နောက် ရေအိုးစင်တစ်ခုနားကို ရောက်လာတယ်။ အဲဒီ ရေအိုးစင်နားမှာ အဘွားအိုတစ်ဦးဟာ ဘယ်သူနဲ့မျှ စကားမပြောဘဲ

မျက်စိမှိတ်ပြီး စိပ်ပုတီးကိုပဲ အသာစိပ်နေသတဲ့။ မိန်မပျိုယောင်ဆောင်ထားတဲ့ နတ်သမီးလေးက အဖွားနားကိုသွားပြီး "အဖွား၊ ဒီရေအိုးစင်မှာ ရေရှိလား၊ ကျွန်မခင်ပွန်းသည် ရေဆာလို့ပါရှင်" လို့ ခွင့်တောင်းတဲ့အခါ အဘွားအိုက"ရှိပါတယ် သူငယ်မရယ်၊ သဘောရှိ သောက်ပါ၊ ကုသိုလ်လိုချင်လို့ အဘွားကိုယ်တိုင်ပဲ ရေခပ်ထားတာပါ"လို့ ပြောပါတယ်။ ပြီးတော့မှ အဘိုးကြီးယောင်ဆောင်ထားတဲ့ သိကြားမင်းကို တစ်ချက်လောက်ကြည့်လိုက်ပြီး "အော် .. မောင်ကြီးက သူငယ်မရဲ့ ခင်ပွန်းသည်ကိုး၊ ဒီလိုပေါ့အေရယ်၊ ရေးကရေစက်ဆိုတာ အမျိုးမျိုးဆုံစည်းရတာပဲ။ စိတ်ကောင်းကောင်းထားပြီး ဖခင်နဲ့တူသော ခင်ပွန်းရယ်လို့ သဘောထားရမှာပဲ။ ရှိရှိသေသေပြုစုပါကွယ်" လို့ဆုံးမစကားပြောပါတယ်။

အဲဒီနောက်တော့ သိကြားမင်းနဲ့ နတ်သမီးလေးတို့ဟာ နတ်ပြည်ကိုပြန်သွားကြသတဲ့။ နတ်ပြည်ရောက်တဲ့အခါ သိကြားမင်းက "ကိုင်း ဘယ့်နယ်ရှိစ၊ လူ့ပြည်မှာ ဥပုသ်စောင့်တဲ့ သူတွေကတော့များပါရဲ့၊ အများစုက စေတနာတယ် မသန့်ကြဘူး၊ ရိုးရိုးသားသား ကုသိုလ်လိုလားပြီး ဥပုသ်စောင့်တဲ့သူက နည်းတယ်။ ဒါကြောင့်အခု ဥပုသ်စောင့်တဲ့သူ တွေထဲမှာ နောက်ဆုံးတွေ့တဲ့ အဘွားအိုးတစ်ယောက်ပဲ နတ်ပြည်ရောက်လိမ့်မယ်။ ကျန်သူတွေကတော့ ထုံးစံအတိုင်း အောက်ပြည်သွားကြမှာပေါ့" လို့ နတ်သမီးလေးကို ပြောပြပါသတဲ့။

ဒီပုံပြင်လေးဟာ ဥပုသ်စောင့်ခြင်းရဲ့ အသွင်သဏ္ဍာန်နဲ့ အနှစ်သာရ မတူကွဲပြားပုံကို ခွဲခြားဖော်ပြလိုက်တာပါ။ အနှစ်သာရမပါတဲ့ အသွင်သဏ္ဍာန်ဆိုတာ တကယ်တော့ အကာသက်သက်ပါပဲ။ ဒီပုံပြင်ကလေးကို ဖတ်ပြီး "ဒါ အများဖြစ်နေကျ ထုံးစံပါပဲ"လို့ ပေါ့ပေါ့လေးတွေးလို့ ရနိုင်ပေမယ့် မိမိတို့ရဲ့တရားဓမ္မ၊ ကျင့်စဉ်သိက္ခာတွေကို အလေးဂရုမပြု၊ ပေါ့တီးပေါ့ဆ မရိုမသေပြုမူခြင်းဟာ ဘာသာသာသနာ ကွယ်ပျောက် ကြောင်းမို့ အထူးသတိပြုကြရမှာပါ။

ပိဋကတ်စာပေမှာတော့ အပေါ်ယံ အသွင်သဏ္ဍာန်မျှသာ ဖြစ်ပြီး၊ အနှစ်သာရမပါတဲ့ ဥပုသ်မျိုးကို ဂေါပါလဥပုသ် (နွားကျောင်းသားဥပုသ်)၊ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ

ပြည့်ဝသောဥပုသ်မျိုးကို အရိယာဥပုသ် (မြင့်မြတ်သောဥပုသ်) လို့ခေါ်ဆိုသတ်မှတ်ပါတယ်။

အနှစ်သာရပြည့်ဝတဲ့ အရိယာဥပုသ်တစ်ရက် စောင့်ရတဲ့အကျိုးဟာ "ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို အုပ်စိုးရတဲ့မင်း၊ မိဖုရားအဖြစ်မျိုးထက် ကြီးကျယ်ခမ်းနားကြောင်း" ဘုရားရှင် ကိုယ်တော်တိုင် ဟောမိန့်တော်မူခဲ့ဖူးပါတယ်။

တကယ်တမ်းပြောရရင် ဥပုသ်စောင့်တယ်ဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာ အရှင်မြတ်တွေရဲ့ မြင့်မြတ်လှတဲ့ဘဝကို အတုယူ အားကျပြီး တဒင်္ဂခဏ၊ တစ်စိတ်တစ်ဒေသ ဝင်စားကြည့်တာပါ။ အထက်တန်းကျ မြင့်မြတ်သူတွေရဲ့ အသက်ရှင်နေထိုင်ပုံမျိုးကို တစ်ရက်တာမျှ အတုခိုး ကျင့်ကြံတာမျိုးပါ။ ဒီအချက်တွေကို ထောက်ဆကြည့်ရင် ဥပုသ်စောင့်တယ်ဆိုတာ ဘယ်လောက် အထက်တန်းကျ မြင့်မြတ်လှတယ်ဆိုတာ ဆင်ခြင်းဉာဏ် ရှိသူတိုင်းသိကြမှာပါ။ ဒါကြောင့် လောက၊ ဓမ္မ နှစ်ဖက်လုံးပြီး အစဉ်အလာကောင်းတဲ့ ဘာသာရေး၊ ယဉ်ကျေးမှု အမွေအနှစ်တစ်ခု အလွယ်တကူ မတိမ်ကော မပျောက်ကွယ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ဟာ လူမျိုးဘာသာ သာသနာတော် အဆင့်အတန်းမြင့်မားရေးကို လိုလားကြတဲ့ ဥပုသ်သည်တိုင်းရဲ့ သမိုင်းပေးတာဝန်တစ်ခုဖြစ်ကြောင်း အသိပေးပြောပြလိုပါတယ်။

*အပွမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ဩဂုတ်လ*

* ကောင်းချင်တယ်ဆိုရင် အခုအချိန်ကစပြီး ကောင်းလိုက်ပါ

* အတိတ်တွေ၊ အနာဂတ်တွေဆိုတာ တကယ် အလုပ်လုပ်လို့ရတာ မဟုတ်ပါဘူး။

* ဘဝရဲ့ အစစ်အမှန်ဟာ ပစ္စုပ္ပန်တည့်တည့်ပါပဲ။

* ပစ္စုပ္ပန်တိုင်း ကောင်းနေရင် အနာဂတ်ဆိုတာ ပူပန်စရာမလိုတော့ပါ။

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

* မေတ္တာတရားနဲ့ ပတ်သက်ရင်လည်း လူရွေးနေဖို့ မလိုပါဘူး။

* ကိုယ့်အနီးအနားမှာရှိနေတဲ့ လူတစ်ယောက်ကို အရင်ဆုံး ရိုးသားစွာနဲ့ ကြင်နာလိုက်ပါ။

* ဒါဟာ လူသားအားလုံးကို ချစ်ကြင်နာတတ်ဖို့ ပထမဆုံးခြေလှမ်းပဲဖြစ်ပါတယ်။



သတိနဲ့ မေတ္တာဟာ လူ့ဘဝရဲ့ အကောင်းဆုံးအဆောင်လက်ဖွဲ့ပါ။ သတိနဲ့မေတ္တာပါရင် လူ့ဘဝရဲ့ ခပ်သိမ်းဟာ အေးငြိမ်းသာယာပါတယ်။ သတိဟာ မိမိကိုယ်ကိုမိမိ လုံခြုံအောင် ထိန်းသိမ်းရင်း လောကကိုပါ လုံခြုံစိတ်ချရအောင် စောင့်ရှောက်ပြီးသား ဖြစ်ပါတယ်။ မေတ္တာကတော့ သူတစ်ပါး ချမ်းသာအောင် ဆောင်ရွက်ရင် မိမိပါ ချမ်းမြေ့ရတာ ဖြစ်ပါတယ်။

လူ့ဘဝဖြစ်တည်နေပုံကို အဘိဓမ္မာဆရာတွေက "ဆီမီးတောက်" ကလေးဖြစ်ပုံနဲ့ ဥပမာနှိုင်းယှဉ် ပြတတ်ပါတယ်။ ဆီမီးခွက်ထဲမှာ တလက်လက်တောက်ပနေတဲ့ ဒီမီးတောက်ကလေးဟာ ဆီကုန်သွားရင်လည်း ငြိမ်းတတ်ပါတယ်။ မီးစာကုန်သွားရင်လည်း ငြိမ်းတတ်ပါတယ်။ ဆီနဲ့ မီးစာနှစ်ခုစလုံး ကုန်သွားရင်လည်း ငြိမ်းတတ်ပါတယ်။ ဆီနဲ့မီးစာ မကုန်သေးပေမယ့်လည်း လေတိုက်လို့ဖြစ်ဖြစ် တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့် ဖြစ်ဖြစ် ငြိမ်းသွားတတ်ပါသေးတယ်။

အဲဒီလိုပဲ လူ့ဘဝ မီးတောက်ကလေးဟာလည်း ကံကုန်ရင်လည်း ငြိမ်းတတ်ပါတယ်။ သက်တမ်းကုန်ရင်လည်း ငြိမ်းတတ်ပါတယ်။ သက်တမ်း၊ ကံနှစ်မျိုးစလုံး ကုန်ရင်လည်း ငြိမ်းတတ်ပါတယ်။ သက်တမ်း၊ ကံ နှစ်မျိုးစလုံး ရှိနေပေမယ့် ရုတ်တရက် ထိခိုက်မိခြင်း စတာတွေကြောင့်လည်း ငြိမ်းသွားတတ်ပါတယ်။ ဒီလို အစိုးမရ တိုတောင်းလှတာမို့ လူ့ဘဝကို "ရေပွက်ပမာ၊ တစ်သက်လျာ"လို့လည်း ဖွဲ့ဆိုရေးသားတတ်ကြပါတယ်။

ဘယ်လောက်ပဲတိုတို လူ့ဘဝဆိုတာ တရားသဘောအရ လုပ်ပိုင်ခွင့်နဲ့ ခံစားခွင့် အပြည့်အဝရတာမို့ တန်ဖိုးဖြတ်မရတဲ့ ဘဝပဒေသာတစ်ခုပါ။ မြတ်ဗုဒ္ဓဒေသနာတော်မှာဆိုရင် "ရတောင့်ရခဲဘဝ၊ ဘုရားဆုပန်နိုင်တဲ့ဘဝ ဘုရားဖြစ်နိုင်တဲ့ဘဝ"လို့ လူ့ဘဝကို ကြီးမြတ်တဲ့ ပုံရိပ်အဖြစ် တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် လူ့ဘဝတန်ဖိုး လူ့အဖြစ်ရဲ့ အကျိုးအမြတ်ကို ရယူနိုင်ဖို့အတွက် ဒီလို တိုတောင်းလှတဲ့ဘဝ၊ ကြီးမြတ်လှတဲ့ဘဝမှာ အဓိပ္ပါယ်ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရှင်သန်နေထိုင်ဖို့ဟာ လွန်စွာအရေးကြီးလှပါတယ်။

ဘဝရဲ့အဓိပ္ပါယ်နဲ့ လူ့တာဝန်ကို ဖွင့်ဆိုရှင်းလင်းပြတဲ့နေရာမှာ "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ" ဆိုတဲ့ မြတ်ဗုဒ္ဓမြတ်စွာရဲ့ နောက်ဆုံး ဩဝါဒ အဆုံးအမလေးဟာ အမှန်အကန်၊ အသေသပ်၊ အလှပဆုံးပါ။

"ဝယဓမ္မာ သင်္ခါရာ (သင်္ခါရတရားတွေဟာ ပြိုကွဲပျက်စီးတတ်တယ်)" ဆိုတာဟာ ဘဝရဲ့ အဓိပ္ပါယ်ပါ။ "အပ္ပမာဒေန သမ္ပာဒေထ (မမေ့ မလျော့ခြင်းနဲ့ ပြည့်စုံကြ)"ဆိုတာကတော့ လူ့တာဝန်ပါ။ ဒီ အဓိပ္ပါယ်ကို ရှာဖွေတွေ့ရှိသူနဲ့ ဒီတာဝန်ကို ကိုယ်တိုင်ကျေပွန်သူတွေဟာ

သတ္တလောကထဲမှာတော့ အထက်တန်းကျ မြင့်မြတ်လှတာမို့ "လူထဲကလူ" မဟုတ်တော့ဘဲ "လူ့ထက်လူ"တွေပဲဖြစ်ပါတယ်။ ပိဋကတ်စာပေမှာတော့ သူတို့ကို "အရိယာပုဂ္ဂိုလ်" တွေလို့ သတ်မှတ်ခေါ်ဆိုပါတယ်။

ဒီအကြောင်းနဲ့ဆက်စပ်ပြီး "လူ့ဘဝမှာ ဘာအရေးကြီးဆုံးလဲ"ဆိုတာ ရှာဖွေစူးစမ်းတဲ့ ဘုရင်ကြီးတစ်ပါးရဲ့ အကြောင်းဖော်ပြတဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို သတိရလာမိပါတယ်။ အဲဒီပုံပြင်ကို ငယ်စဉ်က အင်္ဂလိပ် စာအုပ်တစ်အုပ်ထဲမှာ ဖတ်ခဲ့ရဖူးတာပါ။

## အရေးကြီးဆုံးကို သိချင်တဲ့ဘုရင်ကြီး

ရှေးရှေးတုန်းက တိုင်းပြည်တစ်ခုမှာ အသိဉာဏ်ပညာကို မြတ်နိုးတဲ့ဘုရင်ကြီးတစ်ပါး အုပ်စိုးနေသတဲ့။ ဘုရင်ကြီးဟာ စာပေ ဗဟုသုတကို အင်မတန်လေ့လာလိုက်စားပြီး နန်းတော်ထဲမှာလည်း ပညာရှိအမတ်ကြီးတွေကို စုဝေးကာ တစ်ပတ်တစ်ခါ ညီလာခံ ကျင်းပတတ်တယ်။ ပညာရှိအမတ်ကြီးတွေရဲ့ ညီလာခံမှာ ဘုရင်ကြီးက သူသိလိုတဲ့ ပုစ္ဆာပြဿနာကို တင်ပြဆွေးနွေးလေ့ရှိတယ်။

တစ်ခါတော့ ဘုရင်ကြီးက "လူ့ဘဝအသက်တာဟာ အင်မတန် တိုတောင်းလှတယ်၊ တိုတောင်းလှတဲ့ အသက်တာမှာ လုပ်စရာတွေကလည်း များလိုက်တာ၊ အဲဒီအများထဲက အရေးကြီးတာကို ရွေးပြီးလုပ်မှ ဖြစ်မယ်"လို့ တွေးမိသတဲ့။

အဲဒါနဲ့ ဘုရင်ကြီးဟာ နောက်တစ်ပတ် ပညာရှိအမတ်ကြီးတွေ ညီလာခံမှာ-

(၁) လောကမှာ ဘယ်အချိန်ဟာ အရေးကြီးဆုံးလဲ၊

(၂) လောကမှာ ဘယ်ကိစ္စဟာ အရေးကြီးဆုံးလဲ၊

(၃) လောကမှ ဘယ်သူဟာ အရေးကြီးဆုံးလဲ၊

ဆိုတဲ့ပြဿနာ ပုစ္ဆာ(၃)ခုကို အမတ်ကြီးတွေထံ တင်ပြမေးမြန်းပါတယ်။ ဖြေဆိုဖို့ အချိန်ကို လည်း (၇)ရက် သတ်မှတ်ပေးလိုက်ပါတယ်။

နောက်တစ်ပတ် ညီလာခံမှာ ပညာရှိအမတ်ကြီးတွေဟာ ပြဿနာ (၃)ခုရဲ့ အဖြေကို သူတို့ ဉာဏ်မီသလောက် အသီးသီး ဖြေဆိုကြပါတယ်။ ဒါပေမဲ့ ဘုရင်မင်းမြတ် စိတ်တိုင်းကျ အဖြေကို မရနိုင်ဘူးဖြစ်နေတယ်။ ဘုရင်မင်းမြတ်ဟာ ဒီပြဿနာ(၃)ခုရဲ့ အဖြေကို စိတ်တိုင်းကျ မသိရတာကြောင့် မစားနိုင် မအိပ်နိုင်ဖြစ်လာတယ်။

နောက်ဆုံးတော့ ဘုရင်မင်းမြတ်ဟာ ဒီပြဿနာရဲ့ အဖြေကိုသိရအောင် တောအုပ်ထဲမှာ ရှိတဲ့ ရသေ့ကြီး တစ်ပါးထံသွားပြီး မေးမြန်းဖို့ ဆုံးဖြတ်လိုက်တယ်။ နန်းတော်ထဲက မြင်းစီးပြီးထွက်လာခဲ့တဲ့ ဘုရင်မင်းမြတ်ဟာ ရသေ့ကြီးရဲ့ ကျောင်းနဲ့ မလှမ်းမကမ်း ရောက်တဲ့အခါ တောအုပ်ထဲမှာ သက်တော်စောင့်ရဲမက်တွေနဲ့ မြင်းကိုထားပြီး တစ်ကိုယ် တည်း ခြေကျင်လျှောက်ပြီး ရသေ့ကြီးကျောင်းကိုလာခဲ့တယ်။

အဲဒီအချိန်မှာ ရသေ့ကြီးက လက်တစ်ဖက်နဲ့ သစ်စေ့ထုပ်ကလေးကို ကိုင်ပြီး လက်တစ်ဖက်က တူးရွင်းကိုကိုင်ကာ ကျောင်းထဲက အပြင်ကို ထွက်လာသတဲ့။ ဘုရင်မင်းမြတ်ကလည်း ရသေ့သူမြတ်ကို အရိုအသေပေးပြီး သူသိလိုတဲ့ ပြဿနာ(၃)ခုရဲ့ အဖြေကို မေးပါတယ်။ ရသေ့ကြီးဟာ ခဏလောက်ရပ်ပြီး စဉ်းစားနေရင်းက ဘာစကားမျှ မပြောဘဲ ရှေ့ဆက်သွားတယ်။ ကျောင်းဝန်းတစ်နေရာရောက်တဲ့အခါ ဆောင့်ကြောင့် ထိုင်ပြီး တွင်းငယ်တစ်ခု တူးနေသတဲ့။

ဘုရင်မင်းမြတ်လည်း မနေနိုင်တာနဲ့ ရသေ့ကြီးကို ကူညီပြီး တွင်းတူးပေးပါတယ်။ ရသေ့ကြီးကလည်း တစ်တွင်းပြီးတစ်တွင်း တူးနိုင်းပြီး သစ်စေ့တွေကို စိုက်ပျိုးလိုက်တာ နောက်ဆုံးတစ်စေ့ပဲ ကျန်တော့တယ်။ နေကလည်း အတော်စောင်းသွားပြီးမို့ ဘုရင်မင်းမြတ်ကလည်း ဒီတစ်တွင်းတူးပြီးရင်တော့ နန်းတော်ကို ပြန်တော့မယ်လို့ တွေးနေသတဲ့။

အဲဒီအချိန်မှာ ရင်ဝမှာ မြားတန်လန်းနဲ့ ဒဏ်ရာတွေရထားတဲ့ လူတစ်ယောက်ဟာ ရသေ့ကြီးရဲ့ ကျောင်းဝန်းအတွင်း ပြေးဝင်လာပြီး လဲကျသွားသတဲ့။ အဲဒီအခါ ဘုရင်မင်းမြတ်ဟာ တူးလက်စ တူးရွင်းကို လက်ကချလိုက်ပြီး ဒဏ်ရာရထားတဲ့သူကို ပြေးထူလိုက်ပါတယ်။ ပြီးရင် ကျောင်းပေါ်ကို ဆွဲတင်ပြီး ဒဏ်ရာတွေကို သက်သာရာရအောင် ဆေးကုသပေးပါတယ်။ ဒဏ်ရာရထားတဲ့သူကို ဆေးကုသပြုစု ပေးနေရတာနဲ့ ဘုရင်မင်းမြတ်ဟာ မောလည်းမော၊ နန်းတော်ကိုပြန်ဖို့ အချိန်လည်း မရှိတော့တာမို့ ရသေ့ကြီးရဲ့ ကျောင်းမှာပဲ ညအိပ်လိုက်ရတော့သတဲ့။

မနက်မိုးလင်းတဲ့အခါ ဘုရင်မင်းမြတ်ဟာ နန်းတော်ကိုပြန်ဖို့ ပြင်ပါတယ်။ အဲဒီအခါ မနေ့ညက ဒဏ်ရာရလာတဲ့သူက ဘုရင်မင်းမြတ်ကို ဒူးထောက်တောင်းပန်ရင်း အပြစ်က ခွင့်လွှတ်ဖို့ ပြောပါတယ်။ ဘုရင်မင်းမြတ်က "သင့်ကို ကျွန်ုပ်မသိပါလား" ဆိုတော့ ဒဏ်ရာရ လူနာက "ဘုရင်မင်းမြတ်က ကျွန်ုပ်ကို မသိပေမယ့် ကျွန်ုပ်ကတော့ ဘုရင်မင်းမြတ်ကို ကောင်းကောင်းသိပါတယ်။ ကျွန်ုပ်ဟာ ဘုရင်မင်းမြတ်ရဲ့ လက်ချက်နဲ့ သေဆုံးသွားတဲ့ တောပုန်းဓားပြကြီးရဲ့သားပါ။ ဖခင်အတွက် လက်စားချေဖို့ ဘုရင်မင်းမြတ်ကို တောအုပ်အတွင်းက စောင့်ဆိုင်းနေတုန်း ဘုရင်မင်းမြတ်ရဲ့ ကိုယ်ရံတော် စစ်သည်တွေနဲ့တိုးပြီး တိုက်ပွဲဖြစ်ရာက ဒဏ်ရာတွေရလာခဲ့တာပါ။ အခုတော့ ဘုရင်မင်းမြတ်ရဲ့ ကုသပေးမှုကြောင့် ကျွန်တော်မျိုး အသက်ရှင်ရတာပါ။ ဘုရင်မင်းမြတ်ဟာ ကျွန်တော်မျိုးရဲ့ အသက်သခင်ပါ။ ဘုရင်မင်းမြတ်ရဲ့ ကျေးဇူးတော် ကြောင့် ဘုရင်မင်းမြတ် အပေါ်ထားခဲ့တဲ့ ရန်ငြိုးဟာလည်း ကွယ်ပျောက်သွားခဲ့ပါပြီ။ ဒီအတွက် ကျွန်တော်မျိုးကို အပြစ်မှ ခွင့်လွှတ်တော်မူပါရန် တောင်းပန်ပါတယ်" လို့ အရှည်ကြီး ရှင်းပြပါတယ်။

ဒီအခါဘုရင်မင်းမြတ်ဟာ သူ့အပေါ်မှာ တင်နေတဲ့ ရန်ငြိုးတစ်ခု မထင်မှတ်ဘဲ ပြေပျောက် သွားတာ သိရတဲ့အတွက် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ ပါတယ်။ ဒဏ်ရာရလူငယ်ကိုလည်း အပြစ်မှ ခွင့်လွှတ်ကြောင်း ပြောဆိုပြီး ရသေ့ကြီးကို နှုတ်ဆက်

ကန်တော့ရန် ကျောင်းပေါ်က ဆင်းလာခဲ့ပါတယ်။ ဒီအချိန်မှာ ရသေ့ကြီးဟာ မနေ့က တွင်းတူးစိုက်ပျိုးခဲ့တဲ့ သစ်စေ့တွေကို ရေလောင်းပေးနေပါတယ်။

ဘုရင်မင်းမြတ်ဟာ ရသေ့ကြီးကို ဦးချအရိုအသေပေးပြီး နန်းတော်ပြန်တော့မယ့် အကြောင်းနဲ့ မနေ့က မေးခဲ့တဲ့ ပြဿနာ (၃)ခုရဲ့ အဖြေကို သိလိုပါကြောင်း ထပ်မံ လျှောက်ထားပြန်ပါတယ်။ အဲဒီအခါ ရသေ့ကြီး ပြုံးလိုက်ပြီး "ဒီပြဿနာရဲ့ အဖြေကို ခုထိ မရသေးဘူးလား၊ မနေ့က အဖြေပေးပြီးပြီ" လို့ ပြောပါတယ်။

ဘုရင်မင်းမြတ်က "ဘယ်လို အဖြေလဲဘုရား၊ တပည့်တော် နားမလည်သေးပါဘုရား"လို့ လျှောက်ထားတဲ့အခါ ရသေ့ကြီးက "ဘုရင်မင်းမြတ် မနေ့တုန်းက အဖြစ်အပျက်တွေကို ပြန်စဉ်းစားစမ်းပါ။ ဘယ်အချိန်ဟာ အရေးကြီးဆုံးလဲဆိုတာ ဘုရင်မင်းမြတ် ကျွန်ုပ် ကျောင်းကိုရောက်လာတော့ ကျွန်ုပ်ကတွင်းတူးနေတယ်။ အဲဒီအချိန်ဟာ အရေးကြီးဆုံးပဲ။ အဲဒါကို ဘုရင်မင်းမြတ်က ဂရုမစိုက်ဘဲ နန်းတော်ပြန်သွားခဲ့မယ်ဆိုရင် ဘုရင်မင်းမြတ်ဟာ တောအုပ်ထဲမှာ အလုပ်ကြံခံရမယ်။ အခုတော့ ဘုရင်မင်းမြတ်ဟာ အရေးကြီးဆုံးအချိန်မှာ အရေးကြီးတဲ့အလုပ်ကို လုပ်ခဲ့တဲ့အတွက် ဒီအဖြစ်ဆိုးက လွတ်သွားပြီ"

အရေးကြီးဆုံးအလုပ်ဆိုတာ ဘာလဲ၊ ထပ်ပြီးစဉ်းစားပါဦး မနေ့က ကျွန်ုပ်တွင်းတူးနေစဉ် ဘုရင်မင်းမြတ်ရောက်လာတယ်။ အဲဒီ တွင်းတူးတဲ့အလုပ်က အရေးကြီးတဲ့ အလုပ်ပေါ့။ ဒီအလုပ်ကို ဘုရင်မင်းမြတ် မျက်ကွယ်ပြုခဲ့မယ်ဆိုရင် ဒီနေ့ ဒီအခြေအနေမျိုး ဘုရင်မင်းမြတ် ဘယ်မြင်ရတော့မလဲ၊ တစ်မျိုးတစ်ဖုံ ပြောင်းနေလောက်ပြီပေါ့။

နောက်ပြီး ဘယ်သူဟာ အရေးကြီးဆုံးလဲတဲ့။ ကိုယ်နဲ့အတူ ရှိနေတဲ့သူဟာ အရေးကြီး ဆုံးပဲ။ ဘုရင်မင်းမြတ်ဟာ မနေ့က ကျွန်ုပ်နဲ့ အတူရှိစဉ် ကျွန်ုပ်ကို အရေးထားခဲ့တယ်။ ဒါမှန်တာပဲ နောက်ပြီး ဒဏ်ရာရတဲ့သူ ရောက်လာတဲ့အခါ သူ့ကိုလည်း အရေးထား ဂရုစိုက်ခဲ့တယ်။ ဒီအတွက် ဘုရင်မင်းမြတ်ဟာ ရန်သူတစ်ယောက်အစား မိတ်ဆွေ တစ်ယောက်ရခဲ့တယ်။

ကဲ ... လိုရင်းပြောရရင် လောကမှာ

(၁) ကိုယ်ရောက်နေဆဲ ပစ္စုပ္ပန်အချိန်ဟာ အရေးကြီးဆုံးအချိန်ပဲ။

(၂) ကိုယ်လုပ်နေတဲ့ ပစ္စုပ္ပန်အလုပ်ဟာ အရေးကြီးဆုံး ကိစ္စပဲ။

(၃) ကိုယ်နဲ့အတူရှိနေတဲ့သူဟာ ကိုယ့်အတွက်အရေးကြီးဆုံးလူပဲ ဆိုတာ မှတ်လိုက်ပါလို့ အဘေအချာရှင်းပြပါတယ်။

အဲဒီအခါ ဘုရင်မင်းမြတ်ဟာ ရသေ့ကြီးရဲ့ အဖြေကို စိတ်တိုင်းကျ အားရနှစ်ခြိုက်ပြီး သာဓု(၃)ကြိမ် ခေါ်လိုက်ပါသတဲ့။

ဒီပုံပြင်ကလေးကပေးတဲ့ ဒဿနဟာ တော်တော်ပဲ လှပါတယ်။ ဘဝမှာ အလေးအမြတ် ထားသင့်တဲ့ တန်ဖိုးတွေကို ထည့်တွက်တဲ့အခါ လူများစုဟာ အဝေးကစပြီး ရေတွက်မိ တတ်ပါတယ်။ တကယ်တော့ အဝေးဆုံးခရီးတွေရဲ့ အစဟာ ကိုယ့်ရဲ့ အနီးဆုံး ခြေလှမ်း ကလေးက စရတာပါ။

ကောင်းချင်တယ်ဆိုရင် အခုအချိန်ကစပြီးကောင်းလိုက်ပါ။ အတိတ်တွေ၊ အနာဂတ်တွေ ဆိုတာ တကယ်အလုပ်လုပ်လို့ရတာ မဟုတ်ပါဘူး။ ဘဝရဲ့ အစစ်အမှန်ဟာ ပစ္စုပ္ပန် တည့်တည့်ပါပဲ။ ပစ္စုပ္ပန်တိုင်း ကောင်းနေရင် အနာဂတ်ဆိုတာ ပူပန်စရာမလိုတော့ပါ။ မေတ္တာတရားနဲ့ ပတ်သက်ရင်လည်း လူရှေးနေဖို့ မလိုပါဘူး။ ကိုယ့်အနီးအနားမှာရှိနေတဲ့ လူတစ်ယောက်ကို အရင်ဆုံး ရိုးသားစွာနဲ့ ကြင်နာလိုက်ပါ။ ဒါဟာ လူသားအားလုံးကို ချစ်ကြင်နာတတ်ဖို့ ပထမဆုံးခြေလှမ်းပဲ ဖြစ်ပါတယ်။

"အပ္ပမာဒေန သမ္ပာဒေထ"ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမဩဝါဒဟာ ပုံပြင်ထဲမှာပါတဲ့ ဘဝဒဿနထက် ပိုပြီးလှပပါတယ်။ သတိနဲ့ မေတ္တာဟာ လူ့ဘဝရဲ့ အကောင်းဆုံး အဆောင် လက်ဖွဲ့ပါ။ သတိနဲ့မေတ္တာပါရင် လူ့ဘဝရဲ့ ကိစ္စခပ်သိမ်းဟာ အေးငြိမ်း သာယာပါတယ်။ သတိနဲ့ မိမိကိုယ်ကိုမိမိ လုံခြုံအောင်ထိန်းသိမ်းရင် လောကကိုပါ လုံခြုံ

စိတ်ချရအောင်စောင့်ရှောက်ပြီးသားဖြစ်ပါတယ်။ မေတ္တာကတော့ သူတစ်ပါးချမ်းသာအောင် ဆောင်ရွက်ရင်း မိမိပါ ချမ်းမြေ့ရတာဖြစ်ပါတယ်။

ဒါကြောင့် ဒီပုံပြင်ကလေးနဲ့စပ်ပြီး ဗုဒ္ဓမြတ်စွာအလိုတော်က ပေးလိုတဲ့ ဘဝလမ်းညွှန် လက်ဆောင်မွန်ကတော့ "သတ္တိနဲ့မေတ္တာ" ပဲ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၁ခုနှစ်၊ စက်တင်ဘာလ*



တကယ်တော့ လူ့ဘဝ ရပိုင်ခွင့်တွေထဲမှာ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ဆွေညာမိဘ၊ ဘဝခန္ဓာ အဖြာဖြာတွေဟာ တဒင်္ဂ ခဏဆိုင်ခွင့်သာရပြီး ပိုင်ခွင့်မရတဲ့ အငှားတွေပါ။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကသာ ကိုယ်နဲ့ထာဝရသက်ဆိုင်တဲ့ တကယ့်အပိုင်ပစ္စည်းတွေပါ။

မော်တော်ယာဉ်နဲ့ ကုန်းလမ်းခရီးသွားတဲ့အခါ တချို့နေရာတွေမှာ လမ်းအသုံးပြုခ၊ တံတားဖြတ်ကူးခ ပေးဆောင်ကြရပါတယ်။ အဲဒီဖြစ်ရပ်ကလေးကို ဘဝနဲ့ထပ်တူပြုပြီး ဆင်ခြင်မိတဲ့အခါ အလေးအနက်ပြုထိုက်တဲ့ အတုယူချင်စရာ သင်ခန်းစာလေးတွေ ထွက်ပေါ်လာပါတယ်။

စာရေးသူတို့ရဲ့ ဘဝထဲမှာလည်း အလုပ်တွေ၊ အချိန်တွေ၊ ငွေတွေ၊ လူတွေ စတဲ့ အရာဝတ္ထုပေါင်းများစွာဟာ နေ့စဉ် ဖြတ်သန်းသွားလာ နေကြပါတယ်။ သူတို့တစ်တွေ မိမိတို့ရဲ့ဘဝထဲကို ဖြတ်ကျော်ကူးသန်း သွားတဲ့အတွက် မိမိတို့မှာ "ဖြတ်သန်းခ" ရသင့်ရထိုက်ကြပါတယ်။ "ဖြတ်သန်းခ" မရလိုက်ဘဲ အပူတွေ၊ အရှုပ်တွေ၊ ပြဿနာတွေသာ ရလိုက်ကြတယ်ဆိုရင် အင်မတန် နစ်နာဆုံးရှုံးရပါတယ်။

ဘဝမှာ ဘယ်အရာမျှ ရပ်တန့်တည်မြဲနေခဲ့တယ်ဆိုတာ မရှိပါဘူး။ ငွေကြေးဓနပိုင်ဆိုင်မှု အဝဝဟာ ဘယ်လက်က ဝင်လာပြီး ခဏနေရင် ညာလက်က ပြန်ထွက်သွားကြတာပါ။ လက်ထဲမှာ ခေတ္တခဏ ဖြတ်သန်းသွားတာပဲရှိတယ်။ ဆုပ်ကိုင်ထားလို့ကို မရနိုင်ပါဘူး။ ဒီတော့ အလကား ဖြတ်သန်းသွားမယ့်အတူ လက်ထဲမှာ "ဖြတ်သန်းခ"ကလေး ကျန်ခဲ့မယ်ဆိုရင် ကျေနပ်နှစ်သိမ့်စရာ ဖြစ်ပါတယ်။ ဘဝထဲမှာ ပစ္စည်းဥစ္စာ အဖြာဖြာရဲ့ "အဖိုးအတန်ဆုံးဖြတ်သန်းခ"ဟာ ဒါနကုသိုလ်ပဲဖြစ်ပါတယ်။

ဒီလိုပါပဲ သားသမီး၊ မြေးမြစ်တွေဆိုတာလည်း ဘယ်ဘက်ရင်ခွင်ကနေ ဝင်လာခဲ့ပြီး အတောင်အလက်စုံလို့ အရွယ်ရောက်လာရင် ညာဘက်ရင်ခွင်ကနေ ထွက်ခွာသွားကြမှာပါ။ ရင်ခွင်ထဲမှာ ခေတ္တခဏ နားခိုကြတာပဲ ရှိပါတယ်။ ထာဝရထွေးပိုက်ထားချင်လို့ မရပါဘူး။ ဒီတော့ အလကားနားခိုသွားမယ့်အတူတူ ရင်ခွင်ထဲမှာ "ဖြတ်သန်းခ" ကလေး

ကျန်ခဲ့မယ်ဆိုရင် ကျေနပ် နှစ်သိမ့်စရာ ဖြစ်မှာပါ။ ရင်ခွင်ထဲမှာ ဆွေမျိုးမိတ်သင်္ဂဟ အဝဝရဲ့ "အဖိုးတန်ဆုံးဖြစ်တဲ့သန်းခ"ဟာ ဒါန၊ သီနဲ့ သမထ ကုသိုလ်တွေပဲ ဖြစ်ပါတယ်။

နောက်ဆုံး ဒီရုပ်ဒီခန္ဓာကိုယ်ကြီးလည်း ဇာတိဆိုတဲ့ အိမ်ရှေ့တံခါးဝကနေ ဝင်လာပြီး အချိန်စေ့ရင် မရဏဆိုတဲ့ အိမ်နောက်ဖေးပေါက်ကနေ ထွက်ခွာသွားရမှာပါ။ လူ့ဘဝဆိုတဲ့ နေအိမ်ကြီးထဲမှာ ခဏခေတ္တ တည်းခိုသွားရတာပဲ ရှိပါတယ်။ အမြဲနေချင်လို့မရပါဘူး။ ဒီတော့ အလကား တည်းခိုစားသောက်သွားမယ့်အတူတူ "တည်းခိုခ" ကလေး ကျန်ခဲ့မယ်ဆိုရင် ကျေနပ်နှစ်သိမ့်စရာဖြစ်ပါတယ်။ လူ့ဘဝထဲမှာ ဒီခန္ဓာကိုယ်ကြီးရဲ့ "အဖိုးတန်ဆုံး" တည်ခိုဖြစ်တဲ့သန်းခကတော့ "ဒါန၊ သီလ၊ ဘာဝနာ" ကုသိုလ်တွေပဲ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက် သေဆုံးသွားတဲ့အခါ ကွယ်လွန်သွားသူရဲ့နောက်ကို သူပြုထားတဲ့ "ကံ"တရားမှတစ်ပါး တခြားဘယ်အရာဝတ္ထုမှ မလိုက်ပါနိုင်ဘူးဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း လက်ခံထားတဲ့ ယုံကြည်ချက်ပါ။ ဒါပေမဲ့ အဲဒီယုံကြည်ချက် သဒ္ဓါဟာ တချို့သူတွေမှာ အင်အားအလွန်ချည့်နဲ့ နေတာမို့ အရေးကြုံတဲ့အခါ တဏှာလောဘနောက် ကောက်ကောက်ပါအောင် လိုက်သွားတတ်တယ်။

ဒီဖြစ်ရပ်နဲ့ ဆက်စပ်တဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီဓမ္မပုံပြင်ကို ရတနာပုံနေပြည်တော်ခေတ်က တရားဟောရာမှ အင်မတန် ထင်ရှားတဲ့ သင်္ဂဇာဆရာတော်ဘုရားကြီးက ပြောပြခဲ့တာပါ။

## အရေးရောက်တော့ ဘူးသီးခြောက်ကိုဖမ့်

ဟိုရှေးရှေးတုန်းက ချင်းတွင်းမြစ်အညာမှာ ကျောက်မော်ရွာဆိုတာရှိတယ်။ အဲဒီရွာက မောင်ပိန်ဆိုသူဟာအချိန်တန်တော့ တစ်ရွာတည်းနေ မလိန်ဆိုသူနဲ့ အိမ်ထောင်ကျသတဲ့။

အိမ်ရာတည်ထောင် လူ့ဘောင်ရောက်တဲ့အခါ စားဝတ်နေရေးအတွက် အသက်မွေး ကျောင်းဖို့ မောင်ပိန်ဟာ ဆီရောင်းထွက်တယ်။ ရွာပတ်လည်း ဆီရောင်းထွက်ပေမယ့် ရိုးလွန်း အလွန်းတဲ့ မောင်ပိန်ဟာ ဆီမရောင်းရဘဲ အိမ်ပြန်လာတာများပါတဲ့။ တစ်ခါတလေ ဆီရောင်းရရင်လည်း မောင်ပိန်ဟာ ရိုးအ အားနာတတ်တာမို့ အမြတ်ငွေ မကျန်တဲ့အပြင် အရင်းတောင် ရှုံးတတ်သတဲ့။

အဲဒီအခါ အိမ်သူသက်ထား ဇနီးမယား မလိန်က 'ဪ ကိုပိန်နယ် ရပ်ရွာလည်ပြီး ဆီရောင်းတာပဲ သူတော်ကောင်းကြီးလုပ်ပြီး မဟုတ်တာ တစ်လုံး မပြောချင်၊ တွင်တွင်လည်း မရောင်းရ၊ လောကဆိုတာ လီဆယ်နိုင်မှ တော်ခါရှိတာ။ ဈေးသည်သဘောဆိုတာ အပြောကောင်းမှ ရောင်းရသတဲ့။ အခုတော့ ကိုပိန် ဆီရောင်းသွားတာက အေးလိုက်တဲ့ဘဝ၊ အလိုက်တဲ့ အကောင်၊ တော် ဒီလောက်တောင် ငရဲရှောင်ချင်ရင် သင်္ကန်းဝတ်ပြီးနေပါ့လား' လို့ မြည်တွန်ကြိမ်းမောင်းသတဲ့။

မောင်ပိန်လည်း "ဒီအခါ ကောင်းကောင်းရောင်းပြလိုက်ဦးမယ်။ မယ်လိန်က ငါ့ကိုများ အလိုက်တဲ့ အကောင်တဲ့။ ဒီတစ်ခါ သိစေရမယ်" လို့ စိတ်ထဲက ကြုံးဝါးပြီး အောက်ပြည်အောက်ရွာကို ဆီရောင်းသွားတယ်။ မောင်ပိန်ဟာ အောက်ပြည် အောက်ရွာမှာ ဆီတွေကို လိမ်ညာလို့တစ်မျိုး ရောနှောလို့တစ်ဖုံ နည်းမျိုးစုံနဲ့ ညစ်ပြီးရောင်းတဲ့အခါ (၂)ရက် (၃)ရက်အတွင်းမှာပဲ ငွေ (၄-၅)ရာ မြတ်သတဲ့။

အဲဒီအမြတ်ငွေ(၅၀၀)ကို ကျစ်ကျစ်ပါအောင် ထုပ်ပြီး မောင်ပိန်ဟာ ကျောက်မော်ရွာကို ဝမ်းသာအားရ ပြန်လာခဲ့တယ်။ ဒါပေမဲ့ အပြန်လမ်းမှာ ချင်းတွင်းမြစ်ကို လှေနဲ့ဖြတ်အကူး လှေလူးပြီး လှေမှောက်တာကြောင့် ရေနစ်ပြီး မသေရုံတစ်မည်ပဲရှိတယ်။ ပါလာတဲ့ငွေထုပ်ဟာ ချင်းတွင်းမြစ်ထဲကို စုန်းစုန်းမြုပ်သွားတာမို့ ပြန်ရှာလို့မရတော့ဘူးတဲ့။ ဒီလိုနဲ့ အိမ်ပြန်လာခဲ့ရတဲ့ မောင်ပိန်ဟာ အိမ်ရောက်တဲ့အခါ မလိန်ရဲ့ အဆူအဆဲကိုပဲ ခံရပါတော့တယ်။ အဲဒီအခါ မောင်ပိန်က "အေး မင်းကတော့ အိမ်မှာ ထိုင်နေပြီး ငါ့ကို ဆူဆဲတယ်။ ငါ့မှာတော့ မင်းအဆဲသန်လို့ ငရဲပဲကျန်တော့သဗျ" လို့ ညည်းညူလိုက်သတဲ့။

အဲဒီလို ဆီရောင်းတာ အဆင်မပြေတဲ့မောင်ပိန်ဟာ တခြားအလုပ်တစ်ခုလုပ်ဖို့ ရှာဖွေတဲ့အခါ မြစ်ရိုးက လှေထိုးသားတွေ အဆွယ်ကောင်းတာနဲ့ လှေကြီးတစ်စင်းဝယ်ပြီး လှေသူကြီးလုပ်ဖို့ ပြင်ပြန်ပါတယ်။ လှေသူကြီးလုပ်ပေမယ့် မောင်ပိန်ဟာ ရေမကူးတတ် တာမို့ အကျဉ်းအကျပ်ဖြစ်လို့ လှေပျက်ရင် အသက်အန္တရာယ် ကာကွယ်ဖို့ ဘူးသီးခြောက် ကြီးတစ်လုံးကို ရှာရသတဲ့။

ရှေးတုန်းကတော့ ယခုခေတ်လို လှေနစ်ရင် အသက်ကယ်အင်္ကျီဆိုတာလည်းမရှိ၊ အသက်ကယ်လှေ၊ အသက်ကယ်ဘောကွင်းဆိုတာ ကြားတောင်ကြားဖူးတာ မဟုတ်သေးဘူး။ ဒီတော့ ဘူးသီးကြီးကြီးတစ်လုံးကို ခြောက်သွေ့အောင် နေပူလှမ်းပြီးရင် အထဲက အဆာအစေ့တွေ ထုတ်ထွင်ကာ ကြိုးတစ်ချောင်းနဲ့ ရစ်ပတ်ချည်ငင်ပြီး ပဲ့စင်မှာ ချိတ်ထားရပါတယ်။ တကယ်လို့ လှေနစ်ပြီဆိုရင် ဒီဘူးသီးခြောက်ကြီးကို ဖက်တွယ်ပြီး ရေမနစ်အောင် ကာကွယ်တာပေါ့။

ဒီလိုနဲ့ မောင်ပိန်ဟာ ဘူးသီးခြောက်ကြီးအားကိုးနဲ့ ချင်းတွင်းမြစ်တစ်ရိုးမှာ စုန်ချည်ဆန်ချည် လှေသူကြီးလုပ်ပြီး ကူးသန်းရောင်းဝယ်လိုက်တာ အတော်အတန် ချမ်းသာကြွယ်ဝလာသတဲ့။ ဒီအခါစုမိဆောင်းမိသမျှ ရွှေတို ရွှေစကလေးတွေကို လှေကြီး အတွင်း လုံခြုံတဲ့နေရာတစ်နေရာမှာ သေတ္တာငယ်တစ်ခုနဲ့ ထည့်ပြီး ဝှက်ထားလိုက်တယ်။ လှေသူကြီးဦးပိန်ဟာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် လှေလှော်နေစဉ်ကာလတွေမှာ သူ့ဘူးသီးခြောက်ကြီးကိုပဲ ယုယုယယ တသသနဲ့ လုပ်ပေးနေတတ်ပါတယ်။ သူ့ခမျာ လှေသူကြီးဖြစ်ပေမယ့် ရေမကူးတတ်ဘူးဆိုတော့လည်း အရေးရောက်ရင် ဘူးသီးခြောက် ကြီးသာ အားကိုးရမှာကိုး။

ဒီလိုနဲ့ လှေသူကြီးဦးပိန်ဟာ ချင်းတွင်းမြစ်ရိုးမှာ စုန်ချည်ဆန်ချည် ကူးသန်းနေရင်း တစ်နေ့တော့ မြစ်လယ်မှာ မုန်တိုင်းနဲ့တိုးသတဲ့။ မုန်တိုင်းက အလွန်ကြမ်းတာမို့ ရွက်တိုင်တွေလည်းကျိုး၊ ပဲ့စင်ကိုလည်း ထိန်းမရဖြစ်လာတယ်။ ဒီအတိုင်းဆိုရင် မကြာခင် လှေနစ်တော့မှာကို ရိပ်မိတဲ့ ဦးပိန်ဟာ ပဲ့စင်မှာချိတ်ထားတဲ့ အသက်သခင် ဘူးသီးခြောက်ကြီးကို သတိမရတော့ဘူး။

သူသတိရလိုက်မိတာက လှေကြီးထဲမှာ ဝှက်ထားတဲ့ ရွှေသေတ္တာပဲတဲ့။ အဲဒါနဲ့ လှေသူကြီး ဦးပိန်ဟာ လောဘဇောတွေဝင်လာပြီး လှေမနစ်ခင် ရွှေသေတ္တာကို ပြေးဝင်ယူတုန်း ဖြုန်းခနဲ လှေမှောက်သွားတာမို့ ရေအောက်ရောက်ပြီး အသက်ရှုံးဆုံးရသတဲ့။

ဒီအဖြစ်အပျက်ကလေးဟာ ပုံပြင်တစ်ပုဒ်အနေနဲ့ဖတ်ရင် ပြုံးချင်စရာဖြစ်ပေမယ့် သင်ခန်းစာ ယူစရာအနေနဲ့ တွေးတောမိရင်တော့ ရင်မောစရာလည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ ပုံပြင်ထဲကဘဝနဲ့ ဘဝထဲက ပုံပြင်တွေဟာ အပြင်မှာတော့ အတူတူပါပဲ။

သဒ္ဓါနဲ့ တဏှာဆိုတာ လူ့ဘဝအရင်းအမြစ်တွေကို ဆွဲလုနေတဲ့ အင်အားနှစ်ခုပါ။ တွယ်တာတပ်မက်မှုဆိုတဲ့ တဏှာလောဘဆွဲအားက ပြင်းပြလာတဲ့အခါ လူ့ဘဝရဲ့ တဒင်္ဂခဏအငှားတွေကို ထာဝရအပိုင်လို့ ထင်နေတတ်ပြီး အပိုင်တွေကိုလည်း အငှားလို့ ထင်ကာ အမြင်တွေ မှားနေတတ်ပါတယ်။ ယုံကြည်သိမြင်မှု သဒ္ဓါပညာ ဆွဲအားက အားကောင်းပါမှ အပိုင်နဲ့အငှားကို ခွဲခြားသိမြင်ပြီး အငှားကို အပိုင်နဲ့ရအောင် လဲယူတတ်ပါတယ်။

တကယ်တော့ လူ့ဘဝရပိုင်ခွင့်တွေထဲမှာ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ ဆွေညာမိဘ၊ ဘဝခန္ဓာ အဖြာဖြာတွေဟာ တဒင်္ဂ၊ ခဏဆိုင်ခွင့်သာရပြီး ပိုင်ခွင့်မရတဲ့ အငှားတွေပါ။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကသာ ကိုယ်နဲ့ထာဝရသက်ဆိုင်တဲ့ တကယ့်အပိုင်ပစ္စည်းတွေပါ။


တဏှာက အငှားတွေကို အပိုင်ထင်ပြီး ဆွဲလုပေမယ့် ရလာတဲ့ အခါကျတော့ လောင်ကျွမ်းပစ်တာမို့ အပူကလွဲလို့ ဘာမျှမကျန်ရစ်တော့ပါ။ သဒ္ဓါက အပိုင်နဲ့အငှားကို ခွဲခြားပြီး အငှားတွေကို အပိုင်အဖြစ် ပြောင်းလဲ ရယူတတ်တာမို့ အပူငြိမ်း အကြောက်ပြေကာ ထာဝရစိတ်အေးရပါတယ်။

ဒါပေမဲ့ လူများစုဟာ သဒ္ဓါဆွဲအားလေး ကောင်းနေတုန်းသာ "လောကမှာ ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ပါးကလွဲလို့ ကိုးကွယ်ရာ မရှိဘူး။ သေရင် ကိုယ့်နောက်ကို ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်း တွေကသာ လိုက်ပါနိုင်တာ။ ဘဝသံသရာမှာ တရားမှတစ်ပါး

အခြားဘာမျှ အားကိုစရာ မရှိပါဘူး”လို့ နလုံးသွင်းနိုင်ကြပေမယ့် တဏှာလောဘက ဝင်နှောက်လာပြီဆိုရင် ဘာတရားမှကို သတိမရနိုင်တော့ဘဲ “လေ့သူကြီး ဦးပိန် လေပျက်တဲ့အခါ ရွှေမက်တာနဲ့ ရေနစ်ပြီး ပျက်စီးရသလို” လောကီအာရုံ ကာမဂုဏ်တွေကိုပဲ ဖက်တွယ်ပြီး ပျက်စီးတတ်ကြတာပါ။

ဒါကြောင့် ဒီဓမ္မပုံပြင်ကလေးနဲ့ (၁) လူ့ဘဝရဲ့ အပိုင်နဲ့အငှားကို ခွဲခြားသိမြင်ဖို့ လိုအပ်ကြောင်း (၂) သဒ္ဓါ၊ တဏှာ ဆွဲအားနှစ်ခုမှာ တဏှာဆွဲအားနောက်ကိုလိုက်ရင် ပူလောင်ရတတ်ပြီး သဒ္ဓါဆွဲအားနောက်ကို လိုက်ပါနိုင်မှ စိတ်အေးရကြောင်းနဲ့ (၃) တဏှာဆွဲအားနောက်ပါသွားရင် ကုသိုလ်ကောင်းမှုတွေကို မေ့လျော့ပြီး အပါယ်လေးပါးမှာ နစ်မြုပ်ပျက်စီး ရတတ်ကြောင်းတို့ကို ပြောပြလိုက်တာပါ။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ခုနှစ်၊ အောက်တိုဘာလ*



ယဥ်ကျေးသိမ်မွေ့တဲ့ နှလုံးသားက ကိုယ့်အတွက်ကို ရှေ့တန်းမတင်ဘဲ သူတစ်ပါးတွေရဲ့ အတွက်ကို ငဲ့ညှာနေရာပေး လေးစားနေချိန်မှာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ နှလုံးသားကတော့ ကိုယ့်အတွက်ကို ရှေ့တန်းတင်လွန်းတာကြောင့် သူတစ်ပါးတွေရဲ့ အတွက်ကို ပေးစရာနေရာ မရှိ ဖြစ်နေတတ်ပါတယ်။

ကောင်းကင်ပေါ်က ကြယ်တာရာတွေလိုပဲ လူသားတွေရဲ့ လိုချင်ဆန္ဒတွေဆိုတာ အမြောက်အမြားကြီးပါ။ အဲဒါတွေကို တူရာစုကြည့်လိုက်ရင် ရှိဖို့နဲ့သိဖို့ဆိုပြီး (၂)ခုပဲ ရပါတော့တယ်။ အဲဒီ လိုအင်ဆန္ဒနှစ်ခုကို ပြည့်ဝအောင် ကြိုးစားနေကြသူတွေထဲမှာ ရှိချင်သူနဲ့ သိချင်သူကို ယှဉ်ကြည့်လိုက်တဲ့အခါ သိချင်သူထက် ရှိချင်သူတွေက ပိုများ နေမှာပါ။ ဒါပေမဲ့ "မရှိတာထက် မသိတာက ခက်တယ်" ဆိုတဲ့ စကားပုံအရ ဆိုရင်တော့ အသိတရားရဲ့ တန်ဖိုးဟာ အရှိတရားရဲ့ တန်ဖိုးထက် သာလွန်နေတာ အမှန်ပါပဲ။

လောကမှာ တကယ်တော့ အသိတရားကြောင့် အရှိတရားတွေ အဖိုးတန်နေတာပါ။ အသိတရားနဲ့ပြည့်စုံမှ ဘဝနဲ့လောကကို အရှိတရားတွေနဲ့ အလှဆင်နိုင်မှာပါ။ တစ်ခါ တစ်ရံမှာ အသိတရားမပါတဲ့ အရှိတရားဟာ ဘဝနဲ့လောကကို အရုပ်ဆိုး အကျည်းတန် စေနိုင်ပါသေးတယ်။ ဘဝမှာ မရှိမဖြစ်တဲ့အရာဟာ အသိတရားပါ။ အသိတရားကင်းမဲ့တဲ့ ဘဝဟာ မရှိရင် ဆင်းရဲရသလို ရှိပြန်ရင်လည်း ဒုက္ခရောက်ရတာပါပဲ။ ဒါကြောင့် လူမှာ ရှိဖို့ထက် သိဖို့က ပိုပြီးတော့ အရေးကြီးပါတယ်။

စစ်မှန်တဲ့ အသိတရားဟာ အလိမ္မာဆီကို ရှေးရှုပါတယ်။ အလိမ္မာကတော့ ယဉ်ကျေးမှုမှာ ဂိတ်ဆုံးပါတယ်။ ယဉ်ကျေးမှုဟာ ဘဝရဲ့ အဖိုးတန် အမြင့်မြတ်ဆုံး ရတနာတစ်ပွင့်ပါ။ ဒီရတနာတစ်ပွင့်ဟာ ပါရှိခဲ့ရင် လူ-လူ၊ တိရစ္ဆာန်-တိရစ္ဆာန် အဖိုးတန်တော့တာပါပဲ။

"ယဉ်ကျေးမှု"လို့ ဆိုလိုက်ရင် များသောအားဖြင့် စာပေ၊ ဂီတ စတဲ့ အနုပညာကိစ္စ တွေနဲ့တွဲပြီး မြင်တတ်ကြပါတယ်။ အမှန်မှာတော့ ယဉ်ကျေးမှုရဲ့ နယ်ပယ်ဟာ အင်မတန် ကျယ်ပြန့်လှပါတယ်။ လောကီကိစ္စတွေမှာသာမက လောကုတ္တရာကျင့်စဉ်တွေအထိ

စိမ့်ဝင်ပတ်သက်နေတာပါ။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ ပြည့်ဝမှုတွေရဲ့ နောက်ဆုံး အထွတ်အထိပ်ဟာ ယဉ်ကျေးသိမ်မွေ့မှုပါ။

ယဉ်ကျေးသိမ်မွေ့မှုရဲ့ လုပတဲ့ အနက်အဓိပ္ပါယ်ဟာ ရိုင်းစိုင်းကြမ်းတမ်းမှုတွေနဲ့၊ စက်ဆုပ် ရွံမုန်းဖွယ်တွေနဲ့ ယှဉ်ကြည့်မှ ပိုပြီးပေါ်လွင်ပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ နှလုံးသားက ကိုယ့်အတ္တကို ရှေ့တန်းမတင်ဘဲ သူတစ်ပါးတွေရဲ့ အတ္တကို ငဲ့ညှာနေရာပေး လေးစား နေချိန်မှာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ နှလုံးသားကတော့ ကိုယ့်အတ္တကို ရှေ့တန်းတင်လွန်း တာကြောင့် သူတစ်ပါးတွေရဲ့ အတ္တကိုပေးစရာနေရာမရှိ ဖြစ်နေတတ်ပါတယ်။ တကယ် တော့ ယဉ်ကျေးသိမ်မွေ့မှုဆိုတာ အထက်တန်းကျ မြင့်မြတ်သူတွေအကြားမှာ အချင်းချင်း စာနာနားလည်မှုစာချွန်တော်တွေနဲ့ရေးသားဖွဲ့စည်းထားတဲ့အခြေခံနှလုံးသားဥပဒေတွေပါ။

ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမသာသနာတော်ထဲမှာ-

(၁) ကိုယ်အမူအရာ မွန်ရည်ခြင်း၊ ကာယကံယဉ်ကျေးမှု။

(၂) နှုတ်အမူအရာ သိမ်မွေ့ခြင်း၊ ဝစီကံယဉ်ကျေးမှု။

(၃) စိတ်အမူအရာ မြင့်မြတ်ခြင်း၊ မနောကံယဉ်ကျေးမှု လို့ အပိုင်း(၃)ခုရှိပါတယ်။ အဲဒီအပိုင်း(၃)ခုဟာ (၃)ချောင်းထောက် စားပွဲခုံ တစ်ခုလို အချင်းချင်းထောက်မှီ ရပ်တည် နေရတာပါ။ ယဉ်ကျေးမြင့်မြတ်တဲ့ စိတ်နှလုံးဟာ ကိုယ်နဲ့နှုတ်ကို နူးညံ့သိမ်မွေ့စေသလို နူးညံ့သိမ်မွေ့တဲ့ ကိုယ်နှုတ်ကလည်း မြင့်မြတ်ယဉ်ကျေးတဲ့ နှလုံးသားကို အထောက်အကူ ပြုပေးပါတယ်။

သုံးချောင်းထောက်စားပွဲဟာ ခြေတစ်ချောင်း ကျိုးပျက်သွားရင် ပုံမှန်မရပ်တည် မပြည့်စုံ နိုင်တော့သလိုပဲ ကာယကံ၊ ဝစီကံ၊ မနောကံ ယဉ်ကျေးမှုအပိုင်း (၃)ခုမှာလည်း တစ်ခုခုကျိုးပျက်နေရင် အဲဒီယဉ်ကျေးမှုဘာဝဟာ ပုံမှန်မရပ်တည် မပြည့်စုံနိုင်တော့ပါဘူး။ ဒါကြောင့် စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ သာသနာတော်ရဲ့ ယဉ်ကျေးမှုအမွေ

**တော်ဝင်နွယ်** - *ဓမ္မရသပုံပြင်များ*

အနှစ်ဖြစ်တဲ့ ကိုယ်၊ နှုတ်၊ နှလုံး ဒီယဉ်ကျေးမှု သုံးမျိုးစလုံးကို ပြည့်စုံအောင် ကြိုးစား ဖြည့်ကျင့်ကြရမှာပါ။

ယခုအခါ သာသနာတော်နဲ့မရင်းနှီးကြတဲ့ တချို့သူတွေဟာ ကာယကံယဉ်ကျေးမှုကို အသာထားလို့ ဝစီကံ ယဉ်ကျေးမှုကိုမျှ ဌာန်ကရိုဏ်းကျ မှန်ကန်အောင် မပြောတတ်တာမို့ ရဟန်းသံဃာတော်များနဲ့ တွေ့ဆုံနိုးနှော စကားတောင် မပြောရဲကြဘူး။ ဒါတွေဟာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စတွေပါ။ ဗုဒ္ဓယဉ်ကျေးမှုဆိုတာ ဗုဒ္ဓမြတ်စွာ သာသနာတော်ရဲ့ မြင့်မြတ်တဲ့ အသရေတော်တွေပါ။

ဒီအကြောင်းအရာနဲ့စပ်တဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို သတိရမိပါတယ်။ အဲဒီပုံပြင်ဟာ သင်္ဂဇာဆရာတော်ကြီး ပြောပြခဲ့တာပါ။

## အခါခါလှူမှားရင် ငရဲလားရမယ်

တစ်ခါတုန်းက ရွာတစ်ရွာမှာ ဒကာတစ်ယောက်ဟာ မိုးလေဝသ ညီညွတ်မျှတတဲ့ အလျောက် လယ်ယာများ အောင်မြင်တဲ့အတွက် ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်း ပါတယ်။ ကျောင်းဘုန်းကြီးတစ်ပါးကိုလည်း စိတ်ကြိုက်ရွေးချယ်ပင့်ဆောင်ပြီး ကိုးကွယ်ထားသတဲ့။

ကျောင်းဒကာနဲ့ ကျောင်းအမဟာ တစ်ဦးတည်းသော သမီးပျိုကို ဆရာတော်ဘုန်းကြီး ထံလှူရန် ပစ္စည်းအမျိုးမျိုးနဲ့ နေ့စဉ် ဆွမ်းချိုင့်ပို့ပြီး လှူဒါန်းဆက်ကပ်စေပါတယ်။ ကျောင်းဒကာရဲ့ သမီးကလည်း ကျောင်းရောက်တဲ့အခါ တံမြက်လှည်း၊ ရေတော် ပန်းတော် ဆက်ကပ်၊ ဝေယျာဝစ္စ အဝဝကို သေသပ်ကျနစွာ ပြုလုပ်ပြီးမှ ဘုန်းတော်ကြီးကို ရိုသေစွာဝတ်ချကာ အိမ်ကို ပြန်လာလေ့ရှိပါတယ်။

ဒါပေမဲ့ ကျောင်းဒကာရဲ့သမီးဟာ ကျောင်းကိုသွားလို့ ပြန်တဲ့အခါတိုင်း ဘုန်းတော်ကြီး ကိုဝတ်ချပြီး "အရှင်ဘုရား တပည့်တော်မ ကြွပါဦးမယ်ဘုရား" လို့ အမြဲလျှောက်ထား တတ်သတဲ့။

ဘုန်တော်ကြီးကလည်း "ဒီကလေးမ စကားပြော တယ်မချောဘဲကိုး၊ ဘယ်နှယ့် ဘုန်းကြီးကို သူက ပြန်ပါဦးမယ်ဘုရားလို့ မပြောဘဲ၊ ကြွပါဦးမယ်ချည်း ပြောနေရသလဲ မသိဘူး။ ဒီကိစ္စ ကျောင်းအမကြီး ကျောင်းကိုလာမှ ပြောရဦးမယ်" လို့ တွေးပြီး ကျောင်းအမကြီး ကျောင်းကိုအလာစောင့်နေတာပေါ့။

တစ်နေ့ ကျောင်းအမကြီး ဆွမ်းပို့လာတဲ့အခါ ဘုန်းတော်ကြီးက "ကျောင်းအမကြီး သင့်သမီးဟာ နည်းမဟုတ် လမ်းမကျ ပြန်မယ်လို့ ဦးချတဲ့အခါတိုင်း ဘုန်းကြီးကို တပည့်တော်မ ကြွပါဦးမယ်လို့ ပြောတဲ့စကား အလွန်ပဲ မှားတာပေါ့။ ဘုရားယဉ်ကျေးမှုနဲ့ လားလားမှမလျော် ဒကာမကြီးဆုံးမမှ တော်ရော့မယ်" လို့ ဆီးကြိုပြောပါတယ်။

အဲဒီအခါ ကျောင်းအမကြီးက "အရှင်ဘုရား၊ ဟုတ်ရဲ့လားဘုရား၊ ရိုင်းလိုက်လေဘုရား၊ ဒီသမီးဟာ သူ့အမိန့်ရှိလိုက်ရင် ဒီလိုပဲဘုရား" လို့ ဘုန်းတော်ကြီးကို လျှောက်ထား ပါသတဲ့။ အဲဒီအခါ ဘုန်းတော်ကြီးက "အင်း၊ သမီးမှားလို့ အမေဖြစ်သူကို ပြောခါမှ သာပြီးမှားတော့တာပဲ။ အင်း၊ တတ်နိုင်ပါဘူး။ ကျောင်းဒကာလာမှပဲ သူတို့သားအမိ ဖြစ်ပျက်ပုံကို အကြောင်းစုံပြောပြရမှာပဲ" လို့ စိတ်ကူးပြီး ကျောင်းဒကာ ကျောင်းအလာကို မျှော်နေမိသတဲ့။

ကျောင်းဒကာလည်း စီးပွားရေးရာ လယ်ယာကိစ္စနဲ့ အလုပ်များ နေတာမို့ ကျောင်းကို ရောက်မလာနိုင်ဘဲ ဖြစ်နေတာပေါ့။ ဘုန်းကြီးကလည်း "ဒီကျောင်းဒကာကလည်း ကျောင်းကိုလာနိုင်ခဲသားပဲ" လို့ မျှော်နေတုန်း တစ်နေ့တော့ ကျောင်းဒကာဟာ ပျာယီးပျာယာကျောင်းကို ရောက်လာသတဲ့။

အဲဒီအခါ ဘုန်းတော်ကြီးက "ကျောင်းဒကာကြီး ကျောင်းဒကာရဲ့သမီးဟာ စိတ်ကြီးဝင်နေသလားမှ မသိဘူး။ ကျောင်းကပြန်တော့မယ် စိတ်ကူးလို့ ဘုန်းကြီးကို ဦးချရင် တပည့်တော်မ ကြွပါဦးမယ်လို့ချည်း အမြဲမှားပြီး လျှောက်ထားနေတာပဲ။ အင်း သူက ငယ်ရွယ်သူမို့ မှားတာကို ဘုန်းကြီးသည်းခံပါတယ်။ ဒါပေမဲ့ ကျောင်းအမကြီး ကျောင်းကိုလာတော့ ကျောင်းအမကြီးသမီး စကားမှားကြောင်း ပြောမိတဲ့အခါ 'ဒီသမီး အမိန့်ရှိလိုက်ရင်ဒီလိုချည်းပဲ' လို့ကျောင်းအမကြီးကပါထပ်ပြီးမှားပြန်တယ် ကျောင်းဒကာကြီးရဲ့ ကျောင်းဒကာ-ကျောင်းအမတွေဖြစ်ပြီး ဘုန်းကြီးနဲ့စကား မပြောတတ်တာကတော့ မတော်ပါဘူး။ အဲဒါ ကျောင်းဒကာသိအောင် ဘုန်းကြီးက ပြောပြပေးတာပါ" လို့ ညည်းညည်းညူညူ ပြောပြလိုက်သတဲ့။

အဲဒီအခါ ကျောင်းဒကာကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ "အရှင်ဘုရား သမီးမှားရာမှာ မိခင်ကပါ ရောမှားလို့ သဘောထား ဒီလောက်ရိုင်းတာတွေ သူတို့ကို ဒီကျောင်းထဲမှာ တစ်ခါလာပြီး ခြေတော်ရာမှ မချပါစေနဲ့ ဘုရား" လို့ ဘုန်းတော်ကြီးကို လျှောက်ထားလိုက်သတဲ့။

ကျောင်းဒကာရဲ့ စကားကို ကြားလိုက်ရတဲ့ ဘုန်းတော်ကြီးဟာ "အင်း၊ ဘယ်လိုမျှ မတတ်နိုင်တော့ဘူး။ ကျောင်းဒကာ မိသားစုတွေမှာ ဒီလိုသာ အထပ်ထပ်လွဲမှားနေကြရင် ငရဲလားဖို့ပဲ ရှိတော့တယ်" လို့ ညည်းမိသတဲ့။

ဒီပုံပြင်ကလေးကို ရယ်စရာအဖြစ် ပြောပြတာမဟုတ်ပါ။ ပုံပြင်ထဲက ကျောင်းဒကာမိသားစုလိုပဲ မြန်မာပြည်မှာလည်း စစ်ပြီးခေတ်နှောင်းပိုင်း ဗုဒ္ဓဘာသာဝင်တွေဟာ ဘုန်းတော်ကြီးသင် ပညာရေးနဲ့ ဝေးခဲ့ရတာမို့ ဗုဒ္ဓယဉ်ကျေးမှု ကွင်းဆက်ပြတ်ခဲ့ပြီး ဘာသာသွေး၊ သာသနာသွေး အေးခဲကာ နေခဲ့ရပါတယ်။

ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်တွေဟာ အနာဂတ်သာသနာတော်ရဲ့ အခြေခံအုတ်မြစ် ဖြစ်တာကြောင့် ဗုဒ္ဓယဉ်ကျေးမှုအငွေ့၊ အလေ့၊ အတွေ့ဓာတ်ပါတဲ့ မျိုးဆက်သစ်ကောင်းကလေးတွေ ဖြစ်လာဖို့ အလွန်အရေးကြီးပါတယ်။

မိခင်က နို့ချိုတိုက်ကျွေးရမယ့် အချိန်မှာ နို့ချိုလုံလောက်စွာ မရလို့ "နို့မျက်သား" အာဟာရ တိုက်ကျွေးရမယ့် အချိန်မှာ အာဟာရချို့ မဖွံ့ဖြိုးဘူး။ ဗိုက်ပူနံကားလေး ဖြစ်နေတတ်တယ်။ ခန္ဓာကိုယ်ကြီးထွားနှုန်း ကုန်သွားတဲ့ အချိန်ရောက်မှ ကျွေးမွေးတဲ့ အာဟာရတွေဟာ သန်မာထွားကျိုင်းဖို့ အရပ်အမောင်းတက် ကိုယ်လုံးထွက်ဖို့ မထိရောက်နိုင်တော့ပါ။

အဲဒီဥပမာလိုပဲ လူငယ်လူရွယ်တွေကို ငယ်စဉ်ကပဲ ဗုဒ္ဓယဉ်ကျေးမှုဆိုတဲ့ နို့ချိုတွေ၊ အာဟာရတွေကို ထိုက်တန်သလောက် တိုက်ကျွေးပေးရပါမယ်။ အသက်အရွယ်ကြီးချိန် ရောက်မှ တိုက်ကျွေးရင် ငယ်ရွယ်စဉ်က တိုက်ကျွေးရတာထက် ခရီးမရောက်ဖြစ်တတ်ပါတယ်။ နောက်ပြီး နို့မျက်သား ဗိုက်ပူနံကား၊ လူပုလူပိန်ကလေးကို သန်မာထွားကျိုင်းတဲ့ သူတွေက အနိုင်ကျင့်ရင် ပြန်မတွန်းလှန်နိုင်ဘဲ ငုံ့ခံနေရသလို ဗုဒ္ဓယဉ်ကျေးမှု နို့မျက်သား ဗိုက်ပူနံကား၊ ဘာသာရေးလူပု လူပိန်ကလေးတွေကိုလည်း ဘာသာခြားတွေက စည်းရုံးသိမ်းသွင်း ဆွဲဆောင်ရင် ပြန်ပြီး မတွန်းလှန်နိုင်ဘဲ ကောက်ကောက်ပါအောင် လိုက်ပါသွားရတတ်တယ်။ ဗုဒ္ဓယဉ်ကျေးမှုတွေကို လုံလုံလောက်လောက် မရခဲ့ရင် လူငယ်လူရွယ်တွေဟာ စိတ်ဓာတ်သွေးအားနည်းရောဂါ၊ ကျင့်ဝတ်သွက်ချာပါဒရောဂါနဲ့ ဘာသာရေးကျိုးကန်းမှုတွေကိုပါ ရင်ဆိုင်တွေ့ကြုံနိုင်တာမို့ ငယ်စဉ်ကပဲ ဗုဒ္ဓယဉ်ကျေးမှု တွေကို စာတွေလက်တွေ့ နှံ့စပ်အောင်လေ့လာပြီး တစ်ဘဝစာ ဘာသာရေး သက်လုံ ကောင်းအောင် ကြိုးစားအားထုတ်သင့်ကြပါတယ်။

*အဗ္ဘာမာဒမွေ့ရာသမဂ္ဂဇင်း၊ ၂၀၀၂ခုနှစ်၊ နိဝင်ဘာလ*

<u>အရိယာသူတော်ကောင်းတွေကတော့ သစ္စာတရားနဲ့သွေဖည်ပြီး ဖြုပ္ပဘ္စိုရ်တရားကို ပျောက်ကွယ်စေတာမို့ ဒီ ပိသုကာဝါစာကို အင်မတန် စက်ဆုပ်ရွံမုန်းကြပါတယ်။</u>

စည်းလုံးညီညွတ်ခြင်းက လောကကို အေးမြစေပြီး ဆန့်ကျင်ကွဲပြား အငြင်းပွားရခြင်း ကတော့ လူ့ဘောင်ကို ဘေးဒုက္ခများစေတတ်ပါတယ်။ ငြိမ်းချမ်းသာယာ တဲ့

တော်ဝင်နွယ် - *ဓမ္မရသပုံပြင်များ*

ကမ္ဘာလောကရဲ့ ကြည်နူးဖွယ်ရာ အခြေအနေတွေအတွက် ကျေးဇူးစကား ဆိုသင့်၊ ဆိုထိုက်တဲ့အရာဟာ "မေတ္တာ"ပါ။ မေတ္တာတရားဆိုတာ သတ္တဝါအချင်းအချင်းကို ယှဉ်တွဲပူးကပ် စေ့စပ်ပေးနိုင်စွမ်းရှိတဲ့ "အစိုအစေးဓာတ်" တစ်ခုပါ။ လူတစ်ကိုယ် စိတ်တစ်မျိုးဖြစ်ပြီး အတ္တမာနတွေကြောင့် ပူလောင်ခြောက်သွေ့နေတဲ့ လူသားတွေဟာ မေတ္တာတရားဆိုတဲ့ အစို အစေးဓာတ်နဲ့ ပူးကပ်ပေးနိုင်မှ အချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီး နေနိုင်ကြတာပါ။



ဒါပေမဲ့ အမျက်ဒေါသ အာဃာတနဲ့ ကုန်းချောကုန်းတိုက်စကား ပိသုဏဝါစာဆိုတာတွေဟာ အချင်းချင်း ညီညွတ်နေကြတဲ့ ချစ်သူတွေရဲ့ကြားက ဒီမေတ္တာဆိုတဲ့ အစိုအစေးဓာတ်ကလေးကို တစ်ခဏချင်းပဲ ခန်းခြောက်ပျောက်ကွယ် စေနိုင်ကြပါတယ်။ ပိသုဏဝါစာကို ပါဠိအဘိဓာန်မှာတော့ "ပိ = ပိယ၊ ချစ်သူနှစ်ဦးတို့၏ ချစ်ခင်ကြည်ညိုခြင်းကို၊ သုဏ = သုည ဆိတ်သုဉ်းပျက်စီးစေတတ်တဲ့ ဝါစာ = စကား"လို့ လွယ်လွယ်ပဲ ပြန်ဆိုကြပါတယ်။

နိုင်ငံရေးလောကမှာ ဒီလိုအချင်းအချင်း သွေးကွဲစေတတ်တဲ့ စကားတွေကို ဆန့်ကျင်ဘက်အုပ်စုရဲ့ အင်အားကိုဖြိုခွင်းတဲ့ လက်နက်ကောင်းအဖြစ် သုံးစွဲနေကြပေမယ့် အရိယာ သူတော်ကောင်းတွေကတော့ သစ္စာတရားနဲ့ သွေးဖည်ပြီး ပြဟ္မစိုရ်တရားကို ပျောက်ကွယ်စေတာမို့ ဒီ ပိသုဏဝါစာကို အင်မတန် စက်ဆုပ်ရွံမုန်းကြပါတယ်။

အဝိဇ္ဇာ (မောဟ)က အမှောင်ချပြီး တဏှာ (လောဘ)က အမှားဆွယ်တတ်တာမို့ ပညာအလင်းရောင်ကင်းမဲ့တဲ့ ပုထုဇဉ်ဘဝဆိုတာ မိုးမှောင်ကျနေတဲ့ လကွယ်ည သန်းခေါင်ယံမှာ တောအုပ်ကြီး မျက်စေ့လည် လမ်းမှားနေသူလို ကြောက်စရာကောင်းလှပါတယ်။ ဒါပေမဲ့ ပုထုဇဉ် အများစုဟာ အပူအရှုပ်အတွေနဲ့ လူလုပ်နေကြတာပါ။ သူတို့ဟာ အေးဆေးရှင်းလင်းတဲ့ဘဝမှာ မနေတတ်၊ မနေနိုင်ကြပါဘူး။ ပြဿနာ အရှုပ်၊ ဒုက္ခ အပူထုပ်တွေကို မီးထွန်းပြီး ရှာတတ်ကြပါတယ်။

ဒါပေမဲ့ မီးရောင်ကို ရွှေတောင်လို့ထင်ပြီး တိုးဝှေ့ကြတဲ့ ပိုးဖလံကောင်တွေဟာ ကောင်းကျိုးမရ ဘေးဒုက္ခတွေကြုံရသလိုပဲ မကောင်းမှု အကုသိုလ်ဆိုတာ မက်မောဖွယ် အနေနဲ့ မြူဆွယ်တတ်ပေမယ့် တကယ်တမ်း ကိုယ်လိုချင်တာကို မပေးတဲ့အပြင် ကိုယ်ကတစ်ဖန် သူ့ကိုပြန်ပြီး တာဝန်ယူရတာကြောင့် နောက်ဆုံးမှာ အကုသိုလ် မကောင်းမှု ပြုသူဟာ ကောင်းကျိုးမရ ဘေးဒုက္ခနဲ့ပဲ တွေ့ကြုံရပါတယ်။

တော်ဝင်နွယ် - မွေ့ရာသုံ့ပြင်များ

မကောင်းမှုဒုစရိုက် (၁၀)ပါး ရှိရာမှာ ဝစီကံဒုစရိုက်ဟာ အရေအတွက်ကလည်းများ ပြုလုပ်ဖို့ရာလည်း မခက်ခဲလှတာကြောင့် အလွယ်တကူနဲ့ ကျူးလွန်မိသူတွေလည်း များပြားပါတယ်။ အဲဒီအကြောင်းနဲ့စပ်တဲ့ ပုံပြင်ကလေးတစ်ပုဒ်ကို ပြောပြချင်ပါတယ်။

## ကုန်းကောင် အုန်းမောင်

ရှေးရှေးတုန်းက အောက်ပြည်အောက်ရွာမှာ ကိုချစ်နဲ့ မခင်လို့ အမည်ရတဲ့ ဇနီးမောင်နှံ နှစ်ဦး ရှိခဲ့ဖူးသတဲ့။ ကိုချစ်က အညာသားဖြစ်ပြီး အညာမှာ မိုးခေါင်ရေရှားတာနဲ့ ရေကြည်ရာ မြက်နုရာထွက်လာရင်းက အောက်ပြည်သူ မခင်နဲ့ ညားတာပေါ့။ သူတို့လင်မယားဟာ အချင်းချင်း အင်မတန် ချစ်ခင်ကြတဲ့ ဇနီးမောင်နှံပါ။

ဇနီးဖြစ်သူ မခင်ဟာ အညာသားလူပျင်းတွေကို မတွေ့ဖူးသေးတာကြောင့် "အညာသားတွေဟာ အင်မတန် အလုပ်ကြိုးစားတာပဲ" ဆိုပြီး သူ့ယောကျ်ား အညာသားကို အလွန်ချစ်ပါတယ်။ ယောကျ်ားဖြစ်သူ ကိုချစ်ကလည်း ပလီပလာ လိမ်ညာတတ်တဲ့ အောက်သူတွေကို မကြုံဖူးသေးတာကြောင့် "အောက်ပြည်သူတွေဟာ ရုပ်ကချော အပြောကကောင်း သိပ်လိမ္မာတာပဲ" ဆိုပြီး သူ့ဇနီး မခင်ကို သိပ်ချစ်သတဲ့။

သူတို့စုံတွဲဟာ အချင်းချင်း အင်မတန် ချစ်ခင်ကြင်နာကြတာမို့ ဘေးလူတွေကတောင် မနာလို မရှုဆိတ်တွေ ဖြစ်ကြရသတဲ့။ လူ့သဘာဝဆိုတာလည်း အင်မတန်ခက်ပါတယ်။ တကျက်ကျက်ရန်ဖြစ်နေရင်လည်း "သိပ်ဆိုးတဲ့ကောင်တွေ" ဆိုပြီး ကဲ့ရဲ့အပြစ် တင်ချင်တယ်။ တသက်သက် ချစ်ခင်နေပြန်လည်း "သိပ်ကဲတာပဲ" ဆိုပြီး မဲ့ရွဲ့ ပြုံစုချင်ကြတာပါပဲ။

အခုလည်း ကိုချစ်နဲ့ မခင်တို့ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြတာကို မနာလို မရှုဆိတ်သူတွေက အမျိုးမျိုး လိမ်ညာပြောဆိုပြီး သွေးခွဲကြပါတယ်။ ဒါပေမဲ့ ကိုချစ်နဲ့

မခင်တို့ဟာ တစ်ဦးကိုတစ်ဦး အပြစ်မမြင်ကြတာမို့ သူတို့ဘယ်လိုပဲခွဲခွဲ သွေးမကွဲကြဘူးတဲ့။

အဲဒါနဲ့တစ်နေ့တော့ သူတို့ရွာကို တစ်ရပ်တစ်ပါးက သူစိမ်းဧည့်သည်တစ်ဦး ရောက်လာသတဲ့။ ဧည့်သည်ကို အလည်လိုက်ပြရင်း ရွာသူရွာသားတွေက "ဒီရွာမှာ သူတို့လင်မယားဟာ အချစ်ခင်ဆုံးစုံတွဲပဲ၊ ဘယ်သူတွေ ဘယ်လောက်သွေးထိုး သွေးထိုး သူတို့ကတော့ နားယောင်မှာ မဟုတ်ဘူး" လို့ ပြောပြသတဲ့။ အဲဒီအခါ ဧည့်သည်က "ဒီမယ် မိတ်ဆွေတို့ ကျုပ်နာမည် အုန်းမောင်ပါ။ ဒါပေမဲ့ ကုန်းတိုက်ပေးတဲ့ နေရာမှာတော့ ကျုပ်လောက်တော်တဲ့သူ မရှိတာမို့ အများက ကျုပ်နာမည်ကို 'ကုန်းကောင် အုန်းမောင်' လို့တောင်ခေါ်တယ်ဗျ။ အဲဒီတော့ ကြည့်နေဗျာ၊ ဒီတစ်လအတွင်း ခင်ဗျားတို့ရွာက အချစ်ခင်ဆုံးစုံတွဲကို ကွဲအောင် ကျုပ် ကုန်းတိုက်ပြမယ်" လို့ ရွာသားတွေကို ပြန်ပြောသတဲ့။

ရွာသားတွေကလည်း "ဒီလောက်လေကျယ်တဲ့ ဧည့်သည် ဟုတ်မဟုတ် စောင့်ကြည့်ရသေးတာပေ့ါ" လို့ တွေးပြီး ခပ်မဆိတ်ဘဲ နေလိုက်ကြတယ်။ သိပ်မကြာပါဘူး၊ ဧည့်သည် ကိုအုန်းမောင်ဟာ အကြောင်းမရှိ အကြောင်းရှာပြီး ကိုချစ်နဲ့ မခင်တို့ အိမ်ကို ခဏခဏ အလည်အပတ်သွားနေတာကို တွေ့ရသတဲ့။

ကိုအုန်းမောင်ဟာ ကိုချစ်တို့အိမ်ကို အလည်သွားတဲ့အခါ မခင်မရှိတာနဲ့ ကိုချစ်ကို "ဒီမှာ မောင်ချစ်၊ မင်းဟာ အညာသားပီပီ သိပ်ရိုးတာပဲ၊ မင်းမိန်းမဟာ ပညာသည်ကွ၊ သူတို့အမျိုးက တကယ့်စုန်းမျိုး၊ (၁၂) ကြိုးတောင်တတ်တယ်။ လမိုက်တဲ့ ညတွေမှာသာ သူတို့က အစာရှာထွက်တယ်။ အဲဒီလိုအခါ မင်းကို ထဘီခါးတောင်းကျိုက်ပြီး (၇)ခါကျော်လိုက်ရင် မင်းမနိုးနိုင်တော့ဘူး။ ဒါကြောင့် ဒီအကြောင်းတွေကို မင်း ဘာမျှ မသိရဘူး။ မင်းမယုံရင် လာမယ့် လကွယ်ညကျရင် အိပ်ရာထဲမှာ အိပ်ချင်ယောင်ဆောင် ကြည့်နေ မင်းတွေ့လိမ့်မယ်" လို့ တိုးတိုး ကပ်ပြောသတဲ့။

ဒါပေမဲ့ ကိုချစ်ကတော့ အကျောက်အကန်ငြင်းပါတယ်။ ကိုအုန်းမောင်ကိုလည်း "သူငယ်ချင်း ဒီလိုပြောတိုင်းသာ ယုံရရင် ငါတို့ လင်မယားကွဲတာ ကြာပြီပေါ့၊ မဟုတ်တာတွေ လျှောက်မပြောပါနဲ့" လို့လည်း ပိတ်ပင်လိုက်သတဲ့။

ဒီလိုနဲ့ နောက်တစ်နေ့ ကိုအုန်းမောင် အလည်လာတဲ့အခါ အိမ်မှာ မခင်တစ်ယောက်ပဲ ရှိတယ်။ ကိုချစ်ကတော့ တောထဲ လယ်ထွန်သွားသတဲ့။ ဒါနဲ့ ကိုအုန်းမောင်က "ဒီမယ် မခင်၊ ခင်ဗျားကို ခင်လို့ ပြောရဦးမယ်။ အညာကလာတဲ့ လူတွေနဲ့ ကျုပ်တွေ့ဖူးလို့ သူတို့က ကိုချစ်အကြောင်း ပြောပြကြတယ်။ ကိုချစ်တို့အမျိုးက မျောက်မျိုးတဲ့ဗျ၊ နေ့လယ် နေ့ခင်းမှာမရှိပေမယ့် ညအိပ်ပျော်သွားရင်တော့ အမြီးပေါက်လာတတ်သတဲ့။ အဲဒါမယုံရင် သူအိပ်တဲ့အခါ အသေအချာစမ်းကြည့်။ ဒါပေမဲ့ သူအိပ်ပျော်နေမှ စမ်းကြည့်ရမှာနော်။ ဒီတော့ သူအိပ်ပျော်ရာက မနိုးအောင် မခင်က အရင်ဆုံး သူ့ကို အိပ်မွေ့ချရမယ်။ အိပ်မွေ့ချတယ်ဆိုတာ လွယ်လွယ်ကလေးရယ်။ ထဘီကို ခါးတောင်းကျိုက်ပြီး သူ့ကို ဘယ်ပြန်ညာပြန် (၇)ခါ ကျော်လိုက်ရင် သူအိပ်ပျော်သွားမှာ မနိုးတော့ဘူး။ အဲဒီအခါကျမှ စိတ်တိုင်းကျ စမ်းကြည့်ပေရော့" လို့ မခင်ကို ပြောပြသတဲ့။

အဲဒီအခါ မခင်ဟာ အထိတ်တလန့်မျက်နှာနဲ့ "မယုံနိုင်စရာ၊ မဖြစ်နိုင်တာတွေ လာပြီးမပြောပါနဲ့" လို့ ကိုအုန်းမောင်ကို ပြန်ပြောလိုက်သတဲ့။ ကိုအုန်းမောင်ကလည်း "မခင်မယုံရင် ဒီနေ့ပဲစမ်းကြည့်၊ ဒီညဟာ လကွယ်ညပဲ။ လကွယ်ညဆိုရင် သူတို့ရဲ့ အမြီးဟာ ပိုပြီးရှည်ရှည်ထွက်တတ်တယ်" လို့ ပြောပြီး ပြန်သွားသတဲ့။

မခင်ဟာ ကိုအုန်းမောင် ပြန်သွားတဲ့အခါ သူပြောတာတွေ မယုံပေမယ့် စိတ်ထဲကတော့ စမ်းကြည့်ချင်သတဲ့။ ဒါနဲ့ ညအိပ်ရာဝင်တဲ့အခါ ကိုချစ်ကလည်း "ဒီနေ့ညဟာ လကွယ်ည ပဲ။ ငါ့မိန်းမ မခင်ဟာ ငါ့ကို ထဘီခါးတောင်း ကျိုက်ပြီး ကျော်မကျော်သိရအောင် အိပ်ချင်ယောင်ဆောင်နေမှပဲ" ဆိုပြီး အိပ်ပျော်သယောင်ပြုနေတယ်။

မခင်ကလည်း "ငါ့ ယောကျာ်းမှာ အမြီးပါ မပါ စမ်းကြည့်ချင်လှတယ်" ဆိုပြီး အိပ်ပျော်ဟန်ဆောင်ကာ အခွင့်အခါကို စောင့်နေသတဲ့။ အတန်ကြာတဲ့အခါ ကိုချစ်ထံက

ဟောက်သံထွက်လာတာမို့ ကိုချစ် အိပ်ပျော်နေပြီထင်ကာ မခင်က အိပ်ရာပေါ်က ကုန်းထလိုက်သတဲ့။ ပြီးတော့ ထဘီကို ခါင်းတောင်းကျိုက်ကာ ကိုချစ်ကို ကျော်မယ်ဟန်ပြင်ခါရှိသေးတယ်၊ အိပ်ချင်ဟန်ဆောင်နေတဲ့ ကိုချစ်ဟာ "ဟာ လက်စသတ်တော့ မယ်ခင်ဟာ အုန်းမောင်ပြောသလို စုန်းမကြီးပဲ" ဆိုပြီး မခင်ကို အိပ်ရာပေါ်က ကန်ချလိုက်သတဲ့။

ဒီအခါ မခင်က အင့်ခနဲ ကျသွားရာမှထပြီး ကိုချစ်ကို "ဟဲ့ အမြီးပေါက်တဲ့ မျောက်မျိုး" လို့ ဆဲတယ်။ ကိုချစ်ကလည်း "အောင်မာ စုန်းမျိုးကများ ရာရာစစ ငါ့ကို စော်ကားရသလား" လို့ ပြန်ဆဲတယ်။ ဒီလိုနဲ့ သူတို့လင်မယားဟာ တစ်ယောက်တစ်ခွန်း အချင်းများပြီး ကွဲသွားကြသတဲ့။

ဒီလိုနဲ့ နောက်တစ်နေ့မနက်မှာ ရွာသူရွာသားတွေက ကိုချစ်နဲ့ မခင်ကို ကိုအုန်းမောင်က သက်သက် ကုန်းတိုက်တာ၊ တကယ်မဟုတ်တဲ့အကြောင်း ရှင်းပြပေမယ့် ဘယ်လိုမှ နားလည်မှု မရကြတော့ဘူးတဲ့။ ကိုအုန်းမောင်ကိုလည်း "ကုန်းကောင် အုန်းမောင်ကိုတော့ ရိုက်တာပဲကောင်းတယ်" ဆိုပြီး ရွာဖွေကြပေမယ့် ကိုအုန်းမောင်ဟာ မနေ့ညနေကတည်းက ရွာကနေ ထွက်ပြေးသွားသတဲ့။

ဒီမဗ္ဗပုံပြင်ကလေးနဲ့စပ်ပြီး ပြောလိုတာက (၁) ကုန်းချော ကုန်းတိုက် စကားပြောတတ်သူတွေဟာ မဟုတ်မမှန်လုပ်ကြံပြီး အကွက်စေ့အောင် ပြောတတ်တာမို့ သူတို့ရဲ့စကားကို မစူးမစမ်း အရမ်းကာရော မယုံကြည်သင့်ကြောင်း (၂) ကုန်းချောစကားကို လက်ခံယုံကြည်မိသူဟာ တစ်ဖက်သားအပေါ် သံသယထားပြီး မှားတတ်ကြောင်းနဲ့ (၃) ပိသုဏာဝါစာဆိုတာ ပြောဆိုသူရော ယုံကြည်သူပါ နှစ်ဦးနှစ်ဝ ဘာအကျိုးမျှမရဘဲ လောကမဗ္ဗ နှစ်ဌာနစလုံး နစ်နာဆုံးရှုံးတတ်ကြောင်းတို့ပဲ ဖြစ်ပါတယ်။

*အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ*

တော်ဝင်နွယ် - *ဓမ္မရသပုံပြင်များ*

တကယ်တော့ လူတစ်ယောက် ရိုသားဖြူစင်မှု ရှိ မရှိဆိုတာ စကားပြောကြည့်ရုံနဲ့ မသိနိုင်ပါဘူး။

* အနီးကပ်ပေါင်းကြည့်မှ ကြာကြာပေါင်းကြည့်မှ သတိထားပြီး စဉ်းစားကြည့်တတ်မှ စဉ်းစားဆင်ခြင်နိုင်တဲ့ ဉာဏ်လည်း ရှိမှ သိနိုင်တာမျိုးပါ။

* မလုပ်မပြော လုပ်မှပြော သဘောစင်လှစေ" ဆိုတာ သူတော်ကောင်း ဂုဏ်ရည် အစစ်ပါ။

* ဒီပေတံနဲ့ တိုင်းကြည့်တတ်ရင်တော့ လူတစ်ယောက် ရိုးမရိုးဆိုတာ နည်းနည်းတော့ သိရှိရိပ်မိနိုင်ပါတယ်။

* ဒီအဖြစ်မျိုးကြုံတဲ့အခါ သဒ္ဓါနဲ့ပညာကို ဘက်မျှစွာ ညှိနှိုင်းတိုင်းဆ ကြည့်တတ်ကြရမှာပါ။

* သဒ္ဓါသက်သက်ချည်းပဲဆိုရင် အချက်အလက် ရှာဖွေစိစစ်တတ်မှု နည်းပါးပြီး ယုံကြည်မှုလွန်ကဲ နေတတ်ပါတယ်။

* ပညာသက်သက် ချည်းပဲဆိုရင်လည်း အချက်အလက် ရှာဖွေစိစစ်မှုလွန်ကဲနေပြီး ယုံကြည်မှု အားနည်းနေတတ်ပါတယ်။

"ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" လို့ဆိုတဲ့ အပြောနဲ့ အလုပ်မညီသူတွေပေါတဲ့ လောကထဲမှာတော့ "ယထာဝါဒီ၊ တထာကာရီ"ဆိုတဲ့ ပုဒ်ဟာ အင်မတန် မြတ်နိုးစရာ ကောင်းပါတယ်။



စိတ်နေသဘောထား ရိုးသားဖြူစင်မှု၊ အသိဉာဏ် ပညာကြီးမားမှုနဲ့ လောကကောင်းကျိုး သယ်ပိုးရွက်ဆောင်မှု ဆိုတာတွေဟာ အထက်တန်းကျ မြင့်မြတ်သူတွေရဲ့ ဘဝပုံရိပ်တွေပါ။ ဒီအချက်တွေနဲ့ ပြည့်စုံအောင် ဖြည့်ကျင့်ဆည်းပူး အားထုတ်နေသူဟာ တစ်နေ့ကျရင် လောကရဲ့ အထွတ်အထိပ်နေရာကို ရောက်ရမှာပါ။

ဘဝရဲ့ ဂုဏ်သိက္ခာအားလုံးကို ထောင့်တိုင်းစေ့၊ နေရာတိုင်းမှာ ထွန်းလင်းတောက်ပ စေနိုင်တာဟာ ရိုးသားဖြောင့်မတ်မှုပဲ ဖြစ်ပါတယ်။ ရိုးသားဖြောင့်မတ် ဖြူစင်မှုဟာ အထက်တန်းကျ မြင့်မြတ်မှုအားလုံးရဲ့ အခြေခံအုတ်မြစ်ပါ။ ဘဝဟာ ခိုင်မာတဲ့ အဲဒီအခြေခံ အုတ်မြစ်ပေါ်မှာ တည်ဆောက်ထားမှသာ မြတ်နိုးစရာကောင်းပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ ကြည်ညိုဖွယ်ရာ ဂုဏ်တော်တွေအနန္တထဲမှာ "ယထာဝါဒီ၊ တထာကာရီ" ဆိုတဲ့ ဘွဲ့ဂုဏ်ထူး တစ်ခုရှိပါတယ်။ အင်မတန်လှတဲ့ ဒီဘွဲ့နာမည်လေးဟာ ရိုးသားဖြောင့် မတ်မှုကို အထူးပြုပြီး ကြည်ညိုတတ်သူတွေဟာ မှည့်ခေါ်ထားကြတာပါ။ အဓိပ္ပာယ်ဟာ စိတ်နေသဘောထား ရိုးသားဖြူစင်တော်မူတဲ့ မြတ်စွာဘုရားဟာ အပြောနဲ့အလုပ် ညီတော်မူလို့ "ပြောသလိုလုပ်ပြီး၊ လုပ်သလိုပြောတယ်"လို့ ဆိုလိုတာပါပဲ။

" ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့" လို့ဆိုတဲ့ အပြောနဲ့အလုပ်မညီသူတွေပေါ်တဲ့ လောကထဲမှာတော့ ဒီ "ယထာဝါဒီ၊ တထာကာရီ"ဆိုတဲ့ဂုဏ်ပုဒ်ဟာ အင်မတန် မြတ်နိုးစရာကောင်းပါတယ်။ "ကောက်သော် စားမလောက်၊ ဖြောင့်သော် စားမကုန်" ဆိုတဲ့ လောကစကားပုံ တစ်ခုရှိပါတယ်။ ရိုးသားဖြောင့်မတ်မှုဟာ လောကီ၊ လောကုတ္တရာ ကြီးပွားချမ်းသာမှု ဟူသမျှရဲ့ မျိုးစေ့၊ ဗီဇပါ။ ဒီတော့ "မျိုးစေ့မမှန်၊ ပင်မသန်"ဆိုတာလို ရိုးသားဖြောင့်မတ်မှု မျိုးစေ့က မမှန်ကန်ခဲ့ရင် ကြီးပွားချမ်းသာမှု အပင်ကလည်း ရေရှည်မှာ မရှင်သန် မကြီးထွားနိုင်ပါဘူး။

ဒါပေမဲ့ တစ်နပ်စားဉာဏ်ကလေးနဲ့ တစ်ခါကောင်း ကြံချင်သူတွေကတော့ မြင့်မြတ်တဲ့ အဆောင်အယောင်တွေကို အကာအကွယ်ယူပြီ မရိုးမသား လုပ်ကိုင်စားသောက် နေကြတာပါပဲ။ ဒီလိုလူတွေဟာ နယ်ပယ်အသီးသီးမှာ ရှိနေကြတာပါ။ မြင့်မြတ်တဲ့ရပ်ဝန်း ဖြစ်တဲ့ တရားနယ်ပယ်မှာ မရိုးသားတာကတော့ အဆိုးဝါးဆုံးပဲ ဖြစ်ပါတယ်။ မြင့်မြတ်တဲ့ အသွင်ကိုဆောင်ထားတယ်ဆိုရင် အထက်တန်းကျတဲ့ စိတ်ထား၊ ရှိကိုရှိကြရမှာပါ။

အခုတော့ ဘုရားမရှိ၊ တရားမသိ၊ လောကကောင်းကျိုး မကြည့်တဲ့သူတွေဟာ သူတော်ကောင်းအရေခြုံထားပြီး လောကကို လှည့်စားနေတာတွေဟာ အင်မတန်

ယုတ်မာလှပါတယ်။ လောကအပေါ် စေတနာထားသူတွေဟာ လောကရဲ့ အဆိပ်၊ ဓမ္မရဲ့အန္တရာယ်၊ သာသနာတော်ရဲ့ ဆုံးခြောင့်ဖြစ်တဲ့ ဒီသူတော်ယောင်တွေကို မထောက်မညှာဘဲ ရဲရဲဝံ့ဝံ့စွာ ဖော်ထုတ်အရေးယူကြရမှာပါ။

ဒီအကြောင်းနဲ့ ဆက်နွယ်တဲ့ ပုံပြင်ငယ်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ဒီပုံပြင်ကလေးဟာ ဟိတောပဒေသထဲက ဖြစ်ပါတယ်။

## ခရီးသွားတစ်ယောက်နဲ့ ကျားအိုတစ်ကောင်

ရှေးရှေးတုန်းက တောအုပ်တစ်ခုအတွင်းမှာ အသက်အရွယ်ကြီးရင့်လာလို့ အိုမင်းမစွမ်း ဖြစ်နေတဲ့ ကျားကြီးတစ်ကောင်ရှိသတဲ့။ အဲဒီကျားအိုကြီးဟာ ရှေးငယ်စဉ်ကလို သန်မာဖျတ်လတ်မှု မရှိတော့တာမို့ တောထဲမှာ သားကောင်ဖမ်းစားဖို့ မဖြစ်နိုင်တော့ဘူးပေါ့။ အဲဒီအခါ ကျားအိုကြီးက "ငါဟာ ရှေးယခင်ကလို အင်အားသုံးပြီး သားကောင်ကို မဖမ်းနိုင်တော့ဘူး၊ ဒီတော့ စဉ်းလဲကောက်ကျစ်တဲ့ မာယာပရိယာယ်ကို အသုံးပြုပြီးမှ သားကောင်ကို ဖမ်းရမယ်" လို့ ကြံစည်မိသတဲ့။

အဲဒါနဲ့ ကျားအိုကြီးဟာ ရွှံ့ညွန်တွေထူပြောတဲ့ ရေကန်ကြီးတစ်ကန်ရဲ့နံဘေးမှာ ရွှေဆွဲကြိုးတစ်ကုံးကို ပါးစပ်နဲ့ကိုက်ဆွဲပြီးနေလိုက်တယ်။ အဲဒီအခါ ခရီးသွားယောကျ်ား တစ်ယောက်ဟာ ရေဆာတာမို့ ရေကန်အနားကို ရောက်လာတယ်။ ကျားအိုကြီးဟာ ခရီးသွားကိုမြင်တာနဲ့ ပါးစပ်ထဲက ရွှေဆွဲကြိုးကို ရှေ့နားမှာအသာချပြီး "အို အမောင်ခရီးသွား၊ ငါပိုင်တဲ့ ဒီဆွဲကြိုးကုံးကို ယူသွားလော့" လို့ဆိုသတဲ့။ အဲဒီအခါ ခရီးသွား ယောကျ်ားက "ဟယ်- ကျားအိုကြီး၊ သူတစ်ပါး အသက်ကို ရက်စက်မညှာ ကြမ်းကြုတ်စွာ သတ်ပြီး စားတတ်တဲ့ သင့်လိုသတ္တဝါနဲ့ ပေါင်းသင်းခင်မင် အကျွမ်းဝင်လို့ ဘယ်ဖြစ်မှာတုံး" လို့ ပြန်ပြောပါတယ်။ ဒီအခါ ကျားအိုက "အမောင်ယောကျ်ား၊ ငါဟာ ရှေးယခင် ငယ်ရွယ်စဉ်က အင်မတန်ကြမ်းတမ်း ရက်စက်စွာ သူ့အသက် သတ်စားခဲ့တာ မှန်ပါတယ်။ အခုတော့ ငါ့သား ငါ့မယားတွေလည်း သေကုန်ကြပြီ၊ ငါ့မှာ သွားတွေ

အစွယ်တွေ ခြေသည်းလက်သည်းတွေလည်း မရှိတော့ပြီ။ တကယ်တော့ ငါဟာ အိုခဲ့ပြီ၊ တရားစောင့်တဲ့ သူတော်ကောင်းတစ်ယောက် ဆုံးမသွန်သင်ခဲ့လို့ အခုငါဟာ ခေါင်းဆေးပြီး မြက်ကိုပဲစားကာ ဥပုသ်စောင့်ပြီး နေတော့တယ်။ ဒါကြောင့် ငါ့ကို သင်အကျွမ်းဝင်ပေမယ့် အပြစ်မဖြစ်နိုင်ပါဘူး။"

"အမောင်ခရီးသွား၊ ငါ့စကားကို နားထောင်ပါဦး၊ သူတော်ကောင်းတို့ ကျင့်ရသော အကျင့်ကား(၈)ပါးရှိပါတယ်။ အဲဒီရှစ်ပါးဆိုတာ ပူဇော်သက္ကာရပြုရခြင်း၊ တရားဓမ္မသင်ယူခြင်း၊ အလှူပေးခြင်း၊ ဥပုသ်စောင့်ခြင်း ဆိုတာတွေပဲ ဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေကို ကျမ်းဂန်ထဲမှာပါတဲ့ အတိုင်း ငါကျင့်သုံးနေပြီ။

အမောင်ယောက်ျား၊ ငါ့နလုံးမှာ ပစ္စည်းဥစ္စာကို တပ်မက်မောခြင်း မရှိတော့ပြီ၊ ဒါကြောင့် ဒီရွှေဆွဲကြိုးကုံးကို သူတစ်ပါးအား ပေးချင်တယ်။ အမောင်ဟာ ရထိုက်တဲ့ဘုန်းကံရှိလို့သာ ငါနဲ့ တွေ့ရတာဖြစ်တယ်။ ငါလည်း 'ကျားဆိုတာ သူ့အသက်သတ်စားတတ်တာပဲ' ဆိုတဲ့ လူတကာတွေရဲ့ ကဲ့ရဲ့အပြစ်တင်ခံရခြင်းဘေးကနေ လွတ်ချင်တယ်။

အမောင်ခရီးသွား၊ နားထောင်ပါဦး။ သူတော်ကောင်းတို့ရဲ့ သဘောဟာ မိမိအသက်ကို ချစ်ခင်သလို သူတစ်ပါးတွေရဲ့ အသက်ကိုလည်း ချစ်ခင်တတ်တယ်။ မိမိကိုယ်ကို သနားတတ်သလို သူတစ်ပါးကိုလည်း သနားတတ်တာပဲ။ ငါလည်း သူတော်ကောင်း တရားကို ကျင့်သုံးနေတာမို့ သင့်ကိုသနား ချစ်ခင်လှတယ်။

'အကြင်သူသည် ဆင်းရဲ၏။ ထိုသူအား ဥစ္စာပေးရာ၏။ ကြွယ်ဝသောသူကို ဥစ္စာမပေးရာ။ အနာရှိသူအား ဆေးပေးရာ၏။ အနာမရှိသောသူအား ဆေးကိုမပေးရာ။ ပေးကမ်း လှူဒါန်းခြင်းတို့တွင် ပစ္စုပ္ပန်ကျေးဇူးတရားကို မငဲ့ကွက်ဘဲ သံသရာကို ရည်မှန်းပြီး လှူဒါန်းတာဟာ အကျိုးကြီးမြတ်၏' လို့ ပညာရှိသူတွေဆိုတာကြောင့် ငါ့ရှေ့မှာချထားတဲ့ ရွှေဆွဲကြိုးကို အမောင့်ထံ ပေးလိုက်ချင်ပါတယ်။

အမောင်ခရီးသွား၊ ငါ့စကားကို ယုံကြည်ပါ။ ဒီရေအိုင်မှာ ရေချိုးသန့်စင်ပြီး ဒီရွှေဆွဲကြိုးကုံးကို အလှူခံသွားပါတော့" လို့ ကျားအိုက လှည်းစားပြောဆိုတယ်။

အဲဒီအခါ ခရီးသွားယောက်ျားမိုက်ဟာ ကျားအိုပြောတဲ့ စကားကို ယုံစားမိပြီး ရေကန်အတွင်းသို့ ရေချိုးဆင်းလိုက်သတဲ့။

ရေကန်ထဲ ဆင်းမိတယ်ဆိုရင်ပဲ ခရီးသွားယောက်ျားဟာ ရွှံ့ညွန်အတွင်းမှာ နစ်ဝင်ကျွံကျ သွားတာမို့ ကျားအိုကြီးကို "ကယ်ပါဦး"လို့ လှမ်းပြီး အကူအညီတောင်းသတဲ့။ အဲဒီအခါ ကျားအိုကြီးဟာ သူရည်ရွယ်တဲ့ အတိုင်းဖြစ်လာတာမို့ "အမောင်ယောက်ျား၊ သနားစရာကောင်းစွ၊ သင့်ကို ငါကယ်တင်ပါမယ်"လို ပြောပြောဆိုဆို ကိုက်သတ် စားလိုက်ပါတယ်။

အဲဒီအဖြစ်အပျက်တွေကို ရေသောက်ဆင်းဖို့လာတဲ့ ပညာရှိ ယုန်ကလေးက အစအဆုံး တွေ့မြင်သွားတာမို့ "အင်း၊ လောကမှာ ပညာဉာဏ်နည်း မိုက်မဲသူတွေဟာ ဘေးတွေတတ်တယ်။ ပညာဉာဏ်ပါ လိမ္မာတဲ့သူတွေမှ ဘေးဒုက္ခက လွတ်မြောက်နိုင်ကြ တယ်" လို့ မှတ်ချက်ချ ပြောဆိုပါသတဲ့။

ဒီပုံပြင်လေးက ယုံကြည်မှုဆိုတာ ရိုးသားမှုနောက်ကိုလိုက်မိမှ ချမ်းသာရာရနိုင်ပြီး မရိုးသားမှုနောက်ကို လိုက်မိရင် ဆင်းရဲဒုက္ခရောက်ရပုံတို့ကို ရိုးစင်းစွာ ပြောပြလိုတာပါ။ အခုအချိန်မှာ ဒီပုံပြင်ထဲက ကျားအိုကြီး ဝင်စားတဲ့ လူသားတွေလည်း များချင် များနေမှာပါ။ သူတော်ကောင်း အရေကိုခြုံထားပြီး ဂုဏ်နဲ့ဒြပ်ဟပ်အောင် မကျင့်နိုင်ကြတဲ့ အဲဒီလူတွေဟာ "ပါးစပ်က ဘုရား၊ ဘုရား၊ လက်က ကားရား ကားရား" လုပ်နေကြဦးမှာပါပဲ။

ဒါပေမဲ့ ဒီလိုလှည့်ဖြားတတ်သူတွေဟာ သူတို့လုပ်ရပ်တွေကို ပိပိရိရိ သေသေသပ်သပ် လုပ်တတ်တာမို့ တော်ရုံနဲ့ မသိနိုင်ပါဘူး။ ဒါကြောင့်မို့ အရပ်ထဲမှာ "စေတီမှတ်လို့ ကိုးကွယ်ပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိရတယ်" လို့ ပြောဆိုတတ်ကြပါတယ်။

တကယ်တော့ လူတစ်ယောက် ရိုးသားဖြူစင်မှု ရှိမရှိဆိုတာ စကားပြောကြည့်ရုံနဲ့ မသိနိုင်ပါဘူး။ အနီးကပ်ပေါင်းကြည့်မှ ကြာကြာပေါင်းကြည့်မှ သတိထားပြီး စဉ်းစား ကြည့်တတ်မှ စဉ်းစားဆင်ခြင်နိုင်တဲ့ဉာဏ်လည်းရှိမှ သိနိုင်တာမျိုးပါ။ "မလုပ်မပြော၊

လုပ်မှပြော၊ သဘောစင်လှစေ” ဆိုတာ သူတော်ကောင်း ဂုဏ်ရည်အစစ်ပါ။ ဒီပေတံနဲ့ တိုင်းကြည့်တတ်ရင်တော့ လူတစ်ယောက်ရိုးမရိုးဆိုတာ နည်းနည်းတော့ သိရှိရိပ်မိနိုင်ပါတယ်။

ဒီအဖြစ်မျိုးကြုံတဲ့အခါ သဒ္ဓါ နဲ့ ပညာကို ဘက်မျှစွာ ညှိနှိုင်းတိုင်းဆ ကြည့်တတ်ကြရမှာပါ။ သဒ္ဓါ သက်သက်ချည်းပဲဆိုရင် အချက်အလက် ရှာဖွေစိစစ်တတ်မှု နည်းပါးပြီး ယုံကြည်မှုလွန်ကဲနေတတ်ပါတယ်။ ပညာသက်သက်ချည်းပဲဆိုရင်လည်း အချက်အလက် ရှာဖွေ စိစစ်မှု လွန်ကဲနေပြီး ယုံကြည်မှု အားနည်းနေတတ်ပါတယ်။

ဒါကြောင့် ပညာအားနည်းပြီး သဒ္ဓါလွန်ကဲသူတွေဟာ တလွဲယုံကြည်နေတတ်ပါတယ်။ သဒ္ဓါအားနည်းပြီး ပညာလွန်ကဲနေသူတွေကတော့စဉ်းလဲတတ်ပါတယ်။ ဒီအတွက် သာမန်လူသားတစ်ဦးအနေနဲ့လူမှုဆက်ဆံရေးဘဝမှာသဒ္ဓါနဲ့ပညာကို ဘက်မျှစွာထားပြီး သဘောထားကြီးမှုနဲ့ သံသယကို အချိုးညီရောစပ်ကာ ချည်းကပ်ပေါင်းသင်း သင့်ကြ ပါတယ်။

*အပ္ပမာဒမွေ့ရာသမဂ္ဂဇင်း၊ ၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ*